

# ပိုးကျေည

သူရိယဒေဝီ







# မိုးကျေရှူ

သူရိယဒေဝီ



စာမူကိုတင်ခွင့်ပြုချက်အမှတ် (၁၁၅၈)

မျက်နှာဖုံးနှင့် ရေခံခွင့်ပြုချက်အမှတ် (၂၅၇)

**ထုတ်ဝေခြင်း**

၁၉၈၄-ခု၊ စက်တင်ဘာလ၊

ပထမအကြိမ်၊

အုပ်ရေ-၁၀၀၀၊

တန်ဖိုး-နှစ်ဆယ့်ငါးကျပ်။

**မျက်နှာဖုံးနှင့်ရေခံပန်းချီ**

ပန်းချီ ငြိမ်းအောင်၊

**ကာလာခွဲ**

မောင်မောင်ဟိန်း။

**ဒီစဥ်သူ**

**ခင်မောင်ကျော်**

# မိုးကျော်သူ

## သူရိယဒေဝီ

(ဘာသာပြန် သိုင်းဝတ္ထုလုံးချင်း စ-ဆုံး)



ထုတ်ဝေသူ

ဦးစိုးရင် (မြဲ-၀၁၃၅၉)
အတွေးရှင်ဗိမာန်စာပေ
အမှတ်-၁၀၆(အေ)၊ တာမွေလမ်း
တာမွေ၊ ရန်ကုန်မြို့။

အဖုံးရိုက် — ဆန်းသစ်စ

ပုံနှိပ်သူ

ဦးသန်းအောင် (မြဲ-၀၄၉၁)
မော်ဒန်ပုံနှိပ်တိုက်
အမှတ်-၁၆၅/၂၊ ဗိုလ်ချုပ်လမ်း၊
ရန်ကုန်မြို့။



## မိုးကျော်သူ

# သူရိယဒေဝီ

စာစဉ်[၉/ဂ၄]

F.1

မိမိငှါးရမ်းသွားသောစာအုပ်
ရေစို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဘိုး နှင့်တကွ ငှါးခရက်
အတွက်ပါ ပေးလျော်ရမည်။

လွင်စာပေ
အမှတ် ၁၃၀၊ ၆-လမ်း
[illegible]

# ( ၁ )

## အဆုံးမရှိသော စိန်ခေါ်မှု

တောင်ပေါ်လေသည် တဟူးဟူး တိုက်ခတ်လျက်ရှိနေလေသည်။

ထိုလေနှင့်အတူ အေးစက်သောအငွေ့အသက်များက ရောယှက်ပါလာသည်။

အကယ်၍ တစုံတယောက်သည် ထိုတောင်ပေါ်၏မြေကွက်လပ်တနေရာ၌ ရပ်နေမည်ဆိုပါလျှင် တဟူးဟူး တိုက်ခိုက်နေသောလေကြောင့် ခိုက်ခိုက်တုန်အောင် အေးစိမ့်သွားမည်ဖြစ်လေသည်။

ယခုအချိန်၌ ယင်း တောင် ပေါ် မြေ ကွက် လပ်တွင် လူတယောက် မားမားမတ်မတ်ရပ်လျက်ရှိနေသည်။

သို့သော် သူ့အဖို့ အေးစိမ့်၍မနေချေ။ ချွေးများစို့လျက်ရှိ၏။ ဇောချွေးပြန်နေခြင်းပင်ဖြစ်ပါသည်။

ရင်တွင်းမှ ပူလောင်မှုသည် အပြင်ဘက်သို့ပင် ပျံ့နှံ့လျက်ရှိနေသည်။

ထိုသူကား ချူးပင်မြို့မှ ရွာသူကြီး ရှောင်းပိပင် ဖြစ်လေသည်။

* * *

ရှောင်းပိမှာ အသက် ငါးဆယ်ကျော်ပြီဖြစ်သည်။

လွန်ခဲ့သည့် ဆယ်နှစ်ခန့်က သူသည် ဤနေရာသို့ တခေါက်ရောက်လာခဲ့ပြီး ဖြစ်သည်။

ထိုစဉ်က ဤနေရာသို့ ရောက်လာခြင်းမှာ တဘက်လူ၏ စိန်ခေါ်မှုကြောင့်ပင် ဖြစ်လေသည်။ ရှောင်းပိသည် စိန်ခေါ်မှုကို လက်ခံကာ ဤနေရာသို့ လာရောက်ယှဉ်ပြိုင်ခဲ့သည်။ သိုင်းကွက်ပေါင်း ငါးရာကျော်မျှ တိုက်ခိုက်ခဲ့ကြသော်လည်း နှစ်ဦးစလုံး ညီမျှသော ဒဏ်ရာအသီးသီးကိုသာ ရရှိခဲ့ကြ၏။ အရှုံးအနိုင်မပေါ်ခဲ့ချေ။ ထို့ကြောင့် နှစ်ဦးသဘောတူပင် သရေပွဲအဖြစ် သတ်မှတ်ခဲ့ကြလေသည်။

ထိုအခါ ရှောင်းပိက ပြန်ပြောခဲ့သည်။

'နောက်ထပ် ဆယ်နှစ်ကျလို့ ခင်ဗျား မသေဘူး ဆိုယင် ကျုပ်ကပြန်ပြီး စိန်ခေါ်ပါရစေ'





ထိုလူက ကျေနပ်စွာပင် လက်ခံသဘောတူလိုက်၏။

'ခင်ဗျားက စိန်ခေါ်လို့မှ ကျုပ်မလာခဲ့ဘူးဆိုယင် ကျုပ်အမျိုးအနွယ်ဟာ လူ့လောကမှာ မရှိသင့်တော့ဘူး'

သူတို့နှစ်ဦးသည် မည်သည့်အတွက် ဤမျှလောက်ရန်ငြိုးကြီးခဲ့ကြပါသနည်း။

ထိုသို့ထားခဲ့သော ကတိစကားကြောင့်လည်း ရှောင်းပိသည် ထိုသူအား စိန်ခေါ်သည့်ဖိတ်စာကို ပို့ခဲ့လေသည်။

ဤနေ့ဤရက်သည် ယှဉ်ပြိုင်ရန်ချိန်းဆိုထားသော နေ့ရက်ပင်ဖြစ်သည်။ စိန်ခေါ်သူ ရှောင်းပိသည် ဦးစွာပင်ရောက်ရှိနေခဲ့သည်။

စိန်အခေါ်ခံရသူကား ရောက်မလာသေးပေ။

ရှောင်းပိသည် သက်ပြင်းတချက်ကို ရှည်လျားစွာချလျက် စောင့်ဆိုင်းနေလေသည်။

ထိုအခိုက်မှာပင် တဟူးဟူးတိုက်ခိုက်နေသည့် လေနှင့်အတူ အရိပ်တခုသည် သူ့ရှေ့သို့ ဘွားကနဲ ရောက်ရှိလာလေတော့သည်။

* * *

ရှောင်းပိ၏ရှေ့သို့ လူရိပ်တခု ဖြတ်ကနဲရောက်ရှိလာသည်။ ထိုသူကား ရှောင်းပိ၏ စိန်ခေါ်ခြင်းခံရသည့် 'စွမ်းချင်ချူ'ပင် ဖြစ်လေသည်။

'ခင်ဗျားက ကတိတည်သားပဲ'

ရှောင်းပိက လှမ်းပြောလိုက်ခြင်းဖြစ်သည်။

စွမ်းချင်ချူသည် ရှောင်းပိအား တချက်တချက်လှမ်းကြည့်လိုက်ပြီး ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

'ကတိမတည်တဲ့လူဟာ လူသေနဲ့မထူးပါဘူး'

ရှောင်းပိက ခေါင်းညိတ်ပြလိုက်သည်။

'ခင်ဗျားစကားကို ကျုပ် လက်ခံပါတယ်'

စွမ်းချင်ချူသည် ရှောင်းပိအားတချက်ကြည့်လိုက်ပြီး

'ဆယ်နှစ်အတွင်း ခင်ဗျားလဲ ပညာတွေအတော်တိုးတက်နေရောပေါ့'

ရှောင်းပိကပြုံး၍ ခေါင်းခါယမ်းပြလိုက်သည်။

'ကျုပ်မှာ ထက်မြက်တဲ့ပညာဆိုလို့ ဘာမှထူးထူးထွေထွေ မလိုက်စားခဲ့ပါဘူး'

စွမ်းချင်ချူ မျက်မှောင်ကြုတ်လိုက်သည်။ သူ၏ စူးရှသော မျက်လုံးများသည် ရှောင်းပိထံကျရောက်လျက်ရှိ၏။

'ကျုပ်ကလဲ ခင်ဗျားလိုပါပဲ၊ ကဲ ဒါတွေပြောမနေနဲ့၊အချိန်ကုန်ပါတယ် ခင်ဗျားဓား ထုတ်လိုက်ပါ'

စွမ်းချင်ချူသည် ပါးစပ်မှ ပြောယင်း ရှောင်းပိရှေ့သို့ တလှမ်းတိုးလိုက်လေသည်။

ရှောင်းပိသည် ဓားကို အသာအယာ ဆွဲထုတ်လိုက်သည်။

ရှောင်းပိ၏ မျက်နှာမှာ ရုတ်ခြည်းဆိုသလို ဘင်းမာခက်ထန်သွား၏။





'အင်း••• ခင်ဗျားနဲ့ကျုပ် တယောက်ယောက် သေမှအေးမယ့် ရန်ကြွေးပဲ'

ရှောင်းပိက ခပ်ညည်းညည်း ရေရွတ်လိုက်သည်။စွမ်းချင်ချူက ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ်ကလဲ ဘယ်နည်းနဲ့မှ ခင်ဗျားအပေါ် မကျေနိုင်ဘူး၊ အဲ့ဒီတော့'

စွမ်းချင်ချူသည် စကားကိုဆုံးအောင်ပင် မပြောတော့ပေ။

သူ၏ အသက်အရွယ်နှင့် မလိုက်အောင်ပင် ဇွေ့ယမ်းလျက် ရှေ့သို့ တိုးထွက်လာလေတော့သည်။ နှစ်ဦးစလုံးသည် အသက်ကြီးကြပြီ ဖြစ်သော်လည်း မာန်က မလျော့ကြပေ။

သူတို့နှစ်ယောက်၏ တိုက်ပွဲသည် စတင်တော့မည်။ပွဲကြည့်ပရိသတ်မရှိ။

မကြာမီမှာပင် ဖျန်ဖြေမည့်သူမရှိသော နှစ်ဦးသဘောတူ ယှဉ်ပြိုင်မှုသည် လျှင်မြန်စွာပင် စတင်လေတော့၏။ အရိပ်နှစ်ခုသည် ပူးသွားလိုက် ကွာသွားလိုက်နှင့်....

ခပ်လှမ်းလှမ်းမှနေ၍ကြည့်မည်ဆိုပါလျှင် ကြက်ဖနှစ်ကောင် ခွပ်နေသကဲ့သို့ပင် ထင်ရလေ၏။

လေသည် တဟူးဟူး တိုက်ခတ်နေဆဲဖြစ်သည်။ ဓား...ဓားချင်းထိသော အသံများက တခြင်ခြင်နှင့် မြည်နေသည်။

အိပ်ငိုက်နေပုံရသော တောငှက်တကောင်သည်ပင် လန့် ပျံပြေးထွက်သွားတော့၏။

တဖြည်းဖြည်း-တဖြည်းဖြည်းနှင့်လှုပ်ရှားမှုများသည် လေး၍လေး၍ လာပုံရသည်။ သွက်လက် လျှင်မြန်ခြင်းမရှိတော့ချေ။

တဦး၏ ဓားပညာကို တဦးက အကဲခတ်၍မရအောင် ဖြစ်နေသည်။

အသက်အရွယ် စကားပြောလာပြီဖြစ်သော သိုင်းသမားကြီးနှစ်ဦးသည် ပင်ပန်းနွမ်းနယ်၍ လာပြီ ဖြစ်လေသည်။

သို့သော်လည်း တယောက်နှင့် တယောက် အရှုံးပေးဖို့ဝေးစွ၊ ရှိသမျှ ဇွဲနပဲဖြင့်ပင် အားခဲ၍ တိုက်ခိုက်နေကြသည်။

ကြာတော့ နှစ်ဦးစလုံး အမှားတွေ ပါလာတော့၏။

ဟာကွက်တွေ တွေ့ရှိလာကြသည်။

အသီးသီး ဒဏ်ရာဗရပွနှင့် ဖြစ်ကုန်၏။

တခဏမျှ ကြာသောအခါ တယောက်တနေရာစီ လဲနေတော့သည်။

သို့ရာတွင် တယောက်က ဒယီးဒယိုင်နှင့် ထလာသလို ကျန်တယောက်ကလည်း ယိုင်တိယိုင်နဲ့ဖြင့် ထလာလေပြန်၏။

သူတို့နှစ်ဦးသည် အသက်ကို ပင်ပန်းကြီးစွာ ရှူရှိုက်နေရာမှ တယောက်ကိုတယောက် စိုက်ကြည့်နေမိကြသည်။

ရှောင်းပိက မောဟိုက်စွာဖြင့် ပြောသည်။

'ခင်ဗျား မဆိုးဘူး'

စွမ်းချင်ချုကလည်း ပြန်ဖြေ၏။

'ခင်ဗျားလဲ တော်ပါတယ်'

စွမ်းချင်ချုက ထိုသို့ ပြောလိုက်ပြီးမှ ဆက်၍ ပြောပြန်သည်။

'ကျုပ်တို့ ဆယ်နှစ်သုံးကြိမ်ရှိပြီ။ ဒဏ်ရာတွေလဲ ကိုယ်စီရကုန်ပြီ နောက် ထပ်ချိန်းအုံးစို့'





ရှောင်းပိက ခေါင်းညိတ်ပြလိုက်သည်။

'ဒီတခါ ဖိတ်စာပို့ရမှာက ခင်ဗျားအလှည့်ပဲ၊ ခင်ဗျားသဘောပေါ့'

စွမ်းချင်ချုသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေရာမှ…

'နောက် ဆယ်နှစ် ပြည့်တဲ့နေ့၊ ဒါပေမယ့် ကျုပ်တို့အသက်ကြီးပြီ'

ရှောင်းပိက စွမ်းချင်ချုအား လှမ်းကြည့်လိုက်ပြီး…

'အဲ့ ဒီတော့ ခင်ဗျားဘာလုပ်ချင်သလဲ'

စွမ်းချင်ချုက ရှောင်းပိအား စူးစိုက်ကြည့်ကာ…

'ကျုပ်ရဲ့ သားသမီးက ခင်ဗျားဆီ ဖိတ်စာပို့ လိမ့်မယ်၊ ခင်ဗျားရဲ့ အမျိုးအနွယ်ကို နာမည်ပျက်မခံပဲ သတ္တိရှိရှိနဲ့ ရင်ဆိုင်လိမ့်မယ်လို့ ကျုပ်ထင်တယ်'

ရှောင်းပိမှာ မျက်နှာတချက် ကွက်ကနဲ ပျက်သွားသည်။

သို့သော် ရှောင်းပိသည် အံကိုတချက် တင်းတင်းကြိတ်လိုက်ပြီးမှ ခေါင်းညိတ်လိုက်လေသည်။

'ကျုပ် သဘောပေါက်တယ်၊ ခင်ဗျားသားသမီးရဲ့ စိန်ခေါ်တဲ့ ဖိတ်စာကို ကျုပ်ရဲ့သားသမီးကလဲ သတ္တိရှိရှိနဲ့ ရင်ဆိုင်လိမ့်မယ်'

* * *

( ၂ )

## ကိုယ့်ဘဝ ဘယ်ကလာ

စန်းစိမ်မြို့။

ထိုမြို့မှာ တောင်ပေါ်တွင်တည်ရှိသည့် မြို့ငယ်ကလေးတမြို့ ဖြစ်၏။ နှစ်ဆန်းတရက်နေ့ဖြစ်၍ ရွာသားအားလုံးမှာ ပျော်ပါးနေကြသည်။

ဖြောက်အိုးဖောက်သံများသည် နေရာအနှံ့ ထွက်ပေါ်လျက် ရှိနေပေသည်။

စပါးသီးနှံများရိတ်သိမ်းပြီးစ အခါသမယ ဖြစ်သော ကြောင့် မြို့သူမြို့သားအားလုံး အထူးပင် ပျော်ရွှင်နေကြလေ သည်။ သို့သော် မပျော်ရွှင်နိုင်သူတယောက်ရှိနေပေသည်။





ထိုသူသည်ကား

ရှောင်းချူးစွေပင် ဖြစ်လေသည်။

အသက် ၁၈ နှစ်ခန့်ပင်ရှိသော်လည်း သူ၏ထွားကျိုင်းသော ကိုယ်ကာယ မြင်ရသူအဖို့ ယောကျ်ားကြီးတယောက်အလား ထင်မှတ်မှားစေသည်။

နက်မှောင်သည့် မျက်ခုံးအစုံကလည်း စူးရှတောက်ပသည့် မျက်လုံးများကိုပို၍ ထူးခြားတင့်တယ်စေလေသည်။

တိကျပြတ်သားမှုကိုဖော်ပြသည့် အချက်မှာ သူ၏ပါးလျား သော နှုတ်ခမ်းပင်ဖြစ်၏။

ပါးလျသော နှုတ်ခမ်းအစုံကို စေ့ ထား ပြီး တဦး တယောက်ကို စိုက်ကြည့်လိုက်ပါက အကြည့်ခံရသူမှာ အများ အားဖြင့် မျက်နှာလွှဲသွားရတော့၏။

သူ၏မျက်လုံးဒဏ်ကို ကြာရှည်စွာ ရင်ဆိုင်ရဲသူက ခပ်ရှား ရှားပင် ဖြစ်လေသည်။

အထူးသဖြင့် အမျိုးသမီးများပင်ဖြစ်၏။အမျိုးသမီးအတော် များများမှာ သူ၏အကြည့်ကို လုံးဝမခံရဲကြပေ။

မနှစ်သက်. မစွဲသန်း၍မဟုတ်ပါ။ စူးရှတောက်ပလွန်းသည့် မျက်လုံးအရှိန်အဝါကို ခံနိုင်စွမ်းမရှိသောကြောင့် ဖြစ်၏။ သို့သော် သူ့တွင် အားနည်းချက်က များစွာ ရှိနေပေသည်။

သူသည် သူများပျော်သလိုလည်း မပျော်နိုင်ပါ။ သူများ စားသလိုလည်း မစားနိုင်ခဲ့။

သစ်လွင်သည့်အဝတ်အစားဆိုသည်က ဝေလာဝေး။

ထို့ကြောင့် သူသည် သူဆင်းရဲလေးဟု ခေါ်ဆိုပါကမမှားမည်မဟုတ်ပါချေ။ ထိုမျှမက အဖမဲ့သား ဖြစ်သောကြောင့် မျက်နှာငယ်ရ၏။

အမေမရှိသောသားမို့ အများက သူ့အား မလေးစားကြပါ။ မလေးစားနိုင်စရာအကြောင်းကလည်း မိခင်၏အလုပ်ကို ကြည့်ပါဦး။ လူများတကာအိမ်တွင် ဗာဟီရလုပ်ကိုင်ပေးနိုင်မှ သားအမိနှစ်ယောက်အတွက် မနက်စာနှင့်ညစာကို မှန်မှန်စားသောက်ရသောဘဝဖြစ်ရာ အများကမလေးစားသည်မှာလည်း ဆန်းသည်ဟုသာ မဆိုသာချေ။

အဝတ်အစား လှလှပပနှင့် ကလေးများသည် သူ့အနားမှ ဉဒဟို ပြေးလွှားနေကြ၏။

ပန်းသီး၊ ပေါက်စီ၊ မုန့်ဆီကြော်စသော အစားအသောက်များကို လူတိုင်းကိုလို အားရပါးရ စားသောက်နေကြသည်။

ရှောင်းချူးစွေသည် မိမိ၏ဝမ်းဗိုက်ကိုလက်ဖြင့်အသာအယာပွတ်သပ်လိုက်မိသည်။ အများနည်းတူ သူလည်း စားသောက်ချင်လေသည်။ သို့သော် သူမစားနိုင်ပါ။

နှစ်သစ်ကူးသည့် အခါသမယပင်ဖြစ်စေကာမူ။

သူ့မိခင်၏ အလုပ်ရှင်သည် ထိုမုန့်မျိုးကို ပေးကမ်း ကျွေးမွေးလိမ့်မည် မဟုတ်ပါ။ ရှောင်းချူးစွေသည် ကိုယ့်ဘဝကိုယ်တွေးကာ အားငယ်ဝမ်းနည်းမိလေသည်။

ကလေးမလေးသုံးလေးဦးက သူတို့၏မြက်အိမ်နံဘေးတွင် ပြောက်အိုးများလာရောက် ပစ်ဖောက်နေကြသည်ကို ရှောင်းချူးစွေ ငေးစိုက်ကြည့်နေမိသည်။





ထိုအခိုက် အနီရောင်ဝတ်စုံ လှလှကလေးကို ဝတ်ဆင်ထားသည့် မိန်းမချောကလေးတယောက်က သူ၏အနားသို့ ရောက်ရှိလာသည်။

ထိုမိန်းမချောကလေး၏ လက်ထဲတွင် စားသောက်စရာမုန့်များကို ကိုင်ထား၏။

'ချူးစွေ ရော့ အဲဒါနှင့်ဖို့'

ရှောင်းချူးစွေ၏ မျက်နှာမှာ ရုတ်တရက် ရွှင်လန်းသလိုဖြစ်သွားသည်။

သူသည် မုန့်များကိုကြည့်၍ ပါးစပ်ကိုပင်ယောင်ယမ်း၍ပြင်လိုက်မိသည်။

သူသည် မုန့်များကို လှမ်းယူမည်ပြင်လိုက်ပြီးမှ ရုတ်တရက် မျက်နှာထားပြောင်းသွားသည်။

'မလိုချင်ဘူး ပြန်ယူသွား

ရှောင်းချူးစွေ၏မျက်နှာသည် ခက်ထန်တင်းမာသွား၏။ မိန်းကလေး၏မျက်နှာမှာ သိသိသာသာ ပျက်သွားလေသည်။

'အဲဒီမုန့်တွေ ငါ တခုမှမစားရသေးဘူး၊ နင့်ဆီကိုစေတနာနဲ့ ယူလာပေးတာ'

မိန်းကလေးက ရှောင်းချူးစွေအား နားမလည်နိုင်ဟန် လှမ်းကြည့်လိုက်ပြီး ခပ်ရှုံ့ရှုံ့ပြန်ပြောလိုက်သည်။ ရှောင်းချူးစွေသည် မိန်းကလေးအား စူးရဲစွာ ကြည့်လိုက်လေသည်။ မိန်းကလေးက မျက်နှာလွှဲ၍ အောက်သို့ ငုံ့လိုက်သည်။

'နင် ငါ့ကို ဘယ်လိုခေါ်လိုက်သလဲ'

'နင့်နာမည် ချူးစွေမို့လို့ ချူးစွေလို့ ငါခေါ်တာပေါ့'

ရှောင်းချူးစွေသည် မိန်းကလေးအား ဒေါသဖြင့်တချက်ကြည့်လိုက်လေသည်။

'နောက်.... ငါ့ကို ဒီလိုမခေါ်နဲ့'

'ဘယ်လိုခေါ်ရမလဲ'

'ငါတို့ဟာ ရှောင်းအမျိုးအနွယ်တွေ၊ ဒါကြောင့် ငါ့နာမည် ရှောင်းချူးစွေ'

မိန်းကလေးက သူ၏စကားကို သဘောကျသွားသည်။ သို့သော် သူမပြုံးရဲချေ။ ရှောင်းချူးစွေ ထပ်မံ ဒေါသထွက်လာမည်ကို သူမအနေဖြင့် လိုလားခြင်းမရှိချေ။

'အေးပါ -- နောက်ကို ရှောင်းချူးလို့ခေါ်ပါ့မယ်၊ ရော့ ဒီမုန့်ကို ယူပါ'

ရှောင်းချူးစွေက မိန်းကလေး၏လက်ကို တွန်းဖယ်လိုက်သည်။

'ဘာလဲ--- ဒီမုန့်တွေက ငါ့အမေ နင့်အိမ်မှာ ဗာဟီရလုပ်ကိုင်ရလို့ အဖိုးအခအဖြစ် လာပေးတဲ့ မုန့်တွေလား'

မိန်းကလေးက ပျာပျာသလဲ ခေါင်းယမ်းပြလိုက်သည်။

'နင်···အဲ့ဒီလိုမပြောပါနဲ့ချူးစွေ၊အဲ....အဲ···ရှောင်းချူးစွေ အဒေါ်ကိုလဲ ငါ၀အောင်ကျွေးပါတယ်၊ ဒါက နင့်ကို စားဖို့ ငါ သက်သက် လာပို့ပေးတာပါ'

ရှောင်းချူးစွေမှာ မာနရှိသူဖြစ်သည်။ သူသည် သူများပေးကမ်းသည့် အစာကို မစားလို။ သူများ ပေးကမ်းသည့် အ၀တ်ကိုလည်း ၀တ်ဆင်ခြင်းမရှိ။





'နင့်ကို ငါကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒါတွေ ငါမစားချင်ဘူး'

မိန်းကလေးက သူ့အား ကရုဏာသက်စွာဖြင့် မော့ကြည့်လိုက်သည်။

'အဲ့ဒါဆိုယင် ငါလဲဒီနေ့အဖို့ ဘာမုန့်မှ မစားတော့ပါဘူး'

ရှောင်းချူးစွေသည် မိန်းကလေးအားမျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။ သူသည် အပြစ်မဲ့သော မိန်းကလေး၏ စေတနာကို မစော်ကားလိုချေ။

သို့သော် သူကိုယ်တိုင်က သူများပေးကမ်းသော အစားအစာကို စားရမှာ ၀န်လေးနေသူတဦး ဖြစ်၏။

'နင့်ဟာနင် တနေ့လုံး မစားပဲနေနေ၊ တသက်လုံးမစားပဲနေနေ ငါနဲ့ ဘာဆိုင်သလဲ'

ရှောင်းချူးစွေ၏ ရင့်သီးစိမ်းကားသော စကားကြောင့် မိန်းကလေး၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်စိုင်းလာရလေသည်။

'နင်ဟာ ငါ့အပေါ်မှာ လုံး၀ သနားတဲ့စိတ်ကလေးတောင် မရှိတော့ဘူးလား ရှောင်းချူးစွေ'

ရှောင်းချူးစွေက သူမအား စူးရှစွာ ကြည့်လိုက်၏။

'နင်ဟာ သနားစရာ ကောင်းနေလို့လား'

'ငါ့တသက်မှာ ဒီတခါ ငါကျွေးတာလေးကို စားယင် ငါကျေနပ်ပါပြီဟယ်'

မိန်းကလေးက သနားစဖွယ်ပြောလိုက်သည်။

ရှောင်းချူးစွေက အသိရခက်သော အပြုံးတချက်ပြုံးလိုက်သည်။ သူသည် မိန်းကလေးအား လက်မြှောက် အရှုံးပေးလိုက်ဟန်တူ၏။

'ကဲ··· အဲ့ဒီမုန့်တွေထဲက ငါတမျိုးကိုပဲယူစားမယ်၊ နင်··· ကျေနပ်ပါ'

မိန်းကလေးက ဝမ်းသာအားရစွာဖြင့် ခေါင်းညိတ်လိုက်လေသည်။

'အို··· ဝမ်းသာလိုက်တာဟယ်၊ နည်းနည်းဖြစ်ဖြစ် စားတယ်ဆိုယင်ပဲ ငါကျေနပ်ပါပြီ'

ရှောင်းချူးစွေသည် အသာအယာ ပြုံးလိုက်ပြီး မိန်းကလေးလက်ထဲမှ မုန့်တခုကို လှမ်း၍ယူလိုက်လေသည်။

သို့သော် မုန့်များသည် သူ့လက်ထဲသို့ တခုမျှ ပါမလာချေ။

မိန်းကလေးက တင်းကျပ်စွာ ဆုပ်ကိုင်ထားသောကြောင့် မဟုတ်ပါ။ မိန်းကလေးလက်မှ မုန့်ကို ရှောင်းချူးစွေကလှမ်းယူလိုက်သည့်အခါတွင် မိန်းကလေး၏ လက်မှာ ရုတ်တရက် တုန်ခါသွား၏။

ထို့နောက် မုန့်များက မြေကြီးပေါ်သို့ ပြန့်ကျဲ ကျသွားလေသည်။

အကြောင်းမှာ....တစုံတယောက်သည် မိန်းကလေး၏လက်ကို လှမ်း၍ ရိုက်ချလိုက်သောကြောင့် ဖြစ်လေသည်။

* * *





ရှောင်းချူးစွေမှာ ရုတ်တရက် အံ့အားသင့်သွားသည်။

မိန်းကလေးသည် သူမ၏လက်ကို ရိုက်ချလိုက်သူအား မျက်နှာထား ခပ်တင်းတင်းဖြင့် ကြည့်လိုက်လေသည်။

'မော့ရဲယီ··· ရှင် ဘာလို့လုပ်လိုက်တာလဲ'

ထိုလူက မထီတရီပြုံး၍ မျက်နှာကို တဘက်သို့ လွှဲနေလိုက်သည်။ ရှောင်းချူးစွေက ခေါင်းကို အသာအယာပင် ငုံ့လိုက်သည်။

သို့သော် သူ၏မျက်နှာအား အောက်မှနေ၍ မော့ကြည့်လျှင် ကြောက်စရာကောင်းလောက်အောင် အံကြိတ်ထားသည်ကို တွေ့ရမည်ဖြစ်ပေသည်။

မိန်းကလေး၏အသံက ထပ်မံထွက်ပေါ်လာသည်။

'ဒါဟာ ရှင် သက်သက်စော်ကားတာပဲ'

မော့ရဲယီက ခေါင်းကို အသာအယာယမ်းခါလိုက်သည်။

'ဒီလိုမထင်ပါနဲ့ ကျောက်စီးယုံ၊ ကောင်းမွန်တဲ့ အစားအသောက်ဆိုတာ ထိုက်တန်တဲ့လူကိုသာ ကျွေးရပါတယ်'

ကျောက်စီးယုံဆိုသည့် မိန်းကလေးက မော့ရဲယီအား ခက်ထန်စွာ မော့ကြည့်လိုက်လေသည်။

'ဟုတ်တယ်၊ ကျွန်မကလဲ ထိုက်တန်တဲ့လူကို လာကျွေးတာပဲ'

မော့ရဲယီသည် သရော်သလိုပြုံးလိုက်သည်။ ထို့နောက် ရှောင်းချူးစွေအား အသာငဲ့ကြည့်လိုက်ပြီး

'ကိုယ့်ရဲ့သိက္ခာနဲ့ အမျိုးအနွယ်ကိုလဲ စောင့်ရှောက်ရသေးတယ် ကျောက်စီးယုံရဲ့'

မိန်းကလေးသည် ရှောင်းချူးစွေ၏ မျက်နှာကို ဖြတ်ကနဲ လှမ်းကြည့်လိုက်လေသည်။

သို့သော် မိန်းကလေးမှာစိတ်ပျက်သွားမိသည်။

ရှောင်းချူးစွေသည် သူ့အားမပြောသကဲ့သို့ပင် ဘာတလုံးမှ ပြန်မပြောပဲ ရေငုံနှုတ်ဆိတ်နေသည်ကို တွေ့လိုက်ရလေသည်။ သို့ဖြစ်၍ ကျောက်စီးယုံမှာ အားမလိုအားမရဖြစ်သွားရသည်။

သို့သော် ရှောင်းချူးစွေ၏ အတွင်းစိတ်တွင် မည်မျှအထိ ခံစားနေရသည်ကိုတော့ကျောက်စီးယုံက အကဲခတ်မိလေသည်။

'ရှင်စကားပြောယင် ကြည့်ပြောပါ၊ တ ဘက် သား ကို ဒီလောက်အထိ နှိမ့်နှိမ့်ချချ မပြောသင့်ဘူးရှင့်'

မောင့်ရဲယီက ရယ်မောကာ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့ ကျွန်တော်မှတ်ထားပါ့မယ်'

သူက ထိုသို့ပြောပြီး ရှောင်းချူးစွေ၏ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

'မင်းကသဲ ကိုယ့်နေရာမှာ ကိုယ်နေသင့်တယ်

ထိုအခါမှ ရှောင်းချူးစွေက မောင့်ရဲယီအား တချက် စူးစိုက်ကြည့်လိုက်သည်။

'ကျုပ် အခုနေတာ ဘယ်သူ့နေရာလဲ'

ရှောင်းချူးစွေကပြောပြီး လက်ညှိုးထိုးပြ၍ ပြောလိုက်သဖြင့် မောင့်ရဲယီမှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိပဲကြောင် အမ်းအမ်းဖြစ်သွားသည်။

သို့သော် ချက်ချင်းဆိုသလိုပင် မဲ့ပြုံးတချက် ပြုံးလိုက်ကာ 'အေး မင်းရဲ့နေ ချာတဲ့ အိမ်နေရာမှန်းတော့ ငါသိပါတယ်။





ဒါပေမယ့် စကားဆိုတာ တန်ရာတန်ရာလူနဲ့မှ ပြောရတယ်ကွ'

ရှောင်းချူးစွေသည် ခပ်တည်တည်ဖြင့် မောင့်ရဲယီအား ကြည့်လိုက်ပြီး

'ခင်ဗျားဟာ ကျုပ်နဲ့တန်လို့ ခုလိုပြောနေတာပေါ့'

ရှောင်းချူးစွေ၏စကားကြောင့် ကျောက် စီး ယုံ သည် သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

'သိပ်မှန်တာပေါ့ရှင်'

မောင့်ရဲယီ၏မျက်နှာသည်ရုတ်တရက်ညိုမည်းသွားလေသည်။ ကျောက်စီးယုံကိုယ်တိုင်က ရှောင်းချူးစွေဘက်မှ လိုက်ပါပြောဆိုနေခြင်းကြောင့် ပို၍ခံပြင်းသွားမိသည်။

သူသည် ရုတ်တရက် လက်ကိုမြှောက်လိုက်ကာ

'ဒါဆိုယင် ငါ့လက်သီးဟာလဲ မင်း နဲ့ တန် လိမ့် မယ် လို့ အောက်မေ့တယ်'

မောင့်ရဲယီသည် ပြောပြောဆိုဆိုဖြင့် လက်သီးတလုံးပစ်သွင်းလိုက်လေသည်။

'ခွပ်'

ရှောင်းချူးစွေ၏ မျက်နှာဆီသို့ တည့်တည့်မတ်မတ်ပင်ဝင်ရောက်သွားလေတော့သည်။

ရှောင်းချူးစွေမှာ သိုင်းပညာ တတ်မြောက်ထားသူမဟုတ်ရာ ဤကဲ့သို့ ရှေ့တည့်တည့်မှ နေးကွေးစွာ ကျရောက်လာသည့် လက်သီးတလုံးကိုပင် ရှောင်ရှားနိုင်စွမ်းမရှိခဲ့ချေ။

ထို့ကြောင့် ခွပ်ကနဲအသံနှင့်အတူ ရှောင်းချူးစွေ၏ မျက်နှာမှာ စပ်ဖျဉ်းဖျဉ်းပူထူသွားလေသည်။

နွားခေါင်းမှသွေးများက ပန်းထွက်လာလေသည်။ သူသည် ဒေါသဖြင့် တချက်လှမ်းကြည့်လိုက်ရုံမှအပဘာမှပြန်မပြောနိုင်ပဲ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

'ရှောင်းချူးစွေ'

ကျောက်စီးယုံ၏ခေါ်သံကို ကြားရသော်လည်း သူ လှည့်မကြည့်မိတော့ချေ။

ရက်စက်နှင့် ခံပြင်းစိတ်တို့သာသူ့ရင်ထဲ၌လှမ်းမိုးနေသည်။ သူ့ခြေလှမ်းများ ပို၍မြန်လာသည်။ ခပ်မြန်မြန်လျှောက်နေရာမှ စတင်ပြေးလွှားသွားသည်။ ကျောက်စီးယုံသည် တောင်ပေါ်တနေရာသို့ ပြေးလွှားထွက်ခွာသွားသော ရှောင်းချူးစွေ၏ နောက်ကျောပြင်ကိုသာ ငေးစိုက်ကြည့်နေမိတော့သည်။

* * *

သူ့နာမည်သည် 'ထန်ယင်းယိ'ဖြစ်သည်။

သူ၏အသက်မှာ ငါးဆယ်ခန့်ရှိပြီဖြစ်သည်။

သူစီးလာသောမြင်းဖြူကြီးမှာ သန်မာတောင့်တင်းသည်ဟု ဆိုရသော်လည်း ခရီးလမ်းကို ရက်ပေါင်း ကြာရှည်စွာသွားလာခဲ့ရဟန်တူသည်။

တောင့်တင်းသန်မာလှသည့် မြင်းဖြူကြီးသည် လျင်မြန်စွာ ပြေးလွှားနိုင်ခြင်း မရှိတော့သည်ကို တွေ့ရသည်။





ထန်ယင်းယိသည် အဆင့်မြင့်သိုင်းသမားတဦး ဖြစ်သည်။

သူ၏နောက်ကျောတွင် ပိုးလွယ်ထားသည့် ဓားရှည်ကြီးမှာ နှစ်ပေါင်း အတော်ကြာကြာကပင် ကိုင်ဆောင်လာခဲ့သော ကြောင့် ဖြစ်ဟန်တူသည်။

ဓားရိုးတွင် ထွင်းထုထားသည့် ကနုတ်ပန်းများပင် ယခု အခါ၌ ပါးလျား၍ ချောမွတ်နေပြီဖြစ်သည်ကို တွေ့မြင်ရသည်။

သူ၏ ခန့်ညားသော နှုတ်ခမ်းမွေးနှင့်မျက်လုံးကိုကြည့်ရခြင်းအားဖြင့် စိတ်ထားဖြူစင်သန့်ရှင်းသော သိုင်းသမားကြီးတဦး ဖြစ်မှန်း သိသာထင်ရှားလှပေသည်။

သူသည် မြို့တကာကိုလည်း ရောက်ခဲ့ပြီ။ ရွာအနှံ့လည်းစုံသလောက်ရှိနေ၏။ သို့သော် သူ၏ရည်မှန်းချက်မပြည့်ဝသေး၍ ဆက်လက်ခရီးထွက်ခွာနေခြင်း ဖြစ်ဟန်တူ၏။

သူ၏ရည်မှန်းချက်ကား တခြားဟုတ်မည်မထင်ပါ။ တစုံတယောက်ကို ရှာဖွေနေခြင်းသာ ဖြစ်ပေသည်။

သူ့ကိုကြည့်ရသည်မှာ ကြီးမားသောတာဝန်တခုကို ထမ်းဆောင်နေရသကဲ့သို့ ဖြစ်သည်။

သူသည် ခရီးလမ်းတွင် သတိကြီးစွာထားလျက် သွားလာနေပုံရ၏။ သူ၏ရင်ဘတ်တွင်လွယ်ထားသော အိတ်ကြီးကို သူသည် မကြာခဏ စမ်းသပ်နေမိလေသည်။

ထိုအိတ်ကြီးသည် သူထမ်းဆောင်နေရသည့် တာဝန်၏ အဓိက အစိတ်အပိုင်းဖြစ်ပေလိမ့်မည်။ မြင်းဖြူကြီး၏ခြေလှမ်းမှာ တဖြည်းဖြည်းနှေးကွေးလာ၏။

ထိုအချက်ကို သတိထားမိသော ထန်ယင်းယီသည် ရွာတရွာသို့ ရောက်အောင်သွားပြီး မြင်းကောလူပါ အနားယူရန် စိတ်ကူးလိုက်မိလေသည်။

*　　　*　　　*

ညအချိန်ပင်ဖြစ်သော်လည်း တည်းခိုခန်းနှင့် စားသောက်ဆိုင်ကလေးတွင် လူများဖြင့် စည်ကားလျက်ရှိနေ၏။

ထန်ယင်းယီသည် တည်းခိုခန်းကလေးအား အကဲခတ်ကြည့်ရှုလိုက်ပြီး ထိုညအဖို့ ဤတည်းခိုခန်း၌ပင် အိပ်စက် အနားယူရန် ဆုံးဖြတ်လိုက်သည်။

သူသည် ချောင်ကျကျ အခန်းငယ်ကလေးတခုအား ငှားရမ်း၍ အတန်ကြာစွာ အနားယူပြီးမှ ဆာလောင်မွတ်သိပ်နေသော သူ၏ဝမ်းဗိုက်ကို ဖြည့်တင်းရန်အတွက် စားသောက်ခန်းဆီသို့ ဆင်းလာခဲ့၏။

စားသောက်သူများမှာ အတော်နည်းပါးသွားပြီဖြစ်သော်လည်း စားပွဲနှစ်လုံးတွင် လူစုနှစ်စု ရှိနေသေးသည်ကို တွေ့ရသည်။

စားပွဲတလုံးမှ လူသုံးဦးမှာ အေးဆေးစွာ စားသောက်နေနေကြသော်လည်း ကျန်စားပွဲတလုံးမှ လူလေးဦးမှာ အသံကျယ်လောင်စွာဖြင့် အော်ကြီးဟစ်ကျယ် ပြောဆိုရယ်မောနေကြလေသည်။





သို့သော် ထန်ယင်းယီသည် ထိုလူများအား ဂရုမစိုက်နိုင်ချေ။

သူ၏ ဆာလောင်နေသော ဝမ်းဗိုက်ကိုသာ ဖြည့်တင်းရန် စိတ်စောနေသည်။ သူသည် စားသောက်ဖွယ်ရာများကို မှာကြားလိုက်သည်။သို့သော် မကြာမီမှာပင် စားသောက်ဖွယ်ရာ ရောက်ရှိလာ၏။

ဆာလောင်နေသောကြောင့် ကပျာကယာပင် **စားသောက်**လိုက်သည်။

သူသည် အစားအသောက်ကိုသာ စားသောက်နေသော်လည်း စကားများနေသော လူလေးယောက်အနက်မှတယောက်သည် သူ့အား စူးစိုက်စွာ ကြည့်ရှုနေသည်ကို ထန်ယင်းယီ သတိပြုလိုက်မိ၏။

ထိုလူသည် သူ့ကို အကဲခတ်နေသည်ထက် သူ၏ ရင်ဘတ်မှ လွယ်ထားသောအိတ်ကို ပိုမို၍အာရုံစိုက်နေသည်ကို ရိပ်စားမိလိုက်သည်။

သို့သော် ထန်ယင်းယီသည် မသိချင်ယောင် ပြုနေလိုက်လေသည်။

သူသည် စားသောက်ပြီးသည်နှင့် ဣန္ဒြေမပျက်ပင် သူ၏ အိပ်ခန်းထဲသို့ ဝင်လာကာ တုံးလုံးလှဲလိုက်သည်။

ခရီးက ပန်းလာသည့် အထဲ အစားအသောက်ကိုလည်း ဝလင်အောင် စားသောက်လိုက်ရသဖြင့် မျက်လုံးများမှာမေးစင်းလာပြီး မကြာမီမှာပင် အိပ်ပျော်သွားတော့၏။ သို့သော်

နှစ်ခြိုက်စွာ အိပ်မောကျသွားသည် မဟုတ်ပေ။ သတိနှင့် အနားယူအိပ်စက်နေခြင်းသာ ဖြစ်၏။

'ရှပ်…ရှပ်'

အတွေ့အကြုံနှင့် ကျင့်သားရနေပြီဖြစ်သော ထန်ယင်းယိ၏ နားက ထိုအသံကို ကောင်းစွာ ကြားလိုက်ရသည်။ မြွေသံများဖြစ်ကြောင်း ချက်ချင်း သိရှိလိုက်သည်။

'ရှပ်…ရှပ်'

'ရှပ်….ရှပ်'

တယောက်ဘည်းမဟုတ်ပါ။

မြွေသံများက ရှုပ်ထွေးလာသဖြင့် နှစ်ယောက်ခန့် ဖြစ်မည်ဟု ထန်ယင်းယိ ခန့်မှန်းမိသည်။

သူသည် မသိမသာ မျက်လုံးကို ဖွင့်လိုက်၏။

မှုန်ပျပျ အလင်းရောင်ကြောင့် အရိပ်နှစ်ခုကို တွေ့လိုက်ရသည်။ အရိပ်ကိုမြင်လိုက်ရလျှင်ပင် ထန်ယင်းယိအဖို့ လုံလောက်နေပြီ ဖြစ်သည်။

သူသည် ပက်လက်လှန်၍ အိပ်နေရာမှ ဓားဦး ထားသောဓားကို အသာအယာ လှမ်းကိုင်လိုက်သည်။

ထိုစဉ်မှာပင် အရိပ်နှစ်ခုသည် လျင်မြန်စွာဖြင့် သူ့အနားသို့ ခုန်ဝင်လာကြသည်။ တဆက်တည်းဆိုသလိုပင် သူ့အား ဓားဖြင့် ပြိုင်တူ ဆီးခုတ်လိုက်ကြ၏။

ထန်ယင်းယိသည် အသက်ကြီးလာသော်လည်း လျင်မြန်သွက်လက်မှုက လျော့ပါးသွားခြင်း မရှိသေးပေ။





သူ၏လျင်မြန်မှုကြောင့် အရိပ်နှစ်ခု၏ ဓားချက်သည် သူ့အား ထိမှန်ခြင်းမရှိပဲ သွားရလေတော့သည်။

'ဖုန်း….'

ထိုအသံနှင့်အတူ အရိပ်တခုသည် အဝေးသို့ လွင့်စဉ်လဲကျသွားလေသည်။

ထန်ယင်းယိသည် အိပ်နေလျက်မှ ဘေးဘက်သို့ ရှောင်တိမ်းယင်း ဆောင့်ကန်လိုက်ခြင်းကြောင့်ပင် ဖြစ်သည်။

ထိုစဉ် တနေရာမှ နောက်ထပ် အရိပ်နှစ်ခု ထပ်မံဝင်ရောက်လာပြန်သည်။ ထန်ယင်းယိ မညှာနိုင်တော့ပါ။

သူသည် ထက်မြက်သော သိုင်းကွက်တကွက်ကိုသုံး၍ သူ၏လက်ကို လျင်မြန်စွာ လှုပ်ယမ်းလိုက်လေသည်။

'အား…အူ…အူ…'

ဓားခင်နဲ့မည်းမည်းတွင် ညည်းတွားသံကြီးတခုက ထွက်ပေါ်လာသည်။ ထိုအခိုက်မှာပင် ရှန်းယင်းဆန်ခတ်အသံများကြောင့် တည်းခိုခန်း ပိုင်ရှင်နှင့် အလုပ်သမားများသည် မီးတိုင်များ ထွန်းညှိ၍ သူတို့ထံ ပြေးလာကြသည်ကို တွေ့ရသည်။

'ဟေ့ သွားစို့'

လူရိပ်များအနက် တယောက်ကလှမ်းပြောလိုက်သည်။ ချက်ချင်းဆိုသလို သူတို့အားလုံး ရုတ်တရက် ပြေးလွှားပျောက်ကွယ်သွားကြတော့၏။

တယောက်မှာ အမှောင်ထဲ၌ လဲကျကျန်ရစ်နေ၏။
မီးတိုင်နှင့်အလုပ်သမားများက ရောက်လာသည်။

လဲနေသူကို သေချာစွာ ကြည့်ရှုလိုက်သောအခါတွင် ထိုသူမှာ အသက်ရှူသည်ကို လုံးဝမတွေ့ရတော့ပေ။

ဆိုင်အလုပ်သမားတယောက်ကပြောသည်။

'ဒီလူဟာ ညဦးပိုင်းက စကားများနေတဲ့ လူလေးယောက်အုပ်စုထဲကပဲ'

ထန်ယင်းယိက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်…ကျုပ်ကို ဒမြလာတိုက်ကြတာပဲ၊ ခင်ဗျားသူတို့ကိုသိသလား'

တည်းခိုခန်းပိုင်ရှင်က ခေါင်းယမ်းပြလိုက်လေသည်။

'ကျုပ်တို့ ဒီလူတွေကို တခါမှ မမြင်ဖူးဘူး'

ထန်ယင်းယိ သက်ပြင်းတချက် ချလိုက်သည်။

'ကျုပ်ဟာ ရန်လိုတဲ့လူတယောက် မဟုတ်ပါဘူး၊ သူများအသက်ကိုသတ်ဖို့ဆိုတာလဲ စိတ်တောင်မကူးမိပါဘူး၊ ခုဟာက မှောင်နဲ့မည်းမည်းထဲမှာ လေးယောက်နဲ့တယောက်ဆိုတော့…'

တည်းခိုခန်းပိုင်ရှင်သည် ထန်ယင်းယိဆိုလိုသည့် သဘောကို နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ်၊ ဆရာကြီးမှာ အပြစ်မရှိပါဘူးဗျာ'

*　　*　　*

ဖေးပါးကလေးသုံးလက်သည် သစ်ပင်၏ ပင်စည်၌ တပြိုင်နက်တည်း စိုက်ဝင်သွားသည်။





စိုက်ဝင်သွားသည်မှာ ရိုးရိုးစိုက်ဝင်သွားခြင်းမဟုတ်ပါ။

သစ်ပင်တွင် အမှတ်အသားပြုလုပ်၍ ဝိုင်းထားသည့် စက်ဝိုင်းကလေးအတွင်း၌ပင် တပြိုင်နက်တည်း စိုက်ဝင်သွားခြင်းဖြစ်သည်။

ပစ်ပေါက်လိုက်သူကား ရှောင်းချူးစွေပင် ဖြစ်လေတော့သည်။ ရှောင်းချူးစွေသည် သိုင်းပညာ လုံးဝတတ်ကျွမ်းခြင်းမရှိပါ။

သူသည် ငယ်စဉ်ကလေးဘဝကပင် သူ၏ဘဝကို နာကျည်းစွာဖြင့် တွေးတောယင်း အချိန်ကုန်လွန်ခဲ့သူ ဖြစ်လေသည်။

ထိုသို့ တွေးတောနေသည့်အခါမျိုးတွင် သူ၏ လက်ကလေးသည် အငြိမ်မနေခဲ့ချေ။

မိမိ အနီးအနားတဝိုက်တွင် ရှိနေသော ကျောက်စရစ်ခဲကလေးများကို တနေရာသို့ အမြဲမပြတ် ပစ်ပေါက်နေတတ်လေသည်။

သူသည် ခဲကလေးများကို တနေရာရာသို့ ပစ်ပေါက်နေရာမှ ကြာလာသောအခါ သူ့ရှေ့ရှိ ပစ်မှတ်များကို မည်သည့်အရာနှင့်ပင် ဖြစ်စေ မလွဲတမ်း ပစ်ပေါက်နိုင်သည့် အဆင့်သို့ရောက်ရှိခဲ့လေတော့သည်။

ဤအချက်ကို စိတ်ဝင်စားမှု ရှိလာသည်။

စိတ်ဝင်စားလာသည်နှင့်အမျှ သူသည် နောက်တနည်းကို တီထွင်စမ်းသပ် ကြည့်လေသည်။

ချွန်ထက်သော လှံကလေးများ ပြုလုပ်၍ တနေရာရာသို့ ပစ်ပေါက်သည်။ ကြာတော့လည်း ထိုအရာသည် ခဲကလေးများ

ပမာ မိမိလိုရာသို့ စိုက်ဝင်အောင် ပစ်ပေါက်နိုင်ခဲ့ပြန်သည်။

နောက်တဖန်– ခါးပါးကလေးများကို ရှာကြံကာ ထိုနည်းအတိုင်း လေ့ကျင့်ပြန်၏။

သို့ဖြင့် ယခုအခါတွင် ခါးပါးကလေးများမှာ သူစေလွှတ်ရာသို့ တန်းတန်းမတ်မတ် သွားရောက် စိုက်ဝင်သည့် အဆင့်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ပထမတချက်တည်း ကိုင်၍ ပစ်သည်။

ဒုတိယနှစ်ချောင်းကို စုံကိုင်၍ ပစ်၏။

နောက် သုံးချောင်း၊ ယခု လေးငါးချောင်းစလုံးကို တပြိုင်တည်း ပစ်နိုင်သည့် အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ရှောင်းချူးစွေသည် စာရေးစာဖတ်သည်ကလွဲ၍ အခြားပညာ လုံးဝမရှိပါ။

ရှောင်းချူးစွေအားပညာတခုခုပြပါဆိုလျှင် ထိုခါးပေါက်ပညာကိုသာ စွမ်းစွမ်းတမံ ပြသနိုင်ပေသည်။

ယခုလည်း သူသည် မော့ရဲယီ၏ အနိုင်ကျင့်မှုကို ခံရပြီး စိတ်ညစ်ညစ်နှင့် တောင်ပေါ်သို့တက်လာကာ တကိုယ်တည်း ခါးပစ်ပေါက်နေခြင်း ဖြစ်လေသည်။

သူသည် ခါးပါးကလေးများကို သစ်ပင်မှ ဆွဲထုတ်ယူလိုက်ပြီး ပြန်သိမ်းလိုက်သည်။

ထိုအခိုက် အရိပ် တခုက သူ့ရှေ့မှ ဘွားကနဲ ပေါ်လာတော့၏။ သူထိုအရိပ်ကို မြင်ရသောအခါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဟယ်… လမင်းသမီး'





ရှောင်းချူးစွေ၏ နှုတ်မှ လွှတ်ကနဲ ရေရွတ်လိုက်မိ၏။ ထိုအမည်သည် သူမှည့်ခေါ်ထားသော အမည်မဟုတ်ပါ။

ယင်း မိန်းကလေး ကိုယ်တိုင်က သူ့ကိုယ်သူ 'လမင်းသမီး' ဟု ပြောထားသောကြောင့် ဖြစ်သည်။ သူသည် ထိုမိန်းကလေးကို မကြာမကြာ တွေ့ဆုံနေရလေသည်။

သို့သော် ဘယ်နေရာက ရောက်လာသည်ကိုတော့ သူ မစဉ်းစားတတ်။ မိန်းကလေးကိုယ်တိုင်ကလည်း သူ၏ မေးမြန်းစုံစမ်းမှုကို တခါမျှ တိတိကျကျ ပြန်ဖြေခြင်း မရှိချေ။

နာမည်မေးတော့…

'လမင်းသမီးပဲ ခေါ်ပါ'

ထိုသို့သာပြောလေသည်။

'ဘယ်မှာနေသလဲ'

ဤမေးခွန်းကို မေးသည့်အခါ…

'တိမ်ကြားထဲမှာပဲလို့ မှတ်ထားပါ'

ထိုသို့သာ ဖြေကြားသည့်အတွက် ရှောင်းချူးစွေအဖို့ ထိုမိန်းကလေးသည် ပဟေဠိ ဆန်လွန်းနေပေသည်။

သို့သော် သူသည် ထိုမိန်းကလေးကို ခင်မင်မိသည်။

မိန်းကလေးမှာ မာန်မာနရှိပုံမပေါ်ပါ။

သူမ၏မျက်နှာသည် ပကတိ သန့်ရှင်းကြည်လင်နေ၏။

ထို့ကြောင့် သူသည် ထိုမိန်းကလေးကို တခါမြင်ဖူးရုံနှင့် ရင်ထဲ၌စွဲအောင် မှတ်ထားမိသည်။

* * *

ယခုတဖန် တွေ့ရပြန်ပြီ။

ရှောင်းချူးစွေက နှုတ်ဆက်လိုက်သည်။

'ဪ....ခင်ဗျားကိုး'

မိန်းကလေးက သူ့အား မျက်စောင်းထိုးလိုက်သည်။

'လမင်းသမီးလို့ ခေါ်ပါရှင်'

ရှောင်းချူးစွေက ပြုံးလိုက်သည်။

'ဪ… အင်း…အင်း… လမင်းသမီး'

မိန်းကလေးသည် တခစ်ခစ် ရယ်မောလိုက်သည်။

ထို့နောက် သူမသည် ရှောင်းချူးစွေအား အကဲခတ်သလို လှမ်းကြည့်လိုက်သည်။

'စိတ်ညစ်လာပြန်ပြီနဲ့တူတယ်၊ ဟုတ်လား'

ရှောင်းချူးစွေက သူမအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

'ခင်ဗျား ဘယ်လိုလုပ်သိသလဲ လမင်းသမီး'

လမင်းသမီးက သဘောကျစွာ ရယ်မောလိုက်၏။

'ရှင် ခေါးပစ်နေတာဟာ စိတ်ပါလက်ပါ ရှိတာမှ မဟုတ်ပဲ၊ ဒါကိုကြည့်ယင် ရှင့်စိတ်ထဲမှာ အနှောင့်အယှက် တခုခုရှိနေလိမ့်မယ်ဆိုတာ ကျွန်မတွက်မိတာပေါ့'

ရှောင်းချူးစွေက ခေါင်းညိတ်ပြလိုက်သည်။

'ခင်ဗျားမဆိုးဘူး'

'ရှင်လဲ တော်တာပဲ'

သူမ၏ စကားကြောင့် ရှောင်းချူးစွေမှာ ကြောင်အမ်းအမ်း ဖြစ်သွားရသည်။





'ကျုပ်က ဘာများတော်နေလို့လဲဗျ'

'ခေါးပေါက်တာလေ'

ရှောင်းချူးစွေ မပွင့်တပွင့် ပြုံးလိုက်သည်။

'ကျုပ်ရဲ့ ရှိစုမဲ့စု ပညာလေးဟာ အဲ့ဒါပဲ ရှိပါတယ်ဗျာ'

လမင်းသမီးသည် သဘောကျစွာဖြင့် တခစ်ခစ် ရယ်မောလိုက်လေသည်။

ထို့နောက် သူမသည် မျက်နှာကို ပြန်တည်လိုက်ပြီး—

'ရှင့်ကို ကျွန်မ တခုမေးပါရစေ'

ရှောင်းချူးစွေက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာမေးမှာလဲ'

'ရှင် ဘယ်သူလဲ'

'ကျုပ် လူသားတယောက်ပါပဲ'

လမင်းသမီးသည် စိတ်မရှည်ဟန်ဖြင့် သူ့အားမျက်စောင်းထိုး၍ ကြည့်လိုက်ပြီး....

'ရှင် ကောင်းကောင်းစကားပြောပါ'

ရှောင်းချူးစွေက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ဗျာ… ကျုပ်က ဘာတွေများ မဟုတ်မဟတ် ပြောနေလို့လဲ'

လမင်းသမီးက ခြေတချက်ဆောင့်လိုက်သည်။

'ရှင့်ကို ဒါမေးတာမဟုတ်ဘူး'

'ဘာမေးတာလဲ'

'ရှင့်အမျိုးအနွယ်က ဘာလဲ၊ဘယ်မှာနေသလဲ ဘာလုပ်စားသလဲ'

ရှောင်းချူးစွေသည် သူမ၏အမေးကို သဘောကျသွားဟန်ဖြင့် ရယ်မောလိုက်လေသည်။

'ခင်ဗျားမေးခွန်းတွေက များလှချည်လား၊ လူဆိုးထိန်းတယောက်တော့ မဟုတ်ပါဘူးနော်'

လမင်းသမီးက ရယ်လိုက်သည်။

'ရှင်က လူဆိုးထိန်းဆိုယင် မုန်းနေတယ်နဲ့တူတယ်'

ရှောင်းချူးစွေသည် မျက်လုံးပြူးသွားပြန်၏။

'ဒါလဲ ခင်ဗျားသိနေတာပဲလား'

လမင်းသမီးသည် အနည်းငယ် အံ့သြသွားဟန်ဖြင့် ရှောင်းချူးစွေအား လှမ်းကြည့်လိုက်သည်။

'ကျွန်မက ရမ်းပြောတာပါ၊ ရှင်က တကယ်မုန်းနေလို့လား'

ရှောင်းချူးစွေသည် ခေါင်းကို သွက်သွက်ကလေးပင်ညိတ်ပြလိုက်သည်။

'လူဆိုးထိန်းဆိုယင် ကျုပ်ကြည့်လို့ကို မရဘူး'

လမင်းသမီးမှာ မျက်နှာကွက်ကနဲပျက်သွားသည်။ သို့သော် ချက်ချင်းဆိုသလိုပင် ပြန်လည်၍ ဣန္ဒြေဆည်လိုက်ပြီး စောစောက မေးခွန်းကိုပြန်မေးလိုက်ပြန်သည်။

'ရှင် ဘာအမျိုးအနွယ်လဲ'

'ရှောင်းချူးစွေသည် သက်ပြင်းတချက်ချလိုက်မိသည်။

'အဲဒါတွေသိရတော့ ခင်ဗျားအတွက် ဘာများ ထူးခြားလာမှာမို့လဲ'

'မိတ်ဆွေသူငယ်ချင်းဆိုတာ သိထားသင့်တာပေါ့'

'ဒါဖြင့် ခင်ဗျားကော ဘယ်မှာနေသလဲ'





ရှောင်းချူးစွေ၏ ရုတ်တရက် အမေးကြောင့် လမင်းသမီးမှာ ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှောင်းချူးစွေသည် သူမအားတချက်မျှအကဲခတ်လိုက်ပြီး—

'ကျုပ်မှာအမျိုးအနွယ်မရှိယင် ခင်ဗျားမခင်တော့ဘူးလား'

လမင်းသမီး၏မျက်နှာမှာ ညှိုးရော်သွားသည်ဟု ထင်လိုက်ရလေသည်။

'ဒီလိုလဲ မဟုတ်ပါဘူး'

ရှောင်းချူးစွေသည် သူမအားကြည့်လိုက်ပြီး သက်ပြင်းတချက်ချလိုက်လေသည်။

'ကျုပ်ဟာ ရှောင်းအမျိုးအနွယ်ပါ'

သူမက ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်လေသည်။ ပြီးနောက် မရဲတရဲဖြင့် လှမ်းမေးလိုက်မိသည်။

'ရှင်က ဘာလို့လူဆိုးထိန်းတွေကို မုန်းနေရတာလဲ'

ရှောင်းချူးစွေပြုံးလိုက်သည်။ သို့သော် သူ့အပြုံးသည် လျော့လျည်းလျော့လျဲအပြုံးမျှသာ ဖြစ်လေသည်။

'ကျုပ်က လူဆိုးဖြစ်လို့ အာဏာသားတွေကို မုန်းတာလို့ ခင်ဗျားထင်နေသလား'

သူမက သွက်လက်စွာပင် ခေါင်းယမ်းပြလိုက်လေသည်။

'ရှင်ကိုယ်တိုင်က လူဆိုးပါလို့ပြောလဲ ကျွန်မကမယုံပါဘူး'

'ဒါနဲ့နေပါအုံး အခု ခင်ဗျား ဘယ်ကလာပြီး ဘယ်သွားမလို့လဲ'

ရှောင်းချူးစွေက ရုတ်တရက် ကောက်ကာငင်ကာ လှမ်းမေးလိုက်သည်။ လမင်းသမီးက တချက် ရယ်မောလိုက်ကာ–

‘ရှင်တောင် လူဆိုးထိန်းလေသံပေါက်နေပြီပဲ’

ရှောင်းချူးစွေ နှုတ်ဆိတ်သွားသည်။ ဘာမျှ ဆက်မပြောတော့၊ လမင်းသမီးက မပွင့်တပွင့်ဖြင့် မေးသည်။

‘ရှင်တို့အိမ် လိုက်မလည်ရဘူးလား၊ ရှင်ကကော မဖိတ်ခေါ်ချင်ဘူးလား’

မပွင့်တပွင့် လေသံနှင့် မေးလိုက်သော လမင်းသမီးလေးအား ရှောင်းချူးစွေ စူးရဲစွာ စိုက်ကြည့်လိုက်သည်။ လမင်းသမီးလေးနှင့် ရှောင်းချူးစွေတို့ အကြည့်ချင်း ဆုံသွားကြသည်။

ရှောင်းချူးစွေ၏ နက်မှောင်စူးရှသော မျက်လုံး အကြည့်က လမင်းသမီး၏ နှလုံးသားကို ဖမ်းစားနေသကဲ့သို့ရှိ၏။

လမင်းသမီးသည် သူ့အကြည့်ကို ရင်မဆိုင်ရဲတော့ချေ။ မျက်လွှာကို မသိမသာချလိုက်လေသည်။

ရှောင်းချူးစွေသည် သက်ပြင်းတချက်ကို မသိမသာ ရှိုက်ထုတ်လိုက်၏။

‘မြက်နဲ့ဆောက်လုပ်ထားတဲ့ ကျုပ်အိမ်ကို အလည် မဖိတ်ခေါ်ပါရစေနဲ့’

လမင်းသမီး၏ မျက်နှာမှာ သိသိသာသာ ညှိုးငယ်သွားပြီး ရှောင်းချူးစွေ၏ ဘဝကိုလည်းစာနာသနားသွားမိလေသည်။





‘ရှင့်မှာ မိဘတွေရှိသလား’

‘ကျုပ်မှာ အမေရှိတယ်၊ အဖေမရှိတော့ဘူး၊ ဒါပေမယ့် ဒီအကြောင်းကို ဒီထက်ပိုပြီး ထပ်မေးယင် ကျုပ်ဘာမှမဖြေတော့ဘူး’

လမင်းသမီးသည် ကရုဏာသက်စွာဖြင့် သူ့ကို ကြည့်ယင်း သက်ပြင်းတချက်ချလိုက်လေသည်။

‘ရှင် သိုင်းပညာ သင်ပါလား’

ခေါင်းငုံ့ထားသော ရှောင်းချူးစွေသည် သူမအား မျက်လုံးတချက် လှန်၍ကြည့်လိုက်သည်။

‘သိုင်းပညာဆိုတာ အလကားသင်လို့ ရသလား’

ရှောင်းချူးစွေ၏ အမေးစကားကြောင့် လမင်းသမီးလေးပို၍ စိတ်မကောင်း ဖြစ်သွားရပြန်သည်။

ရှောင်းချူးစွေမေးသည်မှာ မှန်၏။ သူလို ဆင်းရဲချို့တဲ့သော လူမျိုးကို လိုလိုချင်ချင်နှင့် တပည့်မွေးမည့် သိုင်းဆရာအား မည်သည့်နေရာ၌ ရှာဖွေ တွေ့ရှိနိုင်ပါမည်နည်း။ အခကြေးငွေများစွာ ပေးနိုင်မှသာ သင်ပေးမည့် သိုင်းဆရာများက ပေါများနေပေသည်။

လမင်းသမီးသည် မိမိပြောမိသည့် စကားတခွန်းကြောင့် စိတ်မကောင်း ဖြစ်သွားရသည်။

‘တနေ့တော့ ရှင် ဆရာကောင်းသမားကောင်းနဲ့ တွေ့ချင်တွေ့မှာပါလေ’

ရှောင်းချူးစွေကလည်း ခေါင်းညိတ်ပြလိုက်လေသည်။

'အဲ့ဒီအချိန်ကို ကျုပ်လဲ မျှော်လင့်နေပါတယ်ဗျာ'

ရှောင်းချူးစွေသည် ထိုသို့ပြောပြီး လမင်းသမီးအား ခေတ္တငေးမောကြည့်နေမိသည်။ သူ၏စိတ်ထဲတွင် လမင်းသမီးသည် လွန်စွာမှ ကျက်သရေ ရှိသည်ဟု ထင်မြင်ထား၏။ တနေ့ သူ အိမ်ထောင်ပြုလျှင် ထို လမင်းသမီးကဲ့သို့ ကျက်သရေ ဂုဏ်ရှိသော မိန်းကလေးမျိုးကိုသာ ရွေးချယ်၍ အိမ်ထောင်ပြုမည်ဟု တွေးတောမိသည်။

ဝန်းကျင်တခုလုံးသည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေပေသည်။

သူတို့နှစ်ဦး ရင်ထဲ၌ အတွေးကိုယ်စီနှင့်ပင် ရှိနေကြသည်။ လမင်းသမီးသည် ရှောင်းချူးစွေကို တိတ်တခိုး ကြည့်ကာ— ယောကျ်ားကောင်းတယောက် အင်္ဂါနှင့် ပြည့်စုံသော ဤသူဆင်းရဲကလေးအား ကရုဏာသက်၍ သနားနေမိသည်။

သူမသည် သက်ပြင်းတချက်ကို မသိမသာချလိုက်ပြီး—

'ကျွန်မ သွားတော့မယ်'

ရှောင်းချူးစွေက ခေါင်းညိတ်ပြလိုက် သည်။

'ဒါနဲ့ ခင်ဗျားရဲ့ နာမည်ဟာ လမင်းသမီးဆိုတာ အမှန်ပဲလား'

လမင်းသမီးက ပြုံးလိုက်၏။

'အမှန်ပဲပေါ့... ဘာဖြစ်လို့လဲ'



လွင်စာပေ



'ဘာမှတော့ မဖြစ်ပါဘူး၊ ကျုပ်တို့ကြားဖူးတဲ့ဈေးစကား အရကတော့ နေဆိုတာက မွေးဖွားတာ၊ လဆိုတာက သေဆုံးတာတဲ့။

'ဒါဖြင့် ဒီနာမည်ကို ရှင်မကြိုက်ဘူးပေါ့'

ရှောင်းချူးစွေဘာမျှပြန်မပြောချေ။ခပ်မဆိတ်နေလိုက်၏။

'မွေးဖွားခြင်းနဲ့ သေဆုံးခြင်း ဆိုတာကတော့ ရှောင်ရှားမရတဲ့ ဓမ္မတာတရားပါ၊ နေမင်းက ပူပြင်းသလို လမင်းက အေးမြတဲ့ ခံစားမှုကို ပေးနိုင်စွမ်း ရှိတယ်ဆိုတာကိုလဲ မေ့မထားနဲ့အုံးလေ'

ရှောင်းချူးစွေသည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်သည်။

'အင်း— ခင်ဗျားပြောပြနေတာတွေ အကုန်မှန်ပါတယ်၊ နောက်ပြီးတော့ ခင်ဗျားဟာ လမင်းသမီးလေးဆိုတဲ့ နာမည်နဲ့လဲ အလွန်လိုက်ဖက်ပါတယ်'

လမင်းသမီးလေးက သူ့အား မော့ကြည့် လိုက် သည်။ ရှောင်းချူးစွေအား နားမလည်နိုင်သည့် အကြည့်မျိုး ဖြစ်၏။

'ဘာဖြစ်လို့လဲ'

ရှောင်းချူးစွေက ပြုံးလိုက်ပြီးမှ—

'လမင်းကြီးဟာ တိမ်ညိုတွေကြားမှ မကြာမကြာ ကွယ်ပျောက်သွားတယ် မဟုတ်လား'

ရှောင်းချူးစွေ၏ စကားကို လမင်းသမီး နားလည်လိုက်လေသည်။ ထို့ကြောင့် အသာအယာ ပြုံးပြလိုက်ပြီး…

'လမင်းသာတဲ့နေ့ဆိုတာလဲ ရှိပါသေးတယ်နော်'

ရှောင်းချူးစွေက ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်သည်။

ထို့နောက် လမင်းသမီးလေးအား စေ့စေ့ကြည့်ကာ—

'အင်း....ကျုပ်အနေနဲ့ကတော့ လမင်းဟာ အမြဲသာစေချင်ပါတယ်ဗျာ'

*　　　*　　　*



( ၃ )

## ကံဆိုးသည့် သားအမိ

'ကျောက်ဂေဟာ'

တမြို့လုံးတွင် ကျောက်ဂေဟာသည် အကြီးမားဆုံး အခိုင် ခန့်ဆုံးသောအဆောက်အအုံကြီးတခုဟု ဆိုရပေမည်။ဂေဟာ၏ ညှော့ခန်းတခုလုံးတွင်လည်း အဖိုးပရိဘောဂများဖြင့် ပြင်ဆင် မွမ်းမ ထားသည်ကို တွေ့ရလေသည်။

သဌေးကြီး ကျောက်ဟန်းမှာ ခြေရံသင်းပင်း များစွာ ရှိသော်လည်း ဇနီးမယားက မရှိတော့ချေ။

သူ့တွင် သံယောဇဉ်တွယ်တာစရာဟူ၍ တဦးတည်းသော ရင်သွေးဖြစ်သည့် သမီးကလေးတယောက်သာ ရှိတော့သည်။





သူမ၏အမည်မှာ ကျောက်စီးယုံပင် ဖြစ်လေသည်။ သဌေးကြီး ကျောက်ဟန်သည် သဘောသက္ကာရ အလွန်ကောင်းသည် ဟု ဆိုရသော်လည်း အလုပ်အကိုင်နှင့်ပတ်သက်လျှင် တိကျပြတ် သားသည့်လူတယောက် ဖြစ်သည်။ သဌေးကြီး၏အိမ်တွင်အမြဲ ဝင်ထွက်သွားလာနေလေ့ရှိသူ တဦးရှိ၏။ သူ၏အမည်မှာ လူ ဆိုးထိန်းကလေး မောင့်ရဲယီပင်ဖြစ်လေသည်။

သဌေးကြီးကျောက်ဟန်သည် မောင့်ရဲယီအား သဘောကျ သည့်အချက်မှာ လျင်မြန်ဖျတ်လတ်မှုရှိပြီး စကားပြောလိမ္မာ သော လူငယ်တဦး ဖြစ်နေသောကြောင့်တည်း။

ယခု ညှော့ခန်းအတွင်း၌ လူသုံးဦးသည် စကားစမြည်ပြော ယင်း လက်ဖက်ရည်သောက်နေကြပေသည်။

စကားစမြည် ပြောနေသည်ဆိုခြင်းထက် တယောက်နှင့် တယောက် အတိုက်အခံပြောနေကြသည်ဆိုလျှင်ပို၍မှန်ပေမည်။ မကျေမနပ်နှင့် ပြန်လည်ချေပနေသူက ကျောက်စီးယုံပင်ဖြစ် လေသည်။

'ဘာပဲဖြစ်ဖြစ် အခုလိုဆင်းရဲနွမ်းပါးတဲ့လူအပေါ်မှာတော့ ရှင် ရက်ရက်စက်စက် မလုပ်သင့်ဘူး'

မောင့်ရဲယီက ရှောင်းချူးစွေအား နိုင်ငံထက်စီးနင်းလုပ်ခဲ့ သည့် ကိစ္စကို ကျောက်စီးယုံက ပြောဆိုနေခြင်းဖြစ်၏။ မောင့်ရဲ ယီက အပြုံးမပျက်ပါ။

'ဒါကတော့ ပောဒိကဦးနဲ့ ကျောက်စီးယုံရဲ့ဂုဏ်သိက္ခာညှိုးနွမ်းမှာစိုးလို့ စေတနာနဲ့ကျွန်တော်က လိုက်ကာကွယ်ပေးတာပါ'

သင္ဘေးကြီး ဟန်ကခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် သမီးရဲ့၊ အဖေတို့က ဂုဏ်သရေရှိတဲ့လူတွေပဲ၊ ကိုယ့်အိမ်မှာ ခိုင်းစေထားတဲ့လူတယောက်ရဲ့သားကို သမီး ဘာမုန့်ကျွေးစရာဘာလိုသလဲ'

ကျောက်စီးယုံက ဖြတ်ကနဲသူ့ဖခင်ကို မော့ကြည့်လိုက်လေသည်။

'လူလူချင်း ဆက်ဆံတဲ့နေရာမှာ ပစ္စည်းချမ်းသာတာ ဆင်းရဲတာကို ထည့်တွက်သင့်သလား ဖေဖေ'

သင္ဘေးကြီး ကျောက်ဟန်သည် ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

'မထည့်တွက်သင့်ပေမယ့် ကိုယ့်ထက်အောက်တန်းကျတဲ့လူနဲ့ ပေါင်းတာဟာ ကိုယ့်အတွက် ဘာအကျိုးမှမရှိနိုင်ဘူး'

ကျောက်စီးယုံက မကျေမနပ်ဖြင့် မော့ရဲယီအား တချက်လှမ်းကြည့်လိုက်သည်။

'ပိုက်ဆံချမ်းသာတဲ့လူနဲ့ ပေါင်းတော့ကော ဘာတွေများအကျိုးထူးနေလို့လဲ၊ ပိုက်ဆံချမ်းသာပြီးဂုဏ်သရေရှိတဲ့ လူတွေပျက်စီးနေကြသလို အကျင့်စာရိတ္တကောင်းမွန်တဲ့ ဆင်းရဲသားတွေလဲ အများကြီးရှိပါသေးတယ်'





သင္ဘေးကြီးကျောက်ဟန်သည် သူ့သမီးပြောသော စကားကို သဘောကျသွားပုံရသည်။

'ဒါတော့ဒါပေါ့သမီးရယ်၊ သမီးကိုမပေါင်းရဘူး၊ မခေါ်ရဘူးလို့ မပြောပါဘူး၊ ဒါပေမယ့် လွန်လွန်ကဲကဲဖြစ်လာယင် သမီးရဲ့ဂုဏ်သိက္ခာ ညှိုးနွမ်းနိုင်တာပေါ့'

ကျောက်စီးယုံက သူ့ဖခင်ပြောသောစကားကိုနားထောင်နေလိုက်သည်။ သူသည် မော့ရဲယီအား မကျေနပ်သေးသော်လည်း ဘာတခွန်းမျှဆက်မပြောတော့ပဲ အဆက်အစပ်မရှိသည့် စကားတခွန်းကို ကောက်ကာငင်ကာ ပြောလိုက်လေသည်။

'အဖေ ကျွန်မ သိုင်းပညာသင်ချင်တယ်'

ကျောက်ဟန်သည် သမီးဖြစ်သူအား အံ့ဩစွာဖြင့် ကြည့်လိုက်မိသည်။

သင္ဘေးကြီးကျောက်ဟန်သည် သိုင်းပညာကိုမြတ်နိုးသူ ဖြစ်သည်။

တချိန်က သူ၏သမီးလေးအား သိုင်းပညာ သင်ကြားရန် တိုက်တွန်းခဲ့ဖူးသူလည်းဖြစ်၏။ သို့သော် ထိုစဉ်က ကျောက်စီးယုံ ခေါင်းခါခဲ့သည်။

'ဒီပညာမျိုး ကျွန်မ မလိုချင်ပါဘူး'

ကျောက်စီးယုံ ခါးခါးသီးသီးပင် ငြင်းဆိုခဲ့ဖူးလေသည်။

ယခုမှ ဘာစိတ်ကူးပေါက်၍ ထိုစကားကို ပြောသည့်ကို သဘောမပေါက်သဖြင့် ကျောက်ဟန်အံ့ဩသွားခြင်း ဖြစ်လေသည်။

သဌေးကြီးကျောက်ဟန်သည် သမီးဖြစ်သူအား အကဲခတ်သလို စိုက်ကြည့်လိုက်ပြီး

'သမီးအတွက် သိုင်းပညာသင်ဖို့ လိုအပ်နေလို့လား သမီးရယ်'

ကျောက်စီးယံသည် မော့ရဲယီအားတချက်ကြည့်လိုက်သည်။ ပြီးမှ ဖခင်ဖြစ်သူအား ပြန်ပြောလိုက်၏။

'သမီး အစကတော့ မသင်ချင်သေးပါဘူး၊ ဒါပေမယ့် အခုစဉ်းစားမိတာက မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားလေးပဲ ဖြစ်ဖြစ် သိုင်းပညာမှမတတ်ယင် တတ်ထားတဲ့လူတွေက စော်ကားတဲ့အခါ ခေါင်းငုံ့ခံနေရမှာပေါ့ အဖေရဲ့'

သူမ၏စကားကြောင့် မော့ရဲယီမှာ မျက်နှာတချက် ပျက်သွားသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေပြန်ဆည်လိုက်သည်။ သဌေးကြီးကျောက်ဟန်မှာ စောစီးစွာကပင် သူ၏ သမီးကို သိုင်းပညာတတ်စေချင်ခဲ့သည်။ သို့ဖြစ်၍သမီးဖြစ်သူ၏ တောင်းဆိုမှုကို လက်ခံလိုက်လေသည်။

'ကောင်းပြီလေ သမီး ငွေကိုယူသွားပြီး တောင်ပေါ်က ပညာညီအစ်ကိုဖြစ်တဲ့ ဆရာ 'ကျန်းဟို' ဆီ သွားသင်ပါ၊ အဖေ





လွှတ်လိုက်တယ်လို့ပြောယင် သူ သမီးကို သိုင်းပညာ သေချာသင်ပေးပါလိမ့်မယ်'

ကျောက်စီးယံ၏မျက်နှာမှာ ချက်ချင်းပင် ရွှင်လန်းသွားတော့သည်။ သူမသည် မော့ရဲယီအား မထီတရီ တချက်ကြည့်၍ ပြုံးလိုက်သည်။

'ကဲ ဘယ့်နှယ်လဲ'

ဟူသည့် သဘောပင်ဖြစ်၍ မော့ရဲယီအား သရော်လိုက်ခြင်း ဖြစ်သည်။ ထို့နောက် ကျောက်စီးယံသည်ဝမ်းသာအားရဖြင့် ဧည့်ခန်းထဲမှထွက်ခွာသွားတော့၏။

* * *

မော့ရဲယီက ပြုံးနေလိုက်သည်။

သူ၏အပြုံးတွင် အဓိပ္ပာယ်များစွာရှိမည်ဟု သဌေးကြီးကျောက်ဟန်က အကဲခတ်လိုက်မိလေသည်။

'မင်း ဘာကိုတွေးပြီး သဘောကျနေတာလဲကွ'

မော့ရဲယီက ခေါင်းတညိတ်ညိတ်လုပ်နေရာမှ

‘သူ ဘာလုပ်မယ်ဆိုတာ ဦး သိသလား’

ကျောက်ဟန် မျက်မှောင်ကြုတ်လိုက်သည်။ သူသည် နားမလည်ဟန်ဖြင့် မော့ရဲယီအား လှမ်းကြည့်လိုက်သည်။

‘မင်း ဘာကိုဆိုလိုတာလဲ’

‘ကျောက်စီးယုံဟာ သူတယောက်တည်း သွားလိမ့်မယ်လို့ ကျွန်တော် မထင်မိဘူး’

‘အင်း ပြောပါအုံး’

မော့ရဲယီသည် သူ၏မေးစေ့ကို ဟန်ပါပါပွတ်လိုက်ပြီး ‘သူဟာ ဘယ်နည်းနဲ့မဆို ဟိုကောင်ကိုခေါ်သွားမှာပဲ’

သင်္ဘေးကြီးကျောက်ဟန်၏မျက်နှာပေါ်တွင် ကောက်ကျစ်သောအပြုံးရိပ်ကလေးတခု ယှက်သန်းသွား၏။

‘ဒါကလွယ်ပါတယ်၊ တနေ့ သူ့ လမ်းသူ သွားမှာ[illegible]’

‘ဒီကောင် သိုင်းပညာတတ်လာယင် မလွယ်ဘူး[illegible] တော်ထင်တယ်’

သင်္ဘေးကြီးကျောက်ဟန်က ခေါင်းတညိတ်ညိတ်[illegible] စားလိုက်လေသည်။

‘မင်းက ဘယ်လိုလုပ်ချင်လို့လဲ’

မော့ရဲယီသည် သူ၏မေးစေ့ကို ပွတ်သပ်နေလိုက်ပြန်သည်။

‘ဦးအနေနဲ့ သူဘို့သားအမိကို လုံးဝ ပစ်ပယ်လိုက်ယင်ကောင်းမယ်’





ကျောက်ဟန်သည် မော့ရဲယီအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

‘မင်းဆိုလိုတာက သူ့အမေကိုပါ ငါကအလုပ်ဖြုတ်လိုက်ဖို့ ပြောတာလား’

မော့ရဲယီက ခေါင်းညိတ်လိုက်သည်။

‘ဒီသဘောလဲပါတယ်၊ နောက်ပြီး သူ့အမေကိုလဲ ပြောခိုင်းပေါ့၊ သူ့သားကို ကျောက်စီးယုံနဲ့ လုံးဝမပတ်သက်ဖို့’

ကျောက်ဟန်သည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။ ခဏအကြာတွင် တပည့်တယောက်ကို လှမ်းခေါ်လိုက်လေသည်။ တပည့်တယောက်က အပြေးအလွှား ရောက်ရှိလာကာ ကျောက်ဟန်အား အရိုအသေပေးလိုက်လေသည်။

‘[illegible]ကို ခေါ်လိုက်စမ်း’

[illegible]သူ လှည့်ထွက်သွားပြီး မကြာမီမှာပင် အသက်လေး[illegible]ခပ်နွမ်းနွမ်းပုံစံနှင့် အမျိုးသမီးတဦးရောက်ရှိလာကာ [illegible]ဟန်၏ရှေ့တွင် ရိုရိုသေသေဖြင့် မတ်တတ်ရပ်နေလိုက်သည်။

ကျောက်ဟန်သည် အမျိုးသမီးကြီးအား ခက်ထန်စွာ စိုက်ကြည့်လိုက်ပြီး

‘ကျူးဝေ ခင်ဗျားအတွက် ဒီနေရာမှာ ခုအချိန်ကစပြီး အလုပ်မရှိတော့ဘူး’

'ရှင်'

ရှောင်းကျူးဝေဆိုသည့် အမျိုးသမီးကြီးမှာ သဌေးကြီးဟန်၏စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ချက်ချင်းဆိုသလိုပင် မျက်နှာညှိုးငယ်သွားကာ

'ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ သဌေးမင်းရယ်'

သူမ၏အသံမှာ တုန်ယင်အက်ကွဲနေလေသည်။ သားအမိနှစ်ယောက် ထမင်းနပ်မှန်အောင် စားရရန်ထိုအလုပ်တခုတည်းသာ ရှိနေပေသည်။ ယခု ထိုအလုပ်ကိုရပ်စဲခံလိုက်ရမည် ဆိုပါက သူမတို့ သားအမိ၏စားသောက်ရေးသည် မတွေးဝံ့စရာပင် ဖြစ်လာတော့၏။

'ခင်ဗျားမှာ အပြစ်ရှိတာမရှိတာကို ကျုပ်ပြောတာမဟုတ်ဘူး၊ ကျုပ်ဆီမှာ အလုပ် လုပ်စရာ မလိုတော့ဘူးလို့သာ ပြောတာ'

သဌေးကြီးဟန်က လေသံမာမာဖြင့် ဟိန်းဟောက်လိုက်သည်။

ကျူးဝေသည် သဌေးကြီးဟန်အား မော့ကြည့်လိုက်ပြီး

'ကျွန်မရဲ့အလုပ်တွေ ချွတ်ယွင်းနေတယ်ဆိုယင်လဲ ပြောပါ။ အတတ်နိုင်ဆုံး စိတ်တိုင်းကျ ဖြစ်ရပါစေမယ်ရှင်'

သဌေးကြီးဟန်က မျက်နှာကိုမဲ့လိုက်လေသည်။





'ကျုပ်ဆိုလိုတာက ခင်ဗျား သဘောမပေါက်သေးဘူးနဲ့တူတယ်၊ ခင်ဗျားကို အလုပ်ကထုတ်ပစ်နေတာ'

ကျူးဝေ၏ရင်ထဲ၌ နင့်ကနဲဖြစ်သွားသည်။ မျက်ရည်များဝေလာသည်။

'ကျွန်မတို့သားအမိအတွက် ထမင်းတလုတ် စားရဖို့ဟာ သဌေးကြီးရဲ့အပေါ်မှာ မူတည်နေပါတယ်ရှင်၊ ဒါကြောင့် ကျွန်မ အချိန်ကိုတိုးပြီးတော့လဲ အလုပ် လုပ်ပေးပါ့မယ်ရှင်၊ ကျွန်မတို့သားအမိကို သနားပါ'

သဌေးကြီးဟန်သည် စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

ထိုအခါ ဘေးမှနားထောင်နေသော မော့ရဲယီက စိတ်မရှည်သလိုဖြင့် ဝင်ပြောသည်။

'ခင်ဗျား သဘောပေါက်ဖို့ကောင်းတာက သဌေးကြီးက ခင်ဗျားကို လုံးဝအိမ်မှာမထားချင်တော့ဘူးဗျာ၊ ကဲ ရှင်းပြီလား၊ နောက် ခင်ဗျား၍သားကိုလဲ သတိပေးထားပါ'

ကျူးဝေသည် အလန့်တကြားဖြင့် လူဆိုးထိန်း မော့ရဲယီအား လှမ်းကြည့်လိုက်လေသည်။

'ကျွန်မသားလေးမှာ ဘာအပြစ်ရှိနေလို့လဲရှင်'

မော့ရဲယီက မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားသားက ကိုယ်နဲ့တန်တယ် မတန်ဘူးဆိုတာ မစဉ်းစားဘူး။ သဌေးသမီးကိုလဲ အရောတဝင်နေချင်တာပဲ၊ အဲဒါကို ကျပ်ကျပ်သတိထားပါလို့ ပြောလိုက်ပါ'

ကျူးဝေမှာ ကျလာသောမျက်ရည်စများကို အသာအယာ သုတ်လိုက်သည်။ ထို့နောက် မည်သည့်စကားမျှ ဆက်မပြောတော့ပဲ အခန်းထဲမှ ခေါင်းငိုက်စိုက်ချလျက် ထွက်သွားလေတော့သည်။

*    *    *

မိခင်ဖြစ်သူ စောစီးစွာပြန်လာသောကြောင့် ရှောင်းချူးစွေ အံ့သြသွားသည်။ မိခင်၏မျက်နှာမှာ ခါတိုင်းထက်ပို၍ ညှိုးငယ်နေသည်ကို တွေ့ရသောအခါရှောင်းချူးစွေစိတ်မကောင်းဖြစ်ရသည်။

မိခင်များ နေထိုင်မကောင်း ဖြစ်နေသည်လားဟု တွေးတော စိုးရိမ်လိုက်မိသည်။

'အမေ နေမကောင်းဘူးလားဟင်'





ရှောင်းချူးစွေက ကြင်နာစွာလှမ်းမေးလိုက်သည်။ ကျူးဝေသည် မျက်ရည်စများကို သားဖြစ်သူမမြင်အောင် မသိမသာ သုတ်လိုက်လေသည်။

'အမေနေကောင်းပါတယ် သားရယ်'

ရှောင်းချူးစွေက သူ့မိခင်၏မျက်နှာကို စူးစိုက်ကြည့်လိုက်ပြန်သည်။

'မဟုတ်ဘူး၊ အမေ တခုခုဖြစ်လာတာပဲ၊ ကျွန်တော့်ကို ပြောပြပါ၊ ကျွန်တော့်ကို လူတကာစော်ကားချင် စော်ကားပါစေ၊ ခေါင်းငုံ့ခံနေမယ်၊ အမေ့ကိုစော်ကားယင် ကျွန်တော် မခံနိုင်ဘူး'

ကျူးဝေမှာ သားဖြစ်သူ၏ခေါင်းကို အသာအယာပွတ်သပ်လိုက်လေသည်။ သား၏စိတ်ကို ကျူးဝေသိထားပေသည်။

သိုင်းပညာတတ်သည်မတတ်သည်ကိုအပထား မိခင်ကိုစော်ကားလာလျှင် ထိုစော်ကားလာမည့်သူကို မခံချင်သည့်စိတ်ဖြင့် ဇွတ်တရွတ်တိုက်ခိုက်မည်ကတော့ အမှန်ပင်ဖြစ်လေသည်။

ထို့ကြောင့် ကျူးဝေမှာ သားဖြစ်သူအားချော့မော့လိုက်လေသည်။

'ဘာမှ မဖြစ်ခဲ့ပါဘူးသားရယ်၊ အမေ အခုတလော ကျန်းမာရေးက သိပ်ပြီးမကောင်းတာနဲ့အလုပ်သိပ်မလုပ်နိုင်တော့လို့'

ရှောင်းချူးစွေက စကားဖြတ်ပြီး ပြောလိုက်သည်။

'အမေ့ကို အလုပ်မခိုင်းတော့ဘူး ဆိုပါတော့'

သူမက ညင်သာစွာဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

‘တောက်’

ရှောင်းချူးစွေသည် တောက်တချက်ကိုပြင်းထန်စွာခေါက်လိုက်လေ၏။

‘အမေဘာမှမပူနဲ့ ကျွန်တော် ရှာကြံကျွေးမယ်၊ နောက်ဆုံးဗျာ ကောင်းတဲ့အလုပ် ရှာလို့ရချင်ရ မရယင်တိုက်ခိုက်’

ကျူးဝေမှာ သားဖြစ်သူ၏ပါးစပ်ကို လျင်မြန်စွာ လှမ်းပိတ်လိုက်လေ၏။

‘သား အဲဒီစကားမျိုး ဆက်မပြောပါနဲ့သားရယ်၊ အမေ ထမင်းမစားရလို့ သေသွားပါစေ မတရားတဲ့ နည်းမျိုးနဲ့တော့ ထမင်းတလုတ်ကို မစားရပါစေနဲ့၊ အမေတို့မျိုးရိုးဟာ ဘယ်တော့မှ မဟုတ်မှုမလုပ်တဲ့ မျိုးရိုးဆိုတာ မှတ်ထားပါ’

ရှောင်းချူးစွေက အံကိုတင်းတင်းကြိတ်လျက် တဘက်သို့ လှည့်နေလိုက်လေသည်။ သူသည် အတန်ကြာအောင်ပင် တွေဝေ ငေးမောနေပြီးမှ

‘အမေ ကျွန်တော့်အဖေဟာ သေသွားပြီလား၊ လူ့လောကကြီးမှာ ရှိသေးသလား’

သားဖြစ်သူ၏အမေးကြောင့် ကျူးဝေ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

‘သားရယ် ထမင်းတဝမ်းအတွက်ကို အမေဖြစ်တဲ့နည်းနဲ့ ရှာကြံကျွေးပါ့မယ်၊ မင်းအဖေရဲ့အကြောင်းကို မမေးပါနဲ့ကွယ်’





ရှောင်းချူးစွေသည် သူ့မိခင်အား သနားသွားသည်။

သူသည် ယခင်ကလည်း ထိုမေးခွန်းမျိုးကို မေးခဲ့ဖူးသည်။ ထိုအခါ အမေသည် ထမင်းသုံးလေးရက်ပင် မစားတော့ပဲ ငိုနေသည်ကို တွေ့ရသဖြင့် နောက်ထပ်မမေးမိတော့ချေ။

ယခုလည်း သူဆက်မေးနေလျှင် မိခင် စိတ်ဆင်းရဲတော့မည်ကို သိသဖြင့် ရှောင်းချူးစွေမှာ ဘာမျှဆက်မမေးတော့ပဲ စကားကိုလှည့်လွှဲလိုက်လေသည်။

‘ကဲပါအမေရယ် ဒါတော့ထားပါတော့၊ အမေလဲ အလုပ်လုပ်စရာ မလိုပါဘူး၊ ကျွန်တော်လဲ အဆင်ပြေမယ့် အလုပ်တခုကို ရအောင်ရှာကြံပြီး အမေ့ကိုလုပ်ကျွေးပါ့မယ်’

ကျူးဝေသည် သားဖြစ်သူအား ကြင်နာစွာဖြင့်ကြည့်လိုက်လေသည်။

‘ရပါတယ်သားရယ်၊ အမေ အလုပ်မရှားပါဘူး၊ တအိမ်အိမ်မှာတော့ ထပ်ပြီးအလုပ်ရနိုင်ပါတယ်’

ထိုအခိုက်

‘သားအမိနှစ်ယောက် ဘာတွေတိုင်ပင်နေကြတာလဲ’

ရုတ်တရက်ကြားလိုက်ရသော အသံတသံကြောင့် လှည့်ကြည့်လိုက်ရာ သားအမိနှစ်ယောက်လုံး အံ့အားသင့်သွားလေသည်။ အိမ်ထဲသို့ ပြေးဝင်လာသူမှာ ကျောက်စီးယုံပင် ဖြစ်နေသောကြောင့်တည်း။

* * *

ရှောင်းချူးစွေသည် ကျောက်စီးယုံအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး

'နင် ဘာလာလုပ်ပြန်တာလဲ'

ရှောင်းချူးစွေ၏လေသံက ခက်ထန်မာကျောနေသည်။ ထို့ကြောင့် ကျူးဝေမှာ အားတုံ့အားနာ ဖြစ်သွားကာ

'သားရယ် လုံမလေးကို ဒီလိုမပြောပါနဲ့၊ လုံမလေးမှာ ဘာအပြစ်ရှိလို့လဲ'

ရှောင်းချူးစွေက မဲ့ပြုံးပြုံးလိုက်လေသည်။

'ဘာထူးမှာလဲ အမေရဲ့ သူ့သမီးလဲ သူ့အဖေလိုပဲ နေမှာပေါ့'

ကျောက်စီးယုံ၏မျက်နှာ ညှိုးငယ်သွားသည်။

'ဒီကိစ္စတွေ ငါဘာမှ မသိရပါဘူး ရှောင်းချူးစွေရယ်၊ အခု သိသိချင်း ဒီကိုလိုက်လာတာပါ'

'နင်ကလိုက်လာပြီး တို့ကို ဘာဒုက္ခပေးအုံးမလို့လဲ'

ရှောင်းချူးစွေက မကျေမနပ်ပြန်မေးလိုက်သည်။

'အဒေါ်ကို အဖေက အလုပ်မပေးတော့ဘူး ဆိုပေမယ့် မပူပါနဲ့ ကျွန်မပိုက်ဆံပေးထားပါမယ်'

'ကျောက်စီးယုံက ဝမ်းသာအားရပြောလိုက်သည်။ သူမ၏ စကားကြောင့် ကျူးဝေသည် သားဖြစ်သူအား မော့ကြည့်လိုက်မိသည်။





'ဘာ .. နင်ကပိုက်ဆံပေးမလို့ဟုတ်လား၊ တို့သူတောင်းစား မဟုတ်ဘူး၊ ဘယ်တော့မှလဲ သူများ အလှူကားပေးတဲ့ ပိုက်ဆံကို မယူဘူး'

ရှောင်းချူးစွေက ဒေါသတကြီးအော်ပြောလိုက်၏။

'အဲ…ဒီလိုသဘောမျိုးမဟုတ်ပါဘူး၊ ငါကစေတနာနဲ့ကူညီတာပါဟယ်'

ကျောက်စီးယုံက ပျာပျာသလဲတောင်းပန်လိုက်သည်။

'ဘယ်လိုစေတနာနဲ့ ကူညီတာမှမလိုချင်ဘူး၊ အမေသူပေးတဲ့ ငွေကို မယူရဘူး'

ကျူးဝေသည် သက်ပြင်းတချက်ကို လေးပင်စွာ ချလိုက်လေသည်။

'ဟုတ်ပါတယ် လုံမလေးရယ်၊ အဒေါ်တို့ မယူပါရစေနဲ့'

ကျောက်စီးယုံသည် သားအမိနှစ်ယောက်၏ စိတ်ဓာတ်ကို အလွန်လေးစားသွားမိလေသည်။တဆက်တည်းမှာပင် ကျူးဝေအား အလုပ်ထုတ်ပစ်ခြင်းမှာ မော့ရဲယိ၏ စနက်ပင်ဖြစ်မည်ဟု ကျောက်စီးယုံ တွေးလိုက်မိသည်။

'ဒီလူ တော်တော် ဂြိုဟ်မွှေနေပါလား တနေ့ ငါနဲ့တွေ့မယ်'

ကျောက်စီးယုံက လွှတ်ကနဲ ရေရွတ်လိုက်မိ၏။ရှောင်းချူးစွေသည် နားမလည်စွာဖြင့် သူမအား လှည့်ကြည့်လိုက်သည်။

'ဘယ်သူကို ပြောတာလဲ'

‘မော့ရဲယ်ပေါ့’

‘နင်က ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ’

‘ကျောက်စီးယုံက ရှောင်းချူးစွေအား တချက်လှမ်းကြည့်လိုက်သည်။

‘နင့်ကို မကျေနပ်လို့ပေါ့၊ သူက နင်နဲ့ငါနဲ့ စကားပြောဆိုဆက်[illegible]နေတာကို ဘာကြောင့် မကျေမနပ်ဖြစ်နေရတာလဲမသိဘူး’

ရှောင်းချူးစွေက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

‘နင့်ကို သူက ကြိုက်နေတာကိုး’

ကျောက်စီးယုံ၏ မျက်နှာမှာ နီရဲသွားလေသည်။

သူမသည် ရှက်လွန်း၍ ခေါင်းကိုငုံ့ထားလိုက်သည်။ ကျူးဝေက မနေသာတော့သဖြင့် ဝင်၍ ပြောလိုက်ရသည်။

‘သားရယ် လုံမလေးကို အဲဒီလိုမပြောပါနဲ့ အားနာစရာကြီးကွယ်’

‘အမေမသိပါဘူး၊ နောက်ဆို သူကလဲ အဲ့ဒီကောင်ကို ပြန်ကြိုက်သွားမှာ’

ကျောက်စီးယုံသည် မျက်နှာကို မဲ့ရွဲ့လိုက်သည်။

‘ဒီလိုလူမျိုးကို တသက်လုံး မကြိုက်သေးဘူးသိလား’

‘နယ်က ဘယ်လိုလူမျိုးမှ ကြိုက်မှာလဲ’





ကျောက်စီးယုံ၏ ပါးမို့မို့ အစုံဝယ် ပန်းနုရောင် ရှက်သွေးလှမ်းသွားတော့သည်။ ရှောင်းချူးစွေကလည်း သူ၏ စကားလွန်သွားမှန်းသိ၍ တဘက်သို့ လှည့်နေလိုက်မိသည်။

ကျူးဝေသည် လူငယ်နှစ်ဦး၏ အရိပ်အကဲကိုကြည့်ပြီး ရင်ဖိုသွားမိသည်။ သူမအား သဒ္ဓေးကြီး ကျောက်ဟန်မှာကြားလိုက်သည့် စကားကိုလည်း အမှတ်ရလိုက်မိသည်။

‘ကဲ…လုံမလေးရယ်၊ အဒေါ်ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဘာပစ္စည်းမှလက်မခံပါရစေနဲ့၊ လုံမလေးလဲပြန်ပါတော့’

ကျောက်စီးယုံသည် တွေတွေကြီးကြည့်၍ခေါင်းကိုခါယမ်းလိုက်လေသည်။

‘ကျွန်မ ပြန်ဖို့လာတာ မဟုတ်ဘူး’

သားအမိနှစ်ယောက်စလုံး သူမအားဖြတ်ကနဲ လှည့်ကြည့်လိုက်၏။

ကျူးဝေသည် ကျောက်စီးယုံ၏ သဘောကို နားမလည်နိုင်အောင် ဖြစ်သွားလည်။

‘လုံမလေး ဘာပြောလိုက်တာလဲ’

‘ကျွန်မအိမ်ကို ပြန်မှာမဟုတ်ဘူး၊ ဒီကနေ တောင်ပေါ်ကို သွားတော့မှာ’

ကျူးဝေသည် သက်ပြင်းတချက်ကို အသာအယာ ချလိုက်မိသည်။

‘တောင်ပေါ်ကို ဘာသွားလုပ်မှာလဲ လုံမလေး’

'ကျွန်မ သိုင်းပညာသွားသင်ဖို့ အဖေ့ကို ပြောခဲ့ပြီးပြီ၊ အဲဒါ…အဲဒါ… ရှောင်းချူးစွေကိုပါ ဝင်ခေါ်တာ'

ရှောင်းချူးစွေသည် အံ့အားသင့်စွာဖြင့် သူမအား လှည့်ကြည့်မိသည်။

'နင့်ဟာနင် သိုင်းပညာသွားသင်တာနဲ့ ငါက ဘာဆိုင်လို့ လိုက်ရမှာလဲ'

'နင်နဲ့ငါ နှစ်ယောက်အတူသင်မယ်လေ၊ ငါ့မှာ ငွေအများကြီး ပါ-ပါတယ်'

ရှောင်းချူးစွေက ခါးခါးသီးသီးပင် ငြင်းပယ် လိုက်လေသည်။

'ဘယ်နည်းနဲ့မှ ငါလိုက်မသင်နိုင်ဘူး'

အမှန်တကယ်ပြောရမည်ဆိုလျှင် ရှောင်းချူးစွေသည် သိုင်းပညာကိုလိုလားသူတဦးပင်ဖြစ်လေသည်။

သို့သော် သူက ငွေကြေးမပြည့်စုံ၍ လိုက်မသင်ခြင်းသာဖြစ်၏။

သူများပေးသောငွေနှင့်လည်း အလကားလိုက်၍ မသင်ချင်ပါ- ကျူးဝေကလည်း ဝင်ပြောသည်။

'ဟုတ်ပါတယ်…. လုံမလေးရယ်… တယောက်တည်းပဲသွားပါ၊ တော်ကြာသင့်ဖေကြီးသိနေမှဖြင့်….'

'အဖေကကျွန်မကို မပြောပါဘူးအဒေါ်ရယ်…. သူကိုယ်တိုင်က သမီးကို သိုင်းပညာ သိပ်သင်စေချင်နေတာ….နောက်ပြီးတော့ အရာရာတိုင်းဟာလဲ သမီးရဲ့သဘောပါ'





ကျူးဝေက…

'ဟုတ်တော့ဟုတ်ပါတယ်…. ဒါပေမယ့်'

သူမက စကားကိုဆက်မပြောပဲ ရပ်ထားလိုက်လေသည်။ ကျောက်စီးယုံကဝင်၍ ပြောလိုက်လေသည်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

ကျူးဝေက ဘာမှဆက်မပြောပေ။ ဤတွင်ကျောက်စီးယုံက…

'ကျွန်မ သိုင်းပညာသွားသင်တာကို ရှောင်းချူးစွေမလိုက်ယင် ကျွန်မလဲမသွားတော့ဘူး၊ ဒီမှာပဲနေတော့မယ်'

ရှောင်းချူးစွေမှာ မျက်လုံးပြူးသွားပါလေသည်။

'ဘာမှမဆိုင်တဲ့စကားတွေကို မပြောစမ်းပါနဲ့ဟာ… ကိုယ့်ဟာကိုယ်သာသွားပါ၊ တို့သားအမိကိုလည်းလာပြီး ဒုက္ခတွေပေးမနေပါနဲ့….'

ကျောက်စီးယုံက နှုတ်ခမ်းစူ၍ ပြန်ပြောလိုက်လေသည်။

'မသွားဘူး…နင်ငါ့ကိုရိုက်ချင်လဲရိုက်…သတ်ချင်လဲသတ်… ဒီမှာပဲနေမယ်'

သားအမိနှစ်ယောက်မှာ အခက်တွေ့သွားတော့သည်။ သူတို့သည် တယောက်မျက်နှာ တယောက်လှမ်း၍ ကြည့်နေကြ၏။

'ငါမလိုက်ယင် တကယ်ပဲ နင်ဒီမှာနေတော့မှာလား'

'တကယ်ကိုနေမယ်… ဘာလဲ မယုံလို့လား'

အလွန်တရာမှ ရှောင်းချူးစွေအတွက် အခက်ကြုံသွားလေတော့သည်။

'ငါလိုက်တော့ သိုင်းဆရာကြီးက သင်ပေးမှာလား'

'နင်ဘာမှမပူနဲ့ သင်ပေးအောင်ပြောဖို့ဘာမှ မခဲယဉ်းပါဘူး'

ရှောင်းချူးစွေက စဉ်းစားလိုက်လေသည်။

အကယ်၍မလိုက်ပါက ဒီမိန်းကလေး ဒီမှာပဲပေကပ်နေလျှင် ပြဿနာတွေအများကြီး တက်လာပေရော့မည်။

နောက်ပိုင်းမှ ဖြစ်ချင်ရာဖြစ် လောလောဆယ်တော့ လိုက်သွားမှ သင့်တော်လိမ့်မည်ဟုလည်း သူက စဉ်းစားလိုက်ပေသည်။

ရှောင်းချူးစွေသည် သူ့မိခင်၏ မျက်နှာကို တချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် သူက ကျောက်စီးယုံအား...

'ဒါဖြင့်သွားမယ်လာ... ငါပါတောင်ပေါ်လိုက်မယ်'

* * *

အပြာရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတဦးမှာ ကြီးမားသော သစ်ပင်ကြီးတပင်၏ အရိပ်အောက်၌ သိုင်းပညာအပြင်းအထန် လေ့ကျင့်နေသည်ကို တွေ့ရပေသည်။





သူမနှင့် မနီးမဝေးရှိတနေရာတွင် အသက်ငါးဆယ်ကျော်ခန့်ရှိ အဘိုးအိုတဦးက ဆေးတံတချောင်းကို ဖွာရှိုက်လျက် သူမ၏ လေ့ကျင့်မှုကို သေချာစွာအကဲခတ် ကြည့်ရှုနေပေသည်။

ထို အဘိုးအိုမှာ ကောင်းစွာကျန်းမာနေပုံမရပေ။

သူ၏ အသားအရေမှာ ဖျော့တော့သော အရောင်အဆင်းရှိပြီး မကြာမီကမှ ရရှိထားဟန်ရှိသော ဒဏ်ရာများကိုလည်း တွေ့ရပေသည်။ ထိုဒဏ်ရာများမှာ လုံးဝပျောက်ကင်းပုံမရသေးပါ။

သူသည် အင်အားချည့်နဲ့စွာဖြင့် ကုလားထိုင်ပေါ်မှထလိုက်ပြီး သိုင်းလေ့ကျင့်နေသော အပြာရောင်မိန်းကလေး ထံသို့လျှောက်လာလေသည်။

အဘိုးအိုသည် မိန်းကလေးအား သေချာစွာကြည့်ရှုလျက်....

'စွမ်းစွမ်း.... တော်တော်ပင်ပန်းနေပြီးလား'

မိန်းကလေးက သိုင်းလေ့ကျင့်ခြင်းကို ရပ်တန့်လိုက်လေသည်။

'မပင်ပန်းပါဘူး ဘဘရဲ့...ဒါနဲ့သမီးလေ့ကျင့်တဲ့ အကွက်တွေမှန်ရဲ့လား'

အဘိုးအိုက ခေါင်းညိတ်လိုက်လေသည်။

'မှန်ပါတယ်သမီးရယ်.... နောက်ပြီး သမီးအများကြီးတိုးတက်လာတယ်'

'ဒါတောင် သမီးက အချိန်မရလို့ ဒီထက်အချိန်ရပြီး ဘဘဆီမှာသာ အမြဲသင်ကြားလိုက်ရယင် သမီးဟာ ထက်မြက်တဲ့ သိုင်းသမားတဦး ဖြစ်လာနိုင်မှာပဲနော် ဘဘ'

အဘိုးသည် ဆေးတံကိုသေချာစွာ ဖွာရှိုက်လျက် အဝေးတနေရာဆီသို့ ငေးမောကြည့်ရှုနေပေသည်။

'အင်း... သမီးကလဲ အလုပ်တဘက်နဲ့ကိုး... ဒါပေမယ့်'

အဘိုးအိုက စကားကို ဆက်မပြောပဲ ရပ်ထားလိုက်လေသည်။

'ဒါပေမယ့် ဘာဖြစ်သလဲ ဘဘရဲ့ ဆက်ပြောပါအုံး'

အဘိုးအိုသည် သက်ပြင်းတချက်ကို လေးပင်စွာ ချလိုက်လေသည်။

'ဒါပေမယ့် သမီးက မကြာမကြာ လာပြီး ကြိုးစားသင်ပါ။ တနေ့မှာ ငါ့သမီးဟာ ကြီးမားတဲ့ တာဝန်တခုကို မလွဲမသွေ ထမ်းဆောင်ရလိမ့်အုံးမယ်'

မိန်းကလေးက နားမလည်စွာဖြင့် အဘိုးအိုကို လှမ်းကြည့်လိုက်လေသည်။

'ဘဘ ဘာကို ပြောတာလဲ'





အဘိုးအိုသည်- သက်ပြင်းတချက်ကို လေးပင်စွာ ချလိုက်ပြန်သည်။

'တနေ့ သိရမှာပေါ့ စွမ်းစွမ်းရယ်'

စွမ်းစွမ်းသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေယင်းမှ-

'ဘာလဲ ဘဘ၊ တဦးတယောက်ကို ပြန်ပြီး ကလဲ့စားချေဖို့လား'

အဘိုးအိုက ညင်သာစွာ ခေါင်းကို ညိတ်လိုက်လေသည်၊

'အဲဒီသဘောပဲပေါ့ သမီးရယ်၊ အချိန်ကတော့ လိုပါသေးတယ်၊ ဒါပေမယ့် သမီးက သိုင်းပညာကို အဆက်မပြတ် လေ့ကျင့်ထားပါ၊ နီးတဲ့အခါကျတော့ ဘဘ ပြောပြပါ့မယ်'

စွမ်းစွမ်း၏ မျက်နှာမှာ ညှိုမှိုင်းသွားလေ့သည်။

'သမီး ကလဲ့စားချေတဲ့ အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ချင်ဘူး ဘဘရယ်၊ မလုပ်လဲ မလုပ်ပါရစေနဲ့'

အဘိုးအို၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားသည်ဟု ထင်လိုက်ရလေသည်။

သို့သော် အဘိုးအိုသည် စိတ်ကို ချက်ချင်းပင် ပြန်၍ လျှော့ထားလိုက်ပြန်သည်။

'လောကမှာ မလုပ်ချင်ပေမယ့် လုပ်သင့်လို့ လုပ်ရတဲ့ အလုပ်မျိုးလဲ ရှိတယ် စွမ်းစွမ်း၊ အကယ်၍ သမီးက မလုပ်ချင်လို့

မလုပ်လိုက်ဘူးဆိုယင် ဘဘတို့ရဲ့ သိက္ခာဟာ ကျဆင်းသွားမှာပေါ့'

မိန်းကလေးက သက်ပြင်းတချက်ကို နားမလည်နိုင်ဟန် ချလိုက်သည်။

'လူတွေဟာ ကိုယ့်သိက္ခာ ရှိဖို့အတွက် တဘက်သားရဲ့ အသက်သေရမယ်ဆိုတာ နည်းလမ်း သိပ်မကျလှပါဘူး ဘဘ'

အဘိုးအိုက ပြုံးလိုက်သည်။ သူ့အပြုံးက အသက်မဝင်သည့် အပြုံးတခုပင် ဖြစ်ပါသည်။

'သမီး သဘောမပေါက်သေးလို့ပါ၊ သဘောမပေါက်သေးဘူးဆိုတာထက် သမီးမှာ ခံစားချက် မရှိသေးလို့ပါ၊ လူဆိုတာ ခံစားချက်ဆိုတာ ရှိလာယင် သဘောပေါက်လဲ လွယ်တယ်၊ အဲဒီအခါမှာ တဦးတယောက်က တိုက်တွန်းနေတာ ဟန့်တားနေတာတောင်မှ သူလုပ်ချင်ရာကို လုပ်သွားမှာပါ'

စွမ်းစွမ်းက အဘိုးအို၏ စကားကို အလေးအနက် ထား၍ စဉ်းစားလိုက်ပေသည်။

'ဘဘဆိုလိုတာက သမီးမှာ ခံပြင်းစရာကောင်းတဲ့ အတိတ် ဇာတ်လမ်းတခု ရှိနေတယ်ပေါ့ ဟုတ်လား'

'တနေ့ ဘဘ ပြောပြယင်တော့ သမီး သဘောပေါက်လာမှာပါ'

'အခု ပြောပြလို့ မရဘူးလား ဘဘ'





အဘိုးအိုက အသာအယာ ပြုံးလိုက်လေသည်။

'စောသေးတယ် သမီး၊ စောလျင်စွာ ခူးတဲ့ သစ်သီးဟာ အရသာ ကင်းတတ်တယ်တဲ့'

စွမ်းစွမ်း အတွက်တော့ အားလုံးသည် ပဟေဠိဆန်သော ပုစ္ဆာတပုဒ်လိုပင် ဖြစ်နေပါတော့သည်။

'သမီးလုပ်နေတဲ့ အလုပ်ကို ထိခိုက်နိုင်စရာ အကြောင်းတော့ မရှိပါဘူးနော်'

အဘိုးအိုက ခေါင်း ခါယမ်းလိုက်သည်။

'တခြားစီပါ သမီးရယ်၊ သမီး လုပ်နေတာက တာဝန်ပိုင်း၊ ဘဘ ပြောပြတာက ကိုယ်ရေးကိုယ်တာ အပိုင်းပါ၊ တခုစီ ခွဲခြားထားလို့ ရပါတယ်'

'အချိန် ဘယ်လောက်လိုသေးသလဲ ဘဘ'

'ကိုးနှစ်လောက် လိုပါသေးတယ် သမီးရဲ့၊ ဒီကြားထဲမှာ သမီး သိုင်းပညာကို လေ့လာလို့ အများကြီး ရပါတယ်'

'ဒါဆို အဝေးကြီးပဲ၊ ဒါပေမယ့် သမီး တခုလောက်ပြောပါရစေ'

'သမီး ဘာပြောချင်လို့လဲ'


'အဲ့ဒီလို ဘဘ ပြောပြတဲ့ အချိန်ကျလို့ သမီးအနေနဲ့ သဘောမတူဘူးဆိုယင်ကော ငြင်းပယ်ခွင့် ပေးမှာသား'

အဘိုးအိုက ပြုံးလိုက်လေသည်။

'သမီးက ကာယကံရှင်ဆိုတော့လဲ အတင်း အဓမ္မ တိုက်တွန်းလို့ ဘယ်ရပါမလဲလေ'

အဘိုးအို၏ လေသံမှာ အလွန်ပင် ပျော့သွားသည်ဟု ထင်လိုက်ရလေသည်။ ထိုအဘိုးအိုကား မကြာမီကမှ ရှောင်းပိ၏ စိန်ခေါ်တိုက်ခိုက်ခြင်းကို ခံလိုက်ရသည့် စွမ်းချင်ချူပင် ဖြစ်တော့သည်။

*　　*　　*



( ၄ )

## မကြာမကြာ သာသောလ

ထန်ယင်းယိမှာ တဖြည်းဖြည်း စိတ်ဓာတ်ကျလာ၏။

သူပင် မကပါ။ အဟိတ်တိရစ္ဆာန်ဖြစ်သည့် သူ၏မြင်းဖြူကြီးသည်ပင် စိတ်ဓာတ်များ ကျလျက် ရှိနေပေသည်။ မြင်းဖြူကြီးမှာ ခြေကို မလှမ်းချင်လှမ်းချင်နှင့် လှမ်းနေ၏။

ခရီးကြမ်းမှာ ပင်ပန်းနွမ်းနယ်လာခဲ့ပြီမဟုတ်ပါလော။

ထန်ယင်းယိက မြင်းဖြူကြီးကို မမောင်းတော့ပါ။

သူ၏ စိတ်ဆန္ဒ ရှိသလောက်သာ သွားချင်သလောက် သွားပါစေတော့ဟု လွှတ်ထားလိုက်လေတော့သည်။

ထန်ယင်းယိမှာ သူ၏ ရင်ဘတ်မှအိတ်ကိုသာ သတိကြီးစွာထားလျက် မကြာခဏ စမ်းသပ်နေမိ၏။





သူ့အတွက် လောကပေါ်တွင် သက်ရှိထင်ရှားပင် ရှိ မရှိ မသိရလေသော လူတဦးအား ရေဆုံးရေဖျားရှာဖွေနေရသည်မှာ စိတ်မောဖို့ ကောင်းလှလေသည်။

သို့သော် သူ့မှာ စိတ်မောနေ၍ မဖြစ်။

ဦးဆွေးဆံမြေ့ အသက်သေသည်အထိ သူ၏ တာဝန်ကို တော့ ပြီးဆုံးအောင် ထမ်းဆောင်ရမည်ဖြစ်လေသည်။

သူ၏နားထဲမှာလည်း အသေအချာမှာကြားလိုက်သော သူ့ဆရာ၏ စကားများကို ပြန်လည် ကြားယောင် လာမိသည်။

'မင်း သူတို့ကို တွေ့အောင် စုံစမ်းရှာဖွေစမ်းပါ၊ သူတို့ကိုမှ မတွေ့ယင် ငါ့ဘဝလဲ သေတာနဲ့အတူတူပဲ၊ အဲ အရေးအကြီးဆုံးကတော့ အဲ့ဒီပစ္စည်းနှစ်ခုကို ကိုယ်နဲ့မကွာ သိမ်းဆည်းသွားပါ၊ အသက်နဲ့လဲပြီး ကာကွယ်ပါ'

ထိုပစ္စည်းကြောင့် တည်းခိုခန်း၌ လူတယောက်၏ အသက်ဆုံးရှုံးခဲ့ရလေပြီ။ ထန်ယင်းယိမှာ လူတယောက်အား အကြောင်းမဲ့ သတ်ရမည်ကို အလွန်ဝန်လေးမိသော်လည်း သူများပစ္စည်းကိုမှ မတရားလိုက်ခိုက် လုယူလိုချင်လှသော ရေသာခိုအချောင်လိုက် လူမိုက် အယောက်တထောင်တသောင်းအား သုတ်သင်ရှင်းလင်းရန် တာဝန်မလေးသူတယောက် ဖြစ်ပါသည်။

သူသည် ရှာဖွေနေသောသူအား မတွေ့မချင်း မည်ကဲ့သို့ဒုက္ခများ ကြုံတွေ့ရမည်ကို မခန့်မှန်းနိုင်သေးပေ။

ထန်ယင်းယီမှာ အတွေးအမျိုးမျိုးနှင့် ခရီးကို နှင်လာခဲ့ရာ တောအုပ်တခုအတွင်းသို့ ရောက်ရှိလာလေသည်။

သူ၏ မြင်းဖြူကြီးမှာလည်း ခရီးရှည်ကို ပင်ပန်းလှပြီ ဖြစ်၍ လုံး၀ ပြေးလွှားနိုင်အား မရှိတော့ပေ။

မြင်းဖြူကြီးအား သူ လွှတ်ထား၏။ ထိုစဉ် ရုတ်တရက် မြင်းသုံးကောင်သည် သူ့ရှေ့မှ ဘွားကနဲ ပေါ်လာတော့၏။ ထိုမြင်းသုံးကောင်ပေါ်တွင် လူသုံးဦးက လိုက်ပါလာလေသည်။ ထိုလူသုံးဦးအား မြင်လိုက်ရသည်နှင့် အန္တရာယ်ကို ကြုံတွေ့ရတော့မည်မှန်း သိရလိုက်သည်။ အကြောင်းမှာ ထိုလူသုံးဦးမှာ တည်းခိုခန်း၌ သူ၏ လက်ချက်ဖြင့် သေဆုံးသွားသော လူ၏ အဖော်များပင် ဖြစ်သောကြောင့်တည်း။

* * *

'မိတ်ဆွေတို့က ဘယ်သူတွေလဲ'

ထန်ယင်းယီက မသိချင်ဟန်ဆောင်၍ မေးလိုက်ခြင်းဖြစ်၏။ ထိုလူသုံးဦးအနက်မှ တဦးက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။





'အဘိုးကြီး၊ ဘာမှ မသိချင်ယောင် ဆောင်မနေနဲ့၊ ဒါပေမယ့် ခင်ဗျားက သိချင်ယင်လဲ ပြောပြရမှာပေါ့၊ ကျုပ်တို့ဟာ ဒီနယ်မှာ ကြီးစိုးနေတဲ့ ဒမြတွေပဲ'

ထန်ယင်းယီက ပြုံး၍ ပြန်ပြောလိုက်သည်။

'ဟာ မောင်တို့ဒမြတွေ ဆိုယင်တော့ ကျုပ်ကို တိုက်လို့ အပိုပဲ၊ ကျုပ်ဆီမှာ ဘာပစ္စည်းမှမပါဘူး'

ဒမြတယောက်က သူ၏ရင်ဘတ်ကို လက်ညှိုး ထိုးပြလိုက်ပြီး

'ခင်ဗျားရင်ဘတ်အိတ်ထဲက ဘာတွေလဲ'

ထန်ယင်းယီမှာ ထိတ်ကနဲ ဖြစ်သွားသေသည်။

'ဘာမှ မပါပါဘူးကွာ၊ အဖိုးမတန်တဲ့ ပစ္စည်းတွေပါ'

တယောက်က ၀င်ပြောပြန်၏။

'အဖိုးတန်တန်မတန်တန် အဲ့ဒီအိတ်ကို ကျုပ်တို့ကိုပေးပါ'

တန်ယင်းယီမှာ လေသံပျော့နေ၍ မဖြစ်တော့ပါ။ ထို့ကြောင့် ထန်ယင်းယီကလည်း လေသံမာမာနှင့်ပင် ပြန်ပြောလိုက်၏။

'ဘာပစ္စည်းပဲဖြစ်ဖြစ် ငါကမပေးနိုင်ဘူး ဆိုယင်ကောကွာ'

'ဒမြသုံးဦးသည် တယောက်မျက်နှာတယောက် ကြည့်လိုက်ကြလေသည်။

'အဘိုးကြီး၊ ခင်ဗျားက တယ်ခေါင်းမာပါလား၊ ကျုပ်တို့လူတယောက်လဲ ခင်ဗျားလက်ချက်ကြောင့် သေဆုံးသွားရပြီ၊ အဲ့ဒီတော့ ခင်ဗျားလဲ သေဖို့သာ ပြင်ပေတော့'

ဒမြသုံးယောက်က ထန်ယင်းယိအား ဝိုင်းဝန်း၍တိုက်ခိုက်လေတော့၏။

ထန်ယင်းယိမှာလည်း မလွဲသာ မရှောင်သာတော့ပဲ ဓားကိုထုတ်၍ ပြန်လည်တိုက်ခိုက်ရလေ၏။

သုံးယောက်နှင့်တယောက်ပင် ဖြစ်လင့်ကစား ထန်ယင်းယိ၏ ပြန်လည်တိုက်ခိုက်မှုများက လူသုံးဦးကိုမျက်လုံးပြူးသွားစေသည်။

ဒမြတဦးမှာ ဒဏ်ရာပင်ရရှိသွားလေသည်။

သို့သော် တယောက်နှင့် သုံးယောက်ဟူသော စိတ်ဓာတ်ကြောင့် တရကြမ်းထပ်မံ၍ ဝိုင်းအုံတိုက်ခိုက်ကြပြန်၏။

သုံးဦးစလုံးမှာ မြင်းပေါ်မှနေ၍ တိုက်ခိုက်နေကြခြင်းဖြစ်လေသည်။ တဦးတယောက်မှ မြင်းပေါ်ကမဆင်း။

သူတို့၏မြင်းများကို မြင်းဖြူကြီး အနားသို့ ကပ်လာလိုက်ခွာသွားလိုက်နှင့် ရှိနေ၏။

ဤသည်ကို ထန်ယင်းယိကသဘောမတွေ့လှပါ။

သူက မြင်းပေါ်မှတိုက်နေရခြင်းကို အားမရလှသော်လည်း သူတို့သုံးဦးက တယောက်မှမဆင်းကြ၍ အခက်တွေ့နေပေ၏။ တဖန်သူ၏မြင်းကြီးမှာလည်း အားအင်ချည့်နဲ့နေပြီ ဖြစ်သည်။

အကယ်၍ သူကဆင်းလိုက်ပြီး တိုက်ခိုက်ပါကလည်း မြင်းသုံးကောင်နှင့် ညပ်၍ တိုက်ခိုက်မှာကို စိုးရိမ်မိလေသည်။





ထန်ယင်းယိမှာ ရေရှည်တိုက်ခိုက်မှုအတွက် အခက်ကြုံလာရသည်။

ထို့ကြောင့် သူက အကြံအစည်တခုကို မိုက်မိုက် ကန်းကန်းပင် ကြံစည်လိုက် လေ၏။ သူ၏အနားသို့ ရောက်ရှိလာသည့် မြင်းတကောင်ပေါ်သို့ ထန်ယင်းယိ လွှားကနဲ ခုန်တက်လိုက်ယင်း မြင်းပေါ်မှလူအားလည်း တဆက်တည်း တိုက်ခိုက်လိုက်လေသည်။

သို့သော်… သူ၏ တိုက်ကွက် မှားသွားသည်ဟု ဆိုရပေမည်။

မြင်းပေါ်မှ သူကလည်း ခေသောသူ တယောက် မဟုတ်ပါ။

ထန်ယင်းယိခုန်၍ဝင်လာသည်နှင့် ထိုလူက လူချင်းပူးကပ်လိုက်ပြီး နှစ်ဦးစလုံး အောက်သို့ကျအောင် လှိမ့်ချလိုက်လေသည်။

ယခုမှ ထန်ယင်းယိအခက်တွေ့သွားတော့သည်။ တယောက်က သူနှင့်မြေပြင်ပေါ်တွင်တိုက်နေ၏။

နှစ်ယောက်က မြင်းပေါ်မှမဆင်းပဲ အပေါ်စီးမှ တိုက်ခိုက်နေ၏။ သူသည် အောက်က လူကိုတိုက်ရ မြင်းပေါ်ကလူကိုလှမ်းတိုက်ရနှင့်အကျပ် တွေ့နေသည်။ တချက်တွင်သူသည် ရန်သူဓားသုံးလက်၏ကြား၌ မည်သို့မျှ မရှောင်နိုင် မတိမ်းနိုင်အောင်ဖြစ်သွားရလေသည်။

သူ၏တိုက်ကွက်အများကြောင့် ခေါးတလက်သည် သူ့အား အပိုင်ခုတ်ရန် မြောက်လိုက်သည်ကိုတွေ့မြင်လိုက်ရ၍ သူ၏ရင်ထဲ၌ ထိတ်သွားလေသည်။

သို့သော် ထိုဓားသည် သူ့ထံသို့ကျမလာပဲ လမ်းတဝက်တွင်ပင် ရန်သူ၏လက်မှ လွင့်စဉ်သွားသည်ကိုအံ့သြစွာတွေ့လိုက်ရလေသည်။

တစုံတယောက်က ထန်ယင်းယိအား ခုတ်မည့် ရန်သူကိုလက်နက်ပုန်းနှင့် လှမ်း၍ပစ်လိုက်ခြင်းပင် ဖြစ်လေသည်။

ထိုအခိုက်မှာပင် မြင်းတကောင်နှင့်လူတယောက်က တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာပေသည်။ ဒမြသုံးဦးသည် ထိုလူကိုမြင်လိုက်ရသည်နှင့် ထိတ်ထိတ် ပျာပျာ ဖြစ်သွားကြလေသည်။

ဒမြသုံးဦး၏မြင်းများမှာ ခြေဦးတည့်ရာသို့ ပြေးလွှားသွားကြသည်ကို ထန်ယင်းယိက အံ့သြစွာ တွေ့မြင်လိုက်ရ၏။

အသေအချာကြည့်လိုက်သောအခါမှ သူ့အား ကယ်ဆယ်လိုက်သည့် ကယ်တင်ရှင်မှာ အလွန်လှပသော မိန်းကလေးတဦးဖြစ်သည်ကို တွေ့လိုက်ရ ပါသည်။

သူမ၏အဖြူရောင်ဝတ်စုံမှာ သူမ၏အလှနှင့် တမျိုးပန်ရနေပေသည်။

'ကျေးဇူးပါပဲ မိန်းကလေး၊ မိန်းကလေး လာပေလို့ပေါ့နို့မဟုတ်ယင် ဒီလူသုံးဦးရဲ့ကြားမှာ ကျုပ်ရဲ့အသက်ဟာမတွေ့စရာပါပဲ'





မိန်းကလေးက ပြုံးပြလိုက်သည်။

'ဒီလူတွေဟာ ဒမြတွေပဲ ဘဘရဲ့၊ ဒါထက် ဘဘက ဘယ်ကိုသွားမှာလဲ'

ထန်ယင်းယိက မိန်းကလေးအားသေချာစွာကြည့်လိုက်လေသည်။

'ဒမြတွေဟာ မိန်းကလေးကိုတွေ့တော့ တော်တော့်ကိုလန့်သွားပုံရတယ်၊ သူတို့က မိန်းကလေးကို သိနေလို့လား'

မိန်းကလေးက ခေါင်းယမ်းပြလိုက်သည်။

'မသိပါဘူးဘဘရဲ့၊ ဒါပေမယ့်ဒီလိုလူမျိုးတွေဟာတယောက်တည်းကိုသာ အများစုနဲ့ အနိုင်ယူတတ်တာပါ၊ အခုဒီဘက်က နှစ်ယောက် ဖြစ်လာတာနဲ့ သူတို့ရင်မဆိုင်ရဲတော့ပဲ ထွက်ပြေးသွားကြတာ ဖြစ်ပါလိမ့်မယ်'

ထန်ယင်းယိက ခေါင်းညိတ်၍ထောက်ခံလိုက်သည်။

'အင်း ဟုတ်မယ် ဟုတ်မယ်'

'ဒါထက် ဘဘက ဘယ်ကိုသွားမှာလဲ'

ထန်ယင်းယိမှာ ထပ်မံမေးလိုက်သော မိန်းကလေး၏မေးခွန်းကြောင့် ဘာဖြေရမှန်းမသိ ဖြစ်သွားလေသည်။

သို့သော် သူက မိန်းကလေးကျေနပ်အောင် အလိုက်သင့်ဖြေလိုက်သည်။

'အဘက အသိတယောက်ဆီ လာလည်တဲ့ ခရီးသွား တယောက်ပါကွာ၊ ဒါပေမယ့် ဘယ်ပြောင်းရွှေ့သွားမှန်းမသိလို့လိုက်ရှာနေရတာပါ'

မိန်းကလေးကလည်း ယုံကြည်စွာဖြင့်လက်ခံလိုက်လေသည်။

'အဘ လိုက်ရှာနေတဲ့ လူက နာမည်ဘယ်လိုခေါ်လို့လဲ'

'ကျူးဝေလို့ ခေါ်တယ်'

မိန်းကလေးက အတန်ကြာအောင် စဉ်းစားလိုက်ပြီး ခေါင်းယမ်းပြလိုက်လေသည်။

'ကျွန်မတော့ မကြားမိဘူး ဘဘရယ်'

မိန်းကလေးက ထိုသို့ပြောပြီးသည်နှင့် သူမ၏မြင်းဇက်ကြိုးကို လှုပ်လိုက်သည်။

'သွားအုံးမယ် ဘဘ၊ နောက်လမ်းကြုံယင်လဲ တွေ့ကြသေးတာပေါ့'

ထန်ယင်းယိက ခေါင်းညိတ်ပြလိုက်ပြီးမှ တစုံတခုကို သတိရစွာဖြင့် မိန်းကလေးအား လှမ်း၍ မေးလိုက်လေသည်။

'ဒါထက် မိန်းကလေးရဲ့နာမည်ကော မသိရဘူးလား'

ထွက်ခွာသွားသော မြင်းကြီးပေါ်မှ အဖြူရောင်ဝတ် မိန်းကလေးက ထန်ယင်းယိအား လှည့်ကြည့်လိုက်လေသည်။ ထို့နောက်မှ သူမက အသံခပ်ကျယ်ကျယ်ဖြင့်လှမ်းအော်လိုက်သည်။

'လမင်းသမီးလို့ပဲ မှတ်ထားပါ ဘဘရေ'

* * *

ထင်းစန်တောင်။

ထိုတောင်သည် လှန်စွာမှ သာယာလှပသော တောင်တလုံးဖြစ်ပေသည်။ လှန်စွာမြင့်မားပြီး သာယာလှသဖြင့်လည်း ထို





တောင်ပေါ်၌ တရားကျင့်သူများနှင့် သိုင်းပညာသင်ကြားသူများက များပြားလှပေသည်။

သိုင်းဆရာကြီး ကျန်းဟိုမှာ သူ့ရှေ့သို့ ရောက်ရှိနေသော မိန်းကလေးအား သေချာစွာ ကြည့်ရှုလိုက်လေသည်။

'မိန်းကလေးက သင်္ချေးကြီး ကျောက်ဟန်ရဲ့ သမီးကိုး'

'ဟုတ်ပါတယ် ဆရာကြီး'

'မိန်းကလေးနာမည်ကကော ဘယ်လိုခေါ်သလဲ'

'ကျောက်စီးယုံပါ'

ကျောက်စီးယုံသည် ထိုသို့ဖြေကြားပြီးသည်နှင့် အသင့်ယူဆောင်လာသော လက်ဆောင်များနှင့် ငွေထုပ် နှစ်ထုပ်ကို သိုင်းဆရာကြီး ကျန်းဟိုအား ရိုသေစွာပေးအပ်လိုက်သည်။

ထို့နောက် ကျောက်စီးယုံက ရှောင်းချူးစွေအားလက်ညှိုးထိုးပြလိုက်ပြီး…

'ကျွန်မနဲ့ သူနဲ့ သိုင်းပညာသင်မှာပါ'

ဆရာကြီး ကျန်းဟိုသည် ရှောင်းချူးစွေအား သေချာစွာတချက်ကြည့်လိုက်သည်။ ထို့နောက် ဆရာကြီးသည် ငွေအိတ်နှစ်ခုအနက်မှ တခုကို ကျောက်စီးယုံအား ပြန်လည်၍ လှမ်းပေးလိုက်လေသည်။ အဓိပ္ပာယ်ကို နားမလည်ဟန်ဖြင့် ကျောက်စီးယုံ ကြောင်သွားသည်။

'ကျောက်ဟန်ဟာ ငါနဲ့ပညာသင်ဘက်ဖြစ်တယ်၊ သူ့ရဲ့သမီးဖြစ်တဲ့ မိန်းကလေးကိုသာ ဆရာကြီးသင်ပေးနိုင်မယ်၊ ကျန်တဲ့လူကို ဆရာကြီး သင်မပေးနိုင်ဘူး'

ကျောက်စီးယုံ၏ မျက်နှာမှာ ချက်ချင်းပင် ညိုးငယ်သွားပြီး ရွှောင်းချူးစွေအား လှမ်းကြည့်လိုက်မိသည်။ ရွှောင်းချူးစွေကလည်း အားကိုး အကူအညီတောင်းသည့် မျက်နှာငယ်လေးနှင့် သူမကို ပြန်ကြည့်သည်။

'သူဟာလဲ ဆရာကြီးကို ကန်တော့ဖို့ ငွေကြေးပါသားပဲ၊ ဘာဖြစ်လို့ မသင်ပေးချင်ရတာလဲ'

ဆရာကြီးက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေသည်။

'ကျုပ်က ငွေကြေးနဲ့ ကန်တော့ပေမယ့် လူတိုင်းကို မသင်ပေးဘူးဆိုတာတော့ မိန်းကလေးမှတ်ထားပါ'

ကျောက်စီးယုံသည် ရွှောင်းချူးစွေအတွက် စိတ်မကောင်းဖြစ်သွားလေသည်။ ထိုအခိုက်မှာပင် မြင်းဟီသံတချက်ကို ကြားရပြီး ကျယ်လောင်စွာ ရယ်မောသံတခုကိုပါဆက်၍ကြားလိုက်ရလေသည်။

'ဟား.... ဟား... ဟား'

ကျောက်စီးယုံနှင့် ရွှောင်းချူးစွေက ထိတ်လန့်စွာဖြင့်လှည့်ကြည့်လိုက်လေရာ၊ မြင်းကိုစီးလျက် ပြေးထွက်သွားသည့် လူတဦးကို တွေ့လိုက်ရလေသည်။

ကျောက်စီးယုံက အံ့ဩစွာဖြင့် ပြောလိုက်လေသည်။

'ဟင်...မောင့်ရဲ့ယီ....သူဒီကိုဘာလာလုပ်တာလဲဆရာကြီး'

'သိုင်းဆရာကြီး ကျန်းဟိုက သက်ပြင်းတချက်ကို အသာအယာချကာ...





'သူကလူဆိုးထိန်းတယောက်ပဲကွယ်၊ သွားချင်ရာကိုသွားပြီး လာချင်ရာကို လာနေမှာပေါ့'

ကျောက်စီးယုံက မကျေနပ်ပါ။

'ဆရာကြီးနဲ့လဲ ဝင်တွေ့သွားသေးတယ် မဟုတ်လား'

ဆရာကြီးကျန်းဟိုက ခေါင်းညိတ်လိုက်လေသည်။

'သူဒီကိုလာတိုင်း ဆရာကြီးဆီကို ဝင်တာပဲ'

ကျောက်စီးယုံသည် ရွှောင်းချူးစွေအား လက်ညှိုးထိုးပြလျက်....

'သူ့ကို သိုင်းပညာသင်မပေးရဘူးလို့ ဆရာကြီးကိုဟန့်တားသွားတယ်မဟုတ်လား'

ဆရာကြီး ကျန်းဟိုက ပါးစပ်ပိတ်ထားလိုက် လေသည်။ ရွှောင်းချူးစွေ ထိုင်နေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်လေသည်။

'ရွှောင်းချူးစွေ'

ကျောက်စီးယုံက အလန့်တကြားသူ့ကို လှမ်းခေါ်လိုက်လေသည်။ သို့သော်.... ရွှောင်းချူးစွေသည်နောက်သို့ လုံးဝလှည့်မကြည့်တော့ပဲ လာလမ်းအတိုင်း တဟုန်ထိုး ပြေးထွက်ပျောက်ကွယ် သွားလေတော့သည်။

*　　*　　*

ရှောင်းချူးစွေသည် တောင်ပေါ်မှ မနားတမ်းပြေးဆင်း လာခဲ့သည်။ သူသည် သူ၏ဘဝကို အတော်ပင်နာကျည်း သွားမိခဲ့ပြီ ဖြစ်သည်။

လူဆိုးထိန်း မော့ရဲယီသည် ဘယ်အတွက်ကြောင့် သူ့အပေါ် ဤမျှအထိ အငြိုးထားနေသည်ကို စဉ်းစား၍မရအောင်ပင် ဖြစ်မိလေသည်။

သို့သော်··· တဖြည်းဖြည်းပြန်လည် စဉ်းစားလိုက်သော အခါ အဖြေက ပေါ်လာလေသည်။ သူ့မိခင်အား သဌေး ကြီးကျောက်ဟန်က အလုပ်ဖြုတ်လိုက်သည်မှာလည်း သူ၏ စနက်ပင် ဖြစ်ပေလိမ့်မည်။

အကယ်၍ သူ့မိခင်သည် ထိုအိမ်၌ အလုပ်ဆက်လုပ်နေပါ က ကျောက်စီးယုံနှင့် သူသည် မကြာခဏ ထိတွေ့ဆက်ဆံနေ လိမ့်ဦးမည်ကိုစိုး၍ သဌေးကြီးကျောက်ဟန်အား မထားရန် သူပင် တိုက်တွန်းခြင်းဖြစ်မည်။

ယခုတဖန် ကျောက်စီးယုံက သိုင်းပညာ သင်ကြားသည့် အခါတွင် သူ့အား ခေါ်ဆောင်သွားမည်ကို မော့ရဲယီသည် ကြိုတင်သိရှိနေရမည် ထို့ကြောင့် တောင်ပေါ်သို့ ဦးစွာသွား လျက် သိုင်းဆရာကြီးအား ဟန့်တား ပိတ်ပင်ထားခဲ့ခြင်းပင် ဖြစ်မည်။

သူသည် အံကိုတင်းတင်းကြိတ်လျက် စိတ်ထဲမှလည်း ဆုံး ဖြတ်လိုက်လေသည်။





'ဒီလူနဲ့ အတတ်နိုင်ဆုံးကင်းကင်းရှင်းရှင်းနေမယ်၊ သူနဲ့ ကင်း ရှင်းဖို့ဆိုတာကလဲ ပထမဦးဆုံး ကျောက်စီးယုံနဲ့ ကင်းကင်းရှင်း ရှင်း နေမှဖြစ်မယ်'

သူသည် တယောက်တည်းပြောယင်း တောင်ပေါ်မှ ဆင်း လာခဲ့လေသည်။ ညနေမိုးချုပ်ခါနီးတွင် ရွာနားသို့ ရောက်ရှိ လာခဲ့သည်။ သူသည် ရွာထဲသို့မဝင်သေးပဲ သူခေါ်းနှင့်ပစ်ပေါက် နေကျ သစ်ပင်ကြီးဆီသို့ ဦးတည်၍သွားလိုက်ပြန်သည်။

ထိုသစ်ပင်ကြီးဆီသို့ သွားသည့်အခါတွင် သူ၏ရင်ထဲ၌ တုန် ယင်လာသကဲ့သို့ ခံစားလိုက်ရသည်။ ဤနေရာသည် တခါတရံ လမင်းသမီးလေးနှင့်သူ ဆုံတွေ့နေကြမဟုတ်လာ ။

ယခုလည်း လမင်းသမီးလေးကို တွေ့လိုတွေ့ငြား ထိုသစ်ပင် ကြီးဆီသို့ လျှောက်လာခဲ့မိသည်။ သူသည် ရင်နန်စွာဖြင့် သစ်ပင်ကြီးနားသို့ ရောက်ရှိလာလေသည်။

ထိုအချိန်မှာပင် သူ၏မျက်ခုံးနှစ်ခုမှာ အံ့အားသင့်စွာဖြင့် အပေါ်သို့ မြင့်တက်သွားရလေသည်။

သူ မြင်လိုက်ရသည့် အရာကား လမင်းသမီးမဟုတ်ပါ။ သူ့အား မထီလေးစား ကြည့်နေသည့် လူလေးဦးပင်ဖြစ်လေ သည်။ သူ၏ လက်တဖက်သည် ခေါးပါးက လေးမျှားထည့် ထားသည့်အိတ်ကို ယောင်ယမ်း၍ စမ်းသပ်မိသည်။

သို့သော် သူတို့နှင့်ပြဿနာမဖြစ်လိုပါ...ထို့ကြောင့် သူက လှည့်ပြန်ရန် ဟန်ပြင်လိုက်သည်။ ယင်းအခိုက် ထိုလူများထံမှ အသံတသံကို ကြားလိုက်ရ၏။

'ဟေ့ ကောင်… ခဏနေပါအုံး'

ရှောင်းချူးစွေတို့ကနဲ ရပ်သွားသည်။ သူ့ကို ရန်လိုတော့မည်ကို ရှောင်းချူးစွေ ကောင်းကောင်းကြီး သိလိုက်သည်။ သူသည် အသံကြားရာဘက်သို့ အသာအယာပင် လှည့်ကြည့်လိုက်၏။

ထိုလူအများမှာ…. သဌေးကြီး ကျောက်ဟန်၏ အိမ်မှ သိုင်းသမားလေးဦးဖြစ်သည်။

'ဘာကိစ္စလဲဗျ'

ရှောင်းချူးစွေက ခပ်ဆတ်ဆတ်ပင် ပြန်မေးလိုက်၏။

'မင်း…. ဘယ်ကလာသလဲ'

'ငါ့ဟာငါ ဘယ်ကလာလာ မင်းတို့နဲ့မဆိုင်ဘူး'

လူလေးယောက်သည် တယောက်မျက်နှာတယောက် ကြည့်လိုက်ပြီး… ရုတ်တရက်ဆိုသလို ရှောင်းချူးစွေအား လေးဘက်လေးတန် ဝိုင်းထားလိုက်ကြသည်။ ဟိတ်နှင့်ဟန်နှင့် ခြောက်လှန့်လိုက်လျှင် သူတို့ တွန့်ဆုတ်သွားမည်ဟု ထင်မိသော်လည်း ယခုမူ ရုတ်တရက်ဆိုသလို ရှောင်းချူးစွေအားဝိုင်းထားလိုက်သည်။ တဖြည်းဖြည်းပင် သူ၏အနားသို့ တိုးလာကြသဖြင့် ရှောင်းချူးစွေမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားလေသည်။

သူလူလေးယောက်သည် သိုင်းပညာရှင်များ ဖြစ်ကြသည်။

သူက ဘာပညာမှ တတ်ထားသည် မဟုတ်ပေ။

သူတတ်ထားသည့်ပညာက ဓားပစ်။





ဓားနှင့် ပစ်ပေါက်လိုက်၍ တဦးတယောက် သေဆုံးလျှင်သော်လည်းကောင်း၊ လေးယောက်စလုံး သေဆုံးသွားလျှင်သော်လည်းကောင်း၊ သူလို အဖမဲ့ သား မျက်နှာမွဲဆင်းရဲသားတယောက်အဖို့ လူဆိုးထိန်း မော့ရဲ့ယီ အချုပ်ခန်း၌ စံမြန်းရပြီးနှိပ်စက်မှုကို ခံရပေဦးမည်။ သူက ထိုသို့ စဉ်းစားစဉ်မှာပင် လူတဦး၏ လက်ဝါးစောင်းက သူ၏ ကုပ်ပိုးပေါ်သို့ ကျရောက်လာလေတော့သည်။

ရှောင်းချူးစွေသည် တချက်ပူထူသွားပြီး လည်ထွက်သွားသည်။

တဖန် တယောက်က ခြေနှင့်ကန်လိုက်ပြန်သဖြင့် သူသည် တနေရာသို့ ခွေခွေကလေး ကျရောက်သွားရပြန်သည်။

'ဟား…ဟား….ဟား'

လူလေးယောက်၏ လှောင်ပြောင်ရယ်မောသံများက ဆူညံသွားတော့သည်။ သိုင်းသမားလေးဦးသည် မထီလေးစားဖြင့် ခါးထောက်ကာ ရပ်လျက် သူ့အား လှောင်ပြောင်နေ၏။ သူသည် ဆက်သက်၍ သည်းမခံနိုင်တော့ပါ။ ဒေါသရိပ်များ တဖြည်းဖြည်းတက်လာပြီဖြစ်သဖြင့် အိတ်ထဲမှ ဓားပါးကလေး လေးလက်ကို ကပျာကယာ ဆွဲထုတ်လိုက်လေသည်။

လူလေးယောက်က ရုတ်တရက် အံ့အားသင့်သွားကြ၏။ ရှောင်းချူးစွေ ဘာတခုမှ မစဉ်းစားနိုင်တော့ချေ။

လူလေးယောက်ဆီသို့ ဓားလေးလက်ကို ပစ်လွှတ်ရန် ချိန်ရွယ်လိုက်လေသည်။ ထိုအခိုက် အဖြူရောင် အရိပ်တခုသည် သူ့ရှေ့သို့ ရုတ်တရက်ကျလာလေသည်။

သူ့အား ကျောခိုင်းထားပြီး လူလေးယောက်ဆီသို့ မျက်နှာမူလျက် ရပ်နေသောသူကို ရှောင်းချူးစွေက ကောင်းစွာသိလိုက်သည်။

ထိုသူကား လမင်းသမီးပင် ဖြစ်တော့သည်။ လမင်းသမီးလေးကို မြင်လိုက်ရသည်နှင့် သူအတိုင်းမသိ ဝမ်းသာသွားရတော့သည်။

'သိုင်းပညာ လုံးဝမတတ်တဲ့ လူတယောက်ကို သိုင်းပညာတတ်တဲ့ လူလေးယောက်က တိုက်ခိုက်နိုင်တယ်ဆိုတော့ ရှင်တို့က လူစွမ်းကောင်းတွေပေါ့ ဟုတ်လား'

လေးယောက်သားသည် တယောက်မျက်နှာ တယောက်ကြည့်ပြီး အံ့အားသင့်နေကြသည်။

'မင်း ဘယ်သူလဲ'

'ကျွန်မ ဘယ်သူပဲဖြစ်ဖြစ် ရှင်တို့လေးယောက်ရဲ့ အသက်ကို ကျွန်မ ကယ်လိုက်တယ်လို့ပဲ အောက်မေ့ထားပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သိုင်းပညာမတတ်ပေမယ့် ဓားလေးလက်ဟာ ရှင်လို့ရဲ့ရင်ဝတွေကို တလက်မ မလွဲဘူးဆိုတာ ပြောရဲတယ်'

လူလေးဦးစလုံး မျက်လုံးမျက်ဆန် ပြူးသွားကြသည်။ လမင်းသမီးက ဆက်လက်၍ ပြောလိုက်ပြန်သည်။





'တကယ်လို့ ရှင်တို့လေးယောက် သူ့ကို ရန်မူနေချင်တယ်ဆိုယင်တော့ ကျွန်မနဲ့အယင် တိုက်ခိုက်ရလိမ့်မယ်'

သိုင်းသမား လေးဦးမှာ အံ့အားသင့်သွားပြီး တွန့်ဆုတ်သွားကြလေတော့သည်။

ထိုမိန်းကလေး ပြောသည်မှာ အမှန်ပေသား၊ အမှန်ဟု ဆိုလျှင် သူတို့သည် ရန်သူအား အထင်သေးစွာ လှောင်ပြောင်နေကြစဉ် ရန်သူကသာ ဓားနှင့် ပစ်ပေါက်ပါက ယခုဆိုလျှင် သူတို့ သေဆုံးနေကြရော့မည် ဖြစ်သည်။

သူတို့သည် လမင်းသမီးအား ကျေးဇူးတင်စွာဖြင့် လှမ်းကြည့်လိုက်ပြီး....

'ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ သူ့ကိုနောက်ပြောင်ချင်တဲ့ သဘောနဲ့ ကစားနေတာပါ၊ သွားလိုက်ပါအုံးမယ်'

လူလေးယောက်သည် ထိုသို့ ပြောပြီး ချာကနဲ လှည့်ထွက်သွားလေတော့သည်။

* * *

လမင်းသမီးက ရှောင်းချူးစွေအား မမှိတ်မသုန် ကြည့်နေသည်။

သူမ၏အကြည့်မှာ အကြင်နာ ကရုဏာရိပ်များ ပြည့်လျှမ်းနေသည်ဟု ရှောင်းချူးစွေ ထင်ပါသည်။ ရှင့်ကို မုန်းတီးတဲ့လူတွေက ဘာလို့ ဒါလောက်များနေရတာလဲ’

‘ကျုပ်ရဲ့ ဘဝဆုတောင်း မကောင်းခဲ့တာ နေမှာပေါ့’

‘ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ လူတယောက်ကို ရန်ရှာတယ်ဆိုတာ အကြောင်းရင်းတော့ ရှိရမှာပဲ၊ ဘယ်သူမှ မတရားသက်သက်ကြီးတော့ လိုက်ရန်ရှာမှာ မဟုတ်ဘူး’

ရှောင်းချူးစွေသည် လမင်းသမီးကို တချက် စူးစိုက်ကြည့်လိုက်သည်။

‘ခင်ဗျားအနေနဲ့ ကျုပ်ကို ဘယ်လိုထင်နေလို့လဲ၊ လူတကာမုန်းတီးတဲ့ အလုပ်တွေ လျှောက်လုပ်နေတဲ့လူလို့ ခင်ဗျား ထင်နေသလား’

‘ကျွန်မ ဒီလိုမထင်ပါဘူး၊ ဒါကြောင့်မို့လဲ ရှင့်ရဲ့အကြောင်းလေးကို နည်းနည်းပါးပါး သိရအောင် ပြောပြပါလား’

ရှောင်းချူးစွေ သက်ပြင်းတချက်ကို လေးပင်စွာ ချလိုက်သည်။

ထို့နောက် သူသည် လူဆိုးထိန်း မော့ရဲယီ၏ မနာလိုမုန်းထားသည့် အကြောင်း—

သူ၏ မိခင်မှာ သဌေး ကျောက်ဟန်၏ အိမ်တွင် အလုပ်လုပ်နေရသော်လည်း ယခုအခါ မော့ရဲယီ၏ ခြေထိုးမှုကြောင့် အလုပ်မှ ထွက်လိုက်ရသည့်အကြောင်း သူ၏သမီး ကျောက်စီး





ယုံကြောင့် ပြဿနာအမျိုးမျိုး ပေါ်လာပုံနှင့် ယခု ကျောက်စီးယုံက သိုင်းပညာသင်ကြားပေးရန် ခေါ်သွားပါသော်လည်း ထိုလူ၏ ဟန့်တားမှုကြောင့်ပင် ပြန်လာခဲ့ရသည့် အကြောင်းနှင့် ယခု ကျောက်ဟန်၏ အိမ်မှ သိုင်းသမားများ ရန်ရှာပုံကို အားလုံး ပြောပြလိုက်လေသည်။

လမင်းသမီးမှာ သူ့အကြောင်းကို နားထောင်ပြီး အတော်ပင် စိတ်မကောင်း ဖြစ်သွားပုံ ရလေသည်။

‘အင်း—ရှင့်ဘဝဟာ ကံဆိုးနေပေမယ့်လဲ ကံကောင်းနေတယ်လို့ ဆိုရမှာပဲ’

ရှောင်းချူးစွေက သူမအား နားမလည်စွာဖြင့် လှည့်ကြည့်လိုက်မိသည်။

‘ခင်ဗျား ဘာကို ဆိုလိုတာလဲ’

လမင်းသမီးက ပြုံးလိုက်လေသည်။ ကြည်လင်သန့်စင်သော အပြုံးတခုပင် ဖြစ်ပါသည်။

‘ကျောက်စီးယုံ ဆိုတဲ့ မိန်းကလေးကတော့ ရှင့်အပေါ် အတော့်ကို သံယောဇဉ် ကြီးမားတာပဲ’

ရှောင်းချူးစွေ၏ မျက်နှာသည် ရှက်စိတ်ကြောင့် ရဲကနဲနီမြန်းသွားလေသည်။

‘ကျုပ်ကတော့ ဒီလို မထင်ဘူး’

‘ရှင်က ဘယ်လို ထင်နေသလဲ’

‘ကျုပ်ကို သူတောင်းစားတယောက် သနားသလို သနားနေတာပါ’

လမင်းသမီးက အသံလွင်လွင်ကလေးဖြင့် ရယ်မောလိုက်မိသည်။

'အဲ့ဒီလို သူများရဲ့ စေတနာကို အထင်လွဲတာ ရှင်မှားတာပေါ့၊ လူတွေရဲ့ မေတ္တာတရားဟာ အဲဒီလို သနားရာက စတာပဲ'

ရှောင်းချူးစွေသည် သူ၏နီမြန်းသွားသော မျက်နှာကို ငုံ့လိုက်မိသည်။ အတန်ကြာမှ လမင်းသမီးအား လှည့်ကြည့်လိုက်ပြီး—

'ဒါဆိုယင် ခင်ဗျားရော ကျုပ်ကို မသနားဘူးလား'

လမင်းသမီးကလေးမှာ သူ့စကားနှင့် သူမို့ ဘာပြန်ပြောရမှန်း မသိအောင်ပင် ရှက်သွေးဖျန်းသွားသည်။

သူမသည် ရှောင်းချူးစွေ၏ မျက်နှာအား မရဲတရဲ ခိုးကြည့်လိုက်မိလေသည်။

ရှောင်းချူးစွေက ဆက်လက်၍ မေးလိုက်ပြန်သည်။

'ကဲ—ကျုပ် မေးတာကို ဖြေပါအုံး၊ ခင်ဗျား ကျတော့ ကျုပ်ကို မသနားဘူးလား'

လမင်းသမီးက ကပျာကယာ ပြန်ဖြေလိုက်၏။

'ရှင့်အပေါ် ကျွန်မ သနားတာက တမျိုးပါ'

'သူတောင်းစားလိုမျိုးပဲလား'

လမင်းသမီးမှာ မျက်လုံးကလေးများ ပြူးကျယ်သွားသည်။

'မဟုတ်ဘူး....မဟုတ်ဘူး... အဲ့ဒီလို မဟုတ်ဘူး'





လမင်းသမီးသည် ခေါင်းခါခါ လည်ခါခါဖြင့် ကပျာကယာ ပြန်ပြောလိုက်သည်။

'ဒါဖြင့် ခင်ဗျားက သနားရုံသက်သက်ပဲပေါ့၊ ဒီထက်မပိုနိုင်တော့ဘူးလား'

ရှောင်းချူးစွေအား သူမ မျက်စောင်းထိုး ကြည့်မိသည်။

'ရှင်- ဒီလောက် စကားတတ်လိမ့်မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး'

'လူတွေဟာ ခံစားချက် ရှိလာယင် အပြင် ပွင့်ထွက်လာတတ်ကြစမြဲပါ'

လမင်းသမီးက သူမ၏ မျက်နှာကို အောက်သို့ ငုံ့လိုက်ပြီး-

'အဲ့ဒီလို ခံစားချက်တွေ ကျောက်စီးယုံအပေါ်ကော ပွင့်မထွက်ဘူးလား'

ရှောင်းချူးစွေ ခေတ္တ နှုတ်ဆိတ်သွားသည်။ အတန်ကြာမှ-

'အမှန်အတိုင်း ပြောရမယ်ဆိုယင် ကျောက်စီးယုံနဲ့ တွေ့တဲ့အခါမှာ ကျုပ်ရဲ့ရင်ဟာ ကောင်းကင်က နေမင်းနဲ့ တွေ့သလိုပဲ ပူလောင်တယ်၊ ခင်ဗျားနဲ့ တွေ့တဲ့အခါကျတော့...'

ရှောင်းချူးစွေမှာ ဘာဆက်ပြောရမှန်း မသိပဲ ဖြစ်သွားသည်။

မဝံ့မရဲ နားထောင်နေသော လမင်းသမီးက ဆက်မေးလိုက်၏။

'ကျွန်မနဲ့ တွေ့တဲ့အခါကျတော့ကော ဘာဖြစ်သလဲ ပြောလေ'

ရွှေဝင်းချူးစွေက အရောင် ဝင်းလက် တောက်ပနေသော မျက်လုံးများနှင့် လမင်းသမီးအား ရှိန်းရှိန်းစားစား ကြည့်လိုက်လေသည်။

'ခင်ဗျားနဲ့ တွေ့တဲ့အခါမှာတော့ ကျွန်တော် ပြောခဲ့ဖူးတဲ့ စကားအတိုင်းပါပဲ'

လမင်းဟာ အေးမြတဲ့ ခံစားမှုကို ပေးသလို ကျုပ်ရင်ဟာ အေးမြရပါတယ်'

လမင်းသမီးကလေး၏ ရင်မှာ ကြည်နူးသလို ခံစားလိုက်ရသည်။တဖန် ရွှေဝင်းချူးစွေ၏ အသံကထွက်ပေါ်လာပြန်သည်။

'ဒါပေမယ်....'

လမင်းသမီးက အထိတ်တလန့် ဖြစ်သွားလေသည်။

'ဒါပေမယ့် ဘာဖြစ်သလဲဟင်'

'ဒါပေမယ့် ကျုပ်စကားတွေက စိတ်ကူးယဉ် အိပ်မက်တဲ့ စကားတွေပါ၊ မိုးကောင်းကင်ပေါ်ကလမင်းနဲ့ မြေပြင်ပေါ်က လူဟာ အလှမ်းကွာသလိုပဲ လမင်းသမီးကိုလဲ ကျုပ် မလှမ်းနိုင်ပါဘူး'

ရွှေဝင်းချူးစွေ၏ စကားကြောင့် လမင်းသမီး၏ မျက်နှာမှာ ညှိုးငယ်သွားရှာသည်။ ထို့ကြောင့် သူသည် ရွှေဝင်းချူးစွေ၏ မျက်နှာကို ရဲရဲဝံ့ဝံ့မော့ကြည့်လိုက်ပြီး

'အစ်ကို'





ရွှေဝင်းချူးစွေက သူ့နားကိုပင်မယုံနိုင်အောင် ဖြစ်သွားသည်။

'ဘယ်လို ခင်ဗျား ကျုပ်ကို အစ်ကိုလို့ခေါ်တယ် ဟုတ်လား'

လမင်းသမီးက ပြုံးပြလိုက်လေသည်။ သူမ၏အပြုံးမှာ ချစ်စဖွယ်အပြုံးသာတည်း။

'ဟုတ်ပါတယ်အစ်ကို၊ အစ်ကိုဘယ်တော့မှ စိတ်ခတ်မကျပါနဲ့၊ လမင်းသမီးဟာ အစ်ကိုဘဝကို အေးမြအောင်အမြဲထာဝရ ဖန်တီးပေးမယ့်သူပါ'

ရွှေဝင်းချူးစွေသည် ဝမ်းသာအားရဖြင့် လမင်းသမီး၏ ပခုံးကလေးအား လှမ်းကိုင်လိုက်လေသည်။

လေပြည်လေညင်းကလေးများက သူတို့နှစ်ဦးအား တိုးထိကျီစယ်သွားကြလေသည်။

* * *

ရွှေဝင်းချူးစွေ၏ ဘဝတသက်တာတွင်

လမင်းသမီးနှင့် တွေ့ဆုံလိုက်ရသော အချိန်ကလေးများသည်သာ အပျော်ရွှင်ဆုံး၊ အချမ်းမြေ့ဆုံးဟု ထင်မှတ်ထားမိလေသည်။

ပထမဆုံး သူ့ဘဝ ချမ်းမြေ့စေသူမှာ သူ၏ မိခင်ပင်ဖြစ်သည်။

ဒုတိယ ချမ်းမြေ့စေသူက လမင်းသမီးကလေးဖြစ်သည်။

သူတို့နှစ်ဦးသာမရှိလျှင် သူ့ဘဝသည် သာယာချမ်းမြေ့နိုင်စရာဟူ၍ ရှိတော့မည် မဟုတ်ပါ။ သူကဲ့သို့သော ဆင်းရဲသားကလေးတယောက်အား လမင်းကြီးကဲ့သို့ လှပချောမောလှသည့် မိန်းမချောကလေးက စစ်မှန်သောမေတ္တာ ထားနိုင်သည်မှာ မယုံကြည်နိုင်ဖွယ်ပင် ဖြစ်လေသည်။

သူသည် လမင်းသမီးကလေး၏ မေတ္တာကို လေးစားသွားသည်။ စေတနာကို ယုံကြည်သွားသည်။ ထို့အတူ လမင်းသမီးကလေးအားလည်း ပြန်လည်၍သနားသွားမိသည်။

အဘယ်ကြောင့်ဆိုသော် သူကဲ့သို့ပညာမတတ် ဆင်းရဲသားတဦးကိုချစ်မိလေသော မင်းသမီးကလေးသည် တနေ့တွင် မျက်နှာငယ်ရတော့မည် မဟုတ်ပါလော။

'ညီမလေး လမင်းသမီး'

ရှောင်းချူးစွေက ကြင်နာစွာဖြင့် ခေါ်လိုက်ခြင်းဖြစ်လေသည်။

လမင်းသမီးကလေးက ခေါင်းကို အသာအယာမော့လိုက်ပြီး...

'အစ်ကို'

လမင်းသမီးကလေးက တိုးတိုးစွာ ပြန်လည်ထူးလိုက်လေသည်။





'အစ်ကို အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်'

လမင်းသမီးကလေးက ခေါင်းကို အသာအယာညိတ်ပြလိုက်၏။

'အိပ်မက်-မက်တာ မဟုတ်ပါဘူး၊ ရှောင်းချူးစွေဆိုတဲ့လူကို လမင်းဆိုတဲ့ ကျွန်မက တကယ်ချစ်ခင်မြတ်နိုးတာပါတဲ့ရှင်'

'ဒါဖြင့် လမင်းသမီးလေးရဲ့ အခြားနာမည်တခုကို မသိရသေးဘူးလား'

'ဒီနာမည်ကို အစ်ကိုမနှစ်သက်ဘူးလား၊ ကျွန်မကတော့ လူတကာ့ရဲ့ရန်ကို အေးမြစေတဲ့ လမင်းသမီးလေးဆိုတဲ့ နာမည်ကိုသိပ် နှစ်သက်တာပဲ'

ရှောင်းချူးစွေက သက်ပြင်းဘချက်ချလိုက်ပြီး

'လူတကာ့ရဲ့ရင်ကို အေးမြစေတယ် ဟုတ်လား'

'အင်းလေ၊ အဲဒါဘာဖြစ်သလဲ'

ရှောင်းချူးစွေက သဘောမကျသလို ခေါင်းခါယမ်းလိုက်လေသည်။

'လူတကာကိုဆိုတာတော့ အစ်ကိုသဘောမကျဘူး၊အစ်ကို့ တယောက်တည်းရဲ့ရင်ကိုပဲ အေးမြပါစေလား လမင်းသမီးရယ်'

ရှောင်းချူးစွေ၏ ဆိုလိုရင်းကို လမင်းသမီးက သဘောပေါက်သွားသည်။

'အစ်ကိုကလဲ ကျွန်မဆိုလိုတာက အစ်ကို့ရဲ့ရင်ကိုလဲ အေးမြစေအောင် နှလုံးသားမေတ္တာကိုပေးသလိုအခြားသူတွေအပေါ်

မှာလဲ ညှာတာသနားတဲ့ မေတ္တာ၊စေတနာမျိုးကိုပေးဖို့ အမြဲရှိတယ်လို့ဆိုလိုတာပါ'

ရှောင်းချူးစွေ ကျေနပ်သွားသည်။

'အင်း ညီမနဲ့ အစ်ကိုတို့လိုသာ လူတိုင်းလူတိုင်းဟာ စေတနာမေတ္တာထားကြယင်ဒီကမ္ဘာလောကကြီးဟာ အင်မတန်သာယာတဲ့ လောကကြီး ဖြစ်နေမှာပဲနော်'

လမင်းသမီးက ဝိုင်းစက်ကြည်လင်သော မျက်လုံးကလေးဖြင့် ရှောင်းချူးစွေကို ကြည့်လိုက်မိသည်။

'ကိုယ်ကစေတနာထားယင် ကိုယ့်အပေါ်လဲ မေတ္တာထားတဲ့ လူဆိုတာ ရှိလာမှာပါ အစ်ကိုရယ်၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့ပေါ့၊ စေတနာဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ်'

'သဘောထားပြည့်ဝလှတဲ့ အစ်ကို့ချစ်သူရဲ့ စကားကိုအစ်ကို အမြဲနားထောင်နေပါ့မယ်'

လမင်းသမီးက ရှောင်းချူးစွေ၏ ကျောကုန်းကို အသာအယာ လှမ်းထု၍ ကြည်နူးစွာပြုံးနေမိသည်။ လောကကြီး တခုလုံးသည် တိတ်ဆိတ်ငြိမ်သက် သာယာလျက် ရှိနေလေတော့သည်။

ချစ်သူနှစ်ဦးမှာ တဦးကိုတဦး ရွှန်းရွှန်းစားစားကြည့်လျက် ကြည်နူးပြုံးပျော်နေကြသည်။

သို့သော် ရှောင်းချူးစွေ၏ စိတ်ထဲတွင် မတင်မကျ ဖြစ်နေသော ကိစ္စတခုက ရှိနေသေးသည်။ ထို့ကြောင့်သူက လေသံတိုးတိုးဖြင့်မေးလိုက်ပါသည်။





'ညီမ ဘယ်မှာနေတယ် ဆိုတာကိုတော့ အစ်ကို သိသင့်ပြီနဲ့ တူတယ်'

လမင်းသမီးက သူ့ကို ဆတ်ကနဲ မော့ကြည့်လိုက်သည်။

'ဘာလဲ ညီမကို အစ်ကိုမယုံလို့လား'

'မယုံလို့ ဘယ်ဟုတ်ပါ့မလဲ ညီမရယ်၊ လမင်းသမီးလေးကို ဘယ်လောက်အစ်ကိုမြတ်နိုးနေမိပြီဆိုတာ ညီမသိတယ် မဟုတ်လား၊ လမင်းသမီးပျောက်သွားယင် အစ်ကိုနေတတ်မှာမဟုတ်ဘူး၊ အဲဒီတော့ ကမ္ဘာကြီးခြားနေပါစေ အစ်ကို တွေ့အောင် လိုက်ရှာဖို့ ပြောပြပါ'

လမင်းသမီးမှာ စိတ်မကောင်းဖြစ်သွားသည်။

'ကျွန်မပြောပြစရာစကားရှိတယ် အစ်ကို ယုံပါ့မလား'

'ညီမပြောတဲ့ စကားကို အစ်ကိုအားလုံး ယုံကြည်ပြီးသားပါ'

'ညီမဟာ ဆင်းဆင်းရဲရဲ အလုပ်လုပ်နေရတဲ့ လူတယောက် ဆိုယင် အစ်ကို ယုံမလားဟင်'

ရှောင်းချူးစွေက မျက်မှောင်ကြုတ်လိုက်သည်။

'ညီမဘယ်လောက်ပဲ ဆင်းရဲဆင်းရဲပါ၊ ညီမဆင်းရဲတဲ့ဒဏ်လို အစ်ကိုစိုင်းဝန်းပြီး ကူညီဆောင်ရွက်ပေးမှာပေါ့၊ ဘယ်မှာနေသလဲပြော'

'အစ်ကိုလဲ ဒါကိုပဲ မရမက မေးနေတာပဲနော်၊ စောပါသေးတယ်အစ်ကိုရယ် တနေ့ကျယင်တော့ အင်း.... တနေ့ကျယင် တော့သိလာရမှာပေါ့'

ရှောင်းချူးစွေက ခေါင်းကို ခါယမ်းလိုက်၏။

'အခုပြောတော့ ဘာဖြစ်လို့လဲကွယ်'

'အခုစောသေးလို့ပါ၊ မလိုလားအပ်တဲ့ အနှောင့်အယှက်တွေ ဝင်လာမှာစိုးလို့ပါ၊ ညီမရဲ့မေတ္တာကို အစ်ကိုယုံကြည်တယ်ဆိုယင် အဲ့ဒါတွေ ဆက်မမေးပါနဲ့တော့လား အစ်ကိုရယ်'

ရှောင်းချူးစွေ သက်ပြင်းတချက်ကို လေးပင်စွာဖြင့်ချလိုက်လေသည်။

'အင်းပါလေ အစ်ကိုမမေးတော့ပါဘူး၊ အစ်ကိုစိုးရိမ်တာက တနေ့မှာအစ်ကိုထက် အစစအရာရာသာတဲ့လူကိုများ တွေ့သွားမှဖြင့် အင်း •• လူတိုင်းဟာ အစ်ကိုထက် အစစ အရာရာသာတဲ့လူတွေချည်းပါ'

လမင်းသမီးက ရှောင်းချူးစွေ၏ ပါးစပ်ကို သူမ၏ လက်ကလေးဖြင့် အသာအယာလှမ်းပိတ်လိုက်သည်။

'ညီမကိုယုံယင် နောက် အဲဒီစကားမျိုး မပြောပါနဲ့၊ ညီမဟာ ဆင်းရဲချမ်းသာခွဲခြားတဲ့လူမျိုး မဟုတ်ပါဘူး၊ အစ်ကိုသာ ချမ်းသာသွားယင် ညီမကို စွန့်ပစ်ချင် စွန့်ပစ်သွားမှာပါ'

ရှောင်းချူးစွေက သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

'အစ်ကိုတို့သားအမိဘဝဟာ ဒီတသက်မှာမချမ်းသာတော့ပါဘူး ညီမရယ်'

ထိုအခါမှ လမင်းသမီးက ဇာတ်စုံတခုကို သတိရစွာဖြင့် မေးလိုက်လေသည်။





ရှောင်းချူးစွေသည် လမင်းသမီးအား အံ့ဩသလို ကြည့်လိုက်ပြီး —

'တခြားလူဆိုယင်တော့ အစ်ကိုဖြေမှာမဟုတ်ဘူး၊ ညီမကိုတော့ အစ်ကိုဖြေပါ့မယ်၊ အစ်ကိုအမေရဲ့နာမည်က 'ကျူးဝေ' လို့ ခေါ်တယ်'

လမင်းသမီးသည် ရှောင်းချူးစွေအား ငေးကြည့်ယင်း....

'ကျူးဝေ... ကျူးဝေ'

ဟု တယောက်တည်း ရေရွတ်နေသည်။

'ဘာဖြစ်လို့လဲညီမ'

'ရပ်ဝေးမှာ အစ်ကိုတို့ရဲ့ ဆွေမျိုးတွေများ ရှိသလားဟင်'

'ရှိချင်လဲရှိမှာပေါ့၊ ဒါက အမေပဲသိလိမ့်မယ်၊ ဘာဖြစ်လို့လဲဟင်'

လမင်းသမီးသည် အတန်ကြာအောင်ပင်စဉ်းစားတွေးတော၍ နေလေသည်။ ဒမြတစ်၏အန္တရာယ်ကြားမှသူမကယ်လိုက်ရသော အဘိုးကြီးသည် ပျောက်ဆုံးနေသော ဆွေမျိုးတဦးကို လိုက်လံရှာဖွေနေသူဖြစ်သည်။

သူရှာဖွေနေသူ၏အမည်မှာလည်း 'ကျူးဝေ' ဟု ပြောဖူးသည် မဟုတ်လား။

F.7

ရှောင်းချူးစွေက လမင်းသမီး၏မျက်နှာကိုအကဲခတ်ကြည့်နေရာမှ

'ညီမ ဘာတွေစဉ်းစားနေတာလဲ အစ်ကို့ကို ပြောပြနိုင်မလား'

'ညီမ အဘိုးအိုတယောက်နဲ့ လမ်းမှာတွေ့ဆုံဖူးတယ်၊ သူ့ကို လူတစုက ဒဏ်တိုက်နေတယ်၊ ညီမက ဝင်ကူလိုက်ပြီးတော့ ဘာဘ ဘယ်သွားမလဲမေးတော့ လူပျောက် လိုက်ရှာနေတာလို့ပြောတယ်၊ ဘယ်သူလဲလို့မေးတော့ သူရှာနေတဲ့လူရဲ့ အမည်ဟာ ကျူးဝေလို့ ပြောသွားတယ်၊ အဲဒါကို သတိသွားရမိလို့ပါ'

ရှောင်းချူးစွေက ခေါင်းကို တဖြည်းဖြည်း ခါယမ်းလိုက်သည်။

'လောကကြီးတခုလုံးမှာ ကျူးဝေဆိုတဲ့ နာမည်တွေဟာ အများကြီး ရှိပါတယ်၊ အစ်ကို့မိခင်လိုဆင်းရဲတဲ့ လူတယောက်ကို ဘယ်သူကမှ လိုက်ရှာမှာလဲမဟုတ်ပါဘူး၊

ရှောင်းချူးစွေမျက်နှာမှာ ထိုစကားကိုပြောနေယင်း သိသိသာသာ ညှိုးငယ်သွားသဖြင့် လမင်းသမီးက ဘာမှဆက်မပြောတော့ပေ။

အချိန်က နေလုံးကြီးပင် ကွယ်ပျောက်ခဲ့ပြီဖြစ်၏။ အမှောင်ထုက လွှမ်းမိုးလာပြီဖြစ်သော်လည်း ညအမှောင်ကို လရောင်က ပြန်လည်အားဖြည့်ထားသည်။

'ကဲ အစ်ကို လတောင်ထွက်လာပြီ၊ ညီမ ပြန်လိုက်အုံးမယ်





'ဒါပေါ့ ဒါပေါ့။ လမင်းသမီးလေးရဲ့ ကိုယ်စား ဖိုးလမင်းကြီးကိုပဲ ထားခဲ့အုံးမယ်ပေါ့လေ ဟုတ်လား၊ လမင်းသမီးမှာ မျက်နှာတချက် ပျက်သွားသော်လည်း ပြန်လည်၍ ရှောင်းချူးစွေကို ပြုံးပြလိုက်ပါသည်။

'အခိုက်အတန့်ပါအစ်ကိုရယ်၊ နောင်များမှာတော့ ထာဝရ လမင်းဟာ အစ်ကို့ဘဝအတွက် အမြဲသာရပါစေမယ်'

* * *



( ၅ )

## ဘုရင့်အဏ္ဍာတော်များ ပျောက်ဆုံးနေမှု

ချန်အန်းမြို့။
မြို့တော်ဝန်ဂေဟာ။

အချိန်မှာ ညဉ့်နက်သန်းခေါင်ကျော်နေပြီ ဖြစ်သော်လည်း မြို့တော်ဝန်ဂေဟာ၏ အထူးသီးသန့်ခန်း၌ ဆွေးနွေးနေသော အရေးပေါ် ဆွေးနွေးမှုကြီးမှာ မပြီးဆုံးသေးပါပေ။

မြို့တော်ဝန်ဂေ ဟာ၏ အထူးသီးသန့်ခန်းထဲတွင် လူပေါင်း အတော်များများ ရှိနေကြပေသည်။ ထိုလူ အားလုံးမှာလည်း ထင်ရှားကျော်ကြားသော လူဆိုးထိန်းများပင် ဖြစ်လေသည်။

မြို့တော်ဝန်မှာ စကားပင်ပြောနေရသော်လည်း သူ၏မျက်နှာမှာ ရွှင်ပျသာယာခြင်းရှိမနေပါ။ မြို့တော်ဝန်မှာ အတော်

အသက်ကြီးပြီဖြစ်သည်။ အေးအေးဆေးဆေး အနားယူနေရ မည့် အရွယ်လည်းဖြစ်၏။ သို့သော် မြို့တော်ဝန်တယောက် အေးဆေးစွာမနေနိုင်ပဲ ခေါင်းခဲနေရပါသည်။

ကိစ္စမှာလည်း အခြားမဟုတ်ပေ။

ဘုရင့်ဘဏ္ဍာတော်များ ပျောက်ဆုံးနေသောကိစ္စပင် ဖြစ် လေသည်။ ပျောက်ဆုံးနေသည့် ဘဏ္ဍာတော် များမှာလည်း မနည်းပါ။လွန်စွာမှ တန်ဖိုးကြီးမားသည့် ရွှေတုံးရွှေခဲကြီးများ ပင် ဖြစ်လေသည်။ မြို့တိုင်းမှာရှိသည့် မြို့တော်ဝန်များသည် ထိုကိစ္စအတွက်ပင် ခေါင်းခဲလျက်ရှိနေကြသည်။ ထို့ကြောင့် လည်း မြို့တော်ဝန်များသည် သူ၏နယ်မှ နာမည်ကျော်လူဆိုး ထိန်းများကို အနယ်နယ်အရပ်ရပ်သို့ စေလွှတ်လျက် ထိုကိစ္စကို အပြင်းအထန် စုံစမ်းခိုင်းထားသည်။

ထိုသို့စေလွှတ်ထားရာမှ ခြောက်လတခါဆိုသလို သတင်း ထူးခြားမှု ရှိမရှိ ခေါ်ယူမေးမြန်းသည်။ ယခုလည်း ချန်အန်း မြို့တော်ဝန်သည် သူ၏ လူဆိုးထိန်းများကို ခေါ်ယူမေးမြန်းနေ ခြင်း ဖြစ်သည်။ သူခေါ်ယူမေးမြန်းနေသော လူဆိုးထိန်းများ ထဲတွင် မောရဲယီတယောက်လည်း အပါအဝင်ဖြစ်သည်။

လူဆိုးထိန်းများသည် သူတို့၏ နယ်မှစုံစမ်းရရှိသမျှကိုအသီး သီး တင်ပြနေကြသည်။

မောရဲယီက သူ ကျင်လည်ကျက်စားနေသော ဒေသ၏ အကြောင်းကို အသေးစိတ်တင်ပြသည်။ ထိုကဲ့သို့ပင် အခြာ





သော လူဆိုးထိန်း လေးငါးခြောက်ယောက်ကလည်း အသီးသီး တင်ပြကြ၏။ သို့သော် မည်သည့် လူဆိုးထိန်းတယောက်ကမှ ခြေရာကောက်နိုင်မည့် သဲလွန်စမျိုးကို ဖော်ပြနိုင်ခြင်း မရှိခဲ့ကြ ပေ။

ထို့ကြောင့်လည်း အားလုံး၏တင်ပြမှုများ ပြီးဆုံးသွား သောအခါ မြို့တော်ဝန်သည် သက်ပြင်းတချက်ကိုချလိုက်သည်။ သူ၏မျက်နှာမှာ လွန်စွာ စိတ်မချမ်းမသာဖြစ်နေမှန်း သိသာ ပေါ်လွင်နေသည်။ သူသည် စာရွက်တရွက်ကိုကိုင်၍ အားလုံး ကြားအောင်ပင် အသံကျယ်ကျယ်ဖြင့် ပြောပြလိုက်လေသည်။

'ကျုပ်ဆီကို ဟိုအထက်က ညွှန်ကြားချက်တွေ ရောက်နေ တယ်။ အဲဒါ ခင်ဗျားတို့အားလုံးကြားအောင် ကျုပ်ဖတ်ပြ မယ်'

မြို့တော်ဝန်သည် ထိုသို့ပြောပြီး စာရွက်ကိုဖြန့်ကာ ဖတ်ပြ လိုက်လေသည်။

၁။ ဘဏ္ဍာတော်တိုက်မှ ပျောက်ဆုံးနေသော ရွှေတုံးများ ကို အမြန်ဆုံး ပြန်လည်ရရှိအောင် စုံစမ်းစစ်ဆေးမှုများ ပြု ရမည်။

၂။ ယင်းကိစ္စနှင့်ပတ်သက်၍စုံစမ်းသည့်အခါတွင် မသင်္ကာ ဖွယ်ရာရှိသော သူများအား မည်သည့်လူတန်းစားမျိုးကိုမဆို ဖမ်းဆီး၍ စစ်ဆေးနိုင်ခွင့် ရှိသည်။

၃။ စုံစမ်းစစ်ဆေးသည့်အခါတွင် တရားခံဖြစ်သည်ဟု ထင် ရသောသူများမှာ အင်အားအလုံးအရင်းနှင့်ဖြစ်နေပါက ဘုရင့် တပ်မတော်သို့ ချက်ချင်း အကူအညီလှမ်းတောင်းနိုင်သည်။

၄။ တာဝန်ထမ်းဆောင်ရသော လူဆိုးထိန်းအသီးသီးတို့သည် ရန်သူကို မျက်ခြည်ပြတ်မခံပဲ အသက်စွန့်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ရမည်။

၅။ ထိုသို့ စုံစမ်းတွေ့ရှိသော လူဆိုးထိန်းများကိုဖြစ်စေ၊ အခြားတဦးတယောက်တည်းကိုဖြစ်စေ မြို့တော်ဝန်များက များစွာသောဆုလာဘ်များချီးမြှင့်၍ရာထူးကိုတိုးတက်ခွင့်ပေးရမည်။

၆။ အရပ်သားထဲမှ မည်သူမဆို ထိုကိစ္စအား သတင်းပေးသည်ဖြစ်စေ၊ ဝိုင်းဝန်းကူညီသည်ဖြစ်စေ ဆုငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ရမည်ဖြစ်ပြီး ထိုသူများအား နာမည်ကောင်းဘွဲ့တံဆိပ်ပေးရမည်။

မြို့တော်ဝန်က စာဆုံးသွားသည်နှင့် လူဆိုးထိန်းများဘက်သို့ လှည့်လိုက်လေသည်။

'ကဲ၊ ညွှန်ကြားချက်ကတော့ ခင်ဗျားတို့ကြားသိတဲ့အတိုင်းပဲ၊ စွမ်းစွမ်းတမံ ဆောင်ရွက်တဲ့လူတွေဟာ ထိုက်သင့်တဲ့ ဆုငွေတွေကိုရရှိပြီး ရာထူးတက်မှာပဲ'

မြို့တော်ဝန်သည် သူ၏စကားကို ခဏနားလိုက်ပြီးမှ ဆက်၍ပြောပြန်သည်။

'မြို့တိုင်းမြို့တိုင်းမှာရှိတဲ့ မြို့တော်ဝန်တွေမှာလဲ ဒီတာဝန်ကို ထမ်းဆောင်နေကြရတယ်။ သူတို့ဆီက လူဆိုးထိန်းတွေကလဲ ကြိုးစားပမ်းစား ဆောင်ရွက်နေကြသလို ကျုပ်တို့မြို့ကလူဆိုးထိန်းတွေအနေနဲ့လဲ ဒီကိစ္စကို ကြိုးစားပမ်းစား ဆောင်ရွက်ကြပါလို့ ပြောချင်တယ်၊ နောက်ပြီး'





လူဆိုးထိန်းများသည် မြို့တော်ဝန်၏စကားကို နားစိုက်ထောင်နေကြ၏။

မြို့တော်ဝန်က ဆက်လက်ပြောပြန်သည်။

'အရပ်တကာနယ်တကာမှာ လူဆိုးထိန်းတွေ အများကြီးရောက်နေတယ်။ အဲဒီအခါမှာ ကိုယ့်နယ်ပယ်ထဲကအမှုကို ကိုယ်ကမဖော်ထုတ်နိုင်ပဲ အခြားနယ်ကလူဆိုးထိန်းတွေက ဖော်ထုတ်သွားမယ်ဆိုယင် အင်မတန်မှရှက်ဖို့ကောင်းပါတယ်။ ဒါကြောင့် ကြိုးစားကြပါလို့ပဲ ကျုပ်ပြောပါရစေ'

မြို့တော်ဝန်၏ စကားဆုံးသွားသည်နှင့်

အဆင်သင့်စီမံထားသော စားစရာ သောက်စရာများက ရောက်ရှိလာတော့သည်။ မြို့တော်ဝန်နှင့် တပည့်လူဆိုးထိန်းများသည် ရောက်ရှိလာသော အစားအသောက်များကို ပျော်ပျော်ပါးပါး စားသောက်လိုက်ကြသည်။

ကောင်းကင်မှလမင်းကြီးက ထိန်ထိန်သာနေသကဲ့သို့

မြို့တော်ဝန်၏ ဂေဟာထဲတွင်လည်း မီးများက ထိန်ထိန်လင်းလျက် ရှိနေလေတော့သည်။

* * *

သိုင်းဆရာကြီး စွမ်းချင်ချူ

သူသည် အတော်ပင်ကျန်းမာလာပြီ ဖြစ်လေသည်။

စွမ်းချင်ချူသည် သိုင်းကျမ်းစာအုပ်ကြီးတအုပ်ကို စိတ်ပါဝင်စားစွာဖြင့် ဖတ်ရှုနေရာမှ ခေတ္တနားလိုက်ပြီး အိမ်ရှေ့ကွက်လပ်ဆီသို့ လှမ်းမျှော်လာလေသည်။

သူသည် ကွက်လပ်နှင့်ခပ်လှမ်းလှမ်းရှိ သစ်ပင်တပင်အောက်ရှိ ကုလားထိုင်တလုံးပေါ်တွင် ထိုင်ချလိုက်ပြီး ကွက်လပ်တွင် သိုင်း လေ့ကျင့်ကစားနေသော လူငယ်ကလေးတယောက်ကို ကြည့်ရှုနေမိသည်။

ထိုလူငယ်ကလေးမှာ

သဒ္ဓေးသားကလေး ဝမ်းရှမ်းပင်ဖြစ်လေသည်။

သူသည် စွမ်းစွမ်းနှင့် ပညာသင်ဘက်ပင် ဖြစ်လေသည်။

သို့သော် စွမ်းစွမ်းမှာ အမြဲအားလပ်နေသူ မဟုတ်သဖြင့် သူတယောက်တည်းသာ လေ့ကျင့်သင်ကြားနေရသည်က များလေသည်။

စွမ်းစွမ်းမှာ အလုပ်တဘက်နှင့်မို့ တခါတရံသာလာရောက်သင်ကြားနိုင်ပေသည်။

စွမ်းချင်ချူသည် လူငယ်ကလေးအား လှမ်းကြည့်ချိန်တွင် ထိုလူငယ်ကလေးသည် လေ့ကျင့်ခြင်းကို ရပ်တန့်လိုက်ပြီး ဆရာကြီးစွမ်းချင်ချူကို လှမ်း၍ ဂါရဝပြုလိုက်သည်။

'ဘယ်လိုလဲ မင်းတယောက်တည်းမို့ လေ့ကျင့်ရတာပျင်းနေပြီလား'

ဝမ်းရှမ်းက လေးစားစွာပင် ဦးညွတ်လိုက်လေသည်။





'ကျွန်တော် မပျင်းပါဘူးဆရာကြီး၊ဆရာကြီးပြသပေးထားတဲ့ အကွက်တွေကို လေ့ကျင့်ရတာ ပျော်တောင်ပျော်ပါသေးတယ်'

စွမ်းချင်ချူက ခေါင်းတညိတ်ညိတ်ဖြင့်

'အေး… ပညာဆိုတာ အဲဒီလို လိုလို ချင်ချင်နဲ့ ကြိုးစားပမ်းစားယူယင် တတ်မြောက်တာလဲမြန်တယ်၊ ကျွမ်းကျွမ်း ကျင်ကျင်လဲ ရှိတာပေါ့'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် အဆက်မပြတ် ကြိုးစားလေ့ကျင့်ပါ့မယ်'

ဆရာကြီးက ခေါင်းညိတ် ပြလိုက်ပြီး သူ၏ သိုင်းကျမ်းစာအုပ်မှ အပိုဒ်တပိုဒ်ကို သေချာစွာ ဖတ်ပြလိုက် လေသည်။ ပြီးနောက် ဝမ်းရှမ်း သေချာနားလည်အောင်လည်း ထို တိုက်ကွက်များကို နှစ်ခါမျှ လူကိုယ်တိုင် ပြသလိုက်သည်။

'မင်းမှတ်မိပါတယ်နော်'

'ဟုတ်ကဲ့ ဆရာကြီး မှတ်မိပါတယ်'

'အင်း… စွမ်းစွမ်းကတော့ ဒီစာအုပ် တအုပ်လုံးကို ကျေသလောက် ရှိနေပြီလေ၊ ဒါကြောင့် သူရှိနေယင် ဆရာကြီး နည်းနည်း သက်သာတာပေါ့ကွာ'

'ဟုတ်ကဲ့ဆရာကြီး၊ စွမ်းစွမ်းရဲ့ ပညာကိုတော့ ကျွန်တော် နောက်တနှစ်လောက် ကြိုးစားတာတောင် မီနိုင်ပါအုံးမလား မသိဘူး'

'လုံ့လဝီရိယနဲ့ ကြိုးစားယင် မတတ်မြောက်နိုင်တဲ့ပညာဆိုတာ မရှိပါဘူး၊ အင်း… ငါ့တူမလေးလဲ အလုပ် တာဝန်က တဘက်ဆိုတော့ သူ့ခမျာ မအားတဲ့ကြားထဲကပဲ ဆက်ပြီးတော့ လေ့ကျင့်နေရတယ်'

ဆရာကြီး စွမ်းချင်ချူ၏စကား မဆုံးလိုက်ပါ။

အပြာရောင်ဝတ်စုံနှင့် မိန်းကလေးတယောက် ရောက်ရှိလာသည်။

'သမီးအခုဘယ်က ပြန်လာတာလဲ'

ဆရာကြီးက အံ့သြစွာဖြင့် မေးလိုက်ခြင်းဖြစ်လေသည်။

'ခိုင်ဖုံးမြို့ကပါ ဘဘ'

'ဘာလဲ၊ ခိုင်ဖုံးမြို့တော်ဝန်နဲ့ သွားတွေ့တာလား'

စွမ်းစွမ်းက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ်ဘဘ၊ မြို့တော်ဝန်လဲ ဘဏ္ဍာတော် တိုက်က ရွှေတုံးတွေကိစ္စနဲ့ အတော်ပဲ ဦးနှောက်ခြောက်နေပုံရတယ်'

စွမ်းချင်ချူက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

'အင်း… သမီးတို့လူဆိုးထိန်းတွေမှာ ဒီတာဝန်ကြီးက ပုံကျနေမှာပေါ့လေ၊ အင်မတန်အန္တရာယ်များတဲ့ အလုပ်ပဲသမီးရေ၊ ရန်သူနဲ့ အမြဲကြုံတွေ့နေရတယ်ဆိုတော့ ကိုယ်ကသတိဝီရိယရှိမှ နေ'

'ဟုတ်ပါတယ်ဘဘ၊ သမီး အမြဲတမ်းပဲ သတိထားနေပါတယ်'





အမှတ် ၁၁၀၈ ၊ ၆ - ဃမ်း
တာဝန်ခံ

'အေး…. နောက်ပြီး သိုင်းပညာကိုလဲ တဆင့်ထက်တဆင့် မြင့်မားအောင်လေ့ကျင့်ဖို့ မမေ့နဲ့အုံး'

'ဟုတ်ကဲ့ပါ ဘဘ'

စွမ်းစွမ်းက ထိုသို့ပြောပြီး သဌေးသားလေး ဝမ်းရှမ်းဘက်သို့ လှည့်လိုက်သည်။

'ရှင်ကော အခု တော်တော်တတ်နေပြီလား'

ဝမ်းရှမ်းက ခေါင်းယမ်းပြလိုက် လေသည်။

'စွမ်းစွမ်းကိုမီဖို့ ကျွန်တော် တော်တော် ကြိုးစားရအုံးမှာပါ'

စွမ်းစွမ်းက ပြုံးလိုက်သည်။

'ကြာတော့လဲကျွန်မကိုမီရုံတင်မကဘူး၊ ကျွန်မထက်အဆင့်မြင့်မားတဲ့ သိုင်းသမားတဦးတောင် ဖြစ်လာပါလိမ့်မယ်'

ဝမ်းရှမ်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ အခုလိုပြောတာ ကျေးဇူးတင်ပါတယ်'

ဝမ်းရှမ်းသည် ထိုသို့ပြောပြီး စွမ်းစွမ်းအားမသိမသာစိုက်၍ကြည့်နေလိုက်သည်။ စွမ်းစွမ်းကလည်း မသိမသာ မျက်လွှာချထားလိုက်၏။

သိုင်းဆရာကြီး စွမ်းချင်ချူသည် လူငယ် နှစ်ဦး၏ အရိပ်အကဲကို တချက်ကြည့်လိုက်ပြီး အနည်းငယ် ပြုံးကာ ထိုင်ရာမှ ထသွားလေသည်။

* *

ဝမ်းရှမ်းက စွမ်းစွမ်း၏ အနားကို ရောက်လာသည်။

'ကျုပ်တော့ စွမ်းစွမ်းလုပ်တဲ့အလုပ်တွေကို သဘောမကျဘူးဗျာ'

စွမ်းစွမ်းက ဝမ်းရှမ်းအား မခို့တရို့နှင့် လှမ်းကြည့်လိုက်လေသည်။

'ဘာဖြစ်လို့လဲ'

ဝမ်းရှမ်းက ခေါင်းကို သွင်သွင်ခါယမ်းလျက်....

'အချိန်ပြည့်ရန်သူနဲ့ နပန်းလုံးနေရတဲ့အလုပ်ဟာ အန္တရာယ်သိပ်များတယ် မဟုတ်လား'

စွမ်းစွမ်းကသူမ၏လှပသည့် သွားကလေးများပေါ်အောင်ပင် ရယ်မောပစ်လိုက်သည်။

'ကျွန်မက အဲဒီအလုပ်ကိုမှ တမင်တကာရွေးပြီး လုပ်တာရှင့်...'

'စွမ်းစွမ်းရယ် အလုပ်မလုပ်ပဲ တသက်စားမကုန်တဲ့ပစ္စည်း ကျုပ်မှာရှိပါတယ်'

စွမ်းစွမ်းက အံ့သြစွာဖြင့် သူ့ကို လှည့်ကြည့်လိုက် လေသည်။

'အဲဒါ ဘာဖြစ်သလဲရှင့်၊ ကျွန်မနဲ့ဘာဆိုင်သလဲ'

ဝမ်းရှမ်းသည် စွမ်းစွမ်းအား ပြုံး၍ကြည့်လိုက်ပြီး

'စွမ်းစွမ်းက အခုထက်ထိ နားမလည်ချင်ယောင်ဆောင်နေတာပါပဲလား'





ဝမ်းရှမ်းသည် ဤနေရာသို့စရောက်ပြီး သုံးလေးလအတွင်းမှာပင် စွမ်းစွမ်းအား ချစ်ရေးဆိုခဲ့သူဖြစ်သည်။ သို့သော် စွမ်းစွမ်းကဲ သူ့ကို ချစ်သည်ဟုလည်း ပြန်မဖြေ၊မုန်းသည်ဟုလည်း ပြန်မဖြေသည့်အတွက် ဝမ်းရှမ်းသည် မချင့်မရဲနှင့် စွမ်းစွမ်းအား တွေ့သည့်အခါတိုင်း ထိုစကားကိုပင် ပြောကြားနေပေသည်။

'ကျုပ်အမှန်တကယ်ပဲ စွမ်းစွမ်းအပေါ် မေတ္တာရှိတာပါ၊ ကျုပ်မိဘတွေ ခိုင်ဖုံးမြို့မှာ ဘယ်လောက်ချမ်းသာတယ်ဆိုတာ စွမ်းစွမ်း သိပါတယ်လေ'

စွမ်းစွမ်းက သက်ပြင်းတချက်ချလိုက်သည်။

'ပစ္စည်းချမ်းသာတာနဲ့ မေတ္တာတရားနဲ့ဟာ တခြားစီပါ၊ ပြီးတော့ ပညာသင်နေတဲ့အချိန်မှာ ရှင် ဒါတွေမစဉ်းစားသင့်သေးဘူးလို့ ကျွန်မတော့ ထင်တာပဲ၊ ဘာဘကလဲ ကြိုက်မှာ မဟုတ်ဘူး'

'ဒါတွေကို ကျုပ်နားလည်ပါတယ် စွမ်းစွမ်းရယ်၊ ကျုပ်ကလဲ အခုလောလောဆယ် လက်ထပ်ရမယ်လို့ မဆိုလိုသေးပါဘူး၊ ကျုပ် ပညာအားလုံးစုံလင်တဲ့ အခါကျမှ လက်ထပ်မှာ ဒါကြောင့်မို့ စွမ်းစွမ်း ဒီအလုပ်ကထွက်ပြီးကျုပ်ကို အမြန်ဆုံးတတ်မြောက်အောင် ဝိုင်းဝန်းသင်ကြားပေးဖို့ ပြောနေတာပေါ့'

စွမ်းစွမ်းက ရယ်မောလိုက်သည်။

'ရှင့်ပစ္စည်းတွေ ကုဋေကုဋာချမ်းသာပြီး ကျွန်မကို လက်ထပ်ယူပြီးသည့်တိုင်အောင်လဲ ကျွန်မက ဒီအလုပ်ကို စွန့်မှာတော့ မဟုတ်ဘူး'

ဝမ်းရှမ်းက စိတ်ပျက်စွာဖြင့် ခေါင်းယမ်းလိုက်လေသည်။

'စွမ်းစွမ်းဟာ တော်တော်ခေါင်း မာ တဲ့ မိန်းကလေး တယောက်ပဲ'

စွမ်းစွမ်းက အသံလွင်လွင်ကလေးဖြင့် ရယ်မောကာ

'ကျွန်မတို့က မျိုးနဲ့ရိုးနဲ့ ဒီအတိုင်းပဲ၊ ဘဘကို ကြည့်ပါလား၊ သူလုပ်ချင်တဲ့အလုပ်တခုကို ပြီးဆုံးအောင်လုပ်ရမှ ကျေနပ်တဲ့ လူ'

ဝမ်းရှမ်းက ပြုံး၍ခေါင်းညိတ်ကာ

'ဒါဖြင့် ဆရာကြီးရဲ့ဆန္ဒနဲ့ဆိုယင်ကော စွမ်းစွမ်းကငြင်းလို့ မရဘူးပေါ့'

စွမ်းစွမ်းမှာ မျက်လုံးပြူးသွားလေသည်။

'ဘာလဲ ရှင်က အဘကိုဖွင့်ပြောပြီး အကျပ်ကိုင်မလို့လား'

ဝမ်းရှမ်းကရယ်မောလိုက်လေသည်။

'ကျုပ်က ခင်ဗျားကို သိပ်ချစ်နေရတဲ့လူဆိုတော့ နောက်ဆုံးအခြေအနေအရ လုပ်သင့်ယင်တော့ လုပ်ရမှာပေါ့'

စွမ်းစွမ်းက သူ့အနားမှ ရုတ်တရက် လှည့်ထွက်သွားသည်။ ဝမ်းရှမ်းမှာသာသူမကိုငေးမော၍ ကျန်ရစ်ခဲ့လေသည်။

*　　　*　　　*





လူတယောက်၏ ကံကြမ္မာမှာ အံ့သြထွေပြား ဆန်းကြယ်လှလေသည်။

ကုသိုလ်ကံများကောင်းလာသည့်အခါ ဆက်တိုက်ဆက်တိုက်ဆိုသလိုပင် ကံကောင်းလာတတ်သလို စီးပွားဥစ္စာများတိုးတက်လာသလို ကံဆိုးမိုးမှောင် ကျနေသော သူများအဖို့မှာလည်း ဆက်တိုက်ပင် အကုသိုလ်က ဝင်လာတတ်ပေသည်။

သဌေးကြီးကျန်းယု၏ အိမ်၌ဖြစ်လေသည်။ ညကအဖိုးတန်သော ပိုးဖဲစတစ ပျောက်ဆုံးသွားသည်ဟုဆိုသည်။

သဌေးကြီးကျန်းယုနှင့် သဌေးကတော်သည် အိမ်သားများကို လူစုံတက်စုံမေးမြန်းစုံစမ်းပါသော်လည်း လုံးဝစုံစမ်း၍ မရသည့်နောက်ဆုံး အခြားသံသယဝင်စရာလူများကို လိုက်လံ၍ စဉ်းစားနေမိသည်။

မနေ့ညနေက အိမ်သို့လာသည့် လူဝင်လူထွက်များကို စဉ်းစားကြသည်။ အခြား ထူးထူးထွေထွေ မည်သူတဦးတယောက်မျှ မလာချေ။

သို့သော် အိမ်တွင်ခိုင်းစေရန်ခေါ်ဆောင်ထားသည့် အမျိုးသမီးတယောက်တော့ လာသေးသည်။ ထိုအမျိုးသမီးသူတို့အိမ်သို့ ရောက်ရှိသည်မှာ သုံးလေးရက်မျှသာ ရှိသေးသည်။

ထိုအမျိုးသမီးမှာ အလုပ်အကိုင်မဲ့ပြီး စားရမဲ့ သောက်ရမဲ့ဖြစ်နေသည်ဆိုသောကြောင့် သဌေးကြီးကျန်းယု လင်မယားက အလုပ်ပေးထားခဲ့ခြင်းဖြစ်သည်။

ထိုအမျိုးသမီးမှာ ကျူးဝေပင်ဖြစ်လေသည်။

F.8

သဌေးကတော်ကြီးက ကျူးဝေတွင် သားတယောက်ရှိသည်ဟုသိရှိ၍ မနေ့ညနေက သူတို့သားအမိအားခေါ်ယူ၍ ညစာပင် ကျွေးမွေးမိခဲ့သေးသည်။

ယခုမနက် ပိုးဖဲစပျောက်ဆုံး၍ စဉ်းစားသောအခါတွင် ထိုသားအမိအား သင်္ကာမကင်း ဖြစ်သွားကြလေသည်။

ထို့ကြောင့် သဌေးကြီးကျန်းယုအား သဌေးကတော်က

'ကျွန်မတော့ ဒီသားအမိ နှစ်ယောက်ထဲက တယောက်ယောက်ပဲလို့ ထင်မိတာပဲရှင့်'

သဌေးကြီးကျန်းယုက စဉ်းစားလိုက်လေသည်။

'ပျောက်တာက ဧည့်ခန်းထဲကပစ္စည်းပဲ၊ မင်းမနေ့ကသူတို့သားအမိကို ထမင်းကျွေးတာက မီးဖိုခန်းထဲမှာ မဟုတ်လား'

သဌေးကတော်က ခေါင်းညိတ်ပြလိုက်ပြီး။

'ဟုတ်တော့ဟုတ်တာပေါ့၊ ဒါပေမယ့် အသစ်ကိုရှုတ်တရက်ဝင်ပြီးယူယင်လဲ ရနိုင်သားပဲ'

သဌေးကြီးကျန်းယုက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'ဒီအမျိုးသမီးက အစက ဘယ်မှာလုပ်တာလဲ'

'သဌေးကြီးကျောက်ဟန်အိမ်မှာ အလုပ်လုပ်တယ်လို့ ပြောတာပဲ၊ ဒါပေမယ့် သဌေးကြီးကျောက်ဟန်ကလဲ သူတို့ရဲ့အကျင့်တွေကိုသိသွားလို့ မောင်းထုတ်ပစ်လိုက်တာ ဖြစ်မှာပဲ'

ကျန်းယုက ခေါင်းညိတ်လိုက်လေသည်။

'အင်း၊ အများကြီးဖြစ်နိုင်တာပေါ့'





'ဒါဖြင့် ရှင်ဘယ်လိုလုပ်ချင်သလဲ'

ကျန်းယုက အတန်ကြာအောင်ပင် စဉ်းစားလိုက်ပြီးမှ

'မင်း ကျူးဝေကို အယင်မေးကြည့်ပေါ့ကွာ၊ သူငြင်းဆန်ယင် သူ့သားကိုပါခေါ်ပြီး မေးပေါ့၊ အဲဒါမှ ကောင်းကောင်းမေးလို့မရယင် လူဆိုးထိန်း မောရဲယီကိုခေါ်ပြီး အပ်လိုက်ပေါ့၊ သူပြန်ရအောင် စစ်ဆေးပေးပါလိမ့်မယ်'

* * *

ရေငတ်နေသောသူ ရေတွင်းထဲ ကျသွားသလိုပင် မောရဲယီတယောက် အကြိုက်တွေ့သွားတော့သည်။

သူသည် နဂိုကတည်းက ရှောင်းချူးစွေအပေါ်တွင် မလိုမုန်းတီးနေသူဖြစ်၏။ ယခု သဌေးကြီးကျန်းယုက ၎င်းတို့သားအမိအား မသင်္ကာ၍ စစ်ဆေးပေးရန် အပ်နှံလိုက်သောအခါ မောရဲယီမှာ အလွန်သဘောကျသွားတော့သည်။

သူသည် သူ့ရှေ့တွင်ထိုင်နေသော သားအမိနှစ်ဦးအား သေချာစွာ ကြည့်လိုက်လေသည်။

'ခင်ဗျားတို့သားအမိ မနေ့ညနေက ညနေစာကို ဒီမှာလာစားတယ်ဆို'

ကျူးဝေက ခေါင်းညိတ် ပြလိုက်လေသည်။ သူမ၏ အသွင်မှာ လွန်စွာစိုးရိမ် ထိတ်လန့်နေသည်။

'ဟုတ်ပါတယ်၊ သဌေးကတော်ကြီးက သားလေးကိုပါ ခေါ်ကျွေးပါဆိုလို့ ကျွန်မတို့သားအမိနှစ်ယောက်စလုံး ဒီမှာ ထမင်းလာစားပါတယ်'

မော့ရဲယီက သဘောကျစွာ ပြုံးလိုက်သည်။

'ခင်ဗျားတို့သားအမိနှစ်ယောက်အနက် တယောက်ယောက်ကတော့ ဧည့်ခန်းထဲကိုသွားဦးမှာပေါ့'

သားအမိနှစ်ယောက်သည် တယောက်မျက်နှာတယောက် လှမ်းကြည့်မိလိုက်လေသည်။

'ကျွန်မတို့သားအမိဟာ နောက်ဖေးပေါက်ကဝင်ပြီးနောက်ဖေးပေါက်မှာပဲ စားသောက်ပြီး နောက်ဖေးပေါက်ကပဲ ပြန်သွားကြပါတယ်ရှင်၊ ဘယ်သူမှတခြားနေရာကို မရောက်ခဲ့ကြပါဘူး'

မော့ရဲယီက မဲ့ပြုံးပြုံးလိုက်ပြန်သည်။

'သူခိုးကခိုးတယ်လို့ ဘယ်တော့မှပြောမှမဟုတ်ဘူးဗျ၊ ဒါပေမယ့် မနေ့ညနေက ဒီအိမ်ကိုအဝင်အထွက်ရှိတာကလဲ ခင်ဗျားတို့ သားအမိနှစ်ယောက်ပဲဆိုတော့ တခြားလူဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ခင်ဗျားတို့သားအမိနှစ်ယောက်ပဲ ဒီပစ္စည်းကိုခိုးတာဖြစ်ရမယ်'

ရှောင်းချူးစွေမှာ အတော်ပင် ဒေါသထွက်သွားလေသည်။

သူသည် မော့ရဲယီအား စူးစူးဝါးဝါးကြည့်လျက် ခပ်မာမာပင် ပြန်ပြောလိုက်သည်။





'ကျုပ်တို့သားအမိဟာ ဆင်းရဲလို့ ငတ်လို့ သေသွားပါစေ ဘယ်တော့မှ သူများပစ္စည်းကို ခိုးယူမယ့် သူတွေမဟုတ်ဘူးဆိုတာ ခင်ဗျားသိထားပါ'

မော့ရဲယီမျက်နှာတခုလုံးမှာ နီရဲသွားလေသည်။

'အမာ၊ မင်းကများငါ့ကို မောက်မောက်မာမာ ပြန်ပြောရသေးတယ်လို့၊ ဒီပစ္စည်းဟာ မင်းမယူလို့ ဘယ်သူယူမှာလဲ၊ အဲဒီတော့ မင်းအသားမနာချင်ယင် အေးအေးဆေးဆေး ပြန်ပေးလိုက်ပါ'

သဌေးကြီးကျန်းယူနှင့် သဌေးကတော်တို့သည် မော့ရဲယီ အမှုစစ်ဆေးနေသည်ကို တနေရာမှနေ၍ ကြည့်နေကြသည်။ ကျူး ဝေ သည် သဌေး ကတော် ကြီးထံသို့ လှမ်းကြည့် လိုက်ပြီး

'သခင်မကြီးရယ်၊ ကျွန်မသားလေးဟာ ဒီအလုပ်မျိုး တသက်နဲ့တကိုယ် တခါမှ မလုပ်ဖူးပါဘူး။ အခုလဲမလုပ်ပါဘူး။ နောင်လဲ လုပ်မှာမဟုတ်ပါဘူးရှင်၊ အပြစ်ရှိမယ်ထင်ယင် ကျွန်မကိုပဲ ဆုံးမပါ'

ရှောင်းချူးစွေသည် သူ့မိခင်အား လှမ်းကြည့်လိုက်လေသည်။

'အမေ၊ သူတို့ကိုဘာမှ တောင်းပန်နေစရာ မလိုဘူး။ ကျွန်တော်တို့သားအမိ ဒီအလုပ်မျိုးမလုပ်ဘူးဆိုတာ ဘုရားသခင်သိပါတယ်'

မော့ရဲယီက မဲ့ပြုံလိုက်လေသည်။

'အောင်မာ မင်းက ကြီးကြီး ကျယ်ကျယ် စကားပြောလို့ သူခိုးက ဘယ်တော့မှ ခိုးတယ်မပြောဘူးကွ၊ ကဲပါ ကြာတယ် ကွာ မင်းပြန်ပေးမလား မပေးဘူးလား၊ ဒါမှမဟုတ် အဖမ်း ခံမလား၊ ဒါပဲပြော'

ရှောင်းချူးစွေသည် မော့ရဲယီ၏မျက်နှာအားရှုံ့ရှာမုန်းတီးစွာဖြင့် လှမ်းကြည့်လိုက်လေသည်။

'ကျုပ်က ပစ္စည်းကိုယူတဲ့လူမဟုတ်တော့ပြန်ပေးစရာပစ္စည်းလဲ ကျုပ်မှာမရှိဘူး၊ အဲဒါမှ ခင်ဗျားက မကျေနပ်ဘူးဆိုယင်တော့ ခင်ဗျားကြိုက်သလို လုပ်နိုင်တယ်'

ရှောင်းချူးစွေက ခက်ထန်စွာပြန်ပြောလိုက်သဖြင့်မော့ရဲယီမှာ ဒေါသ ထွက်သွား လေသည်။ သူသည် ရှောင်းချူးစွေ၏ ရှေ့သို့ထသွားပြီး ရှောင်းချူးစွေ၏ မျက်နှာအား လက်သီးနှင့် တချက်ထိုးလိုက်လေသည်။

'ခွပ်—'

မော့ရဲယီ၏လက်သီးဒဏ်ကြောင့်ရှောင်းချူးစွေ၏ဗယ်ဘက်ပါးပြင်တခုလုံး ညိုမည်းသွားသည်။ ရှောင်ချူးစွေက ခံပြင်းလှန်းသည့် မျက်နှာနှင့် မော့ရဲယီအား ပြန်ကြည့် လိုက်လေသည်။

'ခင်ဗျား ကျုပ်ကို မတရား နှိပ်စက်တာပဲ၊ ခင်ဗျားကို ကျုပ် တသက်လုံး မကျေဘူးဆိုတာမှတ်ထားပါ'

'မော့ရဲယီက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

'လူဆိုး တရားခံ တယောက်က လူဆိုးထိန်း တယောက်ကို မကျေနပ်တာ မဆန်းပါဘူး'





မော့ရဲယီသည် ပြောပြောဆိုဆို သူ၏လက်ကို မြှောက်လိုက်ပြန်သည်။

'ဖြန်း'

ရှောင်းချူးစွေ၏ ညာဘက်ပါးပြင် နီရဲ၍သွားပြန်သည်။ ရှောင်းချူးစွေသည် ရုတ်တရက် မတ်တတ် ရပ်လိုက်သည်။ သူ၏ တောက် ပ သော မျက်လုံး အစုံသည် မော့ရဲယီအား မီးထွက်လုမတတ် စိုက်ကြည့်နေမိသည်။

မော့ရဲယီ သူ့ အနားသို့ တိုးသွားသည်။

'မင်းကငါ့ကို ဘာလုပ်ချင်လို့လဲ'

ရှောင်းချူးစွေသည် ဒေါသကိုမနည်းပင် ချုပ်တည်းထားရလေသည်။ တရားခံ စွပ်စွဲခြင်း ခံနေရသူက လူဆိုး ထိန်း တယောက်အား ပြန်လှန်ခုခံပါလျှင် အပြစ် ကြီးမားသည်ထက် ကြီးမားလာမည်ကို သူကသိထား၍ သည်းခံလိုက်ခြင်းဖြစ်လေသည်။

ထိုအချိန်တွင် သဌေးကြီး ကျန်းယုက ဝင်ပြောလိုက်လေသည်။

'ကဲ... မော့ရဲယီ၊ ဒီမှာတော့ရိုက်နှက်မနေပါနဲ့ဗျာ၊ ခင်ဗျားတို့ ဌာနကို ခေါ်သွားပြီးမှ စစ်ဆေးပါ'

မော့ရဲယီကခေါင်းညိတ်ပြလိုက်ပြီး သူ၏ ငယ်သား အာဏာသားတယောက်အား လှမ်းပြောလိုက် လေသည်။

'ဟေ့ .... သူ့ လက်တွေကို ကြိုးနဲ့တုပ်လိုက်စမ်းကွာ'

အာဏာသားက ကြိုးတချောင်းနှင့် ရှောင်းချူးစွေ၏လက်များအား ချည်နှောင်လိုက် လေသည်။

ကျူးဝေ ပျာပျာသလဲဖြင့်ထလာပြီး…

'ကျွန်မသားလေးကို မဖမ်းပါနဲ့ရှင်၊ ကျွန်မ သားလေးမှာ ဘာမှအပြစ်မရှိပါဘူး'

မော့ရဲယီက ကျူးဝေအား မျက်မှောင်ကြုတ်၍ကြည့်လိုက်လေသည်။

'ဘာလဲ ခင်ဗျားပါ အချုပ်ခန်း ဆီကို လိုက်ချင်လို့လား'

'ခင်ဗျား ကျုပ်အမေကို ဖမ်းစရာမလိုဘူး၊ ကျုပ်အမေမှာလဲ ဘာအပြစ်မှမရှိဘူး'

ကျူးဝေက သားဖြစ်သူအား တောင်းပန်လိုက်လေသည်။

'သား.... လူဆိုးထိန်းကြီးကို ကောင်းကောင်း မှန်မှန်ပြန်ပြောပါ သားရယ်၊ သားကိုသူက နှိပ်စက်နေပါအုံးမယ်'

ရှောင်းချူးစွေက သူ့မိခင်အား ပြုံးပြလိုက်လေသည်။

'ရိုက်စမ်းပါစေ အမေရယ်၊ အပြစ် မရှိပဲ သိုင်းမတတ်တဲ့ လူတယောက်ကို ကြိုးတုပ်ပြီး ရိုက်ရဲတဲ့ လူစွမ်းကောင်းကြီးမျိုးဟာ လေးစားစရာပေါ့'

မော့ရဲယီ၏ မျက်နှာ တခုလုံးမှာလည်း ရဲကနဲ ဖြစ်သွားလေသည်။

သူသည်ဒေါသဖြစ်စွာဖြင့် ရှောင်းချူးစွေ၏အနားသို့ တိုးသွားကာ သူ၏လက်ကို တအားလွှဲမြှောက်လိုက် ပြန်လေသည်။

'ဟိတ် ရပ်လိုက်'





အဝင်တံခါးဝဆီမှ မမျှော်လင့်သော အသံတသံကို ကြားလိုက်ရလေသည်။ အားလုံးက လှည့်ကြည့်လိုက်ရာ မြင်ရသူအားလုံးမှာ အံ့အားသင့်သွားလေ တော့သည်။ တံခါးဝတွင် မားမားကြီးရပ်နေသူမှာ သဌေးကြီး ကျောက်ဟန်၏ သမီး ကျောက်စီးယုံ ဖြစ်နေသောကြောင့်တည်း။

*　　*　　*

သူမသည်…

လက်ထဲတွင် ကိုင်လာသော ပစ္စည်းတခုကို ဖြန့်ပြလိုက်လေသည်။

မြင်ရသူအားလုံး ပါးစပ် အဟောင်းသားဖြင့် ကြက်သေသေသွားကြ လေသည်။ ကျောက်စီးယုံ ဖြန့်ပြ လိုက်သော ပစ္စည်းမှာ

ကျန်းယုအိမ်မှာပျောက်ဆုံးသွားသည့် အဖိုးတန် ပိုးဖဲစပင် ဖြစ်လေတော့သည်။

ကျန်းယုက ကမန်းကတန်းငေ့အော်လိုက်သည်။

'တွေ့ပြီ၊ အဲဒါကို မင်းဘယ်ကရသလဲ'

ကျောက်စီးယုံက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ ပိုးဖဲစပဲ၊ ရှင်တို့ပစ္စည်းဖြစ်ကြောင်း အဲဒီမှာ အမှတ်အသားလဲ ရေးထားတာတွေ့ရတယ်'

မော့ရဲယီမှာ တကိုယ်လုံးတုန်လှုပ်သွားတော့သည်။

သူသည် ရှောင်းချူးစွေအား လက်ညှိုးထိုးပြပြီး ကမန်းကတန်း မေးလိုက်လေသည်။

'နင် အဲဒီပစ္စည်း ဘယ်ကရခဲ့တာလဲ၊ သူ့အိမ်က ရခဲ့တာမဟုတ်လား'

ကျောက်စီးယုံက မော့ရဲယီအားကြည့်လိုက်ပြီး လှောင်ပြုံးပြုံးပြလိုက်လေသည်။

'ရှင် မဆိုးဘူး၊ ဒါကြောင့်မို့လဲ နာမည်ကျော်လူဆိုးထိန်းကြီးတယောက် ဖြစ်နေတာပဲ'

မော့ရဲယီ၏မျက်နှာ ရုတ်တရက်ရွှင်မြူးသွားသည်ကို အားလုံးက သတိပြုမိလိုက်လေသည်။ သူက ကိုင်း ဘယ့်နှယ်ရှိစ ဆိုသည့်အပြုံးမျိုးကို ပြုံးလိုက်ခြင်းဖြစ်သည်။

'ကျုပ်မပြောဘူးလား၊ ဒီကောင်ကလွဲပြီး တခြားလူမဖြစ်နိုင်ပါဘူးလို့'

ရှောင်းချူးစွေသည် ကျောက်စီးယုံအား နားမလည်နိုင်သောမျက်နှာဖြင့် လှမ်းကြည့်လိုက်လေသည်။ ကျူးဝေမှာလည်း ကျောက်စီးယုံ၏စကားကြောင့် အံ့သြမှင်တက်၍နေတော့သည်။ သူတို့အိမ်မှာ ထိုပစ္စည်းမရှိသည်မှာတော့ အမှန်ပင်ဖြစ်သည်။ မော့ရဲယီသည် ရှောင်းချူးစွေအား အောင်နိုင်သည့် မျက်နှာထားမျိုးနှင့် လှမ်းကြည့်လိုက်လေသည်။

'ဘယ့်နှယ်လဲ ရှောင်းချူးစွေ၊ မင်း ဘာငြင်းချင်သေးသလဲ'





သူသည် ထိုသို့ပြောပြီး ကျောက်စီးယုံအား ကျေးဇူးတင်သောမျက်နှာဖြင့် လှမ်းကြည့်လိုက်လေသည်။

'ကျေးဇူးပဲ ကျောက်စီးယုံ၊ ဒီကောင်က ငြင်းဆန်နေလို့ ကိုယ်လဲ အခုပဲသူတို့အိမ်ကို သွားရှာမလို့'

ထိုစဉ်မှာပင် ကျောက်စီးယုံက လက်ခုပ်လက်ဝါးတီးလို့ ရယ်မောလိုက်လေတော့၏။ အားလုံးမှာ နားမလည်နိုင်အောင်ဖြစ်သွားကြလေသည်။

ကျောက်စီးယုံသည် မော့ရဲယီ၏မျက်နှာအား သေချာစွာစူးစိုက်ကြည့်လျက် ထပ်မံရယ်မောပြန်သည်။

'ရှင့်ကိုယ်ရှင် သိပ်တော်တဲ့ငါပါလားလို့ ထင်သွားတယ်မဟုတ်လား၊ မထင်ပါနဲ့ရှင်၊ ရှင့်လောက်ညံ့ဖျင်းတဲ့ လူဆိုးထိန်းမျိုးကို ဒီတခါပဲ ကျွန်မတွေ့ဖူးပါသေးတယ်ရှင်'

ကျောက်စီးယုံ၏စကားကြောင့် မော့ရဲယီ၏မျက်နှာတခုလုံး ညိုမည်း၍သွားလေတော့သည်။

'ဒီပစ္စည်းကို နင် နင် ဘယ်ကရခဲ့တာလဲ၊ သူ့တို့အိမ်က မဟုတ်လား'

ကျောက်စီးယုံက ခေါင်းကိုခါယမ်းယင်း သဌေးကျန်းယုအား လှမ်းကြည့်လိုက်၏။ ထို့နောက်

'ဒီပစ္စည်းကို ကျိူ့ပုဆီက ရခဲ့တာ'

သဌေးကြီးကျန်းယုနှင့် သဌေးကတော်မှာ လွန်စွာအံ့အားသင့်သွားကြလေသည်။ ကျိူ့ပုမှာ သူ၏အိမ်တွင် ခိုင်းစေထားလူယုံကလေးပင်ဖြစ်လေသည်။

သဌေးကြီးကျန်းယုက မေးလိုက်လေသည်။

'ကျို့ပုဆိက ဘယ်လိုဘယ်လို ရလာခဲ့တာလဲလုံမလေး'

ကျောက်စီးယုံက မော့ရဲယီကို လှောင်ပြောင်သောမျက်လုံးများဖြင့် တချက်ကြည့်လိုက်ပြန်ပြီး

'ကျွန်မ မြို့ထဲဝင်လာတော့ အရက်ဆိုင်တဆိုင်မှာ ကျို့ပု အရက်မူးနေတယ်၊ သူ့လက်ထဲမှာလဲ အဲဒီအစကိုကိုင်ပြီး ရောင်းနေတယ်၊ ကျွန်မလဲမသင်္ကာတာနဲ့ ကြည့်လိုက်တော့ ဒီကပစ္စည်းဖြစ်နေမှန်းသိတာနဲ့ ဝယ်လိုက်ပြီး အခုလာပြန်ပို့တာ'

ကျောက်စီးယုံသည် သူ၏စကားကိုရပ်ထားလိုက်ပြီး မော့ရဲယီအား လက်ညှိုးထိုး၍ရယ်လိုက်ယင်း

'ရှင်ဟာ အမှုလိုက်တဲ့နေရာမှာ အင်မတန်တော်တဲ့အတွက် ရာထူးတိုးအောင် ရှင့်အထက်အရာရှိတွေကို ကျွန်မ ပြောပေးပါ့မယ်၊ ဒါပေမယ့် အခုတော့ ကျေးဇူးပြုပြီး သူ့ကိုချည်ထားတဲ့ ကြိုးတွေကို ဖြည်ပေးလိုက်ပါအုံး'

မော့ရဲယီမှာ အတော်ရှက်သွားပုံရလေသည်။ မျက်နှာပြင်ကြီးတခုလုံးမှာလည်း ညိုမည်းနီမြန်း၍နေသည်။ သူသည် အာဏာသားတယောက်အား ကြိုးကိုအဖြေခိုင်းလိုက်၏။

ရှောင်းချူးစွေအား ကြိုးဖြေပြီးသည်နှင့် ကျောက်စီးယုံသည် သဘောကြီးကျန်းယုတို့ဘက်လှည့်၍ ပြောလိုက်လေသည်။

'ဒီက လူကြီးမင်းများကလဲ လူအကဲခတ်တဲ့နေရာမှာ အင်မတန် တော်ပါတယ်၊ ဟောဒီလူဆိုးထိန်းကြီးကလဲ အမှုစုံစမ်းတဲ့နေရာမှာ ထိပ်ပဲ၊ အဲဒီတော့ နောက်တမှုအတွက်ရှင်တို့တိုင်ပင်





ပြီး ဆက်လက်ကြိုးစားကြအုံးပေါ့၊ ခုတော့ ကျွန်မတို့သွားလိုက်ပါအုံးမယ်'

ကျောက်စီးယုံသည် ထိုသို့ပြောပြီးသည်နှင့် ရှောင်းကျူးဝေတို့သားအမိအား ခေါ်ဆောင်ကာ ထွက်သွားလေတော့သည်။

* * *

ကျူးဝေနှင့် ရှောင်းချူးစွေတို့ဘည် ကျောက်စီးယုံကို ကျေးဇူးတင်၍မဆုံးနိုင်ပင် ရှိနေချေတော့သည်။

ကျောက်စီးယုံသည်

ကျူးဝေနှင့် ရှောင်းချူးစွေအား ပြန်ခေါ်လာခဲ့၏ ။မြက်အိမ်ကလေးသို့ ရောက်ရှိသည်နှင့် သူယခု ရောက်ရှိလာသည့် အကြောင်းကို ပြောပြလိုက်လေသည်။

'ကျွန်မ သိုင်းပညာသင်ကြားနေယင်းနဲ့ အဒေါ်တို့ဆီကို အရေးတကြီးလာခဲ့တာ'

ကျူးဝေက ပြန်မေးလိုက်လေသည်။

'ဘာကိစ္စများသဲ လုံမလေးရယ်'

ကျောက်စီးယုံက မဖြေကြားမီ ရှောင်းချူးစွေက ဝင်ပြောလိုက်လေသည်။

'ခင်ဗျားအခုလို ကူညီခဲ့တာကို ကျုပ်တို့သိပ်ပြီး ကျေးဇူးတင်ပါတယ် ကျောက်စီးယုံ၊ ဒါပေမယ့်'

ကျောက်စီးယုံက ချစ်စဖွယ် မျက်စောင်းကလေးလှမ်းထိုး လိုက်ယင်း

'ဒါပေမယ့်ဘာဖြစ်သလဲ၊ ဆက်ပြောပါအုံး'

'ဒါပေမယ့်၊ နင်တို့ရဲ့အိမ်သားတွေနဲ့ နင့်ကိုကြိုက်နေတဲ့ မောင့်ရဲ့ယီကတော့ တို့သားအမိကို ထပ်ပြီးရန်ရှာအုံးမှာပဲ'

ကျောက်စီးယုံမှာ မခံချင်သည့်စိတ်ဖြင့် ဒေါသထွက်သွားလေသည်။

'အ'မယ်၊ အပြစ်မရှိပဲနဲ့ ရန်ရှာကြည့်ပါလား၊ ငါနဲ့တွေ့သွားမှာပေါ့၊ အခုလာတာကလဲ ပြောစရာစကားရှိလို့ပါ'

ကျူးဝေက ပြောလိုက်လေသည်။

'ဘာများအရေးကြီးလို့လဲ'

'ကျွန်မတို့တောင်ပေါ်ကို အဘိုးအိုတယောက် ရောက်လာတယ်၊ သူဟာ ခရီးအဝေးကြီးက လာခဲ့ရတယ်နဲ့တူတယ်၊ ခရီးပန်းမှုကြောင့် အတော််ကို နေထိုင်မကောင်း ဖြစ်နေပါတယ်'

ကျူးဝေက မျက်မှောင်ကြုတ်လိုက်လေသည်။

'အဲဒါနဲ့ အဒေါ်နဲ့ ဘာဆိုင်လို့လဲကွဲ့၊ လုံမလေးရဲ့'

'ကျွန်မက အဲဒီအဘိုးအိုကိုမေးတယ်၊ ဘယ်ကိုသွားမလဲ၊ ဘယ်ကလာသလဲမေးတော့ သူက လူတယောက်ကိုလိုက်ရှာနေတာပါလို့ ပြောတယ်'

ကျူးဝေက ချက်ချင်းပြန်မေးလိုက်သည်။

'သူက ဘယ်သူ့ကိုရှာနေတာလဲ'

ကျောက်စီးယုံက





'သူက ကျူးဝေဆိုတဲ့မိန်းမတယောက်ကို လိုက်ရှာနေတာပါလို့ပြောတာနဲ့ အဲဒါအဒေါ်များဖြစ်နေမလားလို့ လာခေါ်တာပါ'

ကျူးဝေက အတန်ကြာကြာပင် စဉ်းစားတွေဝေ၍ နေပေသည်။

ရှောင်းချူးဇွေကလည်း ဝင်ရောက် ထောက်ခံလိုက်လေသည်။ သူ့အားလည်း လမင်းသမီးလေးက ပြောဖူးသည် မဟုတ်လော။

'ဟုတ်လိမ့်မယ်အမေ၊ ကျွန်တော််ကိုလဲ မိတ်ဆွေတယောက်က ပြောဖူးတယ်၊ အဘိုးအိုတယောက်ဟာ ကျူးဝေဆိုတဲ့လူကို လိုက်ရှာနေတယ်လို့'

ကျူးဝေ၏စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေပုံ ရလေသည်။

သူမသည် အတန်ကြာအောင်ပင် စဉ်းစားနေမိတော့သည်။

'ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ အဒေါ်လိုက်ကြည့်ပါလား၊ သူကအတော််နေမကောင်းဖြစ်နေလို့ ကျွန်မတနေရာမှာထားပြီး ဆေးတိုက်ထားခဲ့တယ်'

'ရှောင်းချူးဇွေကလည်း ထောက်ခံလိုက်လေသည်။


'ဟုတ်သားပဲအမေ၊ လိုက်ကြည့်လိုက်ပါ'

ဟုတ်သည်ရှိ မဟုတ်သည်ရှိအကျိုးတော့ယုတ်မသွားပါဘူး'

ကျူးဝေက ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပြီလေ၊ အမေလိုက်သွားပြီး ကြည့်လိုက်ပါ့မယ်'

* * *



( ၆ )

## သူတို့ဘဝ၊ သူတို့အကြောင်း

လပြည့်ညမို့ လကထိန်ထိန်သာလှ၏။

တောင်ပေါ်မှဖြတ်သန်းလာသော လေညင်းကလေးများသည် သစ်ရွက်ကလေးများကို လှုပ်ယမ်းသွားစေသလို၊ မြက်အိမ်ကလေးရှေ့၌ ထိုင်၍နေကြသော လူသုံးဦးရင်ကိုလည်း အေးစိမ့်သွားစေပေသည်။

ကျူးဝေနှင့် ရှောင်းချူးစွေတို့၏ ဘဝတသက်တာတွင် ထိုမြက်အိမ်ကလေး၌ လူနှစ်ယောက်သာ ယခုလိုအချိန်မှာ ရှိခဲ့ဖူးလေ၏။

ယခု သုံးယောက်ရှိနေပါချေပြီ။

ထို့အပြင် မြင်းဖြူကြီးတကောင်ကို ခပ်လှမ်းလှမ်းတနေရာ၌ ရှိနေသည်ကို တွေ့ရပေသည်။

ထန်ယင်းယီ သူသည် ဟိုရှေးယခင်ကကဲ့သို့ပင် ကျူးဝေအား လေးလေးစားစား ဆက်ဆံ ပြောဆိုလျက်ရှိသည်။

ရှောင်းချူးစွေကတော့ အားလုံးကို တအံ့တသြဖြင့် နားထောင်နေမိပေသည်။ ရှောင်းပိက မှာကြားလိုက်သည့်စကားများကို ကြားရသောအခါ ကျူးဝေမှာ ဝမ်းနည်းရမလို၊ ဝမ်းသာရမလို ဖြစ်သွားပြီး မျက်ရည်များပင် ယိုစီးကျလာသည်။

ထန်ယင်းယီက အဖိုးထိုက်တန်သော ကျောက်သံပတ္တမြားနှင့် ငွေများကို ကျူးဝေအား ပေးအပ်လိုက်လေသည်။

'ရှင့်ဆရာက တခြား ဘာမှာလိုက်သေးသလဲ'

ထန်ယင်းယီက....

'သင်္ချေးကြီး ရှောင်းပိဟာ သူ့အမှားကို သူသိနေပါပြီ၊ ဒါကြောင့်မို့လဲ သခင်မကြီးတို့သားအမိကို မတွေ့တွေ့အောင် ရှာခိုင်းပြီး သခင်မကြီးတို့ကို အတူစောင့်ရှောက်နေထိုင်ဖို့ ကျွန်တော့ကို မှာလိုက်ပါတယ်'

ထန်ယင်းယီက ထိုသို့ပြောပြီးသည်နှင့် ရှောင်းချူးစွေအား လှည့်ကြည့်လိုက်လေသည်။

သူသည် အိတ်ထဲမှစာအုပ်တအုပ်ကိုထုတ်ယူလိုက်ပြီး ရှောင်းချူးစွေအား လှမ်းပေးလိုက်လေသည်။

'ဟောဒီစာအုပ်ကိုလဲ သခင်လေးကိုပေးဖို့ မှာလိုက်ပါတယ်၊ လေးငါးခြောက်နှစ်အတွင်းမှာပဲ အဲ့ဒီစာအုပ်ထဲက သိုင်းကွက်





မှန်သမျှအကုန်လုံး တတ်မြောက်အောင် သင်ကြားထားပါလို့ မှာလိုက်ပါတယ်'

ရှောင်းချူးစွေက စာအုပ်ကိုယူ၍ ကြည့်လိုက်လေသည်။

'ထက်မြက်သော သိုင်းပဒေသာကျမ်း'

ဟု ရေးသားထားသည့် စာအုပ်တအုပ်ဖြစ်နေပေသည်။

ရှောင်းချူးစွေ၏ ရင်တွင်း၌ ဖော်မပြနိုင်သော ဝမ်းသာမှုကြီးကို ဖြစ်ထွန်းသွားပေသည်။ သူသည် ထက်မြက်သည့်အဖိုးတန် သိုင်းပဒေသာစာအုပ်ကိုလည်း ရရှိထားပြီး ဖြစ်လေသည်။

နောက်တချက်မှာလည်း သူ၏ မိခင်နှင့် သူသည် တမုဟုတ်ချင်း ချမ်းသာကြွယ်ဝမည့် သဌေးသားအမိ ဖြစ်တော့မည် မဟုတ်ပါလား။

သို့သော် ရှောင်းချူးစွေမှာ အလကား ရရှိသည့်ပစ္စည်းကို လိုချင်သည့်စိတ်ကတော့ လုံးဝမရှိပါပေ။

နောက်တဖန် သူ၏ဖခင်သည် သူတို့သားအမိအား သူကလေးငယ်ဘဝမှစ၍ ပစ်ပယ်ထားပြီး ယခုမှ မည်သည့်အတွက်ကြောင့် ပြန်အရှာခိုင်းပြီး ပစ္စည်းရတနာများကို ပေးရပါသနည်း။

သူ့အားလည်း မည်သည့်အတွက်ကြောင့် သိုင်းပညာများကို လေးငါးခြောက်နှစ်အတွင်း တတ်မြောက်အောင်သင်ကြားခိုင်းရပါသနည်း။

ထိုအချက်များသည် ရှောင်းချူးစွေအဖို့ ဘဝင် မကျနိုင်သော အချက်များပင် ဖြစ်နေပေသည်။

သူက ထန်ယင်းယီအား မေးလိုက်လေသည်။

'ကျုပ်အဖေက အခုဘယ်မှာလဲဗျ'

ထန်ယင်းယိက လေးစားစွာ ပြန်ပြော လိုက်လေသည်။

'ကျေးလင်မြို့တော်မှာ နေပါတယ်'

'ကျုပ်ကို သိုင်းပညာချက်ချင်းသင်ခိုင်းတဲ့ ရည်ရွယ်ချက်က ဘာလဲဗျ'

'အဲဒါကိုတော့ ကျုပ်လဲမသိပါဘူး သခင်လေး'

ရှောင်းချူးစွေသည် အတန်ကြာအောင်ပင်တွေဝေ၍ စဉ်းစားနေပေသည်။

'သူက အမေ့ကို ဘာဖြစ်လို့ ပစ်ပယ်ထားရတာလဲ'

ထန်ယင်းယိက ခေါင်းယမ်းလိုက်လေ့သည်။

'ဆရာကြီးရဲ့ ခွင့်ပြုချက်မရှိပဲ ကျုပ်မှာ ဘာမှ ပြောပိုင်ခွင့် မရှိပါဘူး၊ ခွင့်လွှတ်ပါ'

ထန်ယင်းယိသည် အလွန်သစ္စာရှိသော တပည့်ကောင်းတဦး ပင် ဖြစ်ပါသည်။ ကျူးဝေက သက်ပြင်းတချက် ချလိုက်လေ သည်။

'ဒါတွေ ဘာလို့ သိချင်နေရတာလဲ သားရယ်'

'ရှောင်ချူးစွေသည် သူ၏ မိခင်အား လှမ်းကြည့်လိုက်လေ သည်။

'အမေကတော့ ကျွန်တော့်ကို အခုထက်ထိ မပြောပြနိုင် သေးဘူးလား၊ အမေနဲ့ ကျွန်တော်ရဲ့ကြားမှာ ဘာကြောင့် လျှို့ ဝှက်ထိန်ချန်မှုတွေ ထားနေရတာလဲ'

ကျူးဝေသည် သက်ပြင်းတခုကို လေးပင်စွာချလျက်…





'သား၏ အဖေကိုယ်တိုင် ပြန်ရှင်းပြတာက ပိုပြီးကောင်းပါ လိမ့်မယ်သားရယ်'

ရှောင်းချူးစွေသည် မကျေမနပ်နှင့် မျက်နှာကိုတဘက်သို့ လှည့်လိုက်လေသည်။ ပြီးနောက် သူက ထန်ယင်းယိ ဘက်သို့ လှည့်၍…

'ဘဘ အခုပေးလိုက်တဲ့ ငွေတွေနဲ့ ကျောက်သံပတ္တမြားတွေ က ကျွန်တော့် အဖေရဲ့ ကိုယ်ပိုင်ပစ္စည်းတွေပေါ့ ဟုတ်လား'

'ဟုတ်ပါတယ် လူလေးရယ်'

'အခု အဲ့ဒါတွေကို ကျွန်တော်သားအမိအတွက် အပြီးအပိုင် ပေးတာလား'

ထန်ယင်းယိက ခေါင်းကို ဆတ်ကနဲညိတ်၍…

'ခု ပေးလိုက်တာတွေတင် မကပါဘူး၊ ကျေးလင်မြို့မှာရှိတဲ့ သူပိုင်ပစ္စည်းတွေကိုလဲ လူလေးတို့ပဲ ပိုင်ဆိုင်တယ်ဆိုတာ ပြော လိုက်ပါသေးတယ်'

'သူက နောက်အိမ်ထောင်ပြုထားတာလား'

'လုံးဝမပြုပါဘူး၊ အခုအချိန်အထိ တယောက်တည်းပါပဲ'

ရှောင်းချူးစွေက ခေါင်းညိတ်လိုက်လေသည်။ သူ၏ စိတ် ထဲတွင် အနည်းငယ် ကျေနပ်မှု ရရှိသွားသည်ဟု ထင်လိုက်ရ သည်။

'ဒါဖြင့်… ကျွန်တော့်မှာ ဆန္ဒတခုရှိနေတယ်'

'ဟုတ်ကဲ့… ပြောပါလူလေး'

'ကျွန်တော့် အဖေနဲ့သွားတွေ့မယ်'

ကျူးဝေက ထန်းယင်းယိ၏မျက်နှာအား လှမ်းကြည့်လိုက်သည်။

ထန်ယင်းယိက…

'ကောင်းပါတယ် လူလေး'

'ကျွန်တော့်အဖေနဲ့တွေ့ရပြီးမှ သူ့ရည်ရွယ်ချက် ဘာရှိတယ်ဆိုတာ သိရမှာပါ၊ ဒီတော့မှပဲ ကျွန်တော် ဒီစာအုပ်ထဲက သိုင်းပညာကို သင်သင့် မသင်သင့် ဆုံးဖြတ်တော့မယ်'

'ဟုတ်ကဲ့…. ကောင်းပါတယ်'

'ဘဘ ကျွန်တော့်ကို အကူအညီတခုပေးပါ'

'ပြောပါ လူကလေး'

'ဘဘ အနေနဲ့ ဒီစန်းစိမ်မြို့မှာပဲ ဂေဟာအသစ်တခုကို တည်ဆောက်ပေးပါ၊ ဘယ်သူကမေးမေး ကျွန်တော်တို့ သားအမိ နာမည်မပေါ်ပါစေနဲ့၊ အဆောက်အအုံ ပြီးသွားတဲ့အခါကျယင် အဲဒီ အဆောက်အအုံကို 'ရှောင်းဂေဟာ' လို့ နာမည်တပ်ထားပေးပါ'

ထန်ယင်းယိက သေချာစွာ နားထောင်၍ ခေါင်းညိတ်ပြလိုက်လေသည်။

'ကောင်းပါပြီ လူကလေး၊ စိတ်တိုင်းကျ အားလုံး ဆောင်ရွက်ပေးပါ့မယ်'

ရှောင်းချူးစွေသည် သူ့မိခင်ဘက်သို့ လှည့်လိုက်ပြီး…

'အမေ ဘဘကိုငွေနဲ့ပစ္စည်းတွေ ဂေဟာဆောက်ဖို့ပေးခဲ့ပါ'

ကျူးဝေမှာ မျက်လုံးပြူးသွားလေသည်။

'အမေက ဒီမှာ မနေခဲ့ရဘူးလား'





'ကျွန်တော်နဲ့ ခဏတော့ လိုက်ခဲ့ပါ'

'ဘယ်ကိုလဲ'

'အဖေ့ဆီကို'

'ဖြစ်နိုင်ပါ့မလား သားရယ်'

'အမေမပါယင် ကျွန်တော် ဘယ်မှမသွားတော့ဘူး'

* * *

သိုင်းဆရာကြီး စွမ်းချင်ချူ။

သူသည် သိုင်းကစားနေသော သဌေးသားကလေး ဝမ်းရှမ်းအား ကြည့်၍ အားမရအောင် ဖြစ်နေပေသည်။

ဝမ်းရှမ်း၏ လှုပ်ရှားပုံမှာ လျော့လျည်းလျော့လျဲ နိုင်လှပေသည်။

သိုင်းပညာကို လိုချင်၍ သင်ကြားနေသည် မှန်သော်လည်း သဌေးသားတယောက် ဖြစ်ခဲ့သည်မို့ အပင်ပန်းခံလိုသောစိတ်ဓာတ်က အလွန်နည်းပါးလှသည်။

တခါတရံ သူလှုပ်ရှားနေပုံမှာ သိုင်းပညာကို စိတ်ပါဝင်စားစွာ လိုလိုလားလား သင်ယူနေသည့် ပုံမျိုးမဟုတ်ပဲ အလုပ်တခုကို တာဝန်အရ လုပ်ကိုင်နေရသည့်ပုံစံမျိုး ဖြစ်နေပေသည်။

ထို့ကြောင့် ဆရာကြီး စွမ်းချင်ချူသည် သူ၏အနားသို့ လျှောက်သွားပြီး ဝမ်းရှမ်းကစားနေသောခေါးကို လှမ်းယူလိုက်ကာ သူကိုယ်တိုင် နည်းစနစ်ကျစွာဖြင့် မည်သို့ကိုင်ရမည်ကို ပြသလိုက်ပေသည်။

သူသည် သုံးလေးကွက်မျှ ပြသပြီးနောက်…

'ငါ့တပည့်ကို ဆရာကြီး တခုလောက်ပြောချင်တယ်၊ သိုင်းပညာဆိုတာ ပေါ့ပေါ့တန်တန်ထားလို့ မရဘူးကွ၊ ဒီပညာကို တကယ်တမ်း လိုချင်ပြီဆိုယင် ကိုယ်တိုင်ကလဲ အပင်ပန်းခံမှဖြစ်မှာ'

ဝမ်းရှမ်းက ဘာမှ ပြန်မပြောပဲ နားထောင်နေပေသည်။

သို့သော် သူ၏မျက်လုံးသည် ခပ်လှမ်းလှမ်း၌ ခေါးရေးလေ့ကျင့်နေသော စွမ်းစွမ်းထံသို့သာ မကြာခဏ ရောက်ရှိနေပေသည်။

ထိုအချက်ကို စွမ်းချင်ချူ ရိပ်စားမိသည်။ ထို့ကြောင့် ဆက်၍ ပြောလိုက်လေသည်။

'နောက်တချက်ကတော့ ပညာသင်တဲ့ အချိန်မှာ အနှောင့်အယှက် ဖြစ်မှယ့်စိတ်တွေ မဝင်စေချင်ဘူး၊ ဒီအခါမှာ စီးပွားရေးကိစ္စကိုလဲ မတွေးတောရဘူး၊ လူမှုရေးကိစ္စကိုလဲ မစဉ်းစားရဘူး၊ အိမ်ထောင်ရေးကိစ္စကိုလဲ ထည့်မသွင်းရဘူး'

ဆရာကြီးစွမ်းချင်ချူက ပြောနေယင်းမှ ဝမ်းရှမ်း၏မျက်နှာကို အကဲခတ်ကြည့်ရှုလိုက်လေသည်။ ဝမ်းရှမ်း မျက်နှာတချက်ပျက်သွားသည်ကို တွေ့ရှိလိုက်ရသည်။

ဆရာကြီး စွမ်းချင်ချူက ဆက်လက်၍…





'အဲဒါတွေကို စိတ်အာရုံရောက်နေယင် ကိုယ်လုပ်နေတဲ့အလုပ်ဟာ အမှားမှားအယွင်းယွင်းတွေဖြစ်ပြီး ဘယ်တော့မှ ခရီးလဲ မတွင်ကျယ်ဘူး၊ ငါပြောတာ မင်းနားလည်ရဲ့လား'

ဝမ်းရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်တော် နားလည်ပါတယ်ဆရာကြီး'

စွမ်းချင်ချူသည် ထိုသို့ပြောပြီးနောက် ဝမ်းရှမ်းအားခေါးကို ပြန်လည်ပေးလိုက်ပြီး လေ့ကျင့်ခိုင်းလိုက်သည်။ ထိုအခါမှ ဝမ်းရှမ်းသည် စွမ်းချင်ချူပြသထားသည့် အတိုင်း သိုင်းကွက်များကို သွက်သက်စွာဖြင့် လေ့ကျင့်တော့သည်။

စွမ်းချင်ချူက ဘေးမှနေ၍ အမှားများကို ပြုပြင်ပေးယင်း မှန်ကန်သည့် နည်းစနစ်များကို တကွက်ပြီးတကွက် ပြသပေးနေပေသည်။

နာရီပေါင်း အတော်ကလေးကြာလာသောအခါ ဝမ်းရှမ်းသည် မောပန်းလာပြီဖြစ်သဖြင့် စွမ်းချင်ချူက ခေတ္တအနားပေးလိုက်သည်။ မောပန်းစွာဖြင့် ထိုင်ချလိုက်သော ဝမ်းရှမ်းကိုကြည့်ယင်း စွမ်းချင်ချူက ပြုံးလိုက်သည်။

'ဘယ့်နှယ့်လဲ တော်တော်မောသွားပြီလား ငါ့တပည့်'

ဝမ်းရှမ်းက ပြုံးလိုက်ပြီး…

'ဟုတ်ကဲ့ တော်တော်တော့ မောသွားပါတယ်ဆရာကြီး'

'အခု မင်းသင်နေတာတွေဟာ သိုင်းပညာရဲ့ အစပဲရှိသေးတယ်၊ ဒါထက် အမောခံနိုင်အောင် မင်းလေ့ကျင့်ရအုံးမယ်'

စွမ်းချင်ချူက ထိုသို့ပြောယင်း စွမ်းစွမ်းအား လက်ညှိုးထိုးပြလိုက်လေသည်။

'ဟိုမှာ ငါ့တူမလေး စွမ်းစွမ်းကိုကြည့်၊ အချိန်လဲ အတော်ကြာပြီ၊ အခုထက်ထိ သူမမောသေးဘူး၊ ကစားတာသွက်လက်နေတုန်းပဲ၊ အဲဒါဟာ အလေ့အကျင့်ပဲ'

'ကျွန်တော် သဘောပေါက်ပါတယ်ဆရာကြီး'

စွမ်းချင်ချူက ငေးမောစဉ်းစားနေရာမှ…

'နောက်တနှစ်ဆိုယင် စွမ်းစွမ်းကို ငါက ဒါ့ထက်အဆင့်မြင့်မားတဲ့ သိုင်းပညာတွေကို သင်ကြားပေးရအုံးမယ်'

'အခုလဲ စွမ်းစွမ်းဟာ အင်မတန်ထက်မြက်တဲ့ သိုင်းပညာရှင်မလေးတယောက် ဖြစ်နေပြီပဲ ဆရာကြီးရဲ့'

စွမ်းချင်ချူသည် ခေါင်းကို ခါယမ်းလိုက်လေသည်။

'မင်းအနေနဲ့တော့ သူ့ပညာကို သိပ်ထက်မြက်နေပြီလို့ထင်ကောင်းထင်လိမ့်မယ်၊ဒါပေမယ့် ငါကတော့ အားမရသေးဘူး'

စွမ်းချင်ချူသည် ထိုသို့ပြောပြီး ထွက်ခွာသွားတော့သည်။

ဝမ်းရှမ်းသည် တယောက်တည်းကျန်ခဲ့သည်။ မကြာမီပင် စွမ်းစွမ်းက သူ့အနားသို့ရောက်လာသည်။

'ရှင့်ကို ဘဘ ဘာတွေပြောသွားသလဲ'

ဝမ်းရှမ်းက စွမ်းစွမ်းအား ခေါင်းမော၍ ကြည့်လိုက်လေသည်။

'သိုင်းပညာသင်ကြားမှုနဲ့ ပတ်သက်ပြီး ဆုံးမ စကားတွေ ပြောသွားတာပါ၊ နောက်ပြီး…'

စွမ်းစွမ်းက သူ့အား မျက်လုံးစွေ၍ ကြည့်လိုက်၏။

'နောက်ပြီး ဘာဖြစ်သလဲ ဆက်ပြောပါအုံး'





'ရှေ့နှစ်ကျယင် စွမ်းစွမ်းကိုလဲ ဒါ့ထက်အစွမ်းထက်တဲ့ သိုင်းပညာတွေ သင်ကြားပေးရအုံးမယ်လို့ ပြောသွားသေးတယ်'

စွမ်းစွမ်းက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်တယ်၊ ကျွန်မကိုလဲ မကြာခဏပြောဖူးတယ်၊ တနေ့မှာ ကြီးမားတဲ့တာဝန်တခုကိုလဲ ထမ်းဆောင်ရမယ်လို့ ပြောထားသေးတယ်'

'ဘာတာဝန်လဲဆိုတာ စွမ်းစွမ်းက သိမထားဘူးလား'

စွမ်းစွမ်းသည် သက်ပြင်းတချက်ချလိုက်ပြီး…

'ကျွန်မက ဘဦးတယောက်ကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့ စိန်ခေါ်ရလိမ့်မယ်လို့ထင်တာပဲ'

ဝမ်းရှမ်းမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

'စွမ်စွမ်းက စိန်ခေါ်ရမှာဟုတ်လား'

စွမ်းစွမ်းက ခေါင်းညိတ်ပြယင်း…

'အင်း…ထင်တာပဲ'

ဝမ်းရှမ်းက သက်ပြင်းရှည်ကြီးတချက်ကို ချလိုက်လေသည်။

'ဘယ်တော့လောက်မှာ စိန်ခေါ်ရမှာလဲ'

စွမ်းစွမ်းသည် ခေါင်းကို တဖြည်းဖြည်းချင်းခါယမ်းလျက်-

'အခု လောလောဆယ်တော့ မဟုတ်သေးပါဘူး၊ နောက်ရှစ်နှစ် ကိုးနှစ်လောက်တော့ ကြာပါလိမ့်အုံးမယ်'

ဝမ်းရှမ်းက စိတ်ပျက်စွာဖြင့် သူ့နဖူးအား ရိုက်လိုက်လေသည်။ စွမ်းစွမ်းက နားမလည်စွာဖြင့် သူ့ကိုကြည့်လိုက်ပြီး…

'ရှင်က ဘာဖြစ်သွားတာလဲ'

'ဒါဆိုယင် ဒီကြားထဲမှာ စွမ်းစွမ်းကိုလက်ထပ်ခွင့်ဆရာကြီး ကပေးမှာမဟုတ်တော့ဘူးနော်'

'စွမ်းစွမ်းသည် အံ့သြသွားသော မျက်လုံးအစုံဖြင့် ဝမ်းရှမ်း အားကြည့်လိုက်လေသည်။

'ကျွန်မ က ဘယ်သူနဲ့ လက်ထပ်မှာမို့ ဘဘက ခွင့်မပြုရ မှာလဲ'

'ကျုပ်က ဆရာကြီးဆီမှာ လက်ထပ်ခွင့်တောင်းတော့မလို့'

'ဘယ်သူနဲ့လက်ထပ်မလို့ ခွင့်တောင်းမှာလဲ'

'စွမ်းစွမ်းနဲ့ပေါ့'

စွမ်းစွမ်းသည် သူမ၏ ရင်ဘတ်ကိုဖိ၍····

'ဘုရားသခင်···ရှင့်ကို ကျွန်မကပြန်ပြီး မေတ္တာရှိပါတယ်လို့ များ ပြောထားမိလို့လား'

ဝမ်းရှမ်းသည် စွမ်းစွမ်းအား ညှိုးငယ်စွာဖြင့် ကြည့်လိုက် သည်။

'စွမ်းစွမ်း ကျုပ်အပေါ်မှာ မေတ္တာမရှိနိုင်လောက်အောင် ကျုပ်မှာ ဘာချွတ်ယွင်းချက်တွေ ရှိနေတယ်ဆိုတာ မသိရဘူး လား၊ ကျုပ်မှာ စွမ်းစွမ်း သဘောမကျနိုင်တဲ့ ချွတ်ယွင်းချက် တွေရှိယင် ပြောပါ၊ ကျုပ်အကုန်လုံး ပြုပြင်ပါ့မယ်'

'ရှင့်မှာ ဘာမှချွတ်ယွင်းချက် မရှိပါဘူး'

'ဒါဖြင့် ဘာကြောင့် ကျုပ်မေတ္တာကို မတုံ့ပြန်နိုင်တာလဲ'

စွမ်းစွမ်းက သူ့ကို ပြုံး၍ကြည့်ယင်း....

စွယ်တော်ဦးစာပေ



'အချက်က နှစ်ချက်ရှိပါတယ်'

'ဘာများလဲဆိုတာ မသိရဘူးလား'

စွမ်းစွမ်းက သူမ၏လက်ညှိုးတချောင်းကို ထောင်လိုက်သည်။

'သိရပါတယ်၊ ပထမ အချက်ကတော့ ကျွန်မ ဒီကိစ္စကို အချိန်ယူပြီး စဉ်းစားချင်သေးလို့'

'နောက်တချက်ကော'

'နောက် တချက်ကတော့ ဘဘရဲ့ဆန္ဒကို ဖြည့်စွမ်းပြီးမှ ဘဘကလဲ လက်ထပ်ခွင့်ပေးလိမ့်မယ်လို့ ထင်မိလို့ပါ'

ဝမ်းရှမ်းက မကျေမနပ်ဖြင့် ပြန်ပေးလိုက်လေသည်။

'အကယ်၍ ကျုပ်က ဆရာကြီးကို ဖွင့်ပြောလို့ ဒီအတော အတွင်း နှစ်တွေမှာပဲ လက်ထပ်ခွင့်ပေးမယ် ဆိုယင်ကော'

စွမ်းစွမ်းသည် အသံလွင်လွင်ကလေးဖြင့် ရယ်မောလိုက် သည်။

'ဆရာကြီးက သဘောတူတဲ့တိုင် ကျွန်မကလဲ သဘောတူဖို့ လိုအုံးမယ်ထင်တယ်၊ ရှင် စိတ်ကူးယဉ်တာကို နည်းနည်း လျော့ ထားယင် ကောင်းမယ်နဲ့တူတယ်'

ဝမ်းရှမ်း အတန်ငယ် ဒေါသ ထွက်သွားပုံရလေသည်။

'စွမ်းစွမ်းက ကျုပ်ကို စိတ်ကူးယဉ်နေတာလို့ ဆိုလိုတာ လား'

'ဒီလိုလဲ ပြောတာမဟုတ်ပါဘူး၊ ရှင်တို့ ပညာသင်နေတဲ့ အချိန်မှာ အဲဒီလိုစိတ်ကူးယဉ်တာမျိုးရှိယင် နည်းနည်း လျော့ ထားပါလို့ ပြောချင်တာပါ'

စွယ်တော်ဦးစာပေ

ထိုအချိန်တွင် ဆရာကြီး စွမ်းချင်ချူက သူတို့ရှိရာလျှောက်လာသည်ကို မြင်လိုက်ရသဖြင့် ပြောလက်စ စကားများ ရပ်သွားတော့၏။

*　　　*　　　*

တိတ်ဆိတ်ငြိမ်သက်လှသည့် ထင်းစန်တောင်ပေါ်တွင် ဖြစ်သည်။

ထို တိတ်ဆိတ် ငြိမ်သက်မှုကြောင့်ပင် တရားအားထုတ်သူ၊ ကမ္မဋ္ဌာန်းထိုင်သူများနှင့် သိုင်း လေ့ကျင့်သူများသည် ထိုထင်းစန်တောင်အား ကြိုက်နှစ်သက်ကြခြင်း ဖြစ်လေသည်။

အနီရောင် ဝတ်စုံကလေးနှင့် မိန်းကလေးတဦးသည် ထိုထင်းစန်တောင်၏ တနေရာရှိ ကျောက်ဘုံးကြီးတတုံးပေါ်ရပ်ကာ သာယာလှသော တောတောင်၏အလှကို ကြည့်ရှုငေးမောနေပေသည်။

ထိုမိန်းကလေးကား....

သခင်ကြီး ကျောက်ဟန်၏ သမီး ကျောက်စီးယုံပင် ဖြစ်တော့သည်။

သူမသည် ဆရာကြီး ကျန်းဟိုထံမှ သိုင်းပညာများကိုလာရောက် သင်ကြားရန် ဤ ထင်းစန်တောင်သို့ ရောက်ရှိနေခြင်း





ဖြစ်ပေသည်။ ဆရာကြီး ကျန်းဟိုနှင့် သူမ၏ ဖခင်သည် ပညာသင်ဘက် သူငယ်ချင်းများ ဖြစ်သည့်အတွက်ကြောင့် သူမအားဆရာကြီး ကျန်းဟိုက ပို၍ ကြိုးစားပမ်းစား သင်ကြားပေးရှာပါသည်။

သိုင်း လေ့ကျင့် သင်ကြားပြီး၍ အားလပ်သော အချိန်များ၌ သူမသည် ကျောင်းနှင့်မနီးမဝေးတွင် ရှိနေသော ထိုကျောက်တုံးကြီးပေါ်တွင် လာရောက်ကာ အမြဲ အပန်းဖြေလေ့ ရှိပေသည်။

ထိုကျောက်တုံးကြီးပေါ်မှ ဆီး၍ ကြည့်မည်ဆိုပါလျှင် ဟိုအဝေးဆီမှ သာယာလှသော မြို့ကြီးများ၊ ရွာကြီးများကိုအတိုင်းသား မြင်နေရပေသည်။ ထို မြို့ကြီးမြို့ငယ်၊ ရွာကြီးရွာငယ်များထဲတွင် တနေ့ခရီးသာသွားရသော သူမတို့၏ 'စန်းစိမ်' မြို့ကလေးကိုလည်း လှမ်း၍ မြင်နေရပေသည်။

စန်းစိမ်မြို့ကလေးကို မြင်ရပြန်တော့ ဖခင်ကြီးကို သူမ သတိရမိသည်။ မျက်နှာငယ်ငယ်နှင့် နေထိုင် စားသောက်နေရရှာသော ကျူးဝေတို့ သားအမိကိုလည်း ကျောက်စီးယုံသည် မျက်လုံးထဲ၌ မြင်ယောင်လာပြန်သည်။

ကျူးဝေသည် လွန်စွာ သနားစရာကောင်းသည့် အမျိုးသမီးကြီးတဦးပင် ဖြစ်သည်။ သူမသည် ဆွေမရှိ၊ မျိုးမရှိနှင့် မျက်နှာငယ်ငယ်ဖြင့် နေထိုင်ရကာ သားတယောက်ကို လုပ်ကျွေးနေရသည့် သနားစရာကောင်းသော ကရုဏာရှင် မိခင်တဦး ဖြစ်လေသည်။

ကျောက်စီးယုံသည် လူချောလူခန့်ကြီး ရှောင်းချူးစွေ၏ မျက်နှာကိုလည်း မြင်ယောင်သာမိပြန်သည်။ ရှောင်းချူးစွေသည် သူမ၏ရင်ကို အမြဲဖိုလှိုက်စေသူတယောက် ဖြစ်ပါသည်။

ရှောင်းချူးစွေ၏ စူးရှတောက်ပြောင်လှသည့် မျက်လုံးအစုံနှင့် လှမ်းကြည့်ခြင်းကို ခံလိုက်သည့် အခါများတွင် သူမ၏နှလုံးသားသည် တုန်ခါသွားသည်ဟု ထင်မှတ်ရလေသည်။

ရှောင်းချူးစွေသည် စိတ်ထား သဘောထား ဖြူစင်လှသည်ဟု သူမက ထင်ထားမိသည်။ ဆင်းရဲ နွမ်းပါးလှသော်လည်း မရိုးသားသည့်အလုပ်ကို လုံးဝမလုပ်၊ မုသားပါသည့် စကားများကိုလည်း လုံးဝမပြောပေ။

အရာရာကိုလည်းသည်းခံနိုင်စွမ်းရှိ၍သူမသည်ရှောင်းချူးစွေအပေါ် အထင်ကြီး လေးစားရပါသည်။

သူမ သိုင်းပညာကို သင်ကြားလိုသော ရည်ရွယ်ချက်မှာလည်း သူ့ကိုပါ သူမနှင့်တပါတည်း ခေါ်ဆောင်ကာ သင်ကြားပေးလိုသည်က အဓိကပင် ဖြစ်သည်။ သူ့ကို အပါခေါ်လာခဲ့သော်သည်း မော့ရဲယီ၏ ဟန့်တားမှုကြောင့် သူ့ခမျာ သိုင်းပညာ မသင်ကြားရပဲ ပြန်သွားရရှာလေသည်။

ကျောက်စီးယုံမှာ စိတ်မကောင်းလှသော်သည်း တယောက်တည်း သိုင်းပညာကို ကြိုးစားစွာ သင်ယူနေလိုက်သည်။ သူမသာ သိုင်းပညာ တတ်မြောက်လာပါက ရှောင်းချူးစွေအား အကာအကွယ် ပေးနိုင်မည့်အပြင် သူမကိုယ်တိုင်လည်း သူ့ကို ပြန်လည် သင်ကြားပေးမည်ဟုလည်း ရည်ရွယ်ထားပေသည်။





တဆက်တည်းမှာပင် ကျောက်စီးယုံသည် မျက်စိထဲတွင် မော့ရဲယီ၏ မုန်းတီးရွံရှာဖွယ်အသွင်ကိုလည်း မြင်ယောင်လာလေသည်။

ထိုသူသည် လူဆိုးထိန်းတယောက်ဖြစ်သည်။

သို့သော် လူဆိုးထိန်း ဆိုသည်မှာ မကောင်းသူကိုပယ်၍ ကောင်း သူ ကို ကယ် တင် ရ မည် ဖြစ် သော် လည်း ရှောင်းချူးစွေကဲ့သို့ ဆင်းရဲပြီးရိုးသားကာ သနားစရာကောင်းသည့် လူမျိုးကို မည်သည့် အတွက်ကြောင့် ရန်ရှာချင်ရပါသနည်း

'သူက နင့်ကိုကြိုက်နေတော့ မနာလိုဘူးဟ'

ရှောင်းချူးစွေ၏ စကားသံက သူမနားထဲသို့ ပြန်ဝင်လာသည်။ ရိုးသားစွာနှင့် ပွင့်ပွင့်လင်းလင်း ပြောတတ်သော ရှောင်းချူးစွေကို သူမ ပြန်လည် မြင်ယောင်လာမိပြန်သည်။ သူမ၏ အတွေးကမ္ဘာထဲတွင် ရှောင်းချူးစွေသည် အမြဲလိုလို လွှမ်းမိုးရောက်ရှိလာသူဖြစ်သည်။ သူမသည် တကိုယ်တည်း တွေးနေရာမှ မပွင့်တပွင့်ကလေးပြုံးလိုက်လေသည်။

'ခုနေတော့ မတတ်သာသေးလို့ပါ၊ တချိန်မှာတော့ •• ရှောင်း၏ ဘဝကို လှပအောင် ကျွန်မ ဖန်တီးပေးပါ့မယ်'

တကိုယ်တည်း တိုးတိုးကလေးပင် ညည်းတွားလိုက်မိသည်။

ထိုအချိန်မှာပင် သူမ၏အတွေးများ အဝေးသို့ လွင့်စဉ်သွားပါသည်။ အကြောင်းမှာ အဝေးမှလာသော မြင်းခွာသံများကို ကြားလိုက်ရသောကြောင့်ပင် ဖြစ်သည်။ ကျောက်စီးယုံသည် တခါတရံ ညများ၌ မြင်းခွာသံများကို ကြားမိလေသည်။

F.10

သို့သော် သူမက အမူမဲ့ အမှတ်မဲ့ပင် နေခဲ့မိသည်။ မြင်းခွာသံများသည် တဖြည်းဖြည်း နီးကပ်လာလေသည်။ သူမ၏ စိတ်ထဲတွင် စူးစမ်းလိုသော စိတ်များက တဖွားဖွား ပေါ်ပေါက်လာသဖြင့် ကျောက်တုံးတခုကို အကာအကွယ်ယူ၍ ပုန်းအောင်း ကြည့်ရှုနေလိုက်သည်။ သူမပုန်းကွယ်ရာနှင့် ခပ်လှမ်းလှမ်းတွင် တောင်ပေါ်သို့ တက်သည့် လမ်းတလမ်းက ရှိနေပေသည်။

မကြာမီမှာပင် တောင်ပေါ်လမ်းအတိုင်း အပြေးအလွှားတက်လာသော မြင်းသုံးကောင်ကို သူမ တွေ့လိုက်ရသည်။ ထိုမြင်းသုံးကောင်ကို စီးနင်းလာသော လူသုံးယောက်ကိုတွေ့လိုက်ရသောအခါ သူမ၏ မျက်လုံးအစုံမှာ ပြူးကျယ်၍သွား၏။

အကြောင်းမှာ…

မြင်းပေါ်မှ လူသုံးဦးသည် အနက်ရောင် မျက်နှာဖုံးများနှင့် သူတို့၏မျက်နှာများကို ဖုံးအုပ်ထားသောကြောင့်ပင် ဖြစ်သည်။ သူတို့၏ တကိုယ်လုံးတွင် အနက်ရောင် ဝတ်စုံများကို ဝတ်ဆင်ထားပေသည်။ ကျောက်စီးယုံ၏ စိတ်ထဲတွင် အံ့အားသင့်သွားလေသည်။

မည်သည့်နည်းနှင့်မျှ ထိုလူများသည် လူကောင်းများမဖြစ်နိုင်ပါ။

အကြောင်းမှာ လူကောင်းဆိုလျှင် အဘယ်ကြောင့် မျက်နှာဖုံးများ စွပ်ထားရသနည်း၊ သူတို့သည် မည်သည့်နေရာသို့ သွားနေကြပါသနည်း၊ မည်သည့်ကိစ္စကြောင့် ဖြစ်ပါသနည်း၊ မြင်းစီးသမားများက သူမကို ကျော်ဖြတ်၍ သွားကြသည်၊





ကျောက်စီးယုံက ချုံပင်များကို ကွယ်၍ သူတို့၏ နောက်မှ အပြေးအလွှားလိုက်၍ကြည့်သည်။

မြင်းသုံးကောင်သည် တောင်ပေါ်ပင် ဖြစ်လင့်ကစား ခပ်ကြမ်းကြမ်း ပင် ပြေးတက်သွားကြသည်။ ထို့ကြောင့် ကျောက်စီးယုံ သူတို့ကို မမီနိုင်ပါ။ ကျောက်စီးယုံက ထိုမြင်းသုံးကောင်အား မျက်စိတဆုံး ကြည့်နေမိသည်။

မြင်းသုံးကောင်သည် ထူထပ်သော တောအုပ် အတွင်းသို့ ဝင်ရောက် ကွယ်ပျောက်သွားတော့၏။

ကျောက်စီးယုံ၏ စိတ်ထဲတွင် မကျေမနပ် ဖြစ်သွားမိသည်။ ထိုလျှို့ဝှက်သော သူများအား မည်သူမည်ဝါ ဖြစ်သည်ကို လွန်စွာမှ သိချင်သောစိတ်ဆန္ဒက သူမထံတွင် ပြင်းပြစွာ ဖြစ်ပေါ်နေသည်။

ကျောက်စီးယုံသည် မတရားသောအလုပ်များနှင့် ဒုစရိုက်လုပ်ငန်းများကို လုံးဝ နှစ်သက်သူတဦး မဟုတ်ပေ။

ကိုယ်နှင့်ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ပတ်သက်သည်ဖြစ်စေ၊ မပတ်သက်သည်ဖြစ်စေ စပ်စပ်စုစုပင် အမြဲသိချင်နေသူ ဖြစ်သည်။

မည်သည့်ကိစ္စတွင်မဆို အမှန်တရားဘက်မှသာ အမြဲရပ်လိုသောဆန္ဒက ကျောက်စီးယုံရင်ထဲတွင် အမြဲကိန်းအောင်း၍နေသည်။

အထူးသဖြင့် လွန်ခဲ့သောနေ့ကဖြစ်သည့် ကိစ္စ။

သူမသည် ကျူးဝေအား အကျိုးအကြောင်းပြောရန် စန်းစိမ်မြို့ထဲသို့ပြန်လာခဲ့သည်။ ထိုအခါ အိမ်တွင်တဦးတယောက်မှ

မရှိ၍ မေးမြန်းကြည့်သောအခါ သဌေးကျန်းယု၏အိမ်မှခေါ် သွားသည်ဟု သိရသည်။

သူမက မည်သည့်ကိစ္စကြောင့်များ ခေါ်သွားရပါသနည်းဟု စဉ်းစားယင်း လာခဲ့ရာမှ မမျှော်လင့်ပဲ အရက်ဆိုင်တဆိုင်တွင် အရက်မူးမူးဖြင့် ပိုးဖဲစတစကို ရောင်းနေသောကျို့ပုအား တွေ့ရှိလိုက်လေသည်။

ထိုအခါ သူမက စဉ်းစားလိုက်သည်။

ကျို့ပုသည် ကျန်းယုအိမ်မှ အလုပ်သမား ဖြစ်သည်။ယခု သူရောင်းနေသောပစ္စည်းကလည်း အဖိုးတန်သောပစ္စည်းဖြစ်၏။

ထိုအဖိုးတန်သောပစ္စည်းကို သဌေးကျန်းယုသည် ဘယ်နည်းနဲ့မှ ရောင်းခိုင်းမည်မဟုတ်ပါ။

သူသည် ခိုးဝှက်လာခြင်းသာ ဖြစ်ရမည်။

တဖန် ကျူးဝေတို့သားအမိကိုလည်း ထိုအိမ်က ခေါ်သွားသည်ဆို၍ ကျောက်စီးယုံမှာ အခြေအနေကို ရိပ်စားမိသွားပြီး ထိုအဝတ်စအား ကျို့ပုထံမှ ဝယ်ယူလိုက်လေသည်။

သူဝယ်ယူလိုက်ခြင်းမှာ မမှားပါ။

သူမထင်လိုက်သည့် အတိုင်းပင် ကျူးဝေတို့ သားအမိအား ထိုပိတ်စအမှုနှင့် လူဆိုးထိန်း မော့ရဲယီက စစ်ဆေး နေသည်ကို တွေ့လိုက်ရသည်မဟုတ်ပါလား။

ထိုနေ့က မော့ရဲယီ၏ အရှက်ကို ခွဲသိုက်ရသဖြင့် ကျောက်စီးယုံ ကျေနပ်ခဲ့ရသော်လည်း ယခုမူ ကျောက်စီးယုံသည် မြင်းသုံးကောင်နှင့် လူသုံးယောက်ကိစ္စအတွက် မကျေမနပ်ဖြင့် ထိုနေရာမှ လှည့်ပြန်လာခဲ့ရလေသည်။





သူမသည် ထိုသို့လှည့်ပြန်လာယင်းမှ မနေ့က ကျူးဝေတို့ လာရောက် ခေါ်ဆောင်သွားသော အတိုးအိုအား သတိရရှိသွားပြန်သည်။

ထိုအတိုးအိုနှင့် ကျူးဝေတို့သားအမိသည် မည်ကဲ့သို့ ပတ်သက်နေပါသနည်း၊ ဆွေမျိုးရင်းချာပေလား၊ မိတ်ဆွေရင်းများပေလား၊ ထိုအတိုးအိုကိုကြည့်ရသည်မှာတော့ သိုင်းသမားတဦးနှင့် တူလှပေသည်။

အကယ်၍သာ အတိုးအိုသည် ကျူးဝေတို့ သားအမိနှင့် အမျိုးတော်မည်ဆိုပါလျှင် ထိုအတိုးအိုသည် ရှောင်းချူးစွေအား သိုင်းပညာသင်ကြားပေးမည်မှာ အမှန်ပင် ဖြစ်သည်။

အမျိုးတော်ပါစေဟုသာ ကျောက်စီးယုံက တယောက်တည်း ဆုတောင်းလိုက်မိတော့သည်။

*　　*　　*

ရှောင်းချူးစွေသည် ရင်မောစွာဖြင့် သက်ပြင်းတချက်ကို ချလိုက်လေသည်။ သူ သက်ပြင်းချလိုက်ရသည့် အကြိမ်ပေါင်းမှာ ရေတွက်၍ပင်မရနိုင်အောင်ရှိချေပြီ။

သူ ဤနေရာသို့ လာရောက်ရသည်မှာ နှစ်ရက်ရှိပြီဖြစ်လေသည်။

မနေ့ကလည်း အချိန်သာကုန်ဆုံးသွား၏။ သူတွေ့ချင်သော ချစ်ရသူ လမင်းသမီးကလေးကား ရောက်မလာပါ။ ယနေ့လည်း သူသည် စောစီးစွာပင် ဤနေရာသို့ရောက်ရှိနေခဲ့သည်။ သို့သော် လမင်းသမီးကလေး၏ အရိပ်အရောင်ကိုမျှ မမြင်ရသေးပေ။

သူက လမင်းသမီးလေး၏ အကြောင်းကို ရင်မောစွာဖြင့် တွေးနေမိသည်။

မည်သည့်နေရာတွင်နေထိုင်၍ မည်သည့်အလုပ်တွေများ လုပ်ကိုင်နေရပါသလဲ လမင်းသမီးကလေးရယ်၊ ကိုယ့်ရင်ထဲကို ဝေဒနာတွေ ပေးဖို့များ ဝင်ရောက်လာခဲ့တာလားဟုလည်း နှမ်းလျရင်မောစွာဖြင့် ညည်းတွားမိပြန်သည်။

လောကကြီးသည် အရာရာ ပဟေဠိဆန်နေသလို ကံတရား၏ အလှည့်စားပုံကလည်း မယုံကြည်နိုင်အောင်ကိုရှိချေသည်။

ယခုဆိုလျှင် သူ့ဘဝသည် ပူပင်သောကမရှိရသော အခြေသို့ရောက်ရှိနေရပြီဖြစ်သည်။ သူ၏ မိခင်ကြီးမှာလည်း မျက်နှာငယ်နှင့် သူများအိမ်တွင် အလုပ်လုပ်ကိုင်စရာမလိုတော့ပါ။

သူ့ဖခင်ဆိုသူက ပေးလိုက်သည့်ပစ္စည်းများသည်မယုံကြည်နိုင်အောင်ပင် များပြားလှ၏။ ဘဝကိုပင်ပန်းဆင်းရဲစွာ ရုန်းကန်ခဲ့ရသောမိခင်အား သူ လွန်စွာမှသနားမိသည်။ ထို့ကြောင့် မိခင်ကြီးကို သူက ပြန်လည်၍စိတ်ချမ်းသာစေချင်သည်။

လူသားများသည် ငွေရှိတိုင်းလည်း စိတ်ချမ်းသာကြမည်မဟုတ်။





ထိုငွေများသည် လူတယောက်၏ အတွင်းသောကကို ကုန်စင်ပပျောက်အောင် မစွမ်းဆောင်နိုင်ပေ။

လင်နှင့်မယားဟူ၍ ဖြစ်လာခဲ့ကြပြီးသည့်နောက်တွင် လင်ယောကျ်ားက သားမယားကိုချစ်ပြီး သားမယားကလည်း လင်ယောကျ်ားကို ပြန်လည်၍ မြတ်နိုးသည်မှာ ဓမ္မတာဖြစ်၏။

သူတို့သည် တချိန်က အဆင်မပြေ၍ ကွဲကွာခဲ့ကြသော်လည်း ယခုအခါမှာ ဖခင်က သူ၏အမှားကိုသိ၍ သူတို့သားအမိကို မရမကလိုက်ရှာခိုင်းကာ ပစ္စည်းများကိုပုံပေးလေသည်။

သူ့ဖခင်သည် သူ့အမေအပေါ် သံယောဇဉ် မပြတ်၍သာ ဖြစ်ပေမည်။ အမေဖြစ်သူကလည်း မလွှဲသာ၍သာ ကွဲခဲ့ကြရသော်လည်း အဖေ့အပေါ် နာကျည်းချင်မှ နာကျည်းနေပေလိမ့်မည်။

ဖခင်ကလည်း သံယောဇဉ်မပြတ်၊ မိခင်ကလည်း သံယောဇဉ်မကုန်သေးဟုဆိုလျှင် သူတို့နှစ်ယောက် ပြန်လည်ပေါင်းစည်းရေးကို ရှောင်းချူးစွေက ပြန်လည်ဆောင်ရွက်ပေးလို၏။

ထို့ကြောင့်လည်း ကွေးလင်မြို့ရှိ ဖခင်ထံသို့သွားသည့်အခါတွင် မိခင်ကိုပါ ခေါ်ဆောင်သွားလိုပေသည်။ ကျူးဝေက အတန်တန်ငြင်းပယ်သော်လည်း ရှောင်းချူးစွေကမရမကပြောသဖြင့် ယခုအခါ သဘောတူထားပြီးဖြစ်၏။

သို့သော် ရှောင်းချူးစွေက ခရီးမထွက်ခွာမီ သူချစ်သော လမင်းနှင့် တွေ့လိုသေးသည်။

ထို့ကြောင့် သူသည် လမင်းအား စောင့်မျှော်နေသည်မှာ နှစ်ရက်ရှိပြီဖြစ်၏။

လမင်းသမီးကလေးအား သူတို့၏အကြောင်းကို ဖွင့်ပြောပြပါလျှင် မည်မျှဝမ်းသာလေမည်နည်း။

သို့သော် သူက ဖွင့်ပြောရဲမည်မဟုတ်ပါ။

အကယ်၍သာ သူတို့ချမ်းသာသွားသည်ကို လမင်းသမီးက ကြည်ဖြူစွာလက်ခံလိုက်လျှင် ကောင်းပါ၏။ ထိုသို့မှ လက်မခံပဲ ချမ်းသာသည့်သူကို မုန်းနေပါလျှင် အခက်ကြုံရမည် ဖြစ်သည်။

လောကတွင် ရှောင်းချူးစွေ မလိုလားဆုံးက လမင်းသမီးကလေး၏ အမုန်းပင်ဖြစ်သည်။ ရှောင်းချူးစွေသည် လမင်းသမီးကလေးအား အသည်းနှင့်အောင်ချစ်ခဲ့မိပြီမဟုတ်ပါလား။

ဘေးပါးကလေးများသည် သစ်ပင်ကြီး၏ပင်စည်၌ တလက်ပြီးတလက်စိုက်ဝင်နေသည်။

ရှောင်းချူးစွေက ပြန်လည်၍ဆွဲနုတ်လိုက်၊ ထပ်မံ၍ပစ်ပေါက်လိုက်နှင့် အချိန်တွေသာ တရွေ့ရွေ့ကုန်ဆုံးနေ၏။

ရှောင်းချူးစွေ၏စိတ်မှာ တဖြည်းဖြည်းလေးပင်၍ လာပေသည်။





သူက တွေးတောငေးမောလျက် ခပ်ဝေးဝေးတနေရာဆီသို့ လှမ်းကြည့်လိုက်သောအခါတွင်သည်း မြေကွက်လပ်ကြီးတနေရာတွင် အလုပ်သမားများစွာက အလုပ်လုပ်နေသည်ကို တွေ့မြင်ရလေသည်။

ထိုအလုပ်သမားများထဲတွင် အသက်ငါးဆယ်ခန့်ရှိသည့် ခန့်ညားသော အဘိုးအိုတယောက်က ညွှန်ကြားပြသနေသည်ကို လှမ်းမြင်နေရ၏။

အဘိုးအိုဟုပင်ခေါ်ရသော ထိုခန့်ညားသည့်လူကြီးမှာ ထန်ယင်းယိပင် ဖြစ်လေသည်။

ထန်ယင်းယိသည် ရှောင်းချူးစွေ၏ ခိုင်းစေမှုကြောင့် ရှောင်းဂေဟာကြီးကို ဖန်တီးနေသည် မဟုတ်ပါလား။

ရှောင်းချူးစွေသည် တနေ့တချိန်တွင် သူစံမြန်းရမည့် ဂေဟာကြီးဆောက်လုပ်နေသည်ကို ငေးမောကြည့်ရှု နေစဉ်မှာပင် ကျောက်ခဲတလုံးက သူ၏နောက်ကျောသို့ လာရောက်ထိမှန်လေသည်။

ရှောင်းချူးစွေက ထိတ်လန့်တကြား နောက်သို့လှည့်ကြည့်လိုက်ရာ

အဖြူရောင်ဝတ်စုံကလေးနှင့် လှပစွာပြုံးရယ်နေသော သူအလွန်တွေ့ချင်နေသည့် လမင်းသမီးလေးကို တွေ့လိုက်ရတော့သည်။

* * *

'နှစ်ရက်တောင်ရှိပြီ လမင်းသမီးရယ်'

လမင်းသမီးကသူ့အား အံ့သြစွာဖြင့် လှည့်ကြည့်လိုက်လေသည်။

'ဘာဖြစ်လို့ ဒီလောက်ဒုက္ခခံပြီး စောင့်နေရတာလဲအစ်ကို'

'သြော်၊ မေးရက်လိုက်တာ လမင်းသမီးလေးရယ်၊ လမင်းသမီးလေးကိုပြောဖို့ စကားတွေ ရင်ထဲမှာအများကြီးရှိလို့ပေါ့'

လမင်းသမီးက မျက်မှောင်ကြုတ်လိုက်သည်။

'ကဲ ပြော၊ ဘာပြောချင်လို့လဲ'

ရှောင်းချူးစွေထံမှ တော်တော်နှင့်အသံထွက်မလာပါ။ သူသည် အဝေးတရာသို့ ငေးမော၍နေပေသည်။

လမင်းသမီးက စိတ်မရှည်ဟန်ဖြင့်

'အစ်ကိုဘာပြောမှာလဲဟင်၊ ပြောလေ'

ရှောင်းချူးစွေက သက်ပြင်းတချက်ချလိုက်လေသည်။

'အစ်ကိုခရီးထွက်စရာရှိလို့ ညီမကိုနှုတ်ဆက်ရအောင် စောင့်နေတာ'

လမင်းသမီးက အံ့သြသွားလေသည်။

'ခရီးထွက်မလို့ဟုတ်လား၊ ဘယ်ကိုသွားမှာလဲဟင်'

'အင်း၊ သွားရမယ့်ခရီးကတော့ အရှည်ကြီးပဲ၊ သိုင်းပညာသင်ကြားမလို့ပဲ ဆိုပါတော့'

လမင်းသမီးကလေး၏ မျက်နှာမှာ ရုတ်တရက် ရှင်လန်းဝမ်းမြောက်၍သွားသည်ကို တွေ့လိုက်ရသည်။





'ဟယ်၊ ဝမ်းသာလိုက်တာအစ်ကိုရယ်၊ အစ်ကို့ကို နာမည်ကျော်တဲ့ သိုင်းပညာရှင်ကြီးတယောက် ဖြစ်စေချင်တဲ့ဆန္ဒ ညီမမှာ အမြဲရှိနေတာမို့ ညီမရဲ့ဆန္ဒတွေ ပြည့်ဝတော့မယ်ပေါ့'

ရှောင်းချူးစွေက သူမအား ရွှန်းရွှန်းစားစား ကြည့်လိုက်လေသည်။

'ညီမက တကယ်ပြောတာလား'

သူမခေါင်းကိုညိတ်ပြလိုက်သည်။

'တကယ်ပြောတာပေါ့အစ်ကိုရဲ့၊ အစ်ကိုဟာဓားပစ်တဲ့ပညာမှာ အတော့်ကိုကျွမ်းကျင်နေတဲ့ လူတယောက်ပဲ၊ ဒီကြားထဲ သိုင်းပညာကိုပါ တတ်မြောက်မယ်ဆိုယင် နာမည်ကျော်သွားမယ့် မျိုးချစ်သိုင်းသမားကြီးတယောက် ဖြစ်သွားမှာ'

'ဒါဆိုယင် ညီမက အစ်ကို့ကိုခွဲနိုင်တယ်ပေါ့'

လမင်းသမီး၏မျက်နှာမှာ သိသိသာသာ ညှိုးငယ်သွားသည်ကို တွေ့လိုက်ရသည်။

'ကိုယ့်ချစ်သူပညာသွားသင်တာပဲ အစ်ကိုရယ်၊ လွမ်းတော့လွမ်းမှာပေါ့၊ ဒါပေမယ့် အစ်ကိုပြန်လာမယ့်ရက်ကိုပဲ ညီမကစောင့်ကြိုနေမှာပါ'

လမင်းသမီးလေး၏စကားက ရှောင်းချူးစွေ၏ရင်ကို ချမ်းမြေ့စေပါသည်။

'ညီမကလဲ သိုင်းပညာတတ်တယ်နော်'

'အင်း၊ နည်းနည်းပါးပါးတော့ တတ်ပါတယ်အစ်ကိုရယ်၊ ဒါပေမယ့် လူတယောက်ကို သင်ကြားပေးနိုင်လောက်အောင် မတတ်သေးလို့ အစ်ကို့ကိုမပြပေးတာပေါ့'

'အစ်ကို့ကို ဒီနေရာမှာပဲ လပြည့်ညတညမှာ ပြန်ဆုံကြရအောင်နော်'

လမင်းသမီးကသွက်လက်စွာ ခေါင်းညိတ်ပြလိုက်လေသည်။

'ညီမလပြည့်နေ့ညတွေကို အမြဲစောင့်ကြိုနေပါ့မယ်'

ချစ်သူနှစ်ဦး တယောက်ကိုအယောက် ရွှန်းရွှန်းစားစား ကြည့်လိုက်မိကြသည်။

ဝန်းကျင်တခုလုံးသည် ကျေးငှက်ကလေးများ၏ အော်သံမှအပ ပကတိတိတ်ဆိတ်ငြိမ်သက်နေ၏။

လမင်းသမီးက တစုံတခုကိုသတိရပြီး မေးလိုက်လေသည်။

'အစ်ကို့ရဲ့အမေပါ လိုက်မှာလား'

'ဟုတ်တယ်'

'ဒါဆိုယင် တနေ့ကညီမပြောတဲ့ အဘနဲ့အစ်ကိုတို့ တွေ့တာနဲ့တူတယ်'

'ဟုတ်တယ် ဟုတ်တယ်၊ ညီမတွေ့ခဲ့တဲ့ဘဘဟာ အစ်ကိုတို့ရဲ့အမျိုးတယောက်ပဲ၊ သူနဲ့ခဏလိုက်ပြီး သိုင်းပညာသွားသင်မလို့ပါ'

ရှောင်းချူးစွေသည် ထိုသို့ပြောယင်းမှ တနေရာသို့ လှမ်းကြည့်ကာ လမင်းသမီးလေးအား ပြောလိုက်လေသည်။

'အစ်ကိုမရှိတဲ့အခါ ညီမ ဒီကိုရောက်ခဲ့ယင် ဟောဟိုက အစ်ကိုတို့ရဲ့မြက်အိမ်ကလေးကို စောင့်ရှောက်လိုက်ပါနော်'

လမင်းသမီးလေးက ပြုံးရယ်လိုက်ပြီး မြက်အိမ်ကလေးကို လှမ်းကြည့်လိုက်သည်။





'မလျှောင်ပါနဲ့အစ်ကိုရယ်၊ မြက်အိမ်နဲ့နေတဲ့ လူတွေရဲ့ဘဝဟာ အင်မတန်ချမ်းမြေ့ပါတယ်၊ ညီမတကယ်ပဲ စောင့်ရှောက်ထားပါ့မယ်'

လမင်းသမီးသည် ထိုသို့ပြောနေရာမှ တနေရာသို့လှမ်းကြည့်လိုက်ပြန်သည်။

'အစ်ကို ဟောဟိုက အလုပ်သမားတွေက ဘာလုပ်နေကြတာလဲဟင်'

ရှောင်းချူးစွေမှာ ရုတ်တရက် မျက်နှာပျက်သွားသော်လည်း ပြန်လည်၍ ဣန္ဒြေဆည်ထားလိုက်လေသည်။

'ကျွေးလင်မြို့က သဌေးတဦး ဂေဟာလာဆောက်နေတာပါ'

လမင်းသမီးသည် စူးစမ်းသလိုနှင့် အတန်ကြာအောင်ပင် ငေးမောကြည့်ရှုနေလိုက်ပြီးမှ

'ဘာဂေဟာတဲ့လဲဟင်'

'ရှောင်းဂေဟာ'

လမင်းသမီး၏မျက်လုံးအစုံမှာ ပြူးကျယ်သွားတော့၏။

'အစ်ကို နောက်နေတာလား'

'မနောက်ပါဘူး၊ အစ်ကိုတကယ်ပြောနေတာပါ'

'ရှောင်းဂေဟာဆိုယင် အစ်ကိုတို့ရဲ့ အမျိုးအနွယ်ပဲပေါ့'

ရှောင်းချူးစွေက ရယ်မောလိုက်လေသည်။

'ရှောင်းဆိုတိုင်းလဲ ရှောင်းအမျိုးအနွယ်လို့ မထင်လိုက်ပါနဲ့ ညီမရယ်'

ရှောင်းချူးစွေက ဆက်၍ပြောလိုက်ပြန်သည်။

'တကယ်လို့သာ အစ်ကိုဟာ အဲဒီရှောင်းဂေဟာနဲ့ အရှင်သခင်ဆိုယင် ညီမကချစ်နိုင်ပါအုံးမလားဟင်'

လမင်းသမီးလေးက ချစ်စဖွယ်မျက်စောင်းကလေးထိုးလိုက်ပြန်သည်။

'သိပ်ပြီးတော့လဲ စိတ်ကူးယဉ်မနေနဲ့အုံး အစ်ကိုရယ်၊ ညီမပါ ဘဝင်တွေမြင့်နေအုံးမယ်'

သူတို့နှစ်ဦးစလုံးသည် လှိုက်လှဲစွာဖြင့် ရယ်မောကြလေ၏။ လမင်းသမီးက

'အစ်ကိုသာ ရှောင်းရဲ့အရှင်သခင်ဖြစ်ယင် အစ်ကိုကသာ ညီမကို မုန်းချင်မုန်းသွားမှာပါ၊ ဒါပေမယ် အဲဒီအချိန်မှာ ညီမ ဘဝ ဘယ်လိုနေရနေရပါ၊ အစ်ကို့ကိုကြည့်ပြီး ဝမ်းသာကြည်နူးနေမိမှာ အမှန်ပဲ'

ရှောင်းချူးစွေက သက်ပြင်းတချက် တိတ်တခိုး ချလိုက်မိသည်။

'အစ်ကို ညီမကို ဘယ်တော့မှမမုန်းပါဘူးဆိုတာ ညီမယုံပါ၊ အစ်ကိုချစ်တဲ့ညီမကို တချိန်မှာ အဲဒီလို ရှောင်းဂေဟာကြီးနဲ့ ထားနိုင်အောင် အစ်ကိုကြိုးစားမယ် သိလား'

'အခုလို ဇွဲအပြည့်နဲ့ မြင့်မြတ်တဲ့ ယောကျ်ား ကောင်းတယောက်ရဲ့ စိတ်ထားမျိုးကို ညီမက ချီးကျူး လေးစားပါ





တယ်၊ ဒါပေမယ့် ညီမဟာ မြက်အိမ်လေးကိုလဲ နှစ်သက်တတ်တဲ့သူပါ'

နှစ်ဦးစလုံး၏ မျက်နှာများမှာ အပြုံးပန်းများဝေဆာသွားတော့သည်။

နေမင်းသည် သူ၏ တနေ့တာ- တာဝန် ကုန်ဆုံး ပြီဖြစ်၍ အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ ငုပ်လျှိုး ကွယ်ပျောက်တော့မည်ဖြစ်လေသည်။

ရှောင်းချူးစွေသည် တ ရွေ့ ရွေ့ ထွက် ခွာ သွားနေသော လမင်းသမီးလေးကို မျက်စိတဆုံးကြည့်နေမိပြီးနောက် နွေးကွေးသော ခြေလှမ်းများနှင့် သူ၏မြက်အိမ်ဆီသို့ တလှမ်းချင်းလှမ်း၍ ပြန်လည်ရောက်ရှိလာ၏။

အမေသည် မြက်အိမ်ကလေးအတွင်း၌ အလုပ်ရှုပ်နေပေ၏။

သစ်လွင်သော အဝတ်အစားများကို ဝယ်ခြမ်းချုပ်လုပ်နေခြင်း ဖြစ်ပေသည်။ ထန်ယင်းယိကတော့ တနေရာတွင် စာရွက်တရွက် စုတ်တချောင်းနှင့် အလုပ်ရှုပ်နေ၏။ သူသည်ဂေဟာ၏ ပုံစံများကို ရေးဆွဲနေခြင်းပင်ဖြစ်သည်။

ရှောင်းချူးစွေက ထန်ယင်းယိအနားသို့သွားကာ

'ဘဘ ကျွန်တော်တို့ မနက်ဖြန်ကွေးလင်ကို သွားမယ်၊ အစစအရာရာ ဘဘပဲ ကြည့်ရှုစီမံထားပါ၊ အရေးအကြီးဆုံးအချက်ကတော့ လောလောဆယ်မှာ ကျွန်တော်တို့ သားအမိနှစ်ဦးရဲ့ အကြောင်းကို ဘယ်သူ့မှမပြောပါနဲ့အုံး'

ထန်ယင်းယိက ခေါင်းညိတ်ပြလိုက်လေသည်။

'စိတ်ချပါ လူကလေးရယ်'

ထို့နောက် ရှောင်းချူးစွေသည် သူ၏မိခင်ရှိရာသို့ ပြေးဝင်သွားပြီး

'အမေ ကျွန်တော်တို့ မနက်ဖြန် ကျေးလင်ကိုသွားကြမယ်'

ကျူးဝေ၏ရင်ထဲတွင် လှိုက်ဖို၍အေးစိမ့်သွားသည်ဟုခံစားလိုက်ရလေသည်။

* * *





( ၇ )

## အထီးကျန်ဆန်လွန်းသော သင်္ဘောကြီးရှောင်းပိ

ကျွေးလင်မြို့သည် ကြီးမားသည့် မြို့တော်ကြီးတခု ဖြစ်ပေသည်။

လွန်စွာမှ စည်ကားလှပြီး ပျော်စရာရွှင်စရာများဖြင့် အတိပြီးနေသော မြို့ကြီးတမြို့လည်းဖြစ်ပေသည်။ လူတွေသည် ပြုံးရွှင်ကြည်နူးစွာဖြင့် သွားလာလှုပ်ရှားပျော်ပါးနေကြသည်မှာ မြင်ရသူအဖို့ ကြည်နူးစရာကောင်းလှပေသည်။

ကြီးမားသော အဆောက်အအုံနှင့် ဂေဟာ ကြီးများသည် နေရာအနှံ့ အပြားဦရှိနေသည်။

ကျွေးလင်မြို့၏ သာမန်လူတန်းစားများပင် အမြဲတမ်း ပျော်ရွှင်ပြုံးပျော်နေကြသည်ဟုဆိုပါလျှင် ထိုဂေဟာနှင့် အဆောက်





အအုံကြီးများကို ပိုင်ဆိုင်ထားရသော အရှင်သခင်ကြီးများ၊ သင်္ဘောကြီးများ၏ ဘဝမှာ ပို၍ပင် ပျော်ရွှင် ချမ်းမြေ့စရာကောင်းလိမ့်မည်ဟု ထင်ကောင်းထင်ကြပါမည်။

ထိုယူဆချက်မှန်ပါသည်။

သို့သော်လည်း ခြွင်းချက်ကတော့ရှိပါသည်။

ကြီးမားခန့်ထည်သော အဆောက်အအုံကြီး တခုပေါ်တွင် အစေအပါး အခြွေအရံ၊ အသင်းအပင်း များ စွာ ရှိနေသော်လည်း-

သားမရှိ-

မယားမရှိ-

တကိုယ်တည်း အထီးကျန်ဆန်စွာနေရသော သူတယောက်ရှိနေပါသေးသည်။

ထိုသူကား မခြားမဟုတ်ပေ။

အလွန်ကြွယ်ဝချမ်းသာသော သင်္ဘောကြီး ရှောင်းပိပင် ဖြစ်ဖြစ်တော့သည်။

* * *

ရှောင်းပိမှာ စိတ်မကြည်မသာဖြင့် တကိုယ်တည်း ထိုင်၍တွေးတော ငေးမောနေပေသည်။

အိမ်မှ အလုပ်သမားကလေးများက စားသောက်စရာများကို သူ၏အနီး၌ လာရောက်ချထားပေးသည်။

သို့သော် သဌေးကြီး ရှောင်းပိမှာ မစားနိုင်ပါ။

သူသည် ကြီးမားသော စိတ်ဝေဒနာတခုကိုခံစားနေရဟန် တူပေသည်။

သူက အပြင်ဘက်တွင်ထိုင်နေသောအသက်လေးဆယ်ကျော်ရှိ လူတယောက်အား လှမ်း၍ခေါ်လိုက်လေသည်။

'ရွှေစစ်'

ရွှေစစ်မှာ အလွန်အားထားရသော သူ၏ကိုယ်ရံတော် သိုင်းသမားတဦးပင်ဖြစ်သည်။

သဌေးကြီး ရှောင်းပိမှာ အားထားရသော ကိုယ်ရံတော် နောက်တဦးကလည်းရှိသေးသည်။ ထိုသူမှာ ထန်ယင်းယိဖြစ်၏။ ယခုအခါ ထန်ယင်းယိမှာ သူ၏ခိုင်းစေထားမှုဖြင့် ခရီးထွက်နေရသည်ဖြစ်၏။ ထို့ကြောင့် ရွှေစစ်တယောက်သာ သူ၏အနား၌ ရှိနေပေသည်။

ရွှေစစ်က ကပျာကယာပြေးလာပြီး သူ၏အနီး၌ ရိုသေစွာရပ်နေလိုက်သည်။

'ထိုင်အုံး'

ရွှေစစ်မှာ အနီးရှိကုလားထိုင်တလုံးပေါ်တွင်ဝင်၍ထိုင်လိုက်ပြီး သူ၏သခင်ကြီးပြောမည့်စကားကို နားစွင့်နေ၏။

'ထန်ယင်းယိခရီးထွက်သွားတာ ဘယ်လောက်ကြာပြီလဲ'

ရွှေစစ်က တခဏစဉ်းစားလိုက်ပြီး....

'တနှစ်ကျော်ကျော် တနှစ်ခွဲနီးပါးရှိသွားပါပြီသခင်ကြီး'

ရှောင်းပိ သက်ပြင်းတခုက်ကို လေးပင်စွာ ချလိုက်မိလေတော့သည်။





ပါးစပ်မှလည်း....

'အင်း…တွေ့မှ တွေ့ပါ့မလား'

ဟုလည်း ခပ်တိုးတိုးညည်းညူလိုက်မိသည်။

ရွှေစစ်ကတော့ အားပေးစကား ပြောလိုက်လေ၏။

'ထန်ယင်းယိဟာ အင်မတန်တော်တဲ့ လူတယောက်ပါ၊ သူဟာ မတွေ့မချင်းရှာဖွေပြီး တနည်းနည်းနဲ့တော့ ပြန်လည် ဆက်သွယ်ပါလိမ့်မယ်'

ရှောင်းပိသည် ရွှေစစ်၏မျက်နှာကို လှမ်းကြည့် လိုက်သည်။ ရှောင်းပိ၏မျက်နှာမှာ အားရှိသလိုဖြစ်သွားလေသည်။

'အင်း....ခပ်မြန်မြန်တွေ့မှ ငါ့ရဲ့ရည်မှန်းချက်တွေလဲ အောင်မြင်မယ်လို့ ထင်ရတာပဲကွာ'

ရွှေစစ်သည် သူ့သခင်ကြီး၏စကားကို သေချာစွာ စူးစိုက်နားထောင်၍ နေရာမှ―

'သခင်လေးဟာ အခုလောက်ဆိုယင် အသက်နှစ်ဆယ်တော့ပြည့်ပါပြီနော်'

ရှောင်းပိက ရွှေစစ်၏မျက်နှာကိုကြည့်၍ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်လေသည်။

'အင်း.... ပြည့်ရုံတင်မကဘူး၊ နည်းနည်းတောင် ကျော်လောက်ရောပေါ့ကွာ'

ရွှေစစ်မှာ သူ၏သခင်ကြီးမျက်နှာကို ကြည့်၍ အတော်ပင်စိတ်မကောင်းဖြစ်နေမိပေသည်။

သူ၏သခင်ကြီးမှာ လွန်စွာမှ ဒေါသ ကြီးမား သော သူတယောက်ဖြစ်၏။ သူ၏ ဒေါသကြီးမားမှုကြောင့်ပင် သခင်မ

ကြီးနှင့် ကလေးငယ်အား မဆင်မခြင် အိမ်မှမောင်းချလိုက်သည်ကို ရွှေစစ်၏ မျက်စိထဲတွင် ပြန်လည်၍မြင်ယောင်လာပေသည်။

သို့သော် ယခုအခါ သခင်ကြီးမှာ သူ၏အမှားများကို ပြန်လည်၍ သိမြင်လာပြီဖြစ်သဖြင့် သားနှင့်မယားကို လွန်စွာမှ သတိရလွမ်းဆွတ်လျက်ရှိနေသည်။ ထို့ကြောင့်လည်း ထန်ယင်းယီအား ပစ္စည်းမြောက်မြားစွာကိုပေးကမ်းလျက် အရှာလွှတ်လိုက်သည်မှာ အချိန်ကာလအားဖြင့် တနှစ်ခွဲပင်ကျော်ခဲ့ပြီဖြစ်သည်။

သူသိချင်နေသည်မှာ သူ၏ သားနှင့်မယားကို တွေ့မတွေ့၊ သူ၏သားသည်လည်း သူသင်ခိုင်းသော သိုင်းပညာရပ်များကို သင်-မသင်။ ထိုအကြောင်းအရာကို သူအလွန်မှ သိချင်နေပေသည်။

သူ၏ဇနီး ကျူးဝေကတော့ မည်သည့်နည်းနှင့်မှ သူ့ထံသို့ ပြန်လာတော့မည်မဟုတ်ဟု ယူဆထားပေသည်။

သူ၏မိုက်မဲမှုကြောင့် ဘာမှအပြစ်မရှိသော ကျူးဝေမှာ မောင်းထုတ်ခြင်းကို ခံထားရသဖြင့် သူ့အပေါ်စိတ်နာနေမည်။ ထို့ကြောင့်လည်း နောက်ထပ် အိမ်ထောင်ပြုချင်လည်း ပြုထားလိမ့်မည်ဟု တထစ်ချတွက်ထားပြီး စိတ်မကောင်းကြီးစွာ ဖြစ်နေပေသည်။

ရှောင်းပိသည် ရွှေစစ်အား တချက်လှမ်းကြည့်လိုက်ပြီး—

'ရွှေစစ်....နောက် ရှစ်နှစ်လောက်ဆိုယင် ငါ့မှာ သံသရာကြွေးတခု ဆပ်စရာရှိနေတယ်ဆိုတာ မင်းသိတယ်နော်'

ရွှေစစ်က စိတ်မကောင်းစွာဖြင့် ခေါင်းညိတ်လိုက်လေသည်။





'ဟုတ်ကဲ့ သိပါတယ်သခင်ကြီး'

ရှောင်းပိသည် အဝေးတနေရာဆီသို့ ငေးမောလျက် သက်ပြင်းတချက်ကိုချလိုက်ပြန်သည်။

'အင်း…ငါ့သားကိုသာ ရှာမတွေ့တော့ယင်ဖြင့် ငါ့ဘဝရဲ့ ရာဇဝင်မှာ အရှုံးဆိုတာကို ကမ္ပည်းတင်ရတော့မှာပေါ့'

ရွှေစစ်က စိတ်မကောင်းစွာဖြင့် သူ့သခင်ကြီးအား လှမ်းကြည့်လိုက်ပြီး။

'အချိန်တွေလိုပါသေးတယ်သခင်ကြီး၊ စောင့်ကြည့်ပါအုံး'

ရှောင်းပိသည် ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလျက်

'မင်းစိတ်ထဲမှာ တွေ့နိုင်လိမ့်မယ်လို့ ထင်နေသလား'

'ထန်ယင်းယီဟာ လူတော်တယောက်ပါသခင်ကြီး'

ရှောင်းယီသည် ပြတင်းပေါက်မှနေ၍ အပြင်သို့ ငေးမောနေပေသည်။

ထိုစဉ် ရုတ်တရက်

ခြံဝင်းအတွင်းသို့ဝင်လာသော မြင်းနှစ်ကောင်ကို သူတွေ့လိုက်ရလေသည်။

ရှောင်းပိသည် မြင်းပေါ်မှအမျိုးသမီးတဦးနှင့် လူငယ်တဦးကို မြင်လိုက်ရပေရာ ရှောင်းပိ၏မျက်နှာမှာ ရုတ်တရက် ဝင်းလက်တောက်ပသွားပြီး အခန်းတွင်းမှ လျင်မြန်စွာဖြင့် ပြေးလွှားထွက်သွားသည်ကိုလည်း တွေ့လိုက်ရပေတော့သည်။

*   *   *

ညှော်ခန်းကြီးတခုလုံးကို ပြုံးရှင်ရယ်မောလိုက်သော အသံများက ဖုံးလွှမ်းသွားတော့သည်။

ဂေဟာ၏ အလုပ်သမားကြီးကြီးငယ်ငယ်တို့သည် သူတို့၏ သခင်မကြီး ပြန်လည်ရောက်ရှိလာသည်ဆို၍ ပြေးလွှားရောက်ရှိလာပြီး နှုတ်ဆက်ကြသည်။

အမျိုးသမီး အိမ်ဖော်အသက်ကြီးသူများမှာ သူတို့၏သခင်မကြီးကို အမြဲတမ်း လွမ်းဆွတ်နေသူ ဖြစ်ပေသည်။ ထို့ကြောင့် သူတို့သည် ဝမ်းသာအားရ သခင်မကြီးအား ကြိုဆိုနှုတ်ဆက်စကားများ ပြောကြားကြလေသည်။

အားလုံးသောသူတို့မှာ သူတို့၏သခင်ကလေး ရှောင်းချူးစွေအား ကြည့်ရှု၍ ကြည်နူးမဆုံးတပြုံးပြုံး ဖြစ်နေကြပေသည်။

အသက်အရွယ်အတော်ကြီးပြီဖြစ်သောအဘွားအိုတယောက်သည် ရှောင်းချူးစွေ၏အနားသို့သွားကာ ယုယစွာကိုင်တွယ်ပွတ်သပ်လျက် ကျူးဝေအားလှမ်းကြည့်ကာ မေးလိုက်လေသည်။

'သခင်မကြီးသူဟာ၊ သူဟာ ကျွန်မတနှစ်နီးပါးထိန်းလိုက်ရတဲ့ ရှောင်းချူးစွေလေးပေါ့နော် ဟုတ်သလား'

ကျူးဝေက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ်အဘွားချစ်ယမ်း၊ သူဟာ ရှောင်းချူးစွေပါပဲ'

အားလုံးပြုံးပျော်၍ နေကြပါသည်။

ရှောင်းပိမှာ သားဖြစ်သူအားကြည့်၍ အားမရနိုင်အောင်ပင် ဖြစ်နေပေသည်။





သန်မာထွားကျိုင်းလှသော ကိုယ်ကာယနှင့် ခန့်ညားလှသည့် ဥပဓိရုပ်ရည်သည် ရှောင်းအမျိုးအနွယ်အား ဆက်လက်၍ ထိန်းသိမ်းသွားနိုင်မည့်သူတယောက်ဟု မှတ်ချက်ချကာ ကျေနပ်ဝမ်းသာလျက် ရှိနေပေသည်။

အနှစ်နှစ်ဆယ်မျှ တိတ်ဆိတ်ငြိမ်သက်ခဲ့သော ရှောင်းဂေဟာကြီးသည်

ယနေ့တနေ့လုံး ဆူညံအော်ဟစ်ရှင်မြူး၊ အော်ဟစ်သံများနှင့် ပြန်လည်၍ သက်ဝင်တော့သည်ဖြစ်၏။

ရှောင်းပိအဖို့လည်း ယနေ့သည် အနှစ်နှစ်ဆယ်ကျော်ကာလအတွင်း ပျောက်ကွယ်ပျက်သုဉ်းခဲ့သော ပျော်ရွှင်ချမ်းမြေ့မှုကို ပထမဦးဆုံး ပြန်လည်၍ ရရှိသည့်နေ့ပင် ဖြစ်တော့သည်။

*　　　*　　　*

နောက်တနေ့မနက်

လွတ်လပ်စွာ ဆွေးနွေးနေကြ၏။

'အမေဟာကျွန်တော်ငယ်ငယ်ကလေးကတည်းက ဒုက္ခရောက်လာတာ အခုအချိန်ထိပဲ'

ရှောင်းချူးစွေကပြောနေသည်ကို ရှောင်းပိသည် တည်ကြည်စူးစိုက်စွာဖြင့် နားထောင်လျက်ရှိ၏။

ရှောင်းချူးစွက ဆက်ပြောသည်။

'အမေ့အပေါ်မှာ ဘယ်လိုအဖြစ်တွေများရှိလို့ အဖေက ကျွန်တော်တို့သားအမိတွေကို ဒီလောက်အထိ စွန့်ပစ်ထားရတာလဲ'

ရှောင်းပိ၏ရင်ထဲတွင် အတော်ပင် စိတ်မကောင်းဖြစ်မိသွားလေသည်။

ဤမေးခွန်းမျိုးသည် မေးသင့်မေးထိုက်သော မေးခွန်းပင်ဖြစ်သည်။

သူကသည် သားဖြစ်သူအား တောင်းပန်တိုးလျှိုးသော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး

'အဖေ ဒေါသကြီးမိတာပါကွာ၊ တကယ်တော့မင်းရဲ့အမေမှာ ဘာအပြစ်မှ မရှိပါဘူး။ ဒါတွေကိုလဲ မင်းအမေကျေနပ်လောက်အောင်လဲ အဖေတောင်းပန်ပြီးပါပြီ'

'ဒါဖြင့် အမေ အခုပြန်လာတာကို အဖေက သာသာကြည်ကြည်ပဲ လက်ခံတယ်ပေါ့ဟုတ်လား'

ရှောင်းပိသည် သားဖြစ်သူအား ဆတ်ကနဲ လှမ်းကြည့်၍ ခေါင်းညိတ်ပြလိုက်သည်။

'ဘာဖြစ်လို့ လက်မခံရမှာလဲ၊ တမင်တကာပဲ ထန်ယင်းယိကို ရှာခိုင်းပြီး ပစ္စည်းတွေပေးလိုက်တာလဲ မင်းအသိပဲ မဟုတ်လား'

ရှောင်းချူးစွေက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ကဲ့ သိပါတယ်၊ ဒါဆိုယင် အဖေဟာအမေနဲ့ အတူ လိုက်နေရမှာပဲပေါ့'

ရှောင်းပိက ထိတ်လန့်တကြားနှင့် သားဖြစ်သူကိုလှမ်းကြည့်လိုက်လေသည်။





'မင်းအမေက ဘယ်သွားမှာမို့လို့ အဖေကဘယ်ကို လိုက်နေရမှာလဲ သားရဲ့'

ရှောင်းချူးစွေက တချက်ရယ်မောလိုက်သည်။

'အမေက ကျွန်တော်နဲ့အတူ စန်းစိမ်မြို့မှာပေါ့'

'ဟင် ဒီမှာက ဘာဖြစ်လို့လဲ၊ ငါပိုင်သမျှ ပစ္စည်းတွေဟာ မင်းတို့သားအမိတွေရဲ့ ပစ္စည်းတွေပဲပေါ့၊ ဒီမှာကမင်းတို့အတွက် နေစရာအိမ်၊ စောင့်ရှောက်မယ့် ခြေရံသင်းပင်းအားလုံးအပြည့်အစုံ ရှိနေတာပဲမဟုတ်လား'

ရှောင်းချူးစွေသည် ပြုံးလိုက်ပြီး

'စန်းစိမ်မြို့မှာ ရှောင်းဂေဟာကြီး တည် ဆောက် နေ ပြီ အဖေရဲ့'

ရှောင်းပိမှာ မျက်လုံးပြူးကျယ်သွားတော့သည်။

ရှောင်းချူးစွေက ဆက်မေးလိုက်၏။

'ဘာလဲ အဖေက အဲဒီမှာ ကျွန်တော်တို့နဲ့လိုက်မနေချင်လို့လား'

ရှောင်းပိက 'ကပျာကယာခေါင်းညိတ်လျက်

'လိုက်နေမှာပေါ့ကွ'

သားအဖနှစ်ယောက်စလုံး သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

'ကျွန်တော့်စိတ်ထဲမှာ မကျေနပ်တာတခုတော့ ရှိနေတယ်'

ရှောင်းပိက မျက်မှောင်ကြုတ်လိုက်လေသည်။

'အဖေက ဘာဖြစ်လို့ကျွန်တော့်ကို သိုင်းပညာတတ်စေချင်ရတာလဲ ဆိုတာရယ်၊ နောက်ပြီး ကျွန်တော်တို့သားအမိကိုဘယ်

အတွက်ကြောင့် စွန့်ပစ်ခဲ့ရတာလဲ ဆိုတာရယ် အဲ့ဒီအကြောင်းတွေကို အဖေရှင်းပြပါ’

ရှောင်းပီသည် သက်ပြင်းတခုကို လေးပင်စွာချလိုက်လေသည်။

ရှောင်းချူးစွေသည် တနေ့တချိန်မှာ ဒီမေးခွန်းမျိုးကို သူ့အားမေးလာလိမ့်မည်ဟု အစကတည်းက သူတွက်ဆထားပြီးသား ဖြစ်ပေသည်။

ထိုအကြောင်းကို ပြောပြရမည်မှာ လွန်စွာမှရှည်လျားလှမည် ဖြစ်သည်။ သို့သော် ပြောမပြ၍တော့ မဖြစ်ပါ။

ထို့ကြောင့် သူသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ဝါးစိမ်းတောင်မှာ အခြေခံခဲ့သော ဇာတ်လမ်းတပုဒ်ကို သားဖြစ်သူအား သေချာစွာပြောပြလိုက်ရလေတော့သည်။

* * *



( ၈ )

## ရှောင်းပီနှင့် စွမ်းချင်ချူ

ဝါးစိမ်းတောင်။

ဝါးစိမ်းတောင်ဆိုသည့်အတိုင်း စိမ်းလန်းသည့် ဝါးများက တောင်တခုလုံးမှာ ပေါက်လျက်နေသည်။

ထိုဝါးစိမ်းတောင်မှာ ချန်စားမြို့နှင့် အလှမ်းမကွာလှပေ။

ထိုဝါးစိမ်းတောင်ပေါ်၌ ထင်ရှားလှသည့် သိုင်းဆရာကြီး တဦး ရှိနေပေသည်။

‘ဆရာကြီး၏အမည်မှာ ‘ကွမ်းလုံဖု’ဖြစ်လေသည်။

သူ့တွင် ငယ်ရွယ်စဉ်ကပင် ထိန်းကျောင်းလာခဲ့ရသော နှမကလေးတယောက်နှင့် သိုင်းပညာသင်ကြားနေသော သဒွေးသားနှစ်ယောက် ရှိနေပေသည်။

ထိုသင်္ချေးသားနှစ်ယောက်၏ အမည်များမှာ
ရှောင်းပီနှင့် စွမ်းချင်ချူပင်ဖြစ်တော့သည်။

သူတို့နှစ်ဦးသည် အတူတကွ သိုင်းပညာသင်ကြားနေသော်လည်း မည်သည့်အခါမှ တည့်သည်ဟူ၍မရှိကြပါ။

မကြာခဏလည်း ရန်ဖြစ်လေ့ရှိသောကြောင့်

ဆရာကြီးကွမ်းလုံဖုံက အမြဲမပြတ် သူတို့ကို သတိပေးဆုံးမနေရလေသည်။ သူတို့နှစ်ဦး ခြောက်နှစ်မျှ ပညာကိုသင်ကြားပြီးသည့် အချိန်တွင်တော့ သူတို့နှစ်ဦး၏အကြား ပြဿနာတခုသည် ကြီးမားစွာပေါ်ပေါက်လာလေတော့သည်။

ထိုပြဿနာကား အခြားမဟုတ်ပေ။

သိုင်းဆရာကြီး၏ညီမဖြစ်သူ ကျူးဝေကိုစွပင် ဖြစ်တော့၏။

* * *

ကျူးဝေမှာ....

လွန်စွာမှ လှပချောမောသော မိန်းကလေးတယောက်ဖြစ်သည်။

သို့သော် သူမသည် အစ်ကိုကြီး ဖြစ် သူ အား လွန် စွာမှ ကြောက်ရလေသည်။ ဆရာကြီးကွမ်းလုံဖုသည် လူတွေမှာသိုင်းပညာတတ်သွားလျှင် ပို၍အန္တရာယ် များသည်ဟု ဆိုပြီး သူ၏နှမကလေးကို သိုင်းပညာလုံးဝသင်ကြားမပေးပါ။





သိုင်းပညာသင်ကြားနေကြသော သင်္ချေးသား နှစ်ယောက်နှင့် ကျူးဝေမှာတော့ အချိန်ကြာလာသည်နှင့်အမျှ လွန်စွာမှ ခင်မင်ရင်းနှီးလာကြလေသည်။

သူတို့နှစ်ဦးစလုံးနှင့် ခင်မင်နေမိသည်မို့ ကျူးဝေအတွက် ပို၍ အခက်ကြုံရသည်။

ကျူးဝေနှင့် ရှောင်းပီစကားပြောနေလျှင် စွမ်း ချင် ချူက မနာလိုပေ။

တနည်းနည်းနှင့် အနှောင့်အယှက်ပေးလေသည်။

ထို့အတူ စွမ်းချင်ချူနှင့် ကျူးဝေ တွေ့ဆုံသည့် အခါတွင်လည်း ရှောင်းပီကလုံးဝကြည့်မရတော့ပဲ စွမ်း ချင် ချူ အားရန်မူလေ တော့သည်။

ကျူးဝေမှာ ထိုသူနှစ်ယောက်သည် သူမ အတွက်နှင့် အမြဲရန်ဖြစ်နေကြရသည်ဖြစ်၍ နှစ်ဦးစလုံးကို ခပ်ရှောင်ရှောင် နေသော်လည်းမရပေ။

သူတို့သည် အချိန်ရသည်နှင့် ကျူးဝေကို တွေ့ရန်သာ ကြိုးစားနေကြပေသည်။

ဆရာကြီးဖြစ်သူ ကွမ်းလုံဖုမှာ တပည့်နှစ်ယောက်နှင့် နှမဖြစ်သူတို့၏ အခြေအနေကို အကဲခတ်မိသော်လည်း ဘာမှ မသိသကဲ့သို့သာ ဘာသိဘာသာနေလိုက်၏။

ဤသို့ဖြင့် သူတို့ပညာသင်ကြား လာကြသည်မှာ ခုနစ်နှစ်အချိန်သို့ပင်ရောက်လောလေတော့သည်။

တနေ့ စွမ်းချင်ချူက ဆရာကြီးအားလာရောက် တိုင်ကြားလေသည်။

'ဆရာကြီး ကျွန်တော်က ကျူးဝေရေခပ် နေတာကို ဗိုင်းဝန်းအကူအညီပေးတာ ရှောင်းပိက ကျွန်တော့ကို ဝင်ရောက်တိုက်ခိုက်ပါတယ်'

ဆရာကြီးကွမ်းလုံဖုမှာ စွမ်းချင်ချူအားကြည့်၍ သက်ပြင်းတချက်ကိုချလိုက်လေသည်။

'အင်း…မင်းတို့နှစ်ယောက်ဘာ့ခက်သေးတာပဲ'

ဆရာကြီးသည် ထိုသို့ပြောပြီး ရှောင်းပိအား လှမ်းခေါ်လိုက်လေသည်။ မကြာမီ ရှောင်းပိက ဆရာကြီး အနားတွင် ရိုသေစွာဖြင့် ဝင်ရောက်ထိုင်လိုက်လေသည်။

သူ့ကို ဆရာကြီး ခေါ်ရသည့် အကြောင်းရင်း ကိုလည်း ရှောင်းပိက ရိပ်မိထားပြီးဖြစ်လေသည်။

'မင်းက သူ့ကို တိုက်ခိုက်တယ်ဆို'

ဆရာကြီး၏ အမေးကို ရှောင်းပိက ခေါင်းညိတ်၍ ဝန်ခံလိုက်လေသည်။

'ဟုတ်ပါတယ်ဆရာကြီး၊ သူကလဲတနေ့တုန်းက ကျွန်တော် ကျူးဝေနဲ့စကားပြောနေတာကို အဝေးကနေပြီး ခဲနဲ့ လှမ်းပစ်ပါတယ်'

ဆရာကြီးသည် ခပ်ပြုံးပြုံးနှင့်ခေါင်းညိတ်နေလိုက်သည်။

'ကဲ .. ဆရာကြီးပြောမယ်၊ မင်းတို့ နှစ်ယောက်စလုံး နားထောင်ကြ'

ရှောင်းပိ နှင့် စွမ်းချင်ချူ သည် တယောက်၏ မျက်နှာ တယောက်မကျေနပ်စွာဖြင့် ကြည့်လိုက်ကြပြီးနောက် နှစ်ဦးစလုံးသည် ဆရာကြီး၏စကားကို နားစွင့်လိုက်ကြသည်။





'ကိုယ်နှင့်အတူ ပညာယူနေတဲ့သူအချင်းချင်းဆိုတာ ပညာညီအစ်ကိုလို့ခေါ်တယ်၊ ပညာညီအစ်ကိုဆိုတာ တကယ့် ညီအစ်ကိုတွေလိုပဲ၊ တယောက်နဲ့တယောက် ချစ်ချစ်ခင်ခင် နေကြရတယ်ကွ'

ဆရာကြီးက စကားကို ဖြတ်ပြီး နှစ်ဦးစလုံးအား အကဲခတ်ကြည့်ရှုလိုက်လေသည်။ သူတို့နှစ်ဦးစလုံးမှာ ခေါင်းငုံ့၍ ဆရာကြီး၏စကားကို နားစိုက်ထောင်နေကြသည်။

အတန်ကြာမှ ဆရာကြီးသည် စကားကိုဆက်လက်ပြီး ပြော၏။

'အခုနေအခါမှာ ချစ်ချစ်ခင်ခင်နေကြမှလဲ မင်းတို့တတွေဟာ အပြင်လောကမှာ တယောက်နဲ့တယောက် သွေး စည်းညီညွတ်ပြီး တိုင်းပြည်ရဲ့ မကောင်းတဲ့ ရန်သူတွေကို ဖယ်ရှားနိုင်မှာပေါ့'

နှစ်ဦးစလုံးက ခေါင်းညိတ်၍ဝန်ခံလိုက်လေသည်။

'ဟုတ်ပါတယ် ဆရာကြီး'

'နောက်ပြီး မင်းတို့နှစ်ဦးစလုံးကို ဆရာကြီး ပြောချင်တာကတော့ နှစ်ဦးစလုံးကို ဆရာကြီးက တချိန်တည်းမှာ တခုတည်းသော ပညာကို အတူတူ သင်ကြား ပေး ထား တဲ့ အတွက် တယောက်နဲ့တယောက်ဟာ ဘယ် တော့ မှ ပညာချင်း ကွာလှလိမ့်မယ်လို့ ဆရာကြီးမထင်ဘူး၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာကြီး'

'အေး....အဲဒီအခါမှာ မင်းတို့က တိုက်ခိုက် လို့ ရှိယင် တယောက် ဒဏ်ရာရယင် တယောက်လဲ ဒဏ်ရာရလိမ့်မယ်လို့ပဲ

ဆရာကြီးထင်မိတယ်၊ အဲ တယောက်သေယင်လဲ ကျန်တယောက်ဟာ မသေသည့်တိုင်အောင် သေလုမျောပါး ဒဏ်ရာကိုတော့ ခံစားနေရမှာ အမှန်ပဲ’

နှစ်ယောက်သားသည် တယောက်မျက်နှာတယောက်ကြည့်လိုက်ကြပြန်သည်။

ဆရာကြီးကဆက်လက်၍…

‘အဲဒီတော့ အကျိုးမရှိတဲ့ အလုပ်တွေကို ဆက်မလုပ်ကြဖို့နဲ့ ချစ်ချစ်ခင်ခင် နေကြဖို့တော့ ဆရာကြီး တိုက်တွန်းချင်တယ်၊ နောက်ပြီး လာမယ့်ဘပတ်အတွင်းမှာပဲ မင်းတို့ရဲ့ပညာတွေဟာ ဆုံးခန်းတိုင်နေပြီ’

သူတို့နှစ်ဦးသည် တဦးကိုတဦး ထပ်မံ၍ လှမ်းကြည့်ကြသော်လည်း နောင်တရသည့် ပုံစံမျိုးမဟုတ်ပါပေ။

ဆရာကြီးမမြင်အောင် ဘယောက်ကိုတယောက် မဲ့ကာ ရွဲ့ကာကြည့်လိုက်ကြခြင်းဖြစ်သည်။

‘နောက် မင်းတို့ကို ဆရာကြီးတခုပြောချင်တာက မင်းတို့တတွေဟာလဲ ပိုက်ဆံရှိတဲ့ မိကောင်းဖခင် သားသမီးတွေပါ၊ အဲဒီတော့ ကျူးဝေအပေါ်မှာ တကယ်တမ်း မေတ္တာရှိတယ်၊ ကျူးဝေကလဲ မေတ္တာရှိမယ်ဆိုယင် ဆရာကြီးမကန့်ကွက်ပါဘူး၊ မိဘတွေကို ပြောကြားပြီး လက်ထပ်ယူပေါ့ကွာ’

ဆရာကြီးသည် သူ၏စကားဆုံးသည်နှင့် ထိုနေရာမှ ထသွားတော့၏။

ဆရာကြီးကွမ်းလုံဖုမှာ တပည့်နှစ်ယောက်အတွက် အတော်ပင် စိတ်မကောင်းဖြစ်နေပေသည်။ သူ့ထံသို့ရောက်ရှိစဉ်တုန်း





က တယောက်တမြို့စီပင်ဖြစ်သော်လည်း တရက် နှစ်ရက်မျှသာကွာပြီး ရောက်ရှိလာခဲ့ကြ၏။

နှစ်ယောက်စလုံးကလည်း ပိုက်ဆံရှိ သားသမီးများသာလျှင်ဖြစ်ကြ၏။

ထို့ကြောင့် သူက ပညာသင်ကြားပေးသည့်အခါ မည်သူမှ သာသည် နာသည်မရှိရစေပဲ၊ ရှိသမျှပညာကို နှစ်ဦးစလုံးအား အစွမ်းကုန်သင်ကြားပေးလေသည်။

တယောက်ကိုတယောက် ရန်စောင်နေသည်ကလွဲ၍ နှစ်ယောက်စလုံးကိုလည်း သူက ချီးမွမ်း၏။

အဘယ်ကြောင့်ဆိုသော်…

နှစ်ဦးစလုံးသည် သူပြသည့်ပညာကို ပြသသည့်အတိုင်း အတူတူပင် တတ်မြောက်ကြပေသည်။

တခါတရံ ရန်ဖြစ်သည်ကို ဆရာကြီးက မသိမသာအကဲခတ်ကြည့်သည့်အခါ တဦး၏တိုက်ကွက်ကို တဦးက ဖျက်ထုတ်ရန်သိပြီးသားမို့ တဦးတယောက် အသာရသွားသည်ဟူ၍ မတွေ့ရပါ။

တယောက်ဒဏ်ရာရပြီဆိုလျှင် နောက်တယောက်ပါရရှိသွားလေသည်။

ထို့ကြောင့် သူတို့နှစ်ဦး၏ ထူးခြားပုံကို ဆရာကြီးသည် အံ့ဩ၍ မကုန်နိုင်အောင်ပင်ဖြစ်နေပေသည်။

ယခု ပို၍ အံ့ဩစရာကောင်းနေသည်မှာ နှမဖြစ်သူကျူးဝေကိစ္စပင်ဖြစ်နေ၏။

ကျူးဝေကလည်း သူတို့နှစ်ယောက်အပေါ် မည်သူ့ကိုမှ မျက်နှာသာပို၍ မပေး။ ပို၍လည်းမနိမ်၊ နှစ်ယောက်စလုံးကို တန်းတူရည်တူထား၍ ဆက်ဆံခဲ့သူဖြစ်သည်။

ဒါကို အစ်ကိုဖြစ်သူဆရာကြီးက ကောင်းကောင်း သိထားလေသည်။

သူတို့နှစ်ဦးစလုံးကလည်း ကျူးဝေ တယောက်တည်းကိုမှ ပြိုင်ကူမေတ္တာရှိကြ၏။ ဆရာကြီးသည် သူ၏ မိတဆိုး၊ ဖဘဆိုး နှမလေးကို ပိုက်ဆံ ရှိပြီး ရိုးသား ကြိုးစားသော ဇွဲရှိကြသော ရှောင်းပိနှင့် စွမ်းချင်ချူတို့နှစ်ယောက်က မေတ္တာရှိနေသည်မှာ ဝမ်းသာစရာပင်ဖြစ်သည်။ မိဘများသေဆုံးပြီးကတည်းက နှမကဲလေးအား ယုယစွာ ကျွေးမွေးစောင့်ရှောက်လာခဲ့ပေသည်။

သို့သော် မိဘလက်ထက်ကကဲ့သို့ တင့်တောင့်တင့်တယ်တော့ မနေကြတော့သော်လည်း မိဘလက်ထက်ကကဲ့သို့ပင် ဥမကွဲသိုက်မပျက်၊ ချစ်ခင်ကြင်နာစွာ နှစ်ယောက်သားနေခဲ့ကြသည်။ သူ့နှမလေးသည် ယခုအချိန်ထိ အစ်ကိုဖြစ်သူအား ပြုစုချက်ပြုတ်ကျွေးမွေးလာခဲ့သူဖြစ်သည်။

သို့သော် သူသည် တယောက်တည်း အေးဆေးစွာနေထိုင်လိုသောကြောင့် ကျူးဝေအား အိမ်ထောင်ရက်သားကျသွားစေချင်သည်မှာ မှန်သော်လည်း မတော်တရော်လူများနှင့် တွေ့မှာကိုတော် အလွန်စိုးရိမ်ခဲ့ပေသည်။ သူအေးဆေးစွာတယောက်တည်းနေထိုင်နိုင်ရေးအတွက် နှမလေး၏ဘဝတခုလုံး နစ်မွန်းသွားမည်ကိုလည်း စိုးရိမ်မိသည်။





ယခု တပည့်နှစ်ဦးစလုံးကို ဘယ်သူနှင့်ဖြစ်ဖြစ် သဘောကျသည်မှာ မှန်သော်လည်း ခက်နေသည်က နှစ်ဦးစလုံးကကြိုက်နေသောကြောင့် အခက်ကြုံနေခြင်းဖြစ်ပေသည်။

ဆရာကြီး ကွမ်းလုံဖုသည် တပည့်နှစ်ယောက်၏ အကြောင်းကို ရင်မော့စွာဖြင့် တွေးတောနေမိလေယင်း၊ သက်ပြင်းရှည်ကြီးတခုကိုသာ နွမ်းလျစွာချလိုက်မိလေတော့သည်။

* * *

နောက်တနေ့....

ဆရာကြီးကွမ်းလုံဖုက ညီမဖြစ်သူ ကျူးဝေအား အကျိုးအကြောင်းမေးမြန်းမိသည်။

'ကျူးဝေ... စွမ်းချင်ချူနဲ့ ရှောင်းပိ ဘယ်သူက ပိုပြီး တော်လိမ့်မယ်လို့ နင့်အနေနဲ့ ထင်မိသလဲ'

ကျူးဝေသည် အစ်ကိုကြီး၏ရှေ့တွင် ရှိသေစွာထိုင်လျက် ခေါင်းငုံ့နေပေသည်။

ထိုမေးခွန်းကို ကျူးဝေပြန်လည်ဖြေကြားရန် ဝန်လေးနေပုံရ၏။ သို့သော် သူမက သူ၏ထင်မြင်ချက်ကိုတော့ ပေးလိုက်ပေသည်။

'သူတို့နှစ်ယောက်ဟာ လူကောင်းလူတော်တွေပါပဲ အစ်ကိုကြီး၊ ဒါပေမယ့်'

ကျူးဝေက သူမ၏စကားကို ရပ်ထားလိုက်လေသည်။

ဆရာကြီးကွမ်းလုံးဖုက မျက်မှောင်ကြုတ်၍ ပြန်မေးလိုက်သည်။

'အင်း၊ ဒါပေမယ့်ဘာဖြစ်သလဲ၊ နင့်ရဲ့ထင်မြင်ချက်ကို ပြောစမ်း'

ကျူးဝေက သူမ၏အစ်ကိုကြီးအား မျက်လုံးလှန်ကြည့်ပြီး

'သူတို့နှစ်ယောက်ဟာ ဘယ်တော့မှ မတည့်ကြဘူး'

ဆရာကြီးကွမ်းလုံးဖုက အဓိပ္ပာယ်ပါပါဖြင့် ပြုံးလိုက်လေသည်။

သူ့အပြုံး၏နောက်ကွယ်တွင် အဓိပ္ပာယ်များစွာဖော်ဆောင်လျက် ရှိနေသည်ကိုတော့ ကျူးဝေတယောက် စဉ်းစားမိဟန်မပေါ်ပါပေ။

သိုင်းဆရာကြီးကွမ်းလုံးဖုသည် သက်ပြင်းတချက်ကို လေးပင်စွာပင် ချလိုက်လေသည်။

'အင်း၊ လူတွေဟာအချစ်နဲ့ပတ်သက်လာယင် မိတ်ဆွေကိုလဲ မိတ်ဆွေလို့မထင်တော့ဘူး၊ သူငယ်ချင်းကိုလဲ သူငယ်ချင်းလို့မထင်တော့ဘူး'

ကျူးဝေက သူ့အစ်ကိုကြီး၏စကားကို နားမလည်စွာဖြင့် ငေးမောကြည့်လိုက်လေသည်။

ကွမ်းလုံးဖုက ဆက်ပြောသည်။

'ငါ့ညီမအနေနဲ့ သူတို့နှစ်ယောက်အပေါ် ဘယ်သူ့ကိုပိုပြီး နှစ်သက်သလဲ'

ကျူးဝေ၏မျက်နှာ၌ ပန်းနုရောင်ကလေး ပြေးလွှားသွားတော့သည်။





'အစ်ကိုကြီးဘာကြောင့် ဒီမေးခွန်းကို မေးတာလဲ'

ကွမ်းလုံးဖုက ပြုံးလိုက်လေသည်။

'မောင်တကျိပ်ပင် ရှိလင့်ကစား၊ လင်တယောက်မရှိသော မိန်းမသားဟာ မတင့်တယ်ဘူးတဲ့ကျူးဝေ၊ နင့်အနေနဲ့လဲ အိမ်ထောင်ရက်သားပြုဖို့ အချိန်တော်ပြီ'

ကျူးဝေသည် ကွမ်းလုံးဖုအား ဆတ်ကနဲမော့ကြည့်လိုက်လေသည်။

သို့သော် ဘာမှပြန်မပြောမိ။

ကွမ်းလုံးဖုကသာ ဆက်ပြောသည်။

'ရှောင်းပိန့် စွမ်းချင်ချူဟာ နှစ်ယောက်စလုံး လူတော်လူကောင်းတွေပဲ၊ သူတို့နှစ်ယောက်ဟာလဲ နင့်အတွက်ကြောင့် မကြာခဏ ရန်ဖြစ်ကြတယ်။ ဒါဟာ နင့်အပေါ်မေတ္တာရှိနေကြတဲ့အတွက်ပဲ၊ အဲဒီတော့နင့်အနေနဲ့ တယောက်ယောက်ကိုတော့ ရွေးချယ်ရလိမ့်မယ်'

ကျူးဝေသည် မျက်နှာကို အောက်သို့ငုံ့ထားလေသည်။

ဘာပြန်ပြော၍ ဘာဆိုရမှန်းမသိ။

အမှန်ပြောရလျှင် ကျူးဝေသည်လည်း သူတို့နှစ်ဦးအပေါ် စိတ်ဝင်စားမိပါသည်။ နှစ်ဦးစလုံး၏စိတ်ထားကို ကျူးဝေက အကဲခတ်မိသည့် အခါတွင်လည်း တယောက်မှမဆိုးလှပါ။

သူတို့နှစ်ဦးသည် နှမကလေးတယောက်ကဲ့သို့လည်း ခင်တွယ်ကြသည်ကို ကျူးဝေက အကဲခတ်မိလေသည်။

သို့သော်ခက်နေသည်က

နှစ်ယောက်စလုံးသည် ကျူးဝေအား ကြိုက်ပါသည်။ ချစ်
ပါသည်ဟု တယောက်မှ ဖွင့်မပြောဘူးကြပေ။

ထို့ကြောင့်၊ ယခုကဲ့သို့မေးလာသောအခါ ကျူးဝေ
မည်သို့ပြန်၍ ဖြေကြားရပါမည်နည်း။ အဖြေခက်သော ပုစ္ဆာ
တပုဒ်ကို ဖြေရတော့မည့်ကလေးတယောက်လိုသာ သူမခေါင်း
ကိုငုံ့ထားလိုက်လေသည်။

ဘာစကားမှ ပြန်မပြောပါ။

ထိုအချင်းအရာကို ရိပ်မိသောကွမ်းလုံဖုက သက်ပြင်းတချက်
ကိုချပြီး ပြောလိုက်လေသည်။

'ဘာပဲဖြစ်ဖြစ် တချိန်ချိန်မှာတော့ သူတို့နှစ်ယောက်အနက်
တယောက်ယောက်ကို နင်လက်ထပ်ရလိမ့်မယ်'

ကျူးဝေသည် နားမလည်နိုင်သောမျက်လုံးများဖြင့် အစ်ကို
ဖြစ်သူအား မော့ကြည့်လိုက်လေသည်။

ကွမ်းလုံဖုက ညီမဖြစ်သူအား ပြုံး၍ကြည့်နေ၏။

'အဲဒါကြောင့်မို့ နင့်ရဲ့ဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ ငါ
မေးနေတာ'

ကျူးဝေက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး

'ကျွန်မ၊ ကျွန်မဘာမှမပြောတတ်ဘူး အစ်ကိုကြီး၊ အစ်ကို
ကြီးသင့်တော်မယ်ဆိုယင် အစ်ကိုကြီးစီမံတာကို ကျွန်မနာခံ
မှာပဲ'

ကွမ်းလုံဖုသည် သူ၏နှမလေးအား သေချာစွာစူးစိုက်ကြည့်
လိုက်လေသည်။ ငယ်ငယ်ကတည်းက သူ၏လက်ပေါ်တွင် ကြီး





ပြင်းလာသူမို့ ကွမ်းလုံဖုမှာ သူ၏နှမကလေးကို ချစ်ခင်မြတ်နိုး
လှပေသည်။

မိဘတို့၏ ဝတ္တရားငါးပါးတွင် အချိန်တန် အရွယ်ရောက်
သော သားသမီးအား အိမ်ထောင်ရက်သား ချထားခြင်းသည်
တပါးအပါအဝင်ပင်ဖြစ်သည်။

ယခုလည်း သူသည် ကျူးဝေ၏အစ်ကိုကြီး အဖအရာမို့
အချိန်တန်အရွယ်ရောက်လာပြီဖြစ်သောကျူးဝေကို အိမ်ထောင်
ရက်သား ချထားပေးရဦးပေမည်။

ထို့ကြောင့် ကွမ်းလုံဖုက ပွင့်ပွင့်လင်းလင်းပင်ဆက်၍ ပြော
လိုက်လေသည်။

ရှောင်းပိန့် စွမ်းချင်ချူဟာ တယောက်ယောက်ကတော့
နင့်ကိုလက်ထပ်မှာ အမှန်ပဲ၊ အဲဒီတော့ နင့်အနေနဲ့လဲ မကန့်
ကွက်ဘူးဆိုယင် ငါကြည့်ပြီး စီစဉ်ထားလိုက်ပါ့မယ်'

ကွမ်းလုံဖုက ထိုသို့ပြောပြီး ထသွားတော့သည်။

ကျူးဝေ၏ရင်ကျေသည် တုန်ယင်လာသည်ဟုထင်လိုက်ရ၏။

သူမ၏မျက်နှာတွင် ရှက်သောအပြုံးကလေးတခု ဖြတ်သန်း
သွားသည်ဟု ထင်လိုက်ရသည်။

* * *

ဝါးစိမ်းတောင်ကိုကျော်ခိုင်းပြီး ခရီးနှင်နေသော မြင်းနှစ်
ကောင်။

လူနှစ်ယောက်။

သူတို့သည် သိုင်းပညာများ တတ်မြောက်၍ပြန်လာကြသည့် ရှောင်းပိနှင့် စွမ်းချင်ချူတို့ပင် ဖြစ်လေသည်။

သူတို့သည် တဦးနှင့်တဦး စကားမပြောကြပဲ မြင်းကိုသာ ဂရုဘစိုက် မောင်းနှင်လာကြပေသည်။

သူတို့နှစ်ဦးစလုံး၏ရင်ထဲတွင် အတွေးကိုယ်စီ ပါလာကြ၏။ ထိုအတွေးကား အခြားမဟုတ်ပေ။

သူတို့၏ဆရာကြီး ကွမ်းလုံဖုမှာကြားလိုက်သော စကားပင် ဖြစ်ပေသည်။

'အေး မင်းတို့နှစ်ဦး ပညာလဲ အတော်တတ်မြောက်ကြပါပြီ ကွာ၊ အဲဒီတော့ ကိုယ့်မြို့ ကိုယ့်ဒေသကိုပြန်ကြပြီး တရားသဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ကြပါ၊ အထူးမှာ ကြား ချင်တာက တော့ ကျူးဝေအပေါ် မေတ္တာရှိနေပါတယ်ဆိုယင်လဲ မင်းတို့ ရဲ့မိဘတွေကို အသိပေးပြီး လာရောက်တောင်းရမ်း လက်ထပ်ယူပေါ့ကွာ၊ ဒါပါပဲ'

ထိုစကားများသည် သူတို့နှစ်ဦးစလုံး၏ နားထဲ၌စွဲနေပေသည်။ ရင်ထဲတွင်လည်း မတင်မကျများဖြစ်နေကြသည်။ စိတ်ထဲတွင်လည်း ကိုယ့်မြို့ ကိုယ့်ဒေသသို့ အမြန်ဆုံး ရောက်ရှိအောင်ပြန်၍ မိဘများအား အကျိုးအကြောင်း ပြောပြကာ ကျူးဝေထံသို့ ပြန်လာချင်သည့် စိတ်ဆန္ဒက ရှိနေကြပေသည်။

ဝါးစိမ်းတောင်ခြေရှိ တောအုပ်ကလေးတခုသို့အရောက်တွင် စွမ်းချင်ချူသည် ဘာစိတ်ကူးရသွားသည်မသိ။ ရှေ့မှသွားနေသော ရှောင်းပိအား လှမ်းခေါ်လိုက်လေသည်။





'ရှောင်းပိ ခဏနေအုံး'

ရှောင်းပိက မြင်း၏ဇက်ကြိုးကို ဆွဲလိုက်ပြီး ရပ်တန့်လိုက်လေသည်။

'မင်း ဘာပြောချင်လို့လဲ'

စွမ်းချင်ချူက

'တို့နှစ်ယောက် ရှေ့မှာလမ်းခွဲရတော့မယ်'

ရှောင်းပိကလည်း အရှေ့ဆီသို့တချက်လှမ်းကြည့်ပြီးခေါင်းညိတ်လိုက်လေသည်။

'အင်း အဲဒါဘာဖြစ်သလဲ'

'မင်း ကျူးဝေကိုလက်ထပ်မလား'

ရှောင်းပိက ရယ်လိုက်လေသည်။

'ဒီလောက်ချောမောလှပပြီး လိမ္မာရေးခြားရှိတဲ့မိန်းကလေး တယောက်ကို လက်မထပ်ဘူးဆိုယင် ဒီလူဟာ နွားပဲဖြစ်မှာပေါ့ကွ၊ ငါကတော့ ချက်ချင်းပြန်လာပြီး လက်ထပ်ယူမှာပဲ၊ မင်းကကော'

စွမ်းချင်ချူကလည်း မဲ့ပြုံးပြုံးလိုက်သေသည်။

'တကယ်တော့ ကျူးဝေဟာ ငါ့အပေါ်ပိုပြီး သံယောဇဉ်ရှိတယ်ဆိုတာ မင်းသိဖို့ကောင်းပါတယ်'

ရှောင်းပိသည် စွမ်းချင်ချူအားကြည့်၍ ရယ်မောလိုက်လေသည်။

လှောင်ပြောင်လိုက်သော ရယ်မောသံများပင်တည်း။

'မင်းက ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေတဲ့ အကောင်ပဲ၊ ကျူးဝေ ဘယ်သူ့အပေါ် မေတ္တာရှိနေတယ်ဆိုတာ မင်းမကြာခင် သိရမှာပေါ့'

စွမ်းချင်ချူက အံကိုတချက်တင်းတင်းကြိတ်လိုက်လေသည်။

'ကဲ တို့နှစ်ယောက် သိပ်စကားမများချင်ဘူးကွာ၊ စကားနဲ့ ရှင်းလို့လဲ မရတဲ့အတူတူ ဓားနဲ့ပဲရှင်းကြတာပေါ့၊ အဲဒီတော့ မင်းနဲ့ငါ ယှဉ်ပြိုင်တိုက်ခိုက်ကြမယ်၊ ဒဏ်ရာသုံးချက်အထိခံရတဲ့ လူက အရှုံး၊ မင်း သဘောတူလား'

ရှောင်းပိကရယ်မောပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

'စိန်ခေါ်ယင် ဘာမှမခတ်ဘူးဆိုတဲ့ ငါ့အကြောင်းကိုလဲ မင်းသိသွားပဲ၊ မင်းကြိုက်သလို စိန်ခေါ်နိုင်တယ်'

စွမ်းချင်ချူကလည်း မြင်းပေါ်မှဆင်းလိုက်၏။

နှစ်ဦးသားသည် မြေကွက်လပ် တခုပေါ်၌ ရင်ဆိုင်ရပ်နေကြ၏။

ရှောင်းပိက နားမရှင်း၍ ထပ်မေးလိုက်လေသည်။

'မင်းပြောတဲ့သဘောက ဘယ်လိုလဲကွ ပြန်ရှင်းစမ်းပါအုံး'

စွမ်းချင်ချူက ထပ်မံ၍ ရှင်းပြလိုက်ပြန်သည်။

'အခု မင်းနဲ့ငါနဲ့တိုက်ခိုက်နေတဲ့အခါ မင်းရဲ့ကိုယ်မှာ ဒဏ်ရာသုံးချက်အယင်ရရှိသွားယင် မင်းနဲ့ ကျူးဝေ ဘာမှမဆိုင်တော့ဘူး၊ မင်းတိုက်ခိုက်လို့ ငါ့မှာ ဒဏ်ရာသုံးချက်ရရှိခဲ့ယင်လဲ ငါ အဲဒါ ဟာ ကျူးဝေနဲ့ လုံးဝ မပတ်သက်တော့ဘူး၊ မင်း... သဘောတူသလား'





ရှောင်းပိက ချက်ချင်းပင်ပြန်ပြောလိုက်လေသည်။

'မင်းပြောတာကို ငါအားလုံး သဘောတူတယ်၊ ဒါပေမယ့် တခုတော့ ပြန်ပြင်ချင်တယ်'

စွမ်းချင်ချူးက မျက်မှောင်ကြုတ်လိုက်ပြီး...

'ဘယ်အချက်လဲ'

'တို့နှစ်ဦးဟာ ကျောင်းနေဘက် သူငယ်ချင်းတွေပဲ ဒဏ်ရာသုံးချက်အထိဆိုတာကတော့ မင်းအဖို့လဲမကောင်းဘူး၊ ငါ့အဖို့လဲ မကောင်းဘူး၊ အဲဒီတော့ ဒဏ်ရာတချက်စီပဲ ယှဉ်ပြိုင်ကြရအောင်'

စွမ်းချင်ချူသည် ဟက်ဟက်ပက်ပက်ကျယ်လောင်စွာ ရယ်မောလိုက်လေ၏။

'ဟား ဟား ဟား ငါကစိန်ခေါ်ပြီးယင် ပြန်မပြင်တတ်ဘူး၊ မင်းသိပ်ပြီးကြောက်နေတယ်ဆိုလဲ အခုကတည်းက အရှုံးပေးလိုက်'

ရှောင်းပိ၏ မျက်နှာတခုလုံးမှာ နီမြန်းသွားလေသည်။

'ကောင်းပြီ...စကားမရှည်နဲ့ ဓားထုတ်တော့'

ကျားနဲ့ဆင် လယ်ပြင်တွင် တွေ့ကြပြီတည်း။

* * *

ဟိတ်ဆိတ်ငြိမ်သက်လျက်ရှိသော တောအုပ်ကလေးမှာ ဓားချင်းထိခတ်သည့် အသံများက လွှမ်းမိုးသွားလေသည်။

အရိပ်နှစ်ခုသည် လျင်မြန်ဖျတ်လတ်စွာဖြင့် လှုပ်ရှားနေကြ၏။ နှစ်ဦးစလုံး၏ပညာများမှာ မတိမ်းမယိမ်းပင်ရှိနေသည်ကို အထူးပြောစရာလိုမည်မထင်တော့ပါ။

ဆရာတဦးတည်း၏ပညာ ညီအစ်ကိုနှစ်ယောက်သည် အတူတကွ သာတူညီမျှသင်ကြားပေးထားသော ပညာကြောင့် ခပ်ဝေးဝေးမှကြည့်လျှင် အရွယ်တူသော ကြက်ဖနှစ်ကောင်ခွပ်နေကြသကဲ့သို့ လွန်စွာမှကြည့်၍ ကောင်းလှပေသည်။

တယောက်က အမြင့်သို့ ခုန်တက်သွားပါကလည်း ကျန်တယောက်သည် ကြိုးတချောင်းနှင့် ဆွဲထားဘိသကဲ့သို့ ကပ်ပါ၍သွားတော့၏။

တဦးက နောက်ကျွမ်းပစ်၍ နောက်သို့ ခုန်ဆုတ်လိုက်လျှင် တဦးကလည်း ရှေ့ကျွမ်းပစ်ကာလိုက်ပါသွားလေသည်။

သူတို့နှစ်ဦးသည် သိုင်းကွက်ပေါင်းသုံးရာကျော်သည့်အချိန်တွင် ပြိုင်တူလိုလိုရပ်တန့်လိုက်ကြသည်။ တယောက်မျက်နှာကို တယောက် စူးရှစွာကြည့်လိုက်မိကြလေသည်။

အကြောင်းမှာ— စွမ်းချင်ချူတွင် လက်မောင်း၌တချက်၊ နဖူး၌တချက် ဒဏ်ရာရရှိနေသလို ရှောင်းပိတွင်လည်း လက်ကောက်ဝတ်၌တချက် ပခုံး၌တချက်၊ ဒဏ်ရာ ရရှိနေပေသည်။ နှစ်ဦးစလုံးသည် မျက်လုံးပြူးစွာဖြင့် တယောက်၏ အကဲကို တယောက်ခတ်နေကြသည်။

သူတို့၏ မောပန်းမှုများသည်လည်း ရင်ကို လှိုင်းထနေပေသည်။





'ကဲ…ဒီတခါဒဏ်ရာရအောင်လုပ်နိုင်တဲ့လူက အနိုင်ပေါ့ကွာ ဟုတ်ဘူးလား'

ရှောင်းပိက ပြောလိုက်ခြင်း ဖြစ်ပေသည်။

စွမ်းချင်ချူက မောပန်းနေသည့်ကြားမှ ပြုံးလိုက်သည်။

'သိပ်မှန်တာပေါ့၊ ကဲပြောနေတာကြာတယ်'

စွမ်းချင်ချူသည် စိတ်မြန်ပုံရ၏။

သူသည် ပါးစပ်မှ ပြောပြီးသည်နှင့် လျှပ်ပြက်သလို ဓားဖြင့် တအားဝင်၍ ခုတ်လိုက်၏။ ရှောင်းပိကလည်း လျင်သည် နောက်သို့ ခုန်ဆုတ်လိုက်ယင်း၊ သူ၏ ဓားနှင့် စွမ်းချင်ချူ၏ ဓားကို ပက်ထုတ်လိုက်၏။

သူတို့နှစ်ဦးသည် ပညာချင်းတူညီကြသည်မို့ မည်သူ ရှုံး၍ မည်သူနိုင်မည်ကို အဆုံးအဖြတ်ပေးရန် ခက်ခဲလှပေသည်။

ထိုခဏအတွင်းမှာပင် ဓားချင်းထိသံများက ဆူညံသွားပြန်သည်။ ဓားချင်းထိခတ်၍ ဖြစ်ပေါ်လာသော မီးပွင့်ကလေးများကလည်း ပိုးစုန်းကြူးကလေးများလက်နေသလိုပင်၊ နှစ်ဦးစလုံး၏ မျက်နှာမှာလည်း ဒေါသကြောင့် ခက်ထန်နေပုံရ၏။

ထိုအခိုက်မှာပင် မမျှော်လင့်သော အခြင်းအရာ တခုကို ရှောင်းပိတွေ့လိုက်ရပေသည်။ စွမ်းချင်ချူမှာ သူ၏မြင်းပေါ်သို့ ကပျာကယာ ခုန်တက်လိုက်သည်။

ရှောင်းပိက အံ့အားသင့်စွာဖြင့် ကြည့်နေမိ၏။

ထိုအချိန်တွင် စွမ်းချင်ချူသည် သူ၏ရင်ဘတ်တဘက်ကို လက်ဝါးနှင့်ဖိလျက် မြင်းကို ဒုန်းစိုင်းထွက်ခွာသွားတော့သည်။

ရှောင်းပိက အတန်ကြာအောင် စဉ်းစားငေးမောနေရာမှ သဘောပေါက်သွားလေသည်။

စွမ်းချင်ချူ ထွက်ခွာသွားခြင်းမှာ အခြားမဟုတ်ပေ။

ရင်ညွန့်၍ ဒဏ်ရာတချက် ထပ်မံရရှိသွားသောကြောင့်ပင် ဖြစ်လေတော့၏။

*

အချိန်ကား ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကာလကိုတွက်စစ်ကြည့်လျှင် တနှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဆောင်းဦးရာသီမို့ မြောက်ပြန်လေက တသုန်သုန်တိုက်ခတ်လျက်ရှိနေ၏။

ဆောင်းလေ၏ တသုန်သုန်တိုက်ခတ်မှုနှင့်အတူ ရှောင်းပိ၏နှလုံးသားတွင် အေးစိမ့်သောအရသာများကို ခံစားနေရလေသည်။

သူသည် မွေးပြီးစသားကလေး၏မျက်နှာကို ကြည့်၍ ကြည်နူးနေပေသည်။ ထို့အတူ ရှောင်းပိ၏ဖခင်ကြီးမှာလည်း မြေးဦးကလေး၏မျက်နှာကို ကြည့်ကာ ကြည်နူးမဆုံး ဖြစ်နေပေသည်။

ရှောင်းပိသည် ပညာသင်ကြားရာမှ ပြန်လည်ရောက်ရှိလာပြီးသည်နှင့် ဖခင်အား အကျိုးအကြောင်းအစုံအလင်ကို ပြော





ပြလိုက်၏။ ရှောင်းပိ၏ဖခင်ကြီးမှာ သား၏ဆန္ဒကို လုံးဝမကန့်ကွက်ပဲ ကျူးဝေကို မိဘတို့ဝတ္တရားအတိုင်း တောင်းရမ်း၍ပေးစားခဲ့လေသည်။

ကျူးဝေနှင့် ရှောင်းပိတို့၏အိမ်ထောင်ရေးမှာလည်း အစစအရာရာ အဆင်ပြေလျက် လွန်စွာမှ ပျော်ရွှင်စရာကောင်းသော ရှောင်းဂေဟာကြီးအဖြစ် တည်ရှိခဲ့လေသည်။

သို့သော် သူတို့၏ ပျော်ရွှင်စရာ သာယာဖွယ်အတိနှင့် ပြီးနေသော ရှောင်းဂေဟာကြီးထဲသို့ ကံကြမ္မာမုန်တိုင်းသည် မထင်မှတ်ပဲ ဝင်ရောက် တိုက်ခတ်လာလေတော့သည်။

တနေ့၊ ထိုတနေ့ကိုတော့ ရှောင်းပိကောင်းကောင်းကြီး မှတ်မိလေသည်။ နှစ်ကူးရက်မို့ လူတွေမှာ အထူးပင် ပျော်ရွှင်မြူးတူးနေကြပေသည်။

အိမ်တိုင်းအိမ်တိုင်းတွင်လည်း လူအဝင်အထွက် ဧည့်သည်များ မပြတ်စည်ကား၍ နေလေသည်။

ရှောင်းပိသည် ခရီးဝေးမှပြန်လာပြီး အိမ်ထဲသို့ ဝင်ရောက်လာသောအခါတွင် မမျှော်လင့်သော လူရိပ်တခုကို ဖြတ်ကနဲမြင်လိုက်ရလေသည်။

သူက ထိုလူရိပ်၏နောက်သို့ လိုက်လံခဲ့သော်လည်း လုံးဝမမီလိုက်ပေ။

ထို့ကြောင့် သူက ကျူးဝေအား အကျိုးအကြောင်း မေးမြန်းလိုက်လေသည်။

'ကျူးဝေ၊ ဒီကိုဘယ်သူလာသလဲ'

ကျူးဝေမှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ပျာပျာသလဲ ဖြစ်သွားလေသည်။

ရှောင်းပိကဆပ်မံ၍ အော်ငေါက်ပြီး မေးမြန်းလေသည်။

'ငါမေးနေတာပြောပါ၊ ဘယ်သူလာသလဲလို့'

ကျူးဝေက တုန်ယင်စွာဖြင့် အဖြေပေးလိုက်လေသည်။

'သူ သူက၊ စွမ်းချင်ချူပါ'

'ဘာ၊ စွမ်းချင်ချူ ဟုတ်လား'

ရှောင်းပိ၏လေသံမှာ ဒေါသကြောင့်တုန်ယင်၍နေပါသည်။

'ဟုတ်ပါတယ်'

'ဘာလာလုပ်တာလဲ'

'ခရီးသွားယင်း လမ်းကြုံလို့ဝင်လာတာလို့ ပြောပါတယ်'

'ရှောင်းပိက အံကိုတင်းတင်းကြိတ်၍ မေးလိုက်လေသည်။

'သူက ဘာတွေပြောသွားသေးသလဲ'

ကျူးဝေက မျက်နှာငယ်ငယ်ဖြင့် အမှန်အတိုင်းပင် ပြောဖြစ်လေသည်။

'အားလုံး နေထိုင်ကောင်းကြရဲ့လားလို့ ဝင်ပြီး နှုတ်ဆက်တာပါ'

သူမ၏အဖြေကို ရှောင်းပိလုံးဝကျေနပ်ခြင်း မရှိပါပေ။ သူသည် ကျူးဝေအား စူးစိုက်စွာကြည့်လျက်မှ

'နင်သူ့ကို ခုထက်ထိ ခင်တွယ်နေတုန်းပဲလား'

ကျူးဝေက ပျာပျာသလဲပင် လက်ကာပြလိုက်သည်။

'မဟုတ်ပါဘူး၊ မဟုတ်ပါဘူး'

'ရှင်ဒီလိုလဲ မမေးကောင်းပါဘူး'





'သူမမျှော်လင့်ပဲရောက်လာတော့ ကျွန်မလဲသူ့ကို မိတ်ဆွေဟောင်းတယောက်အနေနဲ့ လက်ခံစကားပြောရတာပါ'

ရှောင်းပိသည် ကျူးဝေ၏ရင်ခွင်ထဲမှကလေးငယ်အား လှမ်းကြည့်လိုက်သည်။ ထို့နောက်သူသည် သူ၏ဒေါသကိုထိန်းချုပ်လိုက်ဟန်တူပေသည်။

'နောက်တခါဒီအဖြစ်မျိုးကို ငါလုံးဝ ခွင့်မလွှတ်နိုင်ဘူး၊ သူ့ကိုဒီမလာပါစေနဲ့'

ကျူးဝေက ခပ်သွက်သွက်ပင် ခေါင်းကိုညိတ်ပြလိုက်၏။

'ကျွန်မနားလည်ပါတယ်၊ ဘယ်တုန်းကမှလဲ သူ့ကို မဖိတ်ခေါ်ခဲ့ဖူးပါဘူး'

'ကောင်းပြီ… ဒါဟာ ပထမဦးဆုံးနဲ့ နောက်ဆုံးပဲ ဖြစ်ပါစေ….'

တကယ်တော့လည်း စွမ်းချင်ချူအား ကျူးဝေက ဖိတ်ခေါ်ခဲ့ခြင်း မဟုတ်ပါ။

ကျူးဝေသည် သူတို့သိုင်းပညာသင်ကြားစဉ်က နှစ်ဦးစလုံးအား ခင်မင်ခဲ့သော်လည်း ရှောင်းပိနှင့် လက်ထပ်ပြီးသည်နှင့် သူမ၏ စိတ်ထားသည်လည်း ရှောင်းပိ အပေါ်တွင်သာ လင်သားတယောက်ကဲ့သို့ ချစ်ခင်မြတ်နိုးခဲ့သည်မှာ အမှန်ပင် ဖြစ်လေသည်။

ထိုနေ့က ရှောင်းပိ အပြင်သို့ သွားနေခိုက် ဖြစ်သည်။

ရှောင်းပိ ဖခင်ကြီးသည်လည်း အိမ်၌ မရှိပေ။

ထိုအချိန်တွင် မမျှော်လင့်ပဲ စွမ်းချင်ချူက ရောက်ရှိ လာခဲ့သည်။

စွမ်းချင်ချူသည်လည်း ကျူးဝေအား ရိုးသားသောစကားများကိုသာ ကောင်းကောင်းမွန်မွန် ပြောခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် မည်သို့ပင် ရိုးသားပါစေ၊ တချိန်က ရည်းစားလုဘက် တယောက်မို့ ရှောင်းပိက ကျေနပ်ဟန်မတူပါ။

ကျူးဝေအနေနှင့်ကတော့ ကျောင်းနေဘက်သူငယ်ချင်းမို့ လမ်းကြုံခိုက် သတိတရ လာရောက်လည်ပတ်သည်ဟုပင် ထင်ထားသည်။

ထို့ကြောင့်… နေရာထိုင်ခင်းများ ပေး၍ ကောင်းမွန်စွာ စကားပြောခဲ့သေးသည်။

ထိုအချိန်မှာပင် ရှောင်းပိ ရောက်ရှိလာသည်ကို သူက မြင်လိုက်ပြီး ထပြေးသွားတော့သည်။

ကျူးဝေအနေနှင့် ဘာမှမသိရပါ။

သို့သော်လည်း သူမ အနေနှင့် နောက်ကို စွမ်းချင်ချူနှင့် ပတ်သက်၍ ဆင်ဆင်ခြင်ခြင် နေရမည်ကိုတော့ သတိထားမိလိုက်လေသည်။

*　　　*　　　*

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံး၍ နွေဦးသို့ပင် ရောက်ရှိလာတော့၏။ ရှောင်းပိနှင့် ကျူးဝေတို့၏အိမ်ထောင်ရေးမှာလည်း အနယ်ထိုင်စ ပြုလာပြီ ဖြစ်လေသည်။





သူတို့ သားကလေး၏ အမည်ကိုလည်း ရှောင်းချူးစွေဟု ကင်ပွန်းတပ်ထားပြီး ဖြစ်သည်။

ယခုဆိုလျှင် ရှောင်းချူးစွေမှာ အခါလည်သားပင်ရှိတော့မည်ဖြစ်ပေသည်။

ထိုကဲ့သို့သောအချိန်မျိုးတွင် ကံကြမ္မာဂြိုဟ်ဆိုးတခုက သူတို့အတွင်း ဝင်ရောက်မွှေနှောက်လာပြန်တော့၏။

ထိုနေ့ကလည်း ရှောင်းပိသည် မိုးချုပ်မှ အပြင်ကပြန်လည်ရောက်ရှိလာပေသည်။ အိမ်တအိမ်လုံးမှာ တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေပေ၏။

အားလုံးပင်အိပ်မောကြနေပြီဟုလည်း ရှောင်းပိကထင်မှတ်ထားလေသည်။ သူသည် ခပ်အေးအေးပင် အိမ်ထဲသို့ ဝင်လာရာ ရုတ်တရက် သူ၏မျက်လုံးအစုံမှာ မမျှော်လင့်သော မြင်ကွင်းတခုကြောင့် ပြာဝေ၍ သွားတော့လေသည်။

ထိုမြင်ကွင်းမှာ ကျူးဝေ၏ အခန်းမှ တံခါးကို ဖွင့်၍ လူတယောက်က ပြေးထွက်လာပေသည်။

'စွမ်းချင်ချူ'

ရှောင်းပိက ထိုကဲ့သို့ပင် လှမ်းအော်လိုက်ပေသည်။

စွမ်းချင်ချူက မျက်နှာ မချိုမချဉ်နှင့် ပြုံးရယ်လိုက် နေ၏။ ရှောင်းပိက ဒေါသကို မချုပ်တည်းနိုင်တော့ပဲ ဓားကိုထုတ်ကာ တိုက်ခိုက်လေတော့သည်။

'မင်းက သူများမယားကို လင်မရှိခိုက် လာစော်ကားတာပေါ့လေ ဟုတ်လား'

စွမ်းချင်ချူက ရယ်မောလိုက်လေသည်။

'မင်း ထင်ချင်သလို ထင်ပေါ့လေ၊ ဒါပေမယ့် ငါ့မှာလိုအပ်တာလေးတခု ရှိနေလို့ပါ'

ရှောင်းပိက မျက်မှောင်ကြုတ်လိုက်လေသည်။

'ဘာလိုအပ်တာလဲ၊ မင်း ကျူးဝေဆီကို လာတာပဲမဟုတ်လား'

စွမ်းချင်ချူ၏ မျက်နှာမှာ ရုတ်တရက်ပျက်သွားလေ၏။

'မင်းက ဘာမှအပြစ်မရှိတဲ့ ကျူးဝေကို စကားထဲ ထည့်မပြောပါနဲ့၊ သတ္တိရှိယင် မင်း ငါ့ကိုသာ ယှဉ်ပြိုင်ပါ၊ ကျူးဝေဟာ မင်းနဲ့ညားပြီးကတည်းက ယခုအချိန်ထိ ငါနဲ့ ဘာတခုမှ လုံးဝ မပတ်သက်ခဲ့ဘူးဆိုတာ မင်းယုံပါ'

ရှောင်းပိမှာ မခံမရပ်နိုင်အောင် ဒေါသ ဖြစ်သွားလေတော့၏။ သူသည် စွမ်းချင်ချူအား မညှာမတာ ဝင်ရောက်တိုက်ခိုက်နေသည်။ စွမ်းချင်ချူကလည်း ရှောင်းပိအားအပြင်းအထန်ပင် ပြန်လည်တိုက်ခိုက်၏။ သို့သော် သူတို့နှစ်ယောက်ကား တယောက်မှ သာကြမည့်သူများ မဟုတ်ပါပေ။

စွမ်းချင်ချူက တိုက်ခိုက်နေရာမှ....

'မင်း ကျူးဝေကို မတော်မတရား ဘာမှပြောစရာ မလိုဘူး၊ မင်း ကျူးဝေကိုတခုခုလုပ်မယ်ကြံယင် ဆရာ့မျက်နှာကို ဖြန်မြင်ပါအုံး'

ရှောင်းပိက ဒေါသခိုး လျှံနေသော မျက်လုံးများဖြင့် စွမ်းချင်ချူကို ကြည့်ကာ





'မင်းက ကျူးဝေကိုထိယင် နာဘယ်ပေါ့လေ၊ မင်းတို့နှစ်ယောက်စလုံးကို လူ့လောကမှာ မထားဘူးဆိုတာ မြဲမြဲမှတ်ထားပါ'

စွမ်းချင်ချူသည် တိုက်ခိုက်နေရာမှ အကျိုးထူးလာမည်မဟုတ်သည်ကို ရိပ်စားမိလေသည်။ ထို့ကြောင့် သူသည် ကဖြည်းဖြည်း နောက်ဆုတ်ယင်းမှ

'ငါ…မင်းထက်သာတဲ့ပညာကို တတ်အောင်သင်ပြီးမှ မင်းကို တခါ ရင်ဆိုင်အုံးမယ်'

စွမ်းချင်ချူက ထိုကဲ့သို့ပြောပြီး ပြတင်းပေါက်မှ ခုန်ဆင်းပျောက်ကွယ်သွားတော့သည်။ မသွား၍လည်းမဖြစ်တော့ပါ။

အိမ်မှ အလုပ်သမားများနှင့် ရှောင်းပိ၏ ဖခင်ကြီးလည်း နိုးလာပေပြီ။

ကျူးဝေမှာလည်း အိပ်ရာထက်မှ လူးလဲထကာ ရောက်ရှိလာလေ၏။

* * *

ကျူးဝေက အမျိုးမျိုးကျိန်တွယ်၍ ပြောဆိုပါသည်။

သို့သော် တယူသန် စွဲမှတ်ယုံကြည်ထားပြီးသူ ရှောင်းပိက လုံးဝ မယုံကြည်ပါ။

ဖခင်ကြီးကလည်း ဝင်ရောက်တောင်းပန်လေသည်။

'ဒီကောင်ဟာ အိမ်သားတွေမသိအောင် သူခိုးလိုလာတာပေါ့ကွာ၊ ကျူးဝေလဲ အိပ်ပျော်နေတာ အမှန်ပါပဲ၊ ငါလဲ အိပ်ပျော်ကာစပဲ ရှိသေးတယ်၊ သူ ပစ္စည်းတခုခုလိုချင်လို့ လာတာပဲ ဖြစ်ရမယ်'

ရှောင်းပိသည် ခေါင်းကိုသာ တတွင်တွင်ခါယမ်းနေတော့သည်။

'မဖြစ်နိုင်ဘူး…မဖြစ်နိုင်ဘူး၊ ကျူးဝေက ဆက်သွယ်နေတာက လွဲပြီး ကျန်တာ ဘာမှမဖြစ်နိုင်ဘူး'

ရိုက်နှက်ထားသော ဒဏ်ရာကြောင့် ကျူးဝေ၏ မျက်နှာတခုလုံး ဖူးရောင်နေလေသည်။

သူမသည် အတန်တန် ငိုယို၍ တောင်းပန်နေပေသည်။

'ကျွန်မမှာ ဒီလိုစိတ်ထားမျိုး လုံးဝမရှိတာ အမှန်ပါ၊ သူ သူခိုးကျင့်သူခိုးကြံနဲ့ ဝင်လာပေမယ့် ကျွန်မအသားကို လုံးဝမထိဘူးဆိုတာ ကျိန်ပြောရဲပါတယ်၊ သူတခြားပစ္စည်းတခုခုကို လိုချင်လို့ လာတာပဲဖြစ်ရမယ်၊ ကျွန်မကိုတော့ ယုံကြည်ပါ'

အရှိန်အဟုန်ကြီးမားနေပြီဖြစ်သော ရှောင်းပိ၏ဒေါသကို မည်သူမျှ တားဆီးဟန့်တားနိုင်စွမ်း မရှိတော့ပါ။

'တော်ပါ…တော်ပါတော့၊ ငါ့ဆရာကြီးရဲ့ မျက်နှာကို ထောက်ပြီးတော့ အသက်ကို ချမ်းသာပေးလိုက်မယ်၊ နင်တို့ သားအမိနှစ်ယောက်လုံး အခု အိမ်ကနေဆင်းသွားပါ၊ နင့်အကြောင်းတွေကို ရေငုံနှုတ်ပိတ်ပြီးနေသွားယင် အများကြီးကောင်းမယ်လို့ ငါထင်မိတယ်၊ ကဲထွက်သွားပါတော့'





ရှောင်းပိ၏ ဖခင်ကြီးက အတန်တန်တောင်းပန်လေသည်။ မရပါ။

ကျူးဝေက ခြေထောက်ဖက်၍ တောင်းပန်သည် ကိုပင် ရှောင်းပိက ကန်လွှတ်လိုက်လေသည်။ မတတ်သာတော့ပါ။

ကြာလျှင် သားကလေးကိုပါ ဒုက္ခပေးတော့မည် စိုး၍ ကျူးဝေသည် ရှောင်းချူးစွေအား ခေါ်ကာ အိမ်ပေါ်မှ ဆင်းသွားရလေတော့၏။

ငြိုးရန်သူ နှစ်ဘက်နှစ်ဦး၏ အကြားဝယ် အပြစ်မဲ့သော သားအမိနှစ်ယောက်၏ဘဝမှာ ကံကြမ္မာ မုန်တိုင်းပင်လယ်ပြင်ဝယ် လှေပျက်ခဲ့ရပြီ ဖြစ်သတည်း။

* * *

( ၉ )

## ဆယ်နှစ်တကြိမ် ဝိန်ခေါ်ပွဲ

ရှောင်းပီသည် သူ၏အကြောင်းကိုပြောပြရသည်မှာ မော သွားဟန် တူပေသည်။ စကားကိုရပ်ဘန့်ထားလိုက်ပြီး အရက် တခွက်ကို ထည့်သောက်လိုက်လေသည်။

ရှောင်းချူးစွေက မေးလိုက်သည်။

'အဲဒီဘုန်းက အဖေက အမေ့ကို အိမ်ပေါ်က နှင်ချလိုက်တာဟာ မှန်သလား၊ မှားသလား'

'အဖေ မှားသွားပါတယ်၊ ဘာလို့လဲဆိုတော့ မင်းတို့ သားအမိကို အဖေ အိမ်ပေါ်က နှင်ချပြီး နောက် လေးငါး ခြောက်လမှာ စွမ်းချင်ချူကို အဖေသွားတိုက်ခိုက်တယ်'





ရှောင်းချူးစွေက နားထောင်နေယင်းမှ

'ဘယ်သူမှ မနိုင်ဘူး မဟုတ်လား'

'ဟုတ်တယ်၊ အဲဒီအချိန်မှာပဲ မမျှော်လင့်တဲ့ အကြောင်း ရပ် တခုကြောင့် ရန်စတခုဟာပိုမိုပြီး ကြီးမားသွားတော့တယ်'

ရှောင်းချူးစွေ၏ မျက်ခုံးအစုံက အပေါ်သို့မြင့်တက်သွားပြီး…

'ဟင်…ဘာဖြစ်လို့လဲ'

ရှောင်းပီက သက်ပြင်းတချက်ကို ရှည်လျားစွာ ချလိုက်လေသည်။

'သူ့ဆီကို အဖေလိုက်သွားတော့ ညဘက်ပဲ သူ့အိမ်ကို ရောက်တယ်၊ သူ့အိမ်ထဲ ရောက်တာနဲ့ သူက ပျာပျာသလဲနဲ့ ထွက်ပြီး အဖေ့ကို အတင်းတိုက်ခိုက်တယ်၊ ဒါပေမယ့် သူ့ရဲ့ တိုက်ကွက်တွေဟာ ပျော့ညံ့လွန်းတဲ့အတွက် အဖေလဲ အတော် အံ့ဩသွားပြီး သိုင်းကွက် ဆယ်ကွက်လောက်ပဲ တိုက်ခိုက်လိုက် ရတယ် သူဟာ အဖေ့ဓားချက်ကြောင့် သေဆုံးသွားပါလေရော'

ရှောင်းချူးစွေ အံ့အားသင့်သွားသည်။

'ဟင် ဘယ်လို ဖြစ်သွားရတာလဲ'

ရှောင်းပီသည် စိတ်မကောင်းစွာဖြင့် ခေါင်းခါယမ်းလျက်-

'အဖေ တိုက်ခိုက်တာဟာ သူ မဟုတ်ဘူး၊ သူနဲ့ အင်မတန် ရုပ်ချင်းတူတဲ့ သူ့ရဲ့ အစ်ကိုတယောက် ဖြစ်နေလို့ပဲ'

ရှောင်းချူးစွေကလည်း စိတ်မကောင်းစွာဖြင့် ခေါင်းညိတ် လိုက်လေသည်။

'အင်း- ဒါဆိုတော့ သူ့အစ်ကိုက အင်မတန် သနားစရာပဲပေါ့'

'ဟုတ်တယ်၊ ပိုပြီးတော့ သနားစရာ ကောင်းသွားတာက သူ့အစ်ကိုမှာ သမီးကလေး တယောက်ရှိတယ်၊ သူ့မိန်းမကလဲ မကြာခင်ကမှ သေဆုံးသွားတာဆိုတော့ သူ စိတ်ညစ်နေတဲ့ အချိန်မှာ အဖေက ရောက်ရှိသွားတာကိုး'

ရှောင်းချူးစွေက တချက် စဉ်းစားလိုက်ပြီး ...

'အဲဒီတုန်းကဲ စွမ်းချင်ချူနဲ့ကော မတွေ့လိုက်ရဘူးလား'

'တွေ့ရတာပေါ့၊ သူဟာ ရုတ်တရက် ရောက်လာပြီး အဖေနဲ့ အတော်ကြာကြာပဲ တိုက်ခိုက်တယ်လေ၊ ဒါပေမယ့် နှစ်ယောက်စလုံးသာ ဒဏ်ရာရသွားကြတယ်၊ ဘယ်သူမှ မနိုင်ဘူး၊ အဲ့ဒီအခါမှာ သူက ပြောတယ်၊ သူ့အစ်ကိုရဲ့ သမီးလေးကို ထိန်းသိမ်း စောင့်ရှောက်ရမယ့် တာဝန်တွေက သူ့မှာ ရှိသေးလို့ တနေ့ ခင်ဗျားကို ကျုပ်စိန်ခေါ်မယ်လို့ သူက ကြိမ်းဝါးပြောဆိုခဲ့တယ်'

ရှောင်းပိက ထိုသို့ပြောပြီး သက်ပြင်းတချက် ချလိုက်လေသည်။

ရှောင်းချူးစွေက ဆက်မေးသည်။

'သူက တကယ်ပဲ အဖေ့ကို စိန်ခေါ်သလား'

ရှောင်းပိက ခေါင်းညိတ်ပြလေသည်။

'ဆယ်နှစ်ပြည့်တဲ့အခါမှာ သူ့ရဲ့ စိန်ခေါ်တဲ့ ဖိတ်စာရောက်လာတယ်၊ သူ ချိန်းဆိုတဲ့ နေ့မှာပဲ အဖေနဲ့သူ တိုက်ခိုက်ကြတယ်၊ ဒါ့ပေမယ့် ထုံးစံအတိုင်းပဲ ဘယ်သူမှ မနိုင်ပဲ ဖြစ်နေ





တဲ့အချိန်မှာ မင်းအဘိုးက ရုတ်တရက် ရောက်လာတော့ သူဟာ မင်းအဘိုးကို ကလဲ့စား ချေတဲ့အနေနဲ့ သူက ရက်ရက်စက်စက် သတ်သွားတယ်'

ရှောင်းချူးစွေက တောက်တချက် ပြင်းထန်စွာ ခေါက်လိုက်လေသည်။

'ဒါဆိုယင် ကျွန်တော့အဘိုးဟာလဲ ဘာမှ အပြစ်မရှိပဲ သေသွားရတာပေါ့'

ရှောင်းပိက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်လေ၊ သူ့အစ်ကိုကို သတ်ရမလားဆိုပြီး မင်းရဲ့ အဘိုးကို သတ်သွားတာပဲ၊ အဖေလဲ စွမ်းချင်ချူ ဒီလောက် သဲသဲမဲမဲ အဖေ့အပေါ် ရန်ရှာချင်နေဟာကို အသေအချာ စုံစမ်းလိုက်တော့ မကြာခင်မှာပဲ အဖြေတခု ထွက်လာတယ်'

ရှောင်းချူးစွေက စိတ်ဝင်စားဟန်ဖြင့်-

'ဘာအဖြေ ထွက်လာလို့လဲ'

'သိုင်းကျမ်းစာအုပ် ကိစ္စပဲ'

ရှောင်းချူးစွေက နားမလည်စွာဖြင့်-

'ဘယ်လို သိုင်းကျမ်းစာအုပ် ကိစ္စလဲ'

'သိုင်းဆရာကြီး ကွမ်းလုံဖူဟာ မင်းတို့အမေရဲ့အစ်ကိုဆိုတော့ မင်းရဲ့ ဘကြီးပဲပေါ့'

'ဟုတ်ကဲ့ ဒါကို ကျွန်တော် သဘောပေါက်တယ်'

'အေး- သူက တို့နှစ်ယောက်ကို ပညာသင်ကြားပေးစဉ်က အတူတူ သင်ကြားပေးပေမယ့် ကျူးဝေနဲ့ငါ လက်ထပ်ပြီးတဲ့ အခါမှာ ထူးဆန်းတဲ့ သိုင်းပညာရပ် ကျမ်းစာအုပ်တအုပ်ကို

ပေးလိုက်တယ်၊ မင်းကို ထန်းယင်းယိ ပေးတဲ့ စာအုပ်ပဲပေါ့၊ အဲဒီစာအုပ်ထဲကပညာတွေကိုတော့ မင်းဘကြီးက တို့နှစ်ယော[illegible] စလုံးကို ဘယ်သူ့ကိုမှ သင်မပေးခဲ့ဘူး'

ရှောင်းချူးစွေက သဘောပေါက်စွာဖြင့် ခေါင်းညိတ်ပြလေသည်။

'ဟုတ်ကဲ့ ဆက်ပြောပါအုံး'

'အဲ့ဒီစာအုပ် ငါ့ကို ပေးလိုက်တာကို စွမ်းချင်ချူက သိတော့ သူ့ထက် ငါက ပညာသာတော့မှာပဲဆိုပြီး၊ အဲ့ဒီစာအုပ်ကို လာလာ ခိုးတာကွ၊ အဲ့ဒါကို ငါက မရိပ်မိပဲ မင်းရဲ့အမေနဲ့ အထင်အမြင် မှားသွားခဲ့ရတာပါ၊ အဲဒီအချိန်မှာ အဖေဟာ တခြားစီးပွားကိစ္စတွေနဲ့ လုံးပန်းနေရတာမို့ သိုင်းကျမ်းစာအုပ်ထဲက ပညာတွေကို ဆက်လက်ဆည်းပူးဖို့ အချိန်မရခဲ့ဘူး'

ရှောင်းချူးစွေက စဉ်းစား၍၊

'အဲ့ဒီအကြောင်းကို အဖေက ဘယ်တော့မှ သိသလဲ'

ရှောင်းပိသည် သက်ပြင်းတချက်ကို ချလိုက်လေသည်။

'မင်းအဘိုးကို သတ်ပြီးမှ သူက ဖွင့်ပြောတာ၊ သူက ပြောတယ်၊ သိုင်းကျမ်းစာအုပ် ခင်ဗျားဆီမှာ ရှိနေပေမယ့် ပညာလဲ မတိုးတက်ပါလား၊ ဒါဆိုယင် အဲဒီစာအုပ်ကို ရဖို့ ကျုပ်ကြိုးစားနေတာ အလကားပဲပေါ့လို့ ပြောတော့မှ အဖေ ရိပ်မိတယ်'

'အဘိုးကို သတ်သွားပြီးတော့ကော အဖေက စိန်မခေါ်ဘူးလား'



သုရိယဒေဝီ
အမှတ် ၁၃၈၊ ၆-လမ်း



ရှောင်းပိသည် တချက်ပြုံးလိုက်ပြီး

'ဘယ်နေပါ့မလဲကွာ၊ နောက်ဆယ်နှစ်ကြာယင် မင်းကို ငါ တိုက်ခိုက်အုံးမယ်ဆိုပြီး စိန်ခေါ်လိုက်တာပေါ့'

'ဒါဆိုယင် အဖေတို့ အဲဒီစိန်ခေါ်ပွဲကို တိုက်ခိုက်လို့တောင် ပြီးပြီပေါ့၊ ဟုတ်လား'

ရှောင်းပိက ခေါင်းညိတ်လိုက်လေသည်။

'အေး....လွန်ခဲ့တဲ့နှစ်က တိုက်ခိုက်ပြီးပြီ၊ ဒါပေမယ့် တို့နှစ်ယောက်ဟာ အသီးသီး ဒဏ်ရာတွေရရှိကြပြီး သရေပွဲပဲ ဖြစ်သွားရတယ်'

ရှောင်းချူးစွေက

'သူက စိန်ခေါ်အုံးမယ်လို့ ပြောသွားသလား'

'ဟုတ်တယ် ပြောသွားတယ်၊ ဒါပေမယ့် တို့တတွေဟာ အသက်ကြီးပြီ ဖြစ်တဲ့အတွက် သိပ်အကျိုးရှိမှာမဟုတ်ဘူးတဲ့၊ အဲ့ဒီတော့ သူ့ရဲ့တူမလေးဖြစ်တဲ့သူက နောက် ဆယ်နှစ်ကြာတဲ့ အခါမှာ စိန်ခေါ်မယ်လို့ ပြောတယ်'

ရှောင်းချူးစွေက အနည်းငယ်စဉ်းစား၍

'သူ့တူမလေး ဆိုတာက'

ရှောင်းပိက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ အဖေသတ်မိလိုက်တဲ့ သူ့အစ်ကိုရဲ့ သမီးပဲ'

'ဒါကြောင့် အဖေက ကျွန်တော်တို့သားအမိကို လိုက်ရှာတာလား'

ရှောင်းပိက မျက်နှာမသာမယာဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

'အဲဒါကလဲတကြောင်း၊ နောက်တကြောင်းကလဲ အဖေ့ရဲ့ အမှားတွေကို သိလို့ မင်းအမေကို တောင်းပန်ချင်လို့ပါ'

ရှောင်းချူးစွေသည် အတန်ကြာအောင်ပင် ငေးငိုင်နေပြီးမှ ...

'သူ့တူမလေးလဲ အခုလောက်ဆိုယင် သိုင်းတော်တော်တတ်နေပြီနဲ့တူတယ်'

ရှောင်းပိက ခေါင်းယမ်းလိုက်လေသည်။

'ဒါတော့ ဘယ်အတတ်ပြောနိုင်ပါမလဲ၊ အဲ…ဆယ်နှစ်ပြည့်လို့ မိန်းကလေးက စိန်ခေါ်တဲ့အခါမှာ အဖေတို့ကလဲ အဆင်သင့်ရှိနေမှ အဖေတို့ရဲ့သိက္ခာက ကျမသွားတော့မှာပေါ့'

'ဒီ စိန်ခေါ်တဲ့ သံသရာကြီးက ဆုံးပါအုံးတော့မလား'

'အေးလေ၊ အခုတခါကတော့ သူတို့က စိန်ခေါ်မယ်လို့ ကြိမ်းဝါးထားတော့လဲ ကိုယ်က ဘွာခတ် အရှုံးပေးလိုက်လို့ ဖြစ်ပါ့မလား၊ မင်းပဲ စဉ်းစားကြည့်ပါအုံး'

ရှောင်းချူးစွေကလည်း မျက်နှာတင်းမာစွာဖြင့် ပြန်ပြောလိုက်လေသည်။

'ဒီလိုတော့ ဘယ်အရှုံးပေးလို့ ဖြစ်ပါ့မလဲ၊ ကျွန်တော်တို့ ရှောင်းအမျိုးအနွယ်တွေရဲ့ ဂုဏ်သိက္ခာကိုတော့ အကျမခံနိုင်ဘူး…'

'ဟုတ်တယ်၊ အဲဒီတော့ မင်းပညာသင်ကြားရမယ့်အချိန်က ရှစ်နှစ်ကျော်ကျော်လောက်ပဲ ရှိတော့တယ်၊ ကြိုးစားပြီး သင်ကြားထားပေတော့'

ရှောင်းချူးစွေက အတန်ကြာအောင် စဉ်းစား၍





'ကျွန်တော် ဒီပညာကို ဘယ်မှာသင်ရမှာလဲ'

ရှောင်းပိသည် သက်ပြင်းတချက်ကို ချလိုက်လေသည်။

'အင်း....မင်းကိုပေးထားတဲ့ သိုင်းကျမ်း စာအုပ်ဟာ အင်မတန် ထူးဆန်းထက်မြက်တဲ့ စာအုပ်တအုပ်ဖြစ်တယ်၊ အဲဒီအထဲမှာ 'အဆွေးလက်ဝါး' သိုင်းကျမ်းဆိုတာ ပါတယ်၊ အဲဒီ အဆွေးလက်ဝါးသိုင်းကျမ်းကို တတ်မြောက်သွားယင် ဒီလောကမှာ ဘယ်သိုင်းသမားကိုမှ မင်းကြောက်စရာမလိုတော့ဘူး'

ရှောင်းချူးစွေက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

'အဲဒီ အဆွေးလက်ဝါးသိုင်းဆိုတာက ဘယ်လို သဘောအဓိပ္ပာယ်မျိုးလဲ'

'သူ့ရဲ့ဆိုလိုရင်းကတော့ အဓိပ္ပာယ်နှစ်မျိုး တွေ့ရတယ်'

ရှောင်းချူးစွေက ဂရုစိုက်၍ နားထောင်နေပေသည်။

ရှောင်းပိက ဆက်ပြောသည်။

'ပထမတချက်ဆိုလိုရင်းကတော့ မင်းရဲ့လက်ဝါးနဲ့ ထိသွားယင် အရိုးဆွေးပြီး တခါတည်း သေသွားနိုင်တယ် တဲ့ဆိုသဘောပဲ'

ရှောင်းချူးစွေက ခေါင်းညိတ်လိုက်ပြီး

'ဒုတိယ အချက်ကကော'

'ဒုတိယအချက်ကတော့ ဒီလက်ဝါး ထိမိထားတဲ့ လူဟာ တသက်လုံးဆွေးသွားရမယ်ဆိုတဲ့သဘောပဲ၊ ဒါကြောင့် အဆွေးလက်ဝါးသိုင်းလို့ နာမည်ပေးထားပုံရတယ်'

'အင်း…ဒီအတိုင်းဆိုယင် ဒီပညာကလဲ လေးငါးခြောက်နှစ်ကို ပြင်းပြင်းထန်ထန် လေ့ကျင့်ယူမှ ရမယ်နဲ့တူတယ်'

'ဟုတ်တယ်၊ သိုင်းပညာမှာ အဲဒီလိုဘက်က အင်မတန် ကျော်ကြားတဲ့ ဆရာတယောက်ရှိတယ်၊ အဲ့ဒီဆရာဆီ ကို မင်း သွားရလိမ့်မယ်'

'သူက ဘယ်မှာလဲ'

'ထိုက်ဟူတောင်ပေါ်မှာ'

*　*　*

သုံးလခန့်ကြာသောအခါ…

ရှောင်းချူးစွေသည် ရွှေစစ်နှင့်အတူ ထိုက်ဟူတောင်ပေါ် သို့ သွားရတော့မည် ဖြစ်ပေသည်။

ယခု သူသည် ဖခင်ကြီးပြသပေးသော အခြေခံသိုင်းပညာ များကိုလည်း သင်ကြားခဲ့ပြီး ဖြစ်၏။

ရှောင်းပိသည် လွန်စွာမှ အားရကျေနပ်မိသည်။

သူ၏သားသည် ဉာဏ်ပညာထက်မြက်ပြီး သင်ကြား ပြသရ သည်မှာ လွယ်ကူသောကြောင့် ဖြစ်သည်။ သုံးလ အတော အတွင်းမှာပင် အခြေခံသိုင်းပညာကိုအတော်လေးတတ်မြောက် နေပြီ ဖြစ်ပေသည်။

ကျူးဝေမှာ သူမ၏ သားလေးကိုကြည့်၍ ကျေနပ်မဆုံး တော့။





တချိန်က သူမနှင့် သူမ၏ သားလေးမှာ ဆင်းရဲပင်ပန်းစွာ ဖြင့် လူတကာ၏ အနှိမ်ကိုခံခဲ့ရလေသည်။ ယခု ရှောင်းချူးစွေ သည် ယခင် ရှောင်းချူးစွေမဟုတ်တော့ပါ။

စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် နေထိုင် စားသောက်ခဲ့ရ သောကြောင့် အသားအရေမှာ စိုပြည်ဝဖြိုး၍ ကျစ်လျစ် သန် မာသောကိုယ်ခန္ဓာကလည်း တောင့်တင်းလှပနေပေသည်။

ကျူးဝေသည် သားဖြစ်သူ၏ အနီးသို့ လျှောက်သွားပြီး ဆံပင်များကို ပွတ်သပ်ပေးနေပေသည်။

'တနေ့ ရန်သူကစိန်ခေါ်ယင် သားက ယှဉ်ပြိုင်ရမှာဆိုတော့ ကိုယ်က ထူးချွန်အောင် တတ်ထားမှ တော်ကာကျမှာသား၊'

ရှောင်းချူးစွေမှာမိခင်အား လေးစားစွာဖြင့် ဂါရဝပြုလိုက် လေသည်။

'စိတ်ချပါ အမေရယ်…၊ ကျွန်တော် ရန်သူနဲ့ ယှဉ်ပြိုင်နိုင် အောင်ကို ကြိုးစားပညာသင်ပါ့မယ်'

ကျူးဝေက သက်ပြင်းတချက်ကို လေးပင်စွာ ချလိုက်လေ သည်။

'အင်း….ရန်သူကလဲ သိုင်းပညာ ဘယ်လောက်အထိ အဆင့် မြင့်မားနေတယ်ဆိုတာ ကိုယ်က သိထားရတာမဟုတ်ဘူး၊ အဲ့ဒီ တော့ ကိုယ့်ဘက်က အစွမ်းကုန် ကြိုတင် ပြင်ဆင်ထားရမှာ ပေါ့'

ရှောင်းပိက စဉ်းစဉ်းစားစားဖြင့် ဝင်ပြောလိုက်လေသည်။

'အခုအချိန်ထိတော့ သိုင်းလောကမှာ ထင်ရှားတဲ့ ပုဂ္ဂိုလ် တယောက်မှ မပေါ်ပေါက်သေးပါဘူး၊ ဒါပေမယ့် သူတို့ကလဲ ပညာကို ကျိတ်ပြီး သင်နေယင်တော့ မပြောတတ်ဘူးပေါ့'

ရွှေဝင်းချူးစွေက ခေါင်းညိတ်လိုက်၏။

'ကျွန်တော်ကလဲ ပညာကိုကျိတ်ပြီး သင်ရမှာပေါ့အဖေရဲ့၊ ဒါမှလဲ ရန်သူက တဘက်လူရဲ့ပညာကို မသိနိုင်တော့မှာပေါ့'

ရွှေဝင်းပိ၏မျက်နှာ ရွှင်လန်းအားရသွားဟန် ရှိပါသည်။ ထို့ကြောင့် သားဖြစ်သူကို ရှုန်းရှုန်းစားစား ကြည့်လိုက်ပြီး

'မင်း ထိုက်ဟူတောင်ကို ဘယ်တော့သွားမလဲ'

'ကျွန်တော်နဲ့ရွှေစစ် မနက်ဖြန်ပဲ စပြီး ခရီးထွက်ဖို့ စီစဉ်ပြီး သွားပါ'

* * *



(၁၀)

## စွမ်းစွမ်းဆိုသောမိန်းကလေး

စွမ်းချင်ချူမှာ…

အသက်ကြီးပြီဖြစ်သော်လည်း သန်မာဖျတ်လတ်ဆဲပင်ရှိ၏။

သူ၏ လှုပ်ရှားမှုများကလည်း လျင်မြန် သွက်လက်လျက် ရှိတုန်းပင်။

သူသည် ချွေးတလုံးလုံးဖြင့် သိုင်းပညာများကို ပြသနေပေသည်။

စွမ်းစွမ်းမှာ မမောနိုင် မပန်းနိုင်၊ ပညာကို သင်ယူလျက် ရှိနေပေသည်။

သူမမှာ တဘက်က ပညာသင်ကြားနေသော်လည်း အခြား တဘက်တွင် အလုပ်တာဝန်က ပိနေပေသည်။ ယခုတလော

အထက်မှ အရာရှိများက စွမ်းစွမ်းတို့အား ဖိ၍ ကြိမ်းမောင်းနေပေသည်။

ဘဏ္ဍာတော်တိုက်မှ ပျောက်ဆုံးသွားသော ရွှေတုံးများကိစ္စမှာ အစအနပင်စုံစမ်း၍မရ ဖြစ်နေသောကြောင့် စွမ်းစွမ်းတို့မှာ ဆူပူကြိမ်းမောင်းခြင်းကို ခံနေရခြင်း ဖြစ်၏။

သူမနှင့်ပညာသင်ဘက် ဝမ်းရှမ်းမှာလည်း အတော်ကလေးတတ်ကျွမ်းလာပြီ ဖြစ်လေသည်။

သို့သော် စွမ်းစွမ်း၏ ပညာတဝက်ကို မမီသေးပါ။ ယနေ့ဝမ်းရှမ်းကို ကြည့်ရသည်မှာ တမျိုးဖြစ်နေပေသည်။

သူသည် တမှိုင်မှိုင်တတွေတွေနှင့် တစုံတရာကိုသာ စဉ်းစားတွေးတောနေပုံရှိသည်။

ဤအချက်ကို စွမ်းစွမ်းက သိသည်။

ဝမ်းရှမ်း တစုံတခုကို စဉ်းစား တွေးတောနေသည်မှာ အခြားမဟုတ်ပါပေ။

သူ့အား ချစ်ရေးဆိုရန်အတွက်ပင် ဖြစ်လေသည်။

စွမ်းစွမ်းက သူ့ထံသို့ မယောင်မလည်နှင့် လျှောက်သွားသည်။

'ဘယ့်နှယ်လဲ ဆရာကြီး၊ သိုင်းမကျင့်ပဲ တွေးတောလို့ချည့်လား၊ ဘာတွေများ ဒါလောက် စဉ်းစားတွေးတောနေရတာလဲ'

ဝမ်းရှမ်းက လှည့်မကြည့်ပါ။

သူသည် ရှေ့သို့သာ ငေးမောလျက် စွမ်းစွမ်းကို လှမ်းပြောလိုက်လေသည်။





'တော်ပါဗျာ၊ မသိချင်ယောင် ဆောင်နေတဲ့ လူနဲ့စကားပြောရတာ နားမကြားတဲ့ လူနဲ့ ပြောရသလိုပဲ၊ ကျုပ် ရင်ထဲမှာ ခံစားချက်တွေ စွမ်းစွမ်း သိပါတယ်'

စွမ်းစွမ်းက ရယ်မောလိုက်၏။

'ရှင်ဟာ တော်တော် အစွဲအလမ်းကြီးတဲ့ လူတယောက်ပဲ'

ဝမ်းရှင်းက သူ့အား ရုတ်တရက် ကြည့်လိုက်လေသည်။

'ဟုတ်တယ်၊ ကျုပ်ဟာ လိုချင်တဲ့ ပစ္စည်းတခုကို ခပ်မြန်မြန်ကလေး ရမှ ကျေနပ်တယ်၊ နို့မို့ယင် ကျုပ်ရဲ့ စိတ်တွေဟာ မတည်မငြိမ် ဖြစ်နေတတ်တယ်'

စွမ်းစွမ်းက ပြုံးရယ်လျက် ပြန်ပြောလိုက်လေသည်။

'ဒါဆိုယင် ရှင့် ဦးနှောက်တွေ မမှန်တော့ဘူး'

ဝမ်းရှမ်းက မျက်လုံးပြူး၍ ပြန်ကြည့်လိုက်လေသည်။

'စွမ်းစွမ်းက ကျုပ်ကို အရူးလို့ ပြောနေတာလား၊ ခံစားမှုကြီးမားလွန်းတဲ့ လူတိုင်းကို အရူးလို့ ဆိုယင် ရပါတယ်၊ ဟုတ်တယ်၊ ကျုပ်ကို ရူးတယ်ပဲပြောပြော၊ စွမ်းစွမ်းကို ကျုပ် လက်လွှတ် ဆုံးရှုံးမခံနိုင်ဘူးဗျာ'

စွမ်းစွမ်း၏ မျက်နှာမှာ ရုတ်တရက် တည်ကြည်သွားလေသည်။

'ရှင် အဲဒီလောက် အစွဲအလမ်း မထားပါနဲ့၊ တနေ့ ရှင်လိုချင်တဲ့ အဖြေမျိုး ပေးနိုင်အောင် ကျွန်မ ကြိုးစားပါ့မယ်ဆိုယင် ရှင် မကျေနပ် နိုင်သေးဘူးလား၊ အခုအချိန်မှာတော့ ကိုယ့်ပညာ တိုးတက်ဖို့ အရေးကိုသာ ကြိုးစားပါ'

ဝမ်းရှမ်းက စွမ်းစွမ်းကို စူးစိုက်ကြည့်လိုက်လေသည်။

'အခုနေအခါမှာ စွမ်းစွမ်းအနေနဲ့ ကျုပ်အပေါ် မေတ္တာရှိတယ်၊ မရှိဘူး ဆိုတာလေးကိုတောင်မှ ဖွင့်မပြောနိုင်သေးဘူးလား'

စွမ်းစွမ်းက စိတ်ပျက်စွာဖြင့် ပြန်ပြောလိုက်လေသည်။

'အဲဒါကြောင့်မို့ ရှင့်ကို ခက်တယ်လို့ ပြောတာပေါ့၊ ဘဘက သူ့ရဲဆန္ဒတခုကို မဖြည့်စွမ်းနိုင်သေးတဲ့ အချိန်မှာ ဘာမှ စိတ်မကူးပါနဲ့အုံးလို့ ပြောထားတယ်ရှင့်'

ဝမ်းရှမ်းက သက်ပြင်းတချက်ကို လေးပင်စွာ ချလိုက်လေသည်။

ထိုအခိုက်....

'ဟုတ်တယ်၊ စွမ်းစွမ်းမှာ ကြီးမားတဲ့ တာဝန်တခု လုပ်ဆောင်စရာ ရှိနေတယ်၊ အဲဒီကိစ္စ မပြီးမချင်း စွမ်းစွမ်းကို ငါ အိမ်ထောင်ပြုမပေးနိုင်သေးဘူး'

ရုတ်တရက် ပြတ်ပြတ်သားသား ပေါ်ထွက်လာသော စကားသံ တခုကြောင့် စွမ်းစွမ်းနှင့် ဝမ်းရှမ်းက လှည့်ကြည့်လိုက်လေသည်။

စွမ်းချင်ချု ဖြစ်သည်။

စွမ်းချင်ချု၏ မျက်နှာမှာ ခက်ထန်နေသည်ဟု ဆိုရပေမည်။

သူသည် ဝမ်ရှမ်းက စွမ်းစွမ်းအား ယခုကဲ့သို့ မကြာခဏ ချစ်ရေးဆိုနေသည်ကို သိပ်ပြီး သဘောမတွေ့လှပေ။

ထိုကဲ့သို့သော ဝမ်ရှမ်းက မကြာမကြာ ချစ်ရေးဆိုနေပါလျှင် စွမ်းစွမ်းမှာ စိတ်အနှောင့်အယှက် ဖြစ်လာမည်ကို စွမ်းချင်ချုက စိုးရိမ်မိလေသည်။ ထို့ကြောင့် ယခုတကြိမ်





စွမ်းစွမ်းအားချစ်ရေးဆိုနေချိန်တွင် ဝမ်းရှမ်းအား ဆိုဆုံးမရန် ရောက်ရှိလာခြင်း ဖြစ်၏။

ထို့ကြောင့် သူက ရင့်ကျက်သော ဣန္ဒြေနှင့် ဝမ်ရှမ်းအား စူးစိုက်ကြည့်လိုက်ပြီး-

'မင်း ဒီကိစ္စကို ခေါင်းထဲက ခဏဖျောက်ထားပြီး ပညာကို ကြိုးစားသင်ပါ၊ ဒါမှ သိုင်းပညာကို သိပ်ပြီး စိတ်မဝင်စားဘူးဆိုယင်တော့ မင်းသဘောပဲ'

ဝမ်းရှမ်းက ဘာမှ ပြန်မပြောနိုင်ပါ၊ ခေါင်းကိုသာ ငုံ့ထားသည်။

သို့သော် သူသည် အံကို တင်းတင်း ကြိတ်၍ ထားပေသည်။

စွမ်းချင်ချုက ဆက်ပြောသည်။

'အကယ်၍ မင်းက ပညာကို သိပ်ပြီး စိတ်မဝင်စားသေးဘူးဆိုယင် သင်ရတဲ့ လူမှာလဲ အကျိုးမရှိဘူး၊ သင်ပေးတဲ့ဆရာတွေမှာလဲ အကျိုးမရှိဘူး၊ အဲဒီတော့ မင်းအနေနဲ့ ပညာကိုပဲ ကြိုးစားသင်မလား၊ မိဘတွေဆီ ကိုပဲ ပြန်မလား၊ အဲဒါကို ဆုံးဖြတ်ပါ'

ဝမ်းရှမ်းမှာ စွမ်းချင်ချု၏စကားကြောင့် မျက်နှာတခုလုံး နီမြန်းသွားပေသည်။

သူသည် စွမ်းစွမ်း၏ မျက်နှာကို စူးစူးဝါးဝါးဖြင့် တချက်ကြည့်လိုက်လေသည်။ စွမ်းစွမ်းက သူ့အကြည့်ကို ရင်မဆိုင်ပဲ မျက်လွှာချလိုက်သည်။

ထို့နောက် ဝမ်းရှမ်းက စွမ်းချင်ချုံအား လေးစားစွာဖြင့် ဂါရဝပြုလိုက်သည်။ ထို့နောက် ဝမ်းရှမ်းသည် ရုတ်တရက် အိမ်အပြင်ဘက်သို့ ဘရှိန်တိုး ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *

မိန်းမပျိုကလေး တဦးသည် ကျောက်တုံး တတုံးပေါ်၌ မတ်တတ်ရပ်လျက် ရှိနေပေသည်။

သူမ၏ အဖြူရောင်ဝတ်စုံနှင့် ခေါင်းမှ ဆံစကလေးများသည် လေ၏တိုက်ခတ်မှုကြောင့် လွင့်ပျံလျက်ရှိနေပေသည်။

သူမ၏ မျက်လုံးအစုံသည် ခပ်လှမ်းလှမ်းရှိမြက်အိမ်ကလေးအား မမှိတ်မသုန် စူးစိုက်ကြည့်ရှုနေပေသည်။

သူမ၏ စိတ်ထဲ၌လည်း

'ဘယ်နေရာမှာသွားပြီး ဘယ်လိုသိုင်းပညာရပ် တွေများသင်ကြားနေသလဲ ရှောင်းချုံးစွေရယ်၊ ကျွန်မကိုမှ သတိရပါသေးရဲ့လား'

ဟု တမ်းတနေမိလေသည်။

သူမသည် လမင်းသမီးကလေး ဖြစ်သည်။

သူဆင်းရဲသားကလေး ရှောင်းချုံးစွေအား နှစ်နှစ်ကာကာ ချစ်မိလေသော လမင်းသမီးကလေးပင် ဖြစ်လေသည်။





ရှောင်းချုံးစွေတို့ သားအမိ မရှိတော့သည့် နောက်ပိုင်း သူမသည် နှစ်ကြိမ်တိုင်တိုင် ထိုနေရာသို့ ရောက်ရှိလာခဲ့ပေသည်။

သူမရောက်ရှိသော နေ့များသည်လည်း လပြည့်နေ့များပင် ဖြစ်လေ၏။ အချိန်ကာလမှာလည်း အလွန်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ပထမအကြိမ် ရောက်ရှိစဉ်တုန်းက မြက်အိမ်ကလေးမှာ ပျက်စီးယိုယွင်းခြင်း မရှိသေးသော်လည်း ယခုတကြိမ်တွင်မူ ပြုပြင်မည့်သူ ကင်းမဲ့သောမြက်အိမ်ကလေးမှာ ပျက်စီးယိုယွင်းလျက်ပင် ရှိနေပါပြီကော။

'အင်း....သုံးနှစ်တောင် ရှိခဲ့ပါပြီကော ရှောင်းချုံးစွေရယ်'

လမင်းသမီးက ထိုကဲ့သို့ တိုးတိုးကလေး ရေရွတ်လိုက်လေသည်။

မှန်ပေသည်။

ရှောင်းချုံးစွေတယောက် ထိုမြက်အိမ်ကလေးမှ ခွဲခွာသွားသည်မှာ သုံးနှစ်ပင်ပြည့်ပြီ ဖြစ်လေသည်။

သုံးနှစ်ဆိုသောအချိန်သည် အရာရာကို ပြောင်းလွဲစေနိုင်ပေသည်။

ထိုပြောင်းလွဲစေနိုင်သော အရာများထဲတွင် ရှောင်းချုံးစွေ တယောက်လည်းပါဝင်နေလိမ့်မည်။ ရှောင်းချုံးစွေသည် ယခုဆိုလျှင် အရာရာပြောင်းလွဲ၍ နေတော့မည်။ သို့သော် ထိုပြောင်းလွဲနေသောအရာများထဲတွင် သူမအပေါ် ချစ်သည့်

စိတ်ကတော့ မပြောင်းမလွဲ ရှိနေပါစေဟုသာ သူမ တိုးတိုးလေး ဆုတောင်းလိုက်သည်။

'ရှောင်းချူးစွေတယောက် ကျွန်မအပေါ် ချစ်တဲ့စိတ်တွေ တည်တံ့ခိုင်မြဲလျက် ရှိနေနိုင်ပြီး၊ နာမည် ကျော်ကြားသည့် မျိုးချစ်သိုင်းသမားကြီးတယောက် ဖြစ်နိုင်ပါစေ' ဟု လမင်းသမီးက တိုးညင်းစွာ ဆုတောင်းလိုက်သည်။

သူမသည် ထိုကဲ့သို့ ဆုတောင်းယင်းမှ ယိုယွင်း ပျက်စီးနေသော အိမ်ကလေးဆီသို့ တလှမ်းချင်းလျှောက်သွားလေ့သည်။

လမင်းသမီးသည် ပိုင်ရှင်ကင်းမဲ့နေသော အိမ်ကလေးအား အတန်ကြာအောင်ပင် ငေးမောကြည့်ရှုနေမိရာမှ ဖရိုဖရဲဖြစ်နေသော အတွင်းခန်းဆီသို့ ရုတ်တရက် လှမ်းကြည့်လိုက်မိရာ

'အမယ်လေး'

ဟုပင် ထိတ်လန့်တကြား အော်ဟစ်လိုက်မိလေသည်။

ပိုင်ရှင်ကင်းမဲ့နေပြီမို့ လူသူတဦးတလေမှ ရှိနေလိမ့်မည် မဟုတ်ဟု ထင်ခဲ့မိသော မြက်အိမ်လေးအတွင်း၌ မုတ်ဆိတ်မွေး ထူလပျစ်နှင့် ကြမ်းတမ်းခက်တရော်လှသည့် လူတယောက် ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်တော့သည်။

ထိုသူ၏ မျက်လုံးအစုံကို မြင်လိုက်ရသည်နှင့် လမင်းသမီး၏ စိတ်ထဲတွင် တမျိုးတမည် ခံစားလိုက်ရသည်။

ထို့ကြောင့် သူမသည် ထိုမြက်အိမ်ကလေးအနီးမှ အပြေးအလွှားပင် ထွက်ခွာသွားလေ၏။ မုတ်ဆိတ်မွေး ထူလပျစ်နှင့် လူကြီးမှာလည်း အိမ်ထဲမှ တိုးထွက်လာကာ အပြေးထွက်ခွာ





သွားသော လမင်းသမီးကလေးအား ငေးမောကြည့်ရှု နေမိလေသည်။

ထို့နောက် ထိုလူကြီးသည် ကျေနပ်စွာဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်နေပေသည်။

*　　*　　*

နက်ရှိုင်းသော တောကြီးအတွင်း၌ ကျောက်အုတ်ဂူကြီး တခုဟာ ရှိနေပေသည်။

အပေါ်မှ ဖုံးအုပ်နေသော ချုံနွယ်သစ်ပင် များကြောင့် ရုတ်တရက်ကြည့်မည်ဆိုပါလျှင် ထိုအုတ်လိုဏ်ဂူကြီးအား မည်သူကမျှ မြင်တွေ့နိုင်မည် မဟုတ်ပါချေ။

သို့သော်လည်း…

ထိုအုတ်လိုဏ်ဂူကြီး၏ မနီးမဝေးတနေရာ၌ လူတယောက်က ရှိနေလေသည်။ ထိုလူသည် လိုဏ်ဂူကြီးအား အကဲခတ်ကြည့်ရှုနေသည်မှာ နှစ်ရက်ရှိပြီ ဖြစ်၏။

သို့သော် ဘာမျှ ထူးခြားချက်မရှိသေး၍ သူက ဆက်လက်ပြီး စောင့်ကြည့်နေခြင်း ဖြစ်လေသည်။

ယင်းသို့ စောင့်ကြည့်နေသောလူမှာ အခြားမဟုတ်ပေ။

နေရာတကာတိုင်းကို သိချင်၍ စပ်စပ်စုစု နိုင်လှသော ကျောက်စီးယံပင် ဖြစ်သည်။

သူမသည်

တချိန်က မမျှော်လင့်ပဲ မျက်နှာဖုံးစွပ်ထားသည့် လူသုံးဦးအား တွေ့လိုက်ရလေသည်။

သို့သော် သူမက နောက်ယောင်ခံ၍ လိုက်ချောင်းခဲ့သော်လည်း ထိုလူများကို မျည်ခြည်ပြတ်သွားရလေသည်။ ဤသည်ကို သူမ မကျေနပ်။

ထိုမျက်နှာဖုံးအုပ်ထားသော လူများသည် လွန်စွာမှလျှို့ဝှက်သော လူများ ဖြစ်လိမ့်မည်ဟုလည်း သူမက ယူဆထား၏။ မည်သို့သော လျှို့ဝှက်ကိစ္စကြောင့် ဤကဲ့သို့ ဤနေရာတွင် တွေ့မြင်ရပြီး ပျောက်ကွယ်သွားသည်ကို သူမက အလွန်သိချင်နေသောကြောင့် ကျောက်စီးယုံသည် သူတို့၏သွားရာလမ်းကို တဖြည်းဖြည်း နောက်ယောင်ခံ၍ ကြည့်ရှုခဲ့ရာ မမျှော်လင့်ပဲ ထိုအုတ်လိုဏ်ဂူကြီးအား တွေ့လိုက်ရခြင်း ဖြစ်လေသည်။

အုတ်လိုဏ်ဂူကြီးအား တွေ့ရှိသော်လည်း သူမ အထဲသို့ မဝင်ရဲပါ။ အထဲတွင် ကြီးမားသောရန်သူများရှိနေပါက သူမ အဖို့ အခက်ကြုံတွေ့ရမည် မဟုတ်ပါလား။

ထို့ကြောင့် သူမသည် လိုဏ်ဂူကြီး၏ အဝင်အထွက်ကို စောင့်ကြပ် ကြည့်ရှုနေဖြစ်သည်။

မနေ့က တနေ့သာကုန်ဆုံးသွားသည်။

မည်သူတဦးတယောက်မျှ ဝင်ထွက်သည်ကို မတွေ့ရချေ။

ယနေ့ ဆက်လက်၍ စောင့်နေသော်လည်း ယခုအချိန်ထိ တဦးတယောက်မျှ ဝင်ထွက် သွားလာသည်ကို မတွေ့ရသေးသဖြင့် ကျောက်စီးယုံမှာ စိတ်ပျက်စပြုလာလေသည်။





သူမအနေနှင့် ဖြစ်ချင်ရာဖြစ်စေတော့ အထဲသို့ ဝင်ရောက်ကြည့်ရှုလျှင်ပင် ကောင်းမလားဟု စိတ်ကူးထားမိလေသည်။ သို့သော်လည်း သူမ မဝင်ရဲသေးပါ။

ကျောက်စီးယုံသည် စိတ်ပင်ပန်းကြီးစွာနှင့် စောင့်ကြည့်နေပါသော်လည်း ဘာမျှ အကျိုးထူးမလာတော့သဖြင့် ပုန်းအောင်းနေရာမှ ထွက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ အဝေးမှ လာနေသော မြင်းခွာသံ သဲ့သဲ့ကို သူမက ကြားလိုက်ရလေသည်။

မြင်းခွာသံများမှာ အစထက်တစ နီးကပ်လာပြီး....

နောက်ဆုံး အနက်ရောင်ဝတ်စုံနှင့် အနက်ရောင်မျက်နှာဖုံးများ တပ်ဆင်ထားသည့် လူသုံးဦးအား တွေ့မြင်လိုက်ရလေသည်။

ထိုမြင်းပေါ်မှ လူသုံးဦးမှာ ဝဲယာတဘက်တချက်သို့ အကဲခတ် ကြည့်ရှုလိုက်ပြီး အုတ်လိုဏ်ဂူကြီး၏ ရှေ့တွင် မြင်းများကို ရပ်တန့်လိုက်လေသည်။

ကျောက်စီးယုံ ချောင်းမြောင်း၍ ကြည့်ရှုနေစဉ်မှာပင် အုတ်ဂူ၏အတွင်းမှ လူနှစ်ဦးက ထွက်လာလေသည်။

သူတို့သည် ရှေ့ဆုံးမှ မျက်နှာဖုံးနှင့်လူအား အရိုအသေပေးကာ အုတ်လိုဏ်ဂူကြီး၏ အဝင်တံခါးဝအား ဖွင့်လှစ်ပေးလိုက်သည်ကို ကျောက်စီးယုံက တွေ့မြင်လိုက်ရလေသည်။

ကျောက်စီးယုံသည် သက်ပြင်းတချက် မသိမသာ ချလိုက်မိသည်။

'တော်ပါသေးရဲ့၊ ငါသာမဆင်မခြင်ပဲ ဝင်လိုက်မိယင် အဲဒီ အစောင့်တွေနဲ့ တိုးမှာပဲ၊ အစောင့်က အဲဒီနှစ်ယောက်မဟုတ်ပဲ တပြုံကြီးဆိုယင် ငါတော့ ဒုက္ခပဲ'

ဟု တကိုယ်တည်းတွေးလိုက်မိသည်။

အနက်ရောင်ဝတ်စုံ အနက်ရောင်မျက်နှာဖုံးနှင့် လူသုံးဦးက အထဲသို့ ဝင်သွားပြီးသည်နှင့် အုတ်ဂူတံခါးက ပြန်ပိတ်သွားသည်။

ကျောက်စီးယုံသည် အမျိုးမျိုးအဖုံဖုံ တွေးတောမိတော့သည်။

ထိုလူများသည် ဒမြပင်လော။ သို့မဟုတ်ပါက....

ဘုရင့်အား ပြန်လည်တော်လှန်မည့် သူပုန်များပင် ဖြစ်လေမည်လော။

သို့တည်းမဟုတ်....

မျိုးချစ်သိင်းသမားများစုစည်း၍ နေထိုင်ကြခြင်းပေလော။

ကျောက်စီးယုံသည် အုတ်လိုဏ်ဂူကြီးအား ကြည့်၍ အမျိုးမျိုးသော အတွေးများကို တွေးတောနေမိသည်။

ယင်းအခိုက်မှာပင်...

နောက်ထပ် မြင်းခွာသံများ ကြားလိုက်ရပြန်သည်။

ကျောက်စီးယုံက တအံ့တသြဖြင့် စောင့်ကြည့်နေမိ၏။

သည်နေ့အတွက်တော့ သူမစောင့်မျှော်ရကျိုးနပ်ပြီဟုလည်း တွေးလိုက်မိသည်။

မြင်းခွာသံများမှာ တစထက်တစ နီးကပ်လာပြီး ကျောက်စီးယုံ၏ မြင်ကွင်းရှေ့သို့ ရောက်ရှိလာပြန်သည်။





ကျောက်စီးယုံ၏ မျက်လုံးများမှာ ပြူးကျယ်သွားသည်ဟု ထင်လိုက်ရသည်။

အကြောင်းမှာ စောစောကကဲ့သို့ပင် အနက်ရောင်ဝတ်စုံနှင့် အနက်ရောင်မျက်နှာဖုံးကို စွပ်ထားသော လူသုံးယောက်ကို ထပ်မံ တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ထိုလူသုံးဦးသည်လည်း ရှေးနည်းတူစွာပင် လိုဏ်ဂူရှေ့၌ မြင်းများကို ရပ်တန့်လိုက်၏။

အစောင့်နှစ်ဦးကလည်း ယခင်အတိုင်းပင် ထွက်ပေါ်လာကာ ရှေ့ဆုံးမှလူအား အရိုအသေပေးလျက် လိုဏ်ဂူတံခါးကို ဖွင့်ပေးလိုက်လေသည်။

မြင်းသုံးကောင်နှင့်လူသုံးဦးက အထဲသို့ဝင်သွားပြီး မကြာမီမှာပင် လိုဏ်ဂူတံခါးကလည်း ပြန်လည် ပိတ်သွားပြန်တော့သည်။ ထိုမြင်ကွင်းအားလုံးကို ကျောက်စီးယုံ အံ့သြမှင်တက်စွာ ငေးကြည့်နေမိသည်။ ဤအတိုင်းမှန်လျှင် ထိုလူများ၏ အဖွဲ့အစည်းမှာ အတော်ပင် ကြီးမားသော အဖွဲ့အစည်းအခု ဖြစ်ပေလိမ့်မည်ဟု ကျောက်စီးယုံက မှတ်ချက်ချလိုက်လေသည်။

သူမသည် အတန်ကြာအောင် စောင့်ကြည့်၍ နေသော်လည်း နောက်ထပ် တစုံတယောက်မှ ရောက်လာခြင်း မရှိတော့သဖြင့် သူမက ပြန်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက်မှာပင်...

အုတ်ဂူတံခါးများက ပြန်လည်ပွင့်သွားပြီး စောစောက ဝင်သွားသည့် အနက်ရောင်ဝတ်စုံနှင့် မျက်နှာဖုံးတပ်ဆင်ထား

သော လူခြောက်ဦးစလုံးပြန်လည်ထွက်ခွာလာသည်ကို တွေ့လိုက်ရလေသည်။

သူတို့သည် မည်သည့်နေရာကလာ၍ မည်သည့်နေရာသို့ပြန်သွားကြလေသနည်း။

ကျောက်စီးယုံ၏ စိတ်ထဲတွင် ထိုသူများကိုကြည့်၍ အမျိုးမျိုး အဖြေထုတ်နေပေသည်။

သို့သော် လုံး၀ စဉ်းစား၍ မရပါ။

ကျောက်စီးယုံမှာ ထိုနေရာ၌ကြာရှည်စွာ ဆက်သက်၍ နေပါက အန္တရာယ်များလာနိုင်သည်ကို တွေးတောမိလေသည်။

အချိန်ကလည်း မှောင်စပျိုးလာပြီ၊ မကြာမီတွင် မိုးချုပ်တော့မည် ဖြစ်သဖြင့် သစ်ပင်များအကြားတွင် ဝှက်ထားသော မြင်းကြီးကို စီးနင်းကာ ထိုနေရာမှ တဖြည်းဖြည်းချင်းခွာကာ သူမ၏ နေအိမ်ရှိရာ စန်းစိမ်မြို့ကလေးဆီသို့ ပြန်လာခဲ့လေတော့၏။

* * *

စန်းစိမ်မြို့ထဲသို့ ကျောက်စီးယုံပြန်ရောက်ရှိလာသော အချိန်မှာ အတော်ပင်မှောင်နေပြီ ဖြစ်လေသည်။

သူမသည် ခရီးတလျှောက်လုံး အနက်ရောင် မျက်နှာဖုံးနှင့် လူများ၏အကြောင်းကိုသာ စဉ်းစားတွေးတော၍ လာခဲ့ပေသည်။





ထိုသို့စဉ်းစားတွေးတော၍ လာခဲ့ရာမှ

စန်းစိမ်မြို့မှလူအများ ယခုတလော ပြောဆိုနေကြသော သတင်းနှစ်ခုကိုလည်း နားထဲတွင် ကြားယောင်လာမိပြန်သည်။

စန်းစိမ်မြို့တွင် သတင်းနှစ်ခုက ဖြစ်ပွားနေပေသည်။

ပထမ သတင်းမှာ

မြို့အစွန်ရှိ မြက်အိမ်တအိမ်တွင် နေထိုင်သော သားအမိနှစ်ယောက်မှာ မည်သည့်မြို့ရွာသို့ ပြောင်းရွှေ့သွားသည်မသိ။ ယခုအခါ သားအမိနှစ်ဦးစလုံး မရှိတော့ပဲ ပျောက်ဆုံးနေကြသည် ဆိုသည့် သတင်းပင်။

နောက်သတင်းတခုကတော့

မည်သည့်မြို့ရွာမှပြောင်းရွှေ့လာသည်ကို မသိရသောသဌေးကြီး လင်မယားမှာ စန်းစိမ်မြို့တွင် ‘ရှောင်းဂေဟာ’ဟူ၍ တည်ဆောက်ပြီး အခြွေအရံ အသင်းပင်းများနှင့် ချမ်းသာစွာ လာရောက်နေထိုင်သည့်သတင်းပင် ဖြစ်ပေသည်။

ကျောက်စီးယုံအဖို့

ထိုသတင်းနှစ်ခုအနက် တခုသောသတင်းကိုတော့ ကောင်းစွာ သိရှိပေသည်။

မြက်အိမ်နှင့်နေထိုင်ရရှာသောသူဆင်းရဲသားအမိနှစ်ယောက်မှာ ကျူးဝေနှင့် ရှောင်းချူးစွေပင် ဖြစ်ပေသည်။

ကျောက်စီးယုံအနေနှင့် ထိုသားအမိနှစ်ယောက် မည်သည့်မြို့ရွာသို့ ပြောင်းရွှေ့သွားသည်ကို မသိရှိရသော်လည်း သူ၏ဆွေမျိုး အဘိုးအိုတယောက် လာခေါ်၍လိုက်သွားကြသည်ကိုတော့ ကျောက်စီးယုံက ကောင်းကောင်း သိထားလေသည်။

သူမအဖို့ စန်းစိမ်မြို့မှ လူအများနည်းတူ အတွေးတောရှုခက်နေသည်မှာ

ယခုလာရောက်နေထိုင်သော ရှောင်းဂေဟာမှ မိသားစုကိုပင် ဖြစ်လေသည်။

သူတို့တတွေသည် မည်သူတွေဖြစ်နိုင်မည်နည်း။
သူတို့သည် ဘယ်မြို့ကပြောင်းရွှေ့လာကြသနည်း။
အဘယ်ကြောင့် ဤမျှချမ်းသာကြွယ်ဝနေသနည်း။
သူမ၏စိတ်ထဲ၌ ထိုအတွေးများသည် တခုပြီးတခုဝင်လာလေတော့၏။

တဖန် ဘောင်ပေါ်မှ အနက်ရောင်မျက်နှာဖုံးနှင့် လူများကိုပါ ဆက်စပ်၍ တွေးတောမိပြန်သည်။

ထိုလူများနှင့် ရှောင်းဂေဟာသည် တနည်းနည်းနှင့် ဆက်သွယ်၍ နေပါသလော။

ကျောက်စီးယုံမှာ အတွေးပေါင်းမြောက်မြားစွာနှင့် မြို့ထဲသို့ ဝင်ရောက်လာပေသည်။

သူမသည် ပျက်စီးယိုယွင်းနေသော ရှောင်းချူးစွေတို့၏သားအမိနေအိမ်သို့ တချက်လှည့်ကြည့်လိုက်ပြီး ရှောင်းချူးစွေအား သတိရရှိသွားပေသည်။

မျက်လုံးရွဲကြီးနှင့် လွန်စွာမှခန့်ညားသောသူ တယောက်။
ယခု ဘယ်နေရာဘယ်ဌာနသို့ ရောက်ရှိနေသနည်း။
သူ၏မိခင် ကျူးဝေ။





ကျောက်စီးယုံသည် ကျူးဝေ၏အပေါ်တွင်လည်း ချစ်ခင်ကြင်နာ သနားမိပေသည်။ သူမသည် သားလေးတယောက်ကိုပင်ပန်းကြီးစွာဖြင့် ရှာဖွေလုပ်ကိုင်ကျွေးမွေးခဲ့သူ ဖြစ်သည်။

ဒုက္ခအမျိုးမျိုးရောက်၍ လူတကာ၏ ပြောဆိုနှိပ်စက်မှုကိုခံရရှာသော အမျိုးသမီးကြီး။

ယခုအခါ မည်သည့်အလုပ်ကို လုပ်ကိုင်စား၍ မည်သည့်မြို့ရွာများ၌ နေထိုင်ပါသနည်း။

ကျောက်စီးယုံက တခုပြီးတခု တွေးတောယင်းမှ မြင်းတကောင်နှင့် တဖြည်းဖြည်းချင်း ဝင်ရောက်လာခဲ့ပေရာ

လွန်စွာမှခန့်ညားလှသည့် အဆောက်အအုံကြီး တခုရှေ့သို့ရောက်ရှိလာပေသည်။

သူမက ခြံဝမှချိတ်ဆွဲထားသော ဆိုင်းဘုတ်ကို ဖတ်ကြည့်မိလိုက်လေသည်။

'ရှောင်းဂေဟာ'

သူမသည် ဆိုင်းဘုတ်ကိုကြည့်ပြီး မျက်မှောင်ကြုတ်၍ စဉ်းစားမိလိုက်သည်။

'ရှောင်းချူးစွေ၊ ရှောင်းဂေဟာ'

ကျောက်စီးယုံက ရှောင်းချူးစွေနှင့် ရှောင်းဂေဟာ ပတ်သက်နေမည်လားဟု စဉ်းစားတွေးတောနေခြင်း ဖြစ်လေသည်။

သို့သော် သူမကချက်ချင်းပင်ခေါင်းကိုခါယမ်းလိုက်လေ၏။

'မဖြစ်နိုင်ပါဘူးလေ'

အလွန်ဆင်းရဲ မွဲတေလှသော ရှောင်းချူးစွေနှင့် အလွန့်ခန့်ညား ကြီးမားလှသော ရှောင်းဂေဟာကြီးမှာ မည်သို့ ပတ်သက်နိုင်မည် မဟုတ်ပါ။

သူမ၏စိတ်ထဲ၌ ထိုကဲ့သို့ပင် ဆုံးဖြတ်ချက်ချလိုက်လေသည်။

သို့သော် ကျောက်စီးယုံ၏ စူးစမ်းလိုသောစိတ်မှာ ပြင်းထန်လှ၏။ ကျောက်စီးယုံကား အရာရာကို စူးစူးစမ်းစမ်း၊ စပ်စပ်စုစု သိချင်လေ့ရှိသော မိန်းကလေးတယောက်ပင်။ သူမသည် မြင်းပေါ်မှ ဆင်းကာ မြင်းကိုမှောင်ရိပ်တခု၌ ချည်နှောင်၍ ထားလိုက်လေသည်။

ထို့နောက် သူမက အုတ်နံရံအနီးသို့လျှောက်သွားကာ ရုတ်တရက် ခုန်တက်လိုက်၏။ အုတ်နံရံပေါ်မှနေ၍ သူမကဆီးကြည့်လိုက်ရာ အတွင်း၌ ကျယ်ဝန်းလှပသော ပန်းခြံကြီးတခုဖန်တီးထားသည်ကို တွေ့လိုက်ရပေသည်။

ကျောက်စီးယုံ၏ဖခင်သည်ပင် ချမ်းသာကြွယ်ဝသောသဌေးတယောက်ဖြစ်သော်ငြားလည်း ဤသို့သော ပန်းခြံကြီးမျိုးကို ဖန်တီးထားနိုင်ခြင်းမရှိပါ။

သူမသည် ပန်းခြံအတွင်းသို့ ခုန်ဆင်းကာ မွှေးကြိုင်လှသည့် ပန်းရနံ့များကို တဝကြီးရှူရှိုက်နေပေသည်။

သူမသည် အိမ်ကြီးအတွင်းသို့ လှမ်းမျှော် ကြည့်သည်တွင် မီးများက ထိန်ထိန်လင်းနေသည်ကို တွေ့ရှိလိုက်ရ၏။

ခန့်ညားထည်ဝါစွာဆောက်လုပ်ထားသောအဆောက်အအုံကြီးသည် ဘယ်နေရာကကြည့်ကြည့် တင့်တယ်လှပနေပေသည်။





ကျောက်စီးယုံသည် တဖြည်းဖြည်းချင်း အဆောက်အအုံကြီး၏အနီးသို့ ချဉ်းကပ်သွား၏။ သူမသည်ပြတင်းပေါက်တခုမှနေ၍ အတွင်းသို့ချောင်းမြောင်း ကြည့်ရှုလိုက်ပေသည်။

ထိုအခိုက်

သူမ၏နောက်မှ ခြေသံတခုကို ကြားလိုက်ရသဖြင့်ရုတ်တရက်လှည့်ကြည့်မိလိုက်သည်။

သို့သော် နောက်ကျသွားချေပြီ။

တဦးတယောက်သည် သူမအား ရုတ်တရက်ချုပ်ကိုင်၍သွေးကြောပိတ်လိုက်လေသည်။

ကျောက်စီးယုံမှာ

မလှုပ်မယှက်နိုင်တော့ပဲ ကျောက်ရုပ်ပမာ ဖြစ်သွားရတော့သည်။

* * *

ရှောင်းဂေဟာကြီး၏ အရောင်တဖိတ်ဖိတ်တောက်နေသည့် ဧည့်ခန်းမကြီးအတွင်းတွင် ဖြစ်သည်။ ထန်ယင်းယိကသွေးကြောကို ပြန်လည်ဖြေပေးလိုက်သည့်အခါ

ကျောက်စီးယုံမှာ အကောင်းပကတိ ဖြစ်သွားပြီး သူမ၏ ရှေ့မှလူများကို ပြူးကြောင်ကြောင်နှင့် ကြည့်ရှုနေပေသည်။

ရှောင်းပိကာ ကုလားထိုင်တလုံးပေါ်မှထိုင်လျက် သူမအား စိုက်ကြည့်နေပေသည်။

'နင် ဘယ်သူလဲ၊ ဘယ်ကလဲ မှန်မှန်ပြောပါ'

ကျောက်စီးယုံမှာ ရှောင်းပိ၏အမေးကို ဘာပြန်ပြောရမှန်းမသိပဲ ရှိနေစဉ်မှာပင်

ရှောင်းပိ၏အနီးတွင်ရပ်နေသောသူအား ဂရုစိုက်၍ ကြည့်လိုက်မိသည်တွင် သူမမှာ ဝမ်းသာအားရ ဖြစ်သွားလေသည်။ သူမ ဂရုစိုက်၍ ကြည့်လိုက်သူက ထန်ယင်းယီ။

'ဘာဘာ ကျွန်မကို မှတ်မိသလား'

ထန်ယင်းယီ ရုတ်တရက်ငိုင်သွားပြီး သူမအား စူးစမ်းသော အကြည့်နှင့်ပြန်ကြည့်၏။

ရှောင်းပိက နားမလည်စွာဖြင့် ထန်ယင်းယီအား မော့ကြည့်၏။

ကျောက်စီးယုံက ဆက်ပြောလေသည်။

'ဘာဘာ တောင်ပေါ်မှာနေထိုင်မကောင်းဖြစ်နေတုန်းကလေ ကျူးဝေတို့သားအမိကိုခေါ်ပေးပါဆိုလို့ ကျွန်မ ခေါ်ပေးရတာ'

ထန်ယင်းယီက ထိုအခါမှ သေချာစွာ မှတ်မိသွားတော့သည်။

'ဩော် အင်း အင်း၊ တောင်ပေါ်မှာ သိုင်းပညာသင်နေတဲ့ ကလေးမ မဟုတ်လား'

ထန်ယင်းယီက မှတ်မိစွာပြောလိုက်သဖြင့် ကျောက်စီးယုံမှာ ဝမ်းသာအားရ ဖြစ်သွားလေသည်။ ပြီးနောက် သူမက ထန်ယင်းယီအား အလောတကြီးပင် ပြန်မေးလိုက်မိသည်။





'ဘာဘာ၊ အဒေါ်ကျူးဝေနဲ့ ရှောင်းချူးစွေကောဟင်၊ သူတို့ဘယ်မှာလဲ၊ သူတို့ကို ဘာဘာခေါ်သွားတယ် မဟုတ်လားဟင်'

ထန်ယင်းယီက ရှောင်းပိ၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ ရှောင်းပိသည် ကျောက်စီးယုံ၏မျက်နှာကိုအသေအချာကြည့်၍

'ကလေးမက ဘယ်ကလဲကွဲ့'

ကျောက်စီးယုံက ရိုသေစွာဖြင့် သွက်သွက်လက်လက်ပြန်ဖြေလိုက်၏။

'ကျွန်မက ဒီမြို့ကပါပဲ၊ သဌေးကြီး ကျောက်ဟန်ရဲ့သမီးပါ'

ရှောင်းပိက မျက်မှောင်ကြုတ်လိုက်လေသည်။

'ဩော် ဩော်....၊ ဒါနဲ့ကလေးမက ဘာဖြစ်လို့ဦးတို့ရဲ့အိမ်ကို တိတ်တဆိတ်ဝင်ပြီး ချောင်းကြည့်ရတာလဲ'

ကျောက်စီးယုံမှာ ရုတ်တရက် ဘာကိုဘယ်လိုပြောရမှန်းမသိဖြစ်သွားလေသည်။

သို့သော် ချက်ချင်းပင်သူမက လျင်မြန်ပါးနပ်စွာဖြင့် ထန်ယင်းယီအားကြည့်ပြီး ပြောလိုက်လေသည်။

'ဒီဘာဘာကို မြင်မိတာနဲ့ အဲ့ဒါ ဟုတ်မဟုတ်ဆိုပြီး ချောင်းကြည့်နေမိတာပါ'

ရှောင်းပိမှာ ကျောက်စီးယုံ၏အဖြေကို ကျေနပ်သွားပုံရလေသည်။

'ကလေးမက ကျူးဝေကိုသိလို့လားကွဲ့'

ကျောက်စီးယုံက ခေါင်းညိတ်ပြလိုက်လေသည်။

'သိပါတယ်ဦးလေး၊ အဒေါ်ကျူးဝေဟာ ကျွန်မတို့အိမ်မှာ အလုပ်လုပ်ဖူးပါတယ်'

ရှောင်းပိ၏မျက်နှာမှာ ရုတ်တရက်ပျက်သွားလေသည်။

သူသည် ပြန်လည်၍ ဣန္ဒြေဆည်လိုက်ပြီးမှ

'နောက်တော့ ဘာဖြစ်လို့မလုပ်တော့တာလဲ'

ကျောက်စီးယုံက စိတ်မကောင်းစွာဖြင့် ပြောလိုက်လေသည်။

'အလကားပါဦးလေးရယ်၊ မောင့်ရဲယီဆိုတဲ့ လူဆိုးထိန်းကခြေထိုးလို့ အဒေါ်ကျူးဝေ အလုပ်မလုပ်ရတော့တာပါ၊ တကယ်တော့ အဒေါ်ကျူးဝေဟာ တကယ့်ကိုရိုးသားပြီး စိတ်သဘောထားမြင့်မြတ်တဲ့ အမျိုးသမီးကြီးတယောက်ပါ'

ရှောင်းပိသည် သက်ပြင်းတချက်ကို မသိမသာ ချလိုက်မိလေ၏။

ယင်းအခိုက်

အမျိုးသမီးတဦးက အခန်းဝတွင်ရပ်နေသည်ကို ကျောက်စီးယုံက တွေ့လိုက်ရပေသည်။

သူမသည်ရုတ်တရက် ငေးကြောင်သွားပြီး ကိုယ့်မျက်စိကိုပင် ကိုယ်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားပါတော့သည်။

သူမမြင်လိုက်ရသည်က 'ကျူးဝေ'။

ဟုတ်ပါသည်။

ကျူးဝေမှာ

ယခင်ကကဲ့သို့ အဘွားကြီးအိုရုပ် ပေါက်၍မနေပါ။





ဟိုတုန်းကလို အဝတ်အစား အဟောင်းအနွမ်းများနှင့်လည်း မဟုတ်ပါ။ လှပသပ်ရပ်သော အဖိုးတန်အဝတ်အစားများကို ဝတ်ဆင်ထားသဖြင့် သူမ၏ရုပ်ရည်မှာ နုပျိုနေပြီး ကြည်လင်ခန့်ညားလှပေသည်။

ကျောက်စီးယုံက ဝမ်းသာအားရ လှမ်းခေါ်လိုက်လေသည်။

'အဒေါ်'

ကျူးဝေကအတွင်းသို့ အပြေးအလွှားကလေးသွားကာ နှစ်ယောက်သား ဝမ်းသာအားရ တယောက်နှင့်တယောက် ဖက်မိကြသည်။

ရှောင်းပိက မပွင့်တပွင့်ပြုံးလိုက်လေသည်။

*   *   *

ကျူးဝေက သူမတို့၏အဖြစ်အပျက်အမှန်ကို ကျောက်စီးယုံအား ဖွင့်ဟပြောပြလေသည်။

ကျောက်စီးယုံမှာ ဒဏ္ဍာရီဆန်သောပုံပြင်တခုကို နားထောင်နေရသည့်အလား အံ့ဩဝမ်းသာစွာဖြင့် နားထောင်၍နေပေသည်။

သူမ၏ရင်တွင်းမှာလည်း ဖော်မပြနိုင်အောင်ကို ဝမ်းသာနေမိသည်။

ကျူးဝေက ယခုကဲ့သို့ပြောပြနေသည်များကို နားထောင်ယင်း ဝမ်းသာကြည်နူးမှုများကြောင့် မျက်ဝန်းအိမ်မှာ မျက်ရည်များပင် လည်လာလေသည်။

သူဆင်းရဲဘဝတွင် ဒုက္ခအမျိုးမျိုးရောက်နေရာမှ ယခုကဲ့သို့ဘဝမှန်ကို ပြန်လည်ရရှိသွားသည့် သူတို့သားအမိကို အမှန်တကယ် ခင်မင်တွယ်တာ သံယောဇဉ်ဖြစ်ခဲ့မိသော ကျောက်စီးယုံသည် သားအမိအတွက် အဘယ်မျှဝမ်းမသာပဲ နေနိုင်ပါတော့မည်နည်း။

သူမသည် သေချာစွာ နားထောင်နေရာမှ ရုတ်တရက်ကောက်မေးလိုက်လေသည်။

'ရှောင်းချူးစေ့တယောက်ကော အခု ဘယ်မှာလဲဟင်'

'ထိုက်ဟူတောင်မှာ သိုင်းပညာသင်နေတယ်၊ ဒါပေမယ့် မကြာခင် ပြန်လာတော့မှာပါ'

ကျောက်စီးယုံသည် ဝမ်းသာလွန်း၍ လက်ခုပ်လက်ဝါးကလေးများကိုပင် တီးလိုက်လေသည်။

'ဟန်ကျတာပဲ၊ ဒါမှ သူများမစော်ကားရဲမှာ၊ မော့ရဲယီကိုလဲ ပြန်ပြီးကလဲ့စား ချေနိုင်မှာ'

ကျောက်စီးယုံက ထိုသို့ပြောပြီး ကျူးဝေ၏မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။

'အဒေါ်တချိန်တုန်းက ကျွန်မတို့အိမ်က ပြောမိဆိုမိတာတွေအတွက် ကျွန်မတို့ကို စိတ်မနာဘူးလား'

ကျူးဝေသည် ကျောက်စီးယုံ၏ဆံစကလေးများကို ကြင်နာစွာ ပွတ်သပ်ပေးလိုက်လေသည်။





'အဒေါ့်စိတ်ထဲမှာ ဘယ်သူ့အပေါ်မှ အာဃာတမထားပါဘူး သမီးရယ်၊ အားလုံးကိုခွင့်လွှတ်ပါတယ်'

'ကျွန်မလေ မော့ရဲယီရဲ့အပြုအမူတွေကို တွေးမိတိုင်းပဲ ဒေါသဖြစ်နေတာ၊ ရှောင်းချူးစေ့သာ သိုင်းပညာတတ်လာယင် ဒီလူ့ကို ပြန်ပြီးကလဲ့စားချေရမယ်'

ကျူးဝေက ရယ်မောလိုက်၏။

'ဒီစိတ်ထားမျိုး မထားပါနဲ့သမီးရယ်၊ နောက်ပြီး ရှောင်းချူးစေ့မှာလဲ ဒီလိုကလဲ့စားချေတဲ့စိတ်ထားမျိုး မရှိပါဘူး။ နောက်ပြီး ကလဲ့စားချေတယ်ဆိုတာကလဲ ကောင်းတဲ့အလုပ်မျိုး မဟုတ်ပါဘူး'

'မဟုတ်ဘူးအဒေါ်ရဲ၊ ဒီလူက မတရားလုပ်တာ လွန်လွန်းအားကြီးတယ်၊ အားနည်းတဲ့လူကိုဆိုယင်လဲ အရမ်းဖိနှိပ်တတ်တယ်၊ ကျွန်မတော့သူ့ကို အရမ်းမုန်းတယ်'

ကျူးဝေသည် သက်ပြင်းတချက်ကို အသာအယာချကာ

'မတရားလုပ်တဲ့လူဟာ တနေ့မတရားတဲ့လမ်းကို သွားရတာပါပဲကွယ်'

စိတ်သဘောထားမြင့်မြတ်လွန်းသော ကျူးဝေကို ကျောက်စီးယုံ ယခင်ကထက်ပို၍ ခင်မင်လေးစား သွားမိသည်။

'သဌေးကြီးကျန်းယုတို့ လင်မယားကိုကော အဒေါ်တွေ့သေးသလား'

'အဒေါ်က အိမ်ထဲကအိမ်ပြင်ဘယ်မှမထွက်လို့ ဘယ်သူနဲ့မှ မတွေ့ပါဘူးကွယ်'

'အဲဒီလင်မယားဟာလဲ အင်မတန်မောက်မာတဲ့ လင်မယားပဲ၊ ကျွန်မသိပ်မုန်းတယ်၊ ကြည့်လို့ကိုမရဘူး'

ကျူးဝေက ကလေးဆန်လွန်းသော ကျောက်စီးယုံကိုကြည့်၍ သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

ထို့နောက်ကျူးဝေက စကားလမ်းကြောင်း ပြောင်းလိုက်၏။

'ဒါထက် သမီးကော သိုင်းပညာ တော်တော်စုံသွားနေပြီလား'

ကျောက်စီးယုံက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့၊ အဖေတော်အတန်ကလေးတော့ တတ်နေပါပြီ၊ ဒါပေမယ့် သိပ်ပြီးအဆင့်မြင့်လှတဲ့ သိုင်းပညာရှင်တယောက်တော့ မဟုတ်သေးပါဘူး'

ကျူးဝေကပြုံး၍နှားထောင်နေပြီး

'တဖြည်းဖြည်း လေ့ကျင့်လာတဲ့အခါ သိုင်းပညာရှင်ကြီးတယောက် ဖြစ်လာမှာပေါ့သမီးရယ်'

ကျောက်စီးယုံကရယ်မောလျက်

'ရှောင်းချူးစေ့သာပြန်လာယင် သူတတ်လာတဲ့ပညာတွေကို အကုန်ပြန်သင်ခိုင်းရမယ်'

ကျူးဝေက ဘာမှပြန်မပြောတော့ပဲ သဘောကျစွာဖြင့်သာ ရယ်မောနေတော့သည်။

ထိုညက ကျောက်စီးယုံသည် ကျူးဝေနှင့် စကားကောင်းနေသဖြင့် အတော်ညဥ့်နက်မှ သူမ၏အိမ်သို့ ပြန်လည်ရောက်ရှိပေသည်။

* * *



( ၁၁ )

## အဆွေးလက်ဝါး သိုင်းသမား

အချိန်ရာသီနှစ်များက လျင်မြန်စွာမှ တနှစ်ပြီးတနှစ် ကုန်ဆုံး၍သွားပြန်သည်။ အချိန်ရာသီများ တရွေ့ရွေ့နှင့် ကုန်လွန်လာသည်နှင့်အမျှ

ထိုက်ဟူတောင်နှင့် အနီးတစိုက်မြို့နယ်များတွင် နာမည်တခုက ကျော်ကြား၍လာသည်။

မကောင်းမှုဒုစရိုက်လုပ်သူများနှင့်

အနက်ရောင်သိုင်းသမားများအား ဖယ်ရှားသုတ်သင် ရှင်းလင်းနေသော မျိုးချစ်သိုင်းသမားတယောက် ပေါ်ပေါက်နေသည်ဟူသောသတင်းပင် ဖြစ်လေသည်။

ထိုလူမှာ 'အဆွေးလက်ဝါးသိုင်းသမား' ပင်ဖြစ်သည်။

ခေါးပါးကလေးများ ပစ်ပေါက်သည့်နေရာတွင် လွန်စွာမှ တော်လှသူဟု ထင်ရှားကျော်ကြားသည့်အပြင် လက်ဝါးသိုင်းမှာလည်း ထူးချွန်လှသောကြောင့် သူ၏လက်ဝါးဒဏ်ကို မည်သူတဦးတယောက်မျှ မခံနိုင်ဟု သိရလေသည်။

သူ၏လက်ဝါး အထိခံရသောသူသည် အရိုးဆွေးသည်အထိ ခံစားသွားရလေသောကြောင့် 'အဆွေးလက်ဝါး သိုင်းသမား' ဟူ၍ ဘွဲ့အမည်ရရှိထားခြင်း ဖြစ်လေသည်။

အနက်ရောင်သိုင်းသမားများနှင့် ဒုစရိုက်သမားများမှာ အဆွေးလက်ဝါးသိုင်းသမားအား ခပ်ဝေးဝေးကပင် ရှောင်ကြဉ်နေကြလေသည်။

ထိုမျိုးချစ်သိုင်းသမားနှင့် တွေ့ရှိပါက

သူ၏လက်ဝါးနှင့် တွေ့သျှင်တွေ့၊ ထိုသို့မှမဟုတ်လျှင် သူပစ်လွှတ်လိုက်သော ခေါးပါးကလေးများသည် လူဆယ်ဦးအား တပြိုင်တည်း သေစေနိုင်ပေသည်။

အဆွေးလက်ဝါးသိုင်းသမား၏ နာမည်မှာ တရှိန်တိုးကျော်ကြားလာသည့်အလျောက် အထက်အာဏာပိုင်များထံသို့လည်း သတင်းတခုက ပျံ့နှံ့ကျော်ကြားသွားလေသည်။

ထိုသတင်းကိုလွှင့်နေသော သူများကလည်း အနက်ရောင်ဒုစရိုက်သမားများပင် ဖြစ်လေသည်။ သူတို့လွှင့်ထုတ်ဖြန့်ဝေနေသော သတင်းကား အခြားမဟုတ်ပေ။





'အဆွေးလက်ဝါးသိုင်းသမားသည် မျိုးချစ် သိုင်းသမားအယောင်ဆောင်နေသည့် ဘုရင့်ဘဏ္ဍာတော်မှ ရွှေတုံးခိုးသူသာဖြစ်ရမည်' ဟူ၍ဖြစ်သည်၊

ထို့ကြောင့်လည်း အဆွေးလက်ဝါး သိုင်းသမားမှာ သတိကြီးစွာထားလိုက် သွားလာသူပ်ရှား၍နေရပေသည်။

မည်သို့ဆိုစေ အစွမ်းထက်လှသော အဆွေးလက်ဝါး သိုင်းသမား၏ သတင်းကိုကြား၍ ကြည်နူးစွာဖြင့် ပီတိဖြစ်နေသူမှာ သဌေးကြီးရှောင်းပိပင်ဖြစ်လေသည်။

အဆွေးလက်ဝါးသိုင်းသမားမှာ

မိမိ၏သားဖြစ်သူ ရှောင်းချူးစွေမှလွဲ၍အခြားမဖြစ်နိုင်ပါ။

ထိုအဆွေးလက်ဝါး သိုင်းကျမ်းစာအုပ်မှာ ရှောင်းချူးစွေအား မိမိပေးလိုက်သော ကျမ်းစာအုပ်ပင် ဖြစ်ပေသည်။

ယခု နာမည်ကျော်ကြားနေသူမှာလည်း

အဆွေးလက်ဝါး သိုင်းသမားဟူ၍ ကျော်ကြားနေသည့်အတွက် ရှောင်းပိက ကောင်းကောင်းကြီးတွက်ဆမိလေသည်။

သူသည် လက်ဝါးနှစ်ဘက်ကို ပွတ်သပ်လျက်ကျေနပ်စွာ ပြုံးနေပေသည်။ သူ၏ရည်မှန်းချက်သည် မကြာမြင့်မီကာလမှာပင် အောင်မြင်တော့မည်မဟုတ်ပါလား။

ရှောင်းပိက အတန်ကြာအောင် ခုနှစ်ကိုတွက်စစ်ကြည့်လိုက်သည့်အခါတွင်

အကယ်၍သာ ရန်သူက စိန်ခေါ်မည်ဆိုပါက အချိန်မှာ ခြောက်လကျော်ကျော်မျှသာ ကျန်ရှိတော့ပေသည်။

သို့သော် သူကမမှုတော့ပါ။

သားဖြစ်သူ ရှောင်းချူးစွေသည် အလွန် အစွမ်းထက်သော အဆွေးလက်ဝှါး သိုင်းသမားတယောက်ဖြစ်နေပြီ မဟုတ်လား။

ရှောင်းပိ တစုံတခုကိုထပ်မံ၍ စဉ်းစားမိပြန်သည်။

'အင်း စွမ်းချင်ချူ၊စွမ်းချင်ချူ၊ ဒီကောင်သာ ဆယ်နှစ်ပြည့်လို့ စိန်ခေါ်စာပို့ယင် ငါအယင်နေခဲ့တဲ့နေရာကို ပို့မှာပဲ၊ အခု ငါ ဒီမှာရောက်နေတာကို သူသိမှာမဟုတ်ဘူး'

ရှောင်းပိသည် ထိုသို့ရေရွတ်လိုက်ပြီး မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြန်သည်။

'အဲဒီအခါမှာ ငါမရှိတော့ဘူးဆိုယင်ကြောက်လို့ထွက်ပြေးပြီလို့ ဒီကောင်ထင်သွားမယ်၊ အဲဒီတော့ငါသွားပြန်လာပြီးယင် ငါရှိနေတဲ့နေရာကို လုမ်းပြီးအကြောင်းကြားထားမှဖြစ်မယ်'

ရှောင်းပိမှာ တကိုယ်တည်းတွေးတော၍ စိတ်ကူးယဉ်နေပေသည်။

ထိုကဲ့သို့ တွေးတောစဉ်းစားနေစဉ်မှာပင်

ဂေဟာအတွင်းသို့ မြင်းနှစ်ကောင် ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်းပိက အသေအချာ ကြည့်လိုက်သောအခါ

ရှောင်းချူးစွေနှင့် ရွှေစစ်တို့ကို တွေ့မြင်လိုက်ရလေသည်။

* * *





ည--။

လပြည့်နေ့ည---။

လောကကြီးတခုလုံးကို ငွေရောင်ကမ္ဘလာစောင်ကြီးတထည်က လွှမ်းခြုံထားသည့်နှယ်။

ထိန်ထိန်သာနေသော လမင်းကြီးကိုကြည့်၍

ရှောင်းချူးစွေက သက်ပြင်းတချက်ချလိုက်လေသည်။

'လသာတဲ့ညကို ရောက်လာပါ့မယ်ဆိုတဲ့ လမင်းသမီးရယ် အခု မင်း ဘယ်မှာလဲ၊ ငါ့ကိုသတိမှရပါသေးရဲ့လား။

ရှောင်းချူးစွေက တကိုယ်တည်းညည်းညူ တမ်းတလိုက်လေသည်။

သူသည် လရောင်၏အောက်တွင် အေးစိမ့်သော လေ၏အရသာကိုခံစားလျက်ရှိနေသည်။

သူသည် လမင်းသမီးကလေးနှင့် ခွဲခွာရသည်မှာ ရှစ်နှစ်ကျော် ကိုးနှစ်မျှရှိခဲ့သော်လည်း သူမအား တနေ့မှမမေ့ပါပေ။ မအားလပ်၍ ပ ညာ သင် ကြား နေ ခဲ့ ရ၍လည်း ဤနေရာသို့ တခေါက်မျှရောက်ရှိခဲ့ခြင်းမရှိပါ။ သို့သော် သူသည် လမင်းသမီးအား အမျိုးမျိုးစုံစမ်းခဲ့ဖူးပေသည်။

သို့သော် အချည်းနှီးပင်ဖြစ်၏။

မည်သည့်နေရာ၌နေထိုင်၍ မည်သည့်မြို့တွင်ရှိသည်ကို လုံးဝစုံစမ်း၍ မရရှိခဲ့ပါပေ။

သူသည် ထိုက်ဟူတောင်မှနေ၍ ရွှေ စစ် အား အကျိုးအကြောင်း ပြောပြကာရှာဖွေခိုင်းဖူးပါသည်။

သို့သော် ရွှေစစ်စိတ်ပျက်စွာဖြင့် ပြန်လာခဲ့လေသည်။

လမင်းသမီးနှင့်တူသည့် အရိပ်အရောင်ကိုမျှ မတွေ့ခဲ့ရပေ။

ယခုဆိုလျှင် ကိုးနှစ်မျှပင် ဖြစ်လေသည်။

ရှောင်းချူးစွေက သက်ပြင်းတချက်ချလိုက်ပြီး

ငါကိုမေ့ပစ်လိုက်ပြီလား လမင်းသမီးလေးရယ်၊ အိမ်ထောင်ရက်သားများ ကျသွားလေပြီလား၊ လမင်းသမီးရယ်'ဟု တကိုယ်တည်း ညည်းတွားလိုက်လေသည်။ လပြည့်ညများမှာ ဤနေရာသို့ တခါတလေ ါက်မှ မလာရောက်နိုင်ခဲ့ သည်ကလည်း သူ၏အမှား ဖြစ်ချက်တခုပင်။

ရှောင်းချူးစွေသည်

ကောင်းကင်မှ လမင်းကြီးအား မော့ကြည့်ကာ တကိုယ်တည်း တွေးတောနေစဉ်မှာပင် နားထဲမှ မြင်းခွာသံများကို ကြားလိုက်မိ၏။

သူ၏ စိတ်ထဲ၌

လမင်းသမီးများ ဖြစ်လေမလားဟု တွေးမိလိုက်၏။

သို့သော် မဖြစ်နိုင်ပါ။

လမင်းသမီးလာလျှင် တယောက်တည်းသာဖြစ်ရမည်။

မြင်းခွာသံက တကောင်တည်း၏ အသံသာဖြစ်ရမည်။ ယခု မြင်းခွာသံများက များပြားလှ၏။

ရှောင်းချူးစွေက နားစွင့်နေစဉ်မှာပင် မြင်းသုံးကောင်က သူ့ရှေ့သို့ ရောက်ရှိလာပေသည်။

ထိုသူများကိုမြင်လိုက်ရသည်နှင့် ရှောင်းချူးစွေမှာ အံ့အားသင့်သွားတော့သည်။

သူတို့သည်





သဌေးကြီးကျောက်ဟန်၏အိမ်မှ လက်ရွေးစင်သိုင်းသမားများ ဖြစ်နေသောကြောင့်ပင်။

သူတို့သည် တချိန်က သူ့အား ဤနေရာ၌ပင်ရန်စ၍ တိုက်ခိုက်ခဲ့ဖူးသည်။

ထိုစဉ်က ရှောင်းချူးစွေမှာ အလူးအလဲခံသွားရ၏။

သူက ဓားနှင့်ပြန်လည်၍ ပစ်မည်အလုပ်မှာ လမင်းသမီးက လာရောက်ကူညီသွားခဲ့လေသည်။

ယခု ထိုသုံးယောက်ရောက်ရှိလာပြန်သည်။

ယခုလိုအချိန်မှာတော့ သူတို့လိုလူမျိုးကို သုံးယောက်သာ မဟုတ်၊ အယောက်သုံးဆယ်ပင်လာပါစေ ရှောင်းချူးစွေမှုလိမ့်မည် မဟုတ်ပေ။

ထိန်ထိန်သာနေသော လရောင်အောက်တွင် ထိုသုံးဦးအား ရှောင်းချူးစွေက ကောင်းစွာမြင်တွေ့နေရ၏။

သို့သော် ရှောင်းချူးစွေမှာ မလှုပ်မယှက်ပဲ သူတို့အားငေးငိုင်စွာသာ ကြည့်နေမိသည်။ မလိုအပ်လျှင် မည်သည့်အခါမှ မတိုက်ခိုက်ပါဟုလည်း သန္နိဋ္ဌာန် ချထား၏။

သူ စန်းစိမ်မြို့သို့ ပြန်လည်ရောက်ရှိနေသည်ကို လူတိုင်းကသိသွားကြပြီဖြစ်သည်။

တဖန်....

လွန်ခဲ့သောအချိန်ကကဲ့သို့ ဆင်းရဲသားကလေးမဟုတ်တော့ပဲ သဌေးကြီးရှောင်းပီ၏ သားဖြစ်ကြောင်းကိုလည်း အားလုံးက သိရှိသွားကြလေသည်။

သို့သော်....

အဆွေးလက်ဝါးသိုင်းသမားတယောက် ဖြစ်သည်ဟူ၍ကား မည်သူကမျှ မသိကြသေးပေ။

သူကလည်း ထိုအချက်ကို လုံးဝထုတ်ဖော်မပြောချင်ပါ။

သူသည် မည်သူ့အပေါ်မှလည်း ရန် သူ ကဲ့ သို့ သ ဘော မထားပေ။

ထို့အတူ သူ၏ပညာကို မလိုအပ်ပဲနှင့် ထုတ်၍ မသုံးပါရန်လည်း ဆုံးဖြတ်ချက်ချထားသူဖြစ်၏။

ထို့ကြောင့် သူက ခပ်အေးအေးပင်ထိုင်နေလိုက်လေသည်။

ထိုလူသုံးယောက်အနက်အရပ်ထောင်ထောင်မောင်းမောင်းနှင့်သူမှာ သဌေးကျောက်ဟန်၏ ညာလက်ရုံး ပေ့လုံဆိုသော ထိပ်တန်းသိုင်းသမားတဦးပင် ဖြစ်လေသည်။

သူသည် ရှောင်းချူးစွေ၏ရှေ့သို့ တဖြည်းဖြည်းချင်း လှမ်းလျှောက်လာလျက်မှ မေးလိုက်လေသည်။

'ရှောင်းသဌေးလေး နေကောင်းပါရဲ့လား'

ပေ့လုံ၏ လေသံရိုသဲ့သဲ့နိုင်လွန်းလှသည်ကို ရှောင်းချူးစွေက ကောင်းစွာသိလိုက်လေသည်။

သို့သော် သူက ဣန္ဒြေရစွာဖြင့်ပင်...

'ဟုတ်ကဲ့ ကောင်းပါတယ်'

ဟု ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်၏။

ပေ့လုံသည် တချက်ပြုံးလိုက်ပြီး

'သဌေးလေးက သိုင်းပညာသွားသင်ခဲ့တာ တော်တော်ကလေးမှ တတ်မြောက်လာခဲ့ရဲ့လား'

ရှောင်းချူးစွေ၏ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားမိလေသည်။





သူတို့သည် တကယ်တမ်းသိ၍ မေးမြန်းခြင်းပေလား။

အောက်အစ်ပြီး မေးမြန်းခြင်းပေလား။

ရှောင်းချူးစွေမှာ ရုတ်တရက် ဝေခွဲ၍မရ ဖြစ်သွားသည်။

သို့သော်

သူက မယုတ်မလွန် ပြန်လည်ဖြေကြားလိုက်သည်။

'ဟုတ်ကဲ့၊ လေးငါးရှစ်နှစ်ဆိုတော့လဲ အခြေခံပညာလေးဘာလေး နည်းနည်းပါးပါးတော့ ရလာတာပေါ့ဗျာ'

ပေ့လုံက မဲ့ပြုံးပြုံးလိုက်သည်။

'သဌေးလေးက သိပ်ကံကောင်းတာပဲနော်၊ နေ့ချင်းညချင်းကြီးပွားသွားတာ'

ရှောင်းချူးစွေ၏ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားလေသည်။

သူသည် မျက်နှာကိုခပ်တည်တည်ထားလိုက်ပြီး

'ခင်ဗျားတို့တတွေ ဒီကိုလာတာ ဒီစကားပြောဖို့သက်သက်ပဲလား၊ တခြား ဘာပြောစရာရှိလို့လဲ၊ ကျွန်တော်အေးအေးဆေးဆေး အနားယူနေတာကို လာပြီးမနှောင့်ယှက်ကြပါနဲ့၊ ကိုယ့်လမ်းကို ကိုယ်သွားကြပါ'

ပေ့လုံသည် တချက်ရယ်မောလျက်

'သဌေးလေးက စကားပြောတာ တယ်မာတာကိုး၊ ကျုပ်တို့ရောက်လာရတာက သဌေးလေးတတ်မြောက်လာတဲ့ပညာကို နည်းနည်းပါးပါး တပည့်ခံချင်လို့ပါ'

ရှောင်းချူးစွေသည် မရယ်ချင့်ရယ်ချင်နှင့် ရယ်မောလိုက်လေသည်။

ပေ့လုံတို့လူစုသည် သူ့ကို တမင်ရန်စနေကြပြီမှန်း သိလိုက်သည်။

'ကျွန်တော်ခင်ဗျားတို့လောက် အဆင့်မမြင့်ဘူးဆိုယင် ကျေနပ်ရောပေါ့ဗျာ'

'ကျုပ်တို့က ဘယ်ယုံပါ့မလဲဗျ၊ ရှစ်နှစ်လောက်သင်ကြားခဲ့တဲ့သိုင်းပညာဟာ အဆင့်မြင့်မားရမှာပေါ့'

ရှောင်းချူးစွေက ပခုံးတချက်ကိုတွန့် လက်ဝါးနှစ်ဘက်ကို ခါပြလိုက်လေသည်။

'ကျွန်တော်ပြောတာကို ခင်ဗျားတို့ မယုံကြည်ဘူးဆိုယင်လဲ ကျွန်တော်ဘာမှမတတ်နိုင်ဘူး'

ပေ့လုံသည် မဲ့ပြုံးတချက်ပြုံး၍

'ယုံပါတယ်၊ ယုံပါတယ်။ ဟဲ ဟဲ....၊ ဒါပေမယ့် အကောင်းဆုံးကတော့ ကျုပ်တို့နဲ့ နည်းနည်းပါးပါးလောက် ပညာချင်းဖလှယ်ကြည့်ရအောင်'

ရှောင်းချူးစွေက လက်ကာပြလိုက်သည်။

'ကျုပ်ဒီမှာပဲအေးအေးဆေးဆေး နေပါရစေဗျာ၊ ကျုပ်ရဲ့မဖြစ်စလောက် ပညာကလေးနဲ့လဲ ဖလှယ်နေလို့ ခင်ဗျားတို့ဘာမှ အကျိုးမထူးပါဘူး'

ရှောင်းချူးစွေက ခိုက်ရန်ဖြစ်ပွားရန် မလိုလားသဖြင့် အတတ်နိုင်ဆုံး ရှောင်ကွင်းနေ၏။

ပေ့လုံက မထီတရီရယ်မောလိုက်ပြန်သည်။

'ဘာလဲ ခင်ဗျားက တချိန်ကကယ်တင်ရှင် လမင်းသမီးကလေးကို လာစောင့်နေတာလား'





'ရှောင်းချူးစွေ၏မျက်လုံးမှာ ရုတ်တရက်ပြူးသွားပြီး

'ခင်ဗျားတို့ ဘာဖြစ်လို့မဆိုင်တာတွေ လာမေးနေရတာလဲ'

'ကဲပါလေ၊ အဲဒါတွေမေးတာ မကြိုက်ယင်လဲ ပညာချင်းနည်းနည်းပါးပါး ဖလှယ်ကြရအောင်'

ရှောင်းချူးစွေက သက်ပြင်းတချက်ကို ချလိုက်လေသည်။

သူတို့၏ပညာကိုသူတို့ အထင်ကြီးနေကြ၍ပဲလား၊ သူ၏ပညာကိုပဲ အထင်သေးနေ၍လားမသိ၊ အတင်းပင် ရန်စနေကြသည်။

သို့သော်သူက အတတ်နိုင်ဆုံး သည်းခံ၍ နေလိုက်ပြန်သည်။

'ကျုပ် မယှဉ်ပြိုင်ပါရစေနဲ့ဗျာ'

ပေ့လုံသည် သဘောကျစွာဖြင့် ကျယ်လောင်စွာရယ်မောလိုက်လေသည်။

'ဟား ဟား ဟား၊ မင်းကမပြိုင်လဲ တို့ကတော့ပြိုင်ကြည့်ရမှာပဲ'

ပေ့လုံကထိုသို့ပြောပြီး သူ၏လူနှစ်ယောက်အား အချက်ပြလိုက်လေသည်။

ပေ့လုံ၏ငယ်သားနှစ်ယောက်သည်ရှောင်းချူးစွေ၏အနားသို့ ကပ်လာကာ နှစ်ယောက်ညှပ်၍ ရုတ်တရက်တိုက်ခိုက်လိုက်လေသည်။

ရှောင်းချူးစွေမှာ ဘယ်လိုမှမတတ်သာတော့သဖြင့် ရုတ်တရက်ခုန်ရှောင်၍ ထွက်လိုက်ရသည်။

ပေ့လုံနှင့် သူ၏တပည့်နှစ်ယောက်မှာ ရုတ်တရက် အံ့အားသင့်သွားတော့သည်။

အကြောင်းမှာ

ရှောင်းချူးစွေအား လူနှစ်ယောက်က ရုတ်ဘရက်ညှပ်၍ တိုက်ခိုက်လိုက်သည်တွင် ရှောင်းချူးစွေကပြန်လည်၍ တိုက်ခိုက်မည်ဟု ထင်မှတ်ထားလိုက်လေသည်။

သို့သော် သူကပြန်လည်မတိုက်ခိုက်ပဲ ထိုင်လျက်မှ ရုတ်တရက် ခုန်၍ရှောင်ထွက်လိုက်ရာ ရှောင်းချူးစွေ၏ခန္ဓာကိုယ်မှာ ပေါ့ပါးစွာဖြင့် တနေရာသို့ရောက်ရှိသွားသည်ကို တွေ့မြင်လိုက်ရသောကြောင့် သိုင်းသမားသုံးဦးမှာ အံ့အားသင့်သွားကြလေသည်။

ပေ့လုံသည် ရှောင်းချူးစွေအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

'အင်မတန်ပေါ့ပါးတဲ့ ကိုယ်ဖော့ပညာပါလား၊ အံ့မခန်းစရာပဲ'

ရှောင်းချူးစွေသည် သက်ပြင်းတချက်ကို လေးပင်စွာ ချလျက်

'ခင်ဗျားတို့ကျုပ်ကို ဒီလောက်အထိလဲ မမြှောက်ပါနဲ့ဗျာ၊ နောက်ပြီး ခင်ဗျားတို့ဘာလို့ ဒါလောက်ကျုပ်ကို မုန်းနေကြတာလဲ'

ပေ့လုံသည် သူ၏သွားအစုံကို ဖြဲပြလိုက်သည်။

'မုန်းလို့မဟုတ်ပါဘူးကွာ၊ တို့ကချစ်လို့ ပညာချင်းဖလှယ်တာပဲ'

ပေ့လုံသည် ထိုသို့ပြောပြီးသည်နှင့် သူ့လူများကို အချက်ပြကာ ဒုတိယအကြိမ် ဝင်ရောက်တိုက်ခိုက်ကြပြန်သည်။





သိုင်းသမားသုံးဦးစလုံးတွင်

ဓားကိုယ်စီနှင့်ဖြစ်၏။

သူတို့သည် ပါးစပ်မှပြောသကဲ့သို့၊ ပညာချင်းဖလှယ်သည် မဟုတ်ပါ။

သူတို့၏တိုက်ကွက်များသည် လူတဦးတယောက်အား ပွဲချင်းပြီး သေစေနိုင်သော တိုက်ကွက်များဖြစ်ကြောင်း ရှောင်းချူးစွေက သိရှိထားပြီး ဖြစ်ပေသည်။

ပေ့လုံတို့သုံးဦးသည် ရှောင်းချူးစွေကို သဲသဲမဲမဲ ဓားဖြင့် စိုင်း၍ တိုက်ခိုက်နေသည်။ ရှောင်းချူးစွေက သူတို့၏ဓားချက်များကို လက်နှင့်အသာအယာပုတ်ထုတ်ကာ ရှောင်ရှားနေလိုက်သည်။ သို့သော် တကြိမ်တွင်မူ ပေ့လုံ၏ဓားဖျားက ရှောင်းချူးစွေ၏ တံတောင်ဆစ်ကို တချက်ထိသွားသည်။ ရှောင်းချူးစွေမှာ ရုတ်တရက် ဒေါသထွက်လာလေတော့၏။

သူသည် လူသုံးယောက်၏အလယ်မှ တတ်နိုင်သမျှ ရှောင်ရှား၍ ပြန်လည်တိုက်ခိုက်နေသည်။

လူသုံးဦး၏ တိုက်ကွက်မှာလည်း တစတစပြင်းထန်လာကာ တိုက်ကွက်ပေါင်း တရာကျော်လာတော့သည်။

သူတို့သည် မောပန်းနေကြပြီဖြစ်သော်လည်း တိုက်ခိုက်မှုကို လုံးဝမလျှော့ပါ၊ ကြာတော့လည်း ရှောင်းချူးစွေမှာ သည်းခံနိုင်စွမ်း မရှိတော့ပေ။

ထို့ကြောင့်သူသည်

ပေ့လုံထံသို့ တချက်ခုန်ဝင်လိုက်ပြီး ပေ့လုံခုတ်လိုက်သော ဓားကို ဗယ်လက်ဖြင့် ပြန်လည်ပက်ထုတ်လိုက်ပြီး

စွယ်တော်ဦးစာပေ

သူ၏ညာလက်ဝါးဖြင့် ပေ့လုံ၏ရင်ဘတ်တည့်တည့်ကို ရိုက်သွင်းလိုက်၏။

'ဝုန်း'

ဟူသောအသံကြီးသည် ပဲ့တင်သံထပ်သွားတော့သည်။

* *

လူတယောက်သည် ရှောင်းချူးစွေ၏အနားမှ လွင့်စဉ်ထွက်သွားပြီး ခပ်လှမ်းလှမ်း၌ ခွေခွေကလေး လဲကျနေ၏။

ပေ့လုံပင်ဖြစ်တော့သည်။

ပေ့လုံမှာ မယုံကြည်နိုင်သောမျက်လုံးအစုံဖြင့် ရှောင်းချူးစွေအား လှမ်းကြည့်နေသည်။

သူသည် ဒေါသတကြီး ပြန်ထလိုက်လေသည်။

သို့သော် သူ၏ရင်ဘတ်မှအောင့်လာ၍ လက်နှစ်ဘက်နှင့် ဖိထားလိုက်သည်။

ပါးစပ်မှသွေးများက ထွက်ကျလာ၏။

သူက ကယောင်ကတမ်းနှင့် ပါးစပ်မှပြောလိုက်မိသည်။

'လက်ဝါး၊ အဆွေးလက်ဝါးသိုင်းသမားဆိုတာ မင်းကိုး'

ပေ့လုံ၏တပည့်နှစ်ယောက်သည် လျင်မြန်စွာဖြင့် ပြန်လည်၍ ခုန်ဝင်လာပြန်သည်။ ရှောင်းချူးစွေက လှမ်းပြောလိုက်သည်။

'မင်းတို့ ဒါလောက်ပညာချင်းဖလှယ်ရယင် တော်ရောပေါ့'





သို့သော် သိုင်းသမားနှစ်ယောက်မှာ နားမဝင်ပါ။

ရှေ့သို့သာတိုး၍ရှောင်းချူးစွေအား ခုတ်ပိုင်းလိုက်လေသည်။

ရှောင်းချူးစွေက အသာအယာ ရှောင်တိမ်းလိုက်ပြီး ခပ်ဝဝသိုင်းသမားတယောက်အား သူ၏ညာလက်ဖြင့် ရိုက်ချလိုက်ပြန်သည်။

'ဝုန်း'

အရိပ်တခုသည် သူ၏အနားမှ လွင့်စဉ်ထွက်သွားပြန်သည်။

ပေ့လုံသည် ဒယီးဒယိုင်ဖြင့် ထလျှောက်လာ၏။

သူသည် ရှောင်းချူးစွေအား အသေအချာစူးစိုက်ကြည့်ကာ သူ့လူတယောက်အား လှမ်းပြောလိုက်လေသည်။

'ဟေ့ကောင်ရပ်လိုက်၊ 'အဆွေးလက်ဝါးသိုင်းသမား' ဆိုတာသူပဲ၊ မင်းဟိုကောင့်ကိုမြင်းပေါ်တင်လိုက် သွားကြစို့'

သူတို့သုံးယောက်ကို ရှောင်းချူးစွေ အသာရပ်ကြည့်နေလိုက်သည်။

မြင်းသုံးကောင်နှင့် သူတို့သုံးယောက်သည် နှေးကွေးစွာဖြင့် ပြန်လည်ထွက်ခွာသွားတော့သည်။

* * *

ရှောင်းချူးစွေက

ဒဏ်ရာအသီးသီး ရရှိသွားသူများကို စိတ်မကောင်းစွာဖြင့် ငေးမောကြည့်ရှုနေလေသည်။

သူ၏စိတ်ထဲမှလည်း တီးတိုးစွာဖြင့် ရေရွတ် မိလိုက်လေသည်။

'အေးအေးဆေးဆေး နေချင်လို့လဲ မရပါလား လောကကြီးရယ်'

သူသည် စိတ်ထဲမှ ထိုသို့ရေရွတ်လိုက်ပြီး စိတ်မကောင်းစွာဖြင့် ကျောက်တုံးတတုံးပေါ်သို့ ထိုင်ချလိုက်လေသည်။

ထို့နောက် သူက တွေးတောလိုက်မိ၏။

သဌေး ကျောက်ဟန်၏ သိုင်းသမားများသည် အဘယ်ကြောင့် သူ့အား ဤမျှ ရန်ရှာလိုနေပါသနည်း။

သဌေး ကျောက်ဟန်သည် သူ၏သမီးနှင့် ပတ်သက်၍များ သူ့အပေါ် မကျေမနပ် ဖြစ်နေသလော။ သူတို့မိသားစု ပြန်လည် ချမ်းသာသွားကြသည်ကိုပဲ မကျေမနပ် မနာလိုဖြစ်နေခြင်းလား။

သို့မဟုတ်ပါက

မော့ရဲယီသည် သူနှင့် ကျောက်စီးယုံ နီးစပ်သွားမည်ကို စိုးရိမ်၍ပဲ အနှောင့်အယှက်များ ပေးနေသလော။

သူသည် အမျိုးမျိုး စဉ်းစားတွေးတော၍ မရနိုင်အောင်ပင် ဖြစ်နေတော့သည်။

ယင်းအခိုက်

သူ၏နားထဲသို့ အသံတသံက တိုးဝင်လာလေသည်။

တခစ်ခစ်နှင့် တယောက်တည်း သဘောကျစွာ ရယ်မောနေသော အသံပင် ဖြစ်လေသည်။ ထိုအသံကို သူက ကောင်းစွာ သိရှိလိုက်၏။





လမင်းသမီး။

မှန်ပေသည်။ လမင်းသမီး၏ အသံပင် ဖြစ်တော့သည်။

သူက လှည့်ကြည့်လိုက်ရာ ဖြူဖွေးသော ဝတ်စုံနှင့် အတူ သူ့ဆီသို့ တလှမ်းချင်း လျှောက်လှမ်းလာသော လမင်းသမီးအား မယုံကြည်နိုင်စွာ တွေ့ရှိလိုက်ရပေတော့သည်။

* * *

ရှောင်းချူးစွေက

ဝမ်းသာအားရပင် လမင်းသမီးအား ဆီးကြို ပွေ့ဖက်လိုက်၏။

လမင်းသမီးမှာ—

ရှောင်းချူးစွေ၏မျက်နှာအား ကြည်နူးစွာဖြင့် ကြည့်ရှုနေမိလေသည်။

'အစ်ကို့ပညာတွေကို ညီမမြင်ရတာ ဝမ်းသာလိုက်တာ အစ်ကိုရယ်'

ရှောင်းချူးစွေ၏ မျက်လုံးအစုံမှာ ပြူးကျယ် သွားပြန်သည်။

'ညီမ ဘယ်အချိန်ကတည်းက ရောက်နေသလဲ၊ ပြောစမ်း'

လမင်းသမီးက တခစ်ခစ်ဖြင့် ရယ်မောလိုက်ပြန်၏။

'ညီမ အစောကြီးကတည်းက ရောက်နေတာပေါ့၊ ဒါပေမယ့် အဆွေးလက်ဝါးသိုင်းသမားရဲ့ ပညာကို ကြည့်ချင်လွန်းလို့ စောင့်ကြည့်နေတာ'

ရွှောင်းချူးစွေက ခေါင်းခါယမ်းလိုက်လေသည်။

'ဒီလောက်လဲ မဟုတ်သေးပါဘူး ညီမရယ်၊ အစ်ကို့ပညာထက် သာတဲ့လူတွေလဲ ရှိအုံးမှာပေါ့'

လမင်းသမီးလေးက ရွှောင်းချူးစွေအား ရွှန်းရွှန်းစားစား ကြည့်သည်။

'နောင်ဆိုယင်တော့ မပြောတတ်ဘူး၊ အခုလောလောဆယ်မှာတော့ အဆွေးလက်ဝါး သိုင်းသမားကို ယှဉ်ပြိုင်တဲ့လူဟာ ဘဝဆုံးရှုံးသွားမှာတော့ အမှန်ပဲ'

ရွှောင်းချူးစွေသည် ရယ်မောလျက်

'ကိုယ့်ချစ်သူက ချီးမွမ်းတဲ့အတွက် အစ်ကို အတော့်ကို ဘဝင်မြင့်သွားတော့တာပဲ'

လမင်းသမီးက ကျေနပ်စွာဖြင့် ပြုံးလိုက်လေသည်။

'တကယ်ပြောတာပါ အစ်ကိုရယ်၊ ကိုယ့်ချစ်သူ တယောက် ဒါလောက် ထွန်းထွန်းပေါက်ပေါက် ဖြစ်လာတာကို ညီမဖြင့် ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး'

'အခုလို အစ်ကို့ကို ဂုဏ်ပြုစကားပြောတာ အများကြီး ကျေးဇူးတင်ပါတယ် ညီမရယ်၊ ဒါပေမယ့် သိုင်းပညာဆိုတာ များများတတ်လေ၊ များများရန်သူရှိလေပဲလို့ အစ်ကို့ဆရာက သွန်သင်ဆုံးမလိုက်တယ်'





'ဒါကတော့ လူကောင်းတယောက်ကို မကောင်းတဲ့လူတွေက ဝိုင်းဝန်း တိုက်ခိုက်တယ် ဆိုတာ ဓမ္မတာပါပဲ အစ်ကိုရယ်၊ ကောင်းတဲ့လူတယောက် တော်လာလေလေ၊ မကောင်းတဲ့လူ အများစုက မနာလိုဝန်တို ဖြစ်လာလေလေပေါ့'

ရွှောင်းချူးစွေက သဘောကျစွာဖြင့် ရယ်မောလျက်

'ညီမလဲ သိုင်းပညာမဆိုးပါဘူးနော်၊ အဲဒီတော့ ဝိုင်းဝန်းတိုက်ခိုက်မယ့်သူတွေနဲ့ မနာလိုမယ့်သူတွေကို သတိထားပါအုံး'

'ညီမ အခု ဘယ်သူ့ကိုမှ မကြောက်တော့ဘူး'

ရွှောင်းချူးစွေက လမင်းသမီးအား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

'ဟင်…ဘာဖြစ်လို့လဲ'

'ညီမမှာ အားကိုးရတဲ့ မျိုးချစ်သိုင်းသမားကြီးတယောက် ရှိနေပြီလေ'

ရွှောင်းချူးစွေကသဘောပေါက်စွာဖြင့်ရယ်မောလိုက်သည်။

'အဲဒီလိုလဲ အားမကိုးနဲ့အုံး၊ အစ်ကို့ပညာကမဖြစ်လောက်သေးပါဘူး'

'အစ်ကို အဲဒီလိုမပြောနဲ့၊ အစ်ကို့ပညာကို ညီမ လေးစားတယ်'

ရွှောင်းချူးစွေက ရယ်မောနေလိုက်သည်။

'အစ်ကို'

'ညီမ ဘာပြောစရာရှိလို့လဲ'

'ညီမကိုလေ အဆွေးလက်ဝါးသိုင်းကွက်နည်းနည်းလောက် ပြပေးပါလား အစ်ကိုရယ်'

ရှောင်းချူးစွေသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

'အမယ်လေး– အဲဒါ လေ့ကျင့်ယင် အင်မတန်ပင်ပန်းပါတယ် ညီမရယ် ညီမတို့လို မိန်းမသားမျိုးကို မပြောနဲ့ အစ်ကိုတို့လို ယောကျ်ားရင့်မကြီး တယောက်တောင် အတော့်ကို လေ့ကျင့်ရတာ'

'အစ်ကိုက ညီမကို မသင်ကြားပေးချင်လို့လား၊ ဒါမှမဟုတ် အထင်သေးလို့လား'

ရှောင်းချူးစွေက ပြုံးလိုက်ပြီး…

'ညီမ အစ်ကို့ကို အဲဒီလိုမပြောနဲ့၊ ညီမကသာ သင်ချင်ပါတယ်ဆိုယင် အစ်ကို နေ့တိုင်းသင်ပေးမယ်'

လမင်းသမီး၏မျက်နှာမှာ ပြုံးရွှင် ကြည်နူးသွားခဲ့ပသည်။

'အစ်ကို တကယ်ပြောတာလား'

ရှောင်းချူးစွေက ခေါင်းညိတ်လိုက်လေသည်။

'တကယ်ပြောနေတာပါ ညီမရယ်၊ ညီမကို အစ်ကို ဘယ်တုန်းက လိမ်ပြောဖူးလို့လဲ၊ ညီမ နေ့တိုင်းလာခဲ့၊ နေ့တိုင်း အစ်ကို သင်ပေးမယ်'

'နေ့တိုင်းတော့ ညီမမလာနိုင်ဘူး၊ တပတ်ကို တရက်တော့ ညီမ ရောက်အောင်လာခဲ့မယ်၊ အဲဒါကို အစ်ကို သင်ပေးနိုင်မလား'

'သင်ပေးပါ့မယ် ညီမရယ်၊ နောက်ပြီး အစ်ကိုတခု ပြောရအုံးမယ်'

'ဘာများလဲအစ်ကို'





ရှောင်းချူးစွေက လမင်းသမီး၏ မျက်နှာအား အကဲခတ်လိုက်သည်။

'ညီမကို အစ်ကို လက်ထပ်ချင်လှပြီ'

လမင်းသမီး၏ မျက်နှာမှာ ရုတ်တရက် ညှိုးငယ်သွားတော့သည်။

'အဲဒီကိစ္စကိုတော့ ညီမတခုပြောချင်တယ်'

ရှောင်းချူးစွေက မျက်မှောင်ကြုတ်လိုက်လေသည်။

'ဘာပြောချင်လို့လဲ'

လမင်းသမီးသည် ထိုင်နေရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။ သူမသည် အဝေးတနေရာကို ငေးမောနေပေသည်။

သူမသည် ရှောင်းချူးစွေကို ပြောသင့် မပြောသင့်စကားများကို စဉ်းစား တွေးတောနေပေသည်။

ရှောင်းချူးစွေက လမင်းသမီး၏အနားကို နားမလည်စွာဖြင့် မော့ကြည့်လိုက်သည်။

'ညီမ အစ်ကို့ကို ဘာပြောစရာရှိလို့လဲ'

'ညီမပြောယင် အစ်ကို စိတ်ထိခိုက်သွားမလား'

ရှောင်းချူးစွေကတော့ လမင်းသမီးလေးကို ကြည့်၍ ဘာမှ တွေးတောမရနိုင်၊ လမင်းသမီးသည် သူ့အတွက်တော့ ပဟေဠိပုစ္ဆာတပုဒ်လိုပင်။

'အစ်ကို စိတ်မဆိုးပါဘူး၊ ညီမ ဘာဖြစ်နေတာလဲ ဆိုတာ အစ်ကို့ကို ပြောပြစမ်းပါ'

လမင်းသမီးသည် သက်ပြင်းတချက်ကို လေးပင်စွာဖြင့် ချလိုက်လေသည်။

'အစ်ကို့ကို ညီမ လက်ထပ်ဖို့ စိတ်မကူးဝံ့တော့ပါဘူး'

*　　*　　*

ရှောင်းချူးစွေ၏ မျက်လုံးအစုံမှာ ပြူးကျယ်၍ သွားလေတော့၏။

'ညီမ ဘာ…ဘာပြောလိုက်တာလဲဟင်'

သူက ထစ်ငေါ့စွာဖြင့် လမင်းသမီးလေးကို မေးလိုက်သလို လမင်းသမီး၏ မျက်လုံးအစုံမှာလည်း မျက်ရည်တို့က စီးကျလာလေသည်။

'အစ်ကိုဟာ တချိန်တုန်းက သူရဲကောင်းကြီး ရှောင်းပိရဲ့ သားတယောက်ပါ၊ စန်းစိမ်မြို့ရဲ့ အချမ်းသာဆုံးသော သဌေးကြီး တဦးရဲ့ သားလဲဖြစ်ပါတယ်'

ရှောင်းချူးစွေသည် လမင်းသမီးအား အံ့အားသင့်စွာဖြင့် ပြန်ကြည့်လိုက်လေသည်။

'ဒါ…. ဒါတွေကို ညီမကို ဘယ်သူက ပြောပြသလဲဟင်'

လမင်းသမီးက ပြုံးလိုက်လေသည်။ ကြေကွဲမှုအပြုံးတခုပင် ဖြစ်ပါသည်။

'ညီမ… ဒါလောက်လဲ မအသေးပါဘူး ဒါပေမယ့် အစ်ကို့ကို ညီမက လေးစားပါတယ်'





ရှောင်းချူးစွေက ဘာမှ ပြန်မပြောပဲ သူမပြောမည့်စကားကိုသာ နားစွင့်၍ ထောင်နေပေသည်။

'ဘာဖြစ်လို့ လေးစားတာလဲဆိုတော့ အစ်ကိုဟာ လိမ်ညာပြီး မပြောခဲ့ပါဘူး၊ ဆင်းရဲခဲ့တဲ့ အချိန်တုန်းက အစ်ကိုဟာ တကယ်ဆင်းရဲခဲ့တဲ့ လူတယောက်ပဲ၊ ဦးလေးထန်ယင်းယိနဲ့ တွေ့တော့မှ အစ်ကိုတို့ အခုလို ဘဝမျိုးကို ပြန်ရောက်ရတာ မဟုတ်လား'

ရှောင်းချူးစွေက ယခုမှ သဘောပေါက် သွားပေသည်။

သူမသည် တချိန်တုန်းက ထန်ယင်းယိအား လမ်း၌ အကူအညီ ပေးခဲ့ဖူးလေသည်။ ယခုလည်း ထန်ယင်းယိထံမှ အကျိုးအကြောင်းကို သိထားရခြင်း ဖြစ်ပေမည်။ ထိုအကြောင်းကို သိသွားရုံမျှနှင့် သူ့ကို လက်မထပ်နိုင်တော့ဟု ဆိုခြင်းမှာ အဓိပ္ပာယ်မရှိနိုင်ဟုလည်း သူက တွေးမိ၏။

'ထန်ယင်းယိက ညီမကို တခြားဘာတွေ ပြောပြသေးသလဲ'

သူ၏ အမေးစကားကို လမင်းသမီးလေးက ချက်ချင်းပင် ပြန်ဖြေလိုက်သည်။

'အစ်ကိုဟာ သူရဲကောင်းကြီး ရှောင်းပိရဲ့ သားတယောက် ဖြစ်တာက လွဲပြီး ဦးလေး ထန်ယင်းယိက ဘာမှ ထပ်မပြောပြပါဘူး အစ်ကို'

လမင်းသမီးက ထိုသို့ပြောပြီး ရှောင်းချူးစွေကို နားမလည်သလို ကြည့်ကာ ဆက်၍ မေးလိုက်ပြန်သည်။

'ထန်ယင်းယိက တခြား စကားတွေ ဆက်ပြောရအောင် အစ်ကိုတို့မှာက ဘာတွေများလျှို့ဝှက်ချက်တွေရှိနေလို့လဲအစ်ကို'

ချက်ချင်းပင် ရှောင်းချူးစွေက ခေါင်းယမ်းပြလျက်...

'ဘာမှလျှို့ဝှက်ချက် မရှိပါဘူး၊ အစ်ကိုတို့ မိသားစုအားလုံးတွေ ဟာပွင့်ပွင့်လင်းလင်းပါ၊ညီမဘာမှ မစိုးရိမ်ပါနဲ့၊အစ်ကို့ အဖေနဲ့ အမေကလဲ ဘယ်ကိစ္စမဆို အစ်ကို့ သဘောပါ၊ အဲဒီတော့ အစ်ကို ပြောချင်တာက ညီမကို လက်ထပ်မယ်၊ ဒါပဲ...'

'ဖြစ်နိုင်မယ်လို့ မထင်တော့ပါဘူး အစ်ကိုရယ်၊ ဒါပေမယ့် ညီမက အစ်ကို့ကို အစ်ကိုကြီး အရင်းတယောက်လို အမြဲ ချစ်ခင် လေးစားနေမယ်ဆိုတာတော့ ယုံပါ'

ရှောင်းချူးစွေ၏ မျက်နှာမှာ သိသိသာသာကြီး ညှိုးငယ်သွားလေသည်။

'ညီမ အစ်ကို့ကို တကယ်ပဲ မချစ်နိုင်တော့ဘူးလား'

လမင်းသမီးက ဆတ်ကနဲ မော့ကြည့်လိုက်ပေသည်။

'မဖြစ်နိုင်တာ မဟုတ်ပါဘူး အစ်ကို၊ မချစ်ရဲတာပါ'

'ညီမ အဲဒီလို မပြောပါနဲ့၊ အစ်ကိုဟာ မြက်အိမ်ပေါ်မှာ ကြီးလာတဲ့လူ၊ အဲဒီမြက်အိမ်ကိုလဲ တသက်လုံး မေ့မယ့် လူစား မဟုတ်ဘူး၊ ခပ်ရှင်းရှင်း ပြောရယင် ညီမကသာ အစ်ကို့အပေါ် မချစ်နိုင်ဘူး ဆိုယင်တော့ အစ်ကို့ ဘဝဟာ တမျိုးတဖုံ ပြောင်းလွဲသွားနိုင်တယ်ဆိုတာ ညီမ စွဲစွဲမြဲမြဲ မှတ်ထားလိုက်ပါ'

လမင်းသမီးက လှပစွာ ပြုံးလိုက်လေသည်။

'ဩော်....အစ်ကိုဟာ သိပ်ပြီးတော့ ကလေးဆန်ပါလားကွယ်...၊ အစ်ကို စိတ်ချမ်းသာရပါစေ့မယ်၊ ညီမဘဝတခုလုံးကို အစ်ကို့ကို အပ်ထားတာပါ'





ရှောင်းချူးစွေက ပြုံးလိုက်ပြီး-

'ဒါဖြင့် အစ်ကို လက်ထပ်ရတော့မလား'

လမင်းသမီးက မျက်လုံးကလေး ဝိုင်းသွားသည်။

'နည်းနည်း စောပါသေးတယ် အစ်ကိုရယ်၊ ညီမ သိုင်းပညာ သင်ချင်ပါသေးတယ်'

ရှောင်းချူးစွေက ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပြီလေ၊ ညီမက အဆွေးလက်ဝါးသိုင်းကွက် သင်ချင်တယ်ဆိုယင် အစ်ကို ပြောပြတဲ့ နည်းတွေကိုလေ့ကျင့်ထားပါ'

ရှောင်းချူးစွေက ပထမဆုံး လက်ဝါးနှစ်ဘက် မာကျောသွားစေရန်နှင့် လျင်မြန်သွားစေရန် လေ့ကျင့်ခန်းများကို ပြောပြလိုက်သည်။

'အဲဒါတွေ လေ့ကျင့်ပြီးလို့ အစ်ကိုနဲ့တွေ့တဲ့အခါ သိုင်းပညာ အကွက်တွေကို အစ်ကို ထပ်ပြပါမယ်၊ ညီမကသာ အစ်ကို ပြောပြတဲ့အတိုင်း သေသေချာချာ အပင်ပမ်းခံပြီး လေ့ကျင့်ပါ'

လမင်းသမီးက သေချာစွာ မှတ်သားပြီး ခေါင်းညိတ်ပြလိုက်လေသည်။

'ညီမ အစ်ကို မှာတဲ့အတိုင်း လေ့ကျင့်ပါမယ်၊ စိတ်ချပါ'

ချစ်သူနှစ်ဦးက တဦးနှင့် တဦး စကားပြောကောင်းဆဲပင် ဖြစ်၏။

လမင်းကြီးပင်လျှင် သူတို့ နှစ်ဦး၏ ခေါင်းပေါ်၌ တည့်တည့် မတ်မတ် ရောက်ရှိနေချေပြီ။

လပြည့်ညမို့ ...

လမင်းသည် ပြည့်ဝန်းစွာပင် သာယာနေတော့သည်။

*　　　　*　　　　*



( ၁၁ )

## ထမင်းစားပွဲ

သဌေးကြီး ကျောက်ဟန်း၏ မျက်နှာမှာ-

သိသိသာသာကြီးပင် ပျက်သွားတော့သည်။

သူက မော့ရဲယီအား လှမ်းကြည့်လိုက်သည်။

မော့ရဲယီသည် ဒဏ်ရာရလာသော သူနှစ်ဦးအား စစ်ဆေးကြည့်ရှုနေရာမှ စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

'သူတို့ရရှိလာတဲ့ ဒဏ်ရာတွေကတော့ အတွင်းကြေ ကြေပြီး တော်တော်နဲ့ ကို ပျောက်မှာ မဟုတ်တော့ဘူး'

သဌေးကြီးကျောက်ဟန်းက မော့ရဲယီအား အလန့်တကြား ကြည့်လိုက်လေသည်။

'ဒါဆို ဒီကောင်က အဆွေးလက်ဝါးသိုင်းသမားအစစ်ပဲ ပေါ့ဟုတ်လား'

မော့ရဲယီက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ် သူဟာ အဆွေးလက်ဝါးသိုင်းသမား အစစ်ပဲ'

သဌေးကြီးကျောက်ဟန်းက ဒေါသဖြင့် ပြန်ပြောလေသည်။

'သူက ကျုပ်လူတွေကို ဒီလိုလုပ်လွှတ်တာတော့ ကျုပ်မခံနိုင်ဘူး၊ ဒီကောင် အခုဒီနယ်ကိုပြန်ပြီး စရောက်တာမကြာသေးဘူး၊ ဒီခလာက်ခေါ်ကားမောင်ကား လုပ်နေယင် ရှေ့လျှောက် မခက်ဘူးလား'

မော့ရဲယီက အဓိပ္ပာယ်ပါပါဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်တယ် သဌေးကြီးအတွက် ဒီကောင်ဟာ အန္တရာယ်ပဲ၊ ဒါပေမယ့် မပူပါနဲ့၊ ဆိုးသွမ်းတဲ့လူတယောက်ဟာ တနေ့တော့ သူ့လမ်းနဲ့သူသွားရမှာပေါ့'

ထိုစဉ်…

အသံတခုက ရုတ်တရက် ထွက်ပေါ်လာလေသည်။

'ဒါတော့ ရှင်တို့ကမတရားတာပဲ'

ကျောက်စီးယုံပင်ဖြစ်၏။

သူမက ထိုသို့ပြောပြီး မော့ရဲယီ၏ ရှေ့တွင် ရပ်လိုက်လေသည်။

မော့ရဲယီက သဌေးကြီးကျောက်ဟန်း၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

'သမီး… ဒီကိစ္စတွေကြားထဲကို ဘာမှဝင်မပြောနဲ့'





ကျောက်စီးယုံက သူ့ဖခင်အား လှမ်းကြည့်လိုက်သည်။

'ရှောင်းချူးစွေအား အဆွေးလက်ဝါး သိုင်းသမားပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သူ့ဟာသူ အေးအေးဆေးဆေးနေတာပဲ၊ ဖေဖေ့လူတွေက ဘာဖြစ်လို့ သူ့ကိုသွားပြီး ရန်စရတာလဲ၊ ဘယ်သူမဆိုကိုယ့်ကိုရန်စထိပါးလာယင်တော့ပြန်တိုက်ခိုက်မှာပဲ'

မော့ရဲယီက ဝင်ပြောလိုက်သည်။

'နင်ကဘာမှမသိပဲနဲ့ မပြောနဲ့၊ သူဟာ အဆွေးလက်ဝါးသိုင်းသမားဟုတ်… မဟုတ်သိချင်လို့ သွားစမ်းတာပဲ'

ကျောက်စီးယုံက တချက်မဲ့ပြုံး ပြုံးလိုက်ပြီး မော့ရဲယီကို ကြည့်လိုက်သည်။

'ရှင်ကိုယ်တိုင် သွားစမ်းကြည့်ဖို့ ကောင်းတယ်၊ အင်း… ထားပါတော့လေ၊ သူဟာ အဆွေးလက်ဝါး သိုင်းသမားဖြစ်ပါပြီတဲ့၊ ရှင်တို့အနေနဲ့ ဘယ်လိုထူးခြားသွားသလဲ'

မော့ရဲယီက ကောက်ကျစ်စွာဖြင့် ပြုံးလိုက်လေသည်။

'သိပ်ထူးခြားသွားတာပေါ့၊ လူတကာပြောနေကြတဲ့စကား နင်မကြားမိဘူးလား'

ကျောက်စီးယုံက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာတွေပြောနေကြလို့လဲ'

'အဆွေးလက်ဝါး သိုင်းသမားဟာ တချိန်တုန်းက ဘုရင့်ဘဏ္ဍာတော်တွေကို ခိုးယူတဲ့လူပဲ ဖြစ်ရမယ်ဆိုတာလေ၊ အဲဒါတွေကိုမသိပဲ နင်ဘာမှဝင်မပြောနဲ့'

ကျောက်စီးယုံက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

'အဲဒါကတော့ ရှင်ကဦးနှောက်မကောင်းလို့ စွပ်စွဲတာပဲ၊ သူတို့ဘဝဟာ ဘယ်ကလာလို့ ဘာဖြစ်တယ်ဆိုတာ ကျွန်မ အကုန်လုံးသိထားပြီးခဲ့ပြီ၊ သူ့ဖခင်ဟာ ရှင်တို့ထက်အဆပေါင်း များစွာချမ်းသာတဲ့ သဌေးကြီး ရှောင်းပိဖြစ်တယ်ဆိုတာတော့ ကော ရှင်မသိဘူးလား'

မော့ရဲယီက မဲ့ပြုံးပြုံးလိုက်လေသည်။

'အဲဒီသဌေးကြီးရှောင်းပိဟာ ဘာကြောင့် ဒီလောက်ချမ်းသာရသလဲဆိုတာကော နင်ကဆက်ပြီးစဉ်းစားဖို့ကောင်းတယ်'

ကျောက်စီးယုံက သူမ၏မျက်နှာကို မှို့မဲ့ပြစ်လိုက်သည်။

'ကျွန်မ ဒါတွေစဉ်းစားစရာမလိုဘူး၊ သူတို့ဟာ လူကောင်း သူကောင်းတွေ၊ ဒါကြောင့်မို့လဲ မနက်ဖြန်ဆိုယင် ကျွန်မက ရှောင်းချူးစွေတို့ မိသားစုကို ထမင်းစားပွဲတောင် ဖိတ်ခေါ်ထားတယ်'

သဌေးကြီးကျောက်ဟန်းက ဝင်ပြောလိုက်လေသည်။

'ကဲ… ကဲ သမီးတို့စကားတော်ကြပါ၊ လူဆိုးလူကောင်း ဆိုတာ ခဏကလေးကြည့်ပြီး အကဲခတ်လို့ရတာမဟုတ်ဘူးကွဲ့၊ မနက်ဖြန်ထမင်းစားပွဲကျတော့ မော့ရဲယီကြွခဲ့ပါအုံး…'

မော့ရဲယီက အမိပ္ပာယ်ပါပါဖြင့် ခေါင်းညိတ်ပြလိုက်လေ သည်။

'ဟုတ်ကဲ့… ကျွန်တော်လဲ ဆက်ဆက်လာခဲ့ပါ့မယ်…'

* * *





ကျောက်စီးယုံ၏ အစီအစဉ်မှာ…

အတွေးပေါင်းများစွာဖြင့် နစ်မြောလျက်ရှိနေပေသည်။

ထိုအတွေးပေါင်းများစွာ၏ အဆုံးမှာလည်း ရှောင်းချူး စွေသာဖြစ်သည်။

တချိန်တုန်းက ဆင်းရဲလွန်းလှသော သားအမိ။

ဆင်းရဲတုန်းကလည်း ဆင်းရဲသားမို့ အမျိုးမျိုးအဖိအနှိပ် ခံရသည်။ ပင်ပန်းဆင်းရဲစွာနှင့် နေရသည်။

ချမ်းသာပြန်တော့လည်း ပတ်ဝန်းကျင်က ချမ်းသာသည့် အလျောက် သူတို့အပေါ် သံသယများက ဝင်လာပြန်တော့၏။

ဘယ်ကရခဲ့သည့် ပစ္စည်းများနည်း။

ဘာကြောင့် ချမ်းသာလာသနည်း စသည့်မေးခွန်းများက မမျှော်လင့်ပဲ ပေါ်ပေါက်လာရတော့သည်။

ရှောင်းချူးစွေမှာ-

ဆင်းရဲလည်း မသက်သာ၊ ချမ်းသာလည်း မသက်သာ၊ ပညာတတ်မြောက်ခဲ့တော့လည်း မသက်သာပါ။

ဘဝတလျှောက်လုံး ဘယ်နေရာမှ ကောင်းကွက် မရှိခဲ့ပါ။

မော့ရဲယီ ပြောသည့် စကားများကို ကျောက်စီ ယုံက စေ့စေ့ စပ်စပ်ပြန်၍တွေးမိလေသည်။

ရှောင်းချူးစွေသည် အမှန်တကယ်ပဲရွှေတုံးများကို ဖောက် ယူခဲ့သည့် လူဆိုးပေလော။ သူမ၏ သံသယမေးခွန်းကို သူမ ပင် ပြန်၍ ဖြေမိသည်။

မဖြစ်နိုင်ပါ။

ရှောင်းချူးစွေ၏အကြောင်းကို သူသာလျှင် အသိဆုံး။

ရှောင်းချူးစွေမှာ ငယ်စဉ်ကတည်းက ဆင်းဆင်းရဲရဲဖြင့် နေထိုင်လာခဲ့ရသည်။

သိုင်းပညာဟူ၍လည်း လုံးဝမတတ်ခဲ့။

ထိုသူသည် မည်ကဲ့သို့ဘုရင့်ဘဏ္ဍာတော်များကို သွားရောက်ဖောက်ယူနိုင်ပါမည်နည်း။

နောက်တချက် ..

သူ၏ဖခင် ရှောင်းပိသည်

သဌေးကြီးတဦးဖြစ်သည့်အပြင် သိုင်းလောက၌သူရဲကောင်းတဦး ဖြစ်ခဲ့ဖူးလေသည်။ ထိုသူသည်ကော ဘဏ္ဍာတော်တိုက်ကို ဖောက်ထွင်းသည့်သူ ဖြစ်နိုင်ပါမည်လော။

ကျူးဝေသည် ကျောက်စီးယုံအား သူမတို့၏ဘဝကို အသေအချာ ပြောပြခဲ့သည်။ ကျူးဝေ၏ပြောစကားများမှာ မယုံနိုင်စရာ လုံးဝမရှိ။

သူမသည် ရိုးသားသော စကားများကိုသာ ပြောကြားသည်ဟု ကျောက်စီးယုံက ထင်မြင်ထားလေသည်။

မည်သူက မည်ကဲ့သို့ပင် ထင်ထင်။

ကျောက်စီးယုံကတော့ ရှောင်းမိသားစုအား လုံးဝသံသယမရှိပါပေ။ သူမ၏စိတ်ထဲ၌ သံသယမကင်းသော အချက်ဟူ၍ တောင်ပေါ်မှ မျက်နှာဖုံးစွပ်များနှင့် ပတ်သက်သော အချက်သာ ရှိနေပေသည်။

သူမသည် ထိုအချက်ကို လူဆိုးထိန်းမော့ရဲယီအား လုံးဝပြောမပြချင်ပါ။ မော့ရဲယီအား ယုံလည်း မယုံကြည်ပါ။ သူသည် လူဆိုးထိန်းတယောက် ဖြစ်သည်။





လူဆိုးမှန်သမျှကို လိုက်လံစုံစမ်းရမည့် တာဝန်သည် သူ၏တာဝန်ဖြစ်၏။ ဤသို့ဆိုလျှင် တောင်ပေါ်၌ မျက်နှာဖုံးတပ်၍ သွားလာလှုပ်ရှားနေသည့်လူတစုကို သူသည် မည်သည့်အတွက်ကြောင့် မစုံစမ်းနိုင်ရသနည်း။

လူကောင်းတွေကိုသာ မတရားသည့်နည်းဖြင့် အနိုင်ကျင့်ကာ လူဆိုးနောက်သို့ မလိုက်သော လူတယောက်ကို သူမကလည်း သတင်းမပေးလိုပါ။

ကျောက်စီးယုံသည်

ထိုလျှို့ဝှက် မျက်နှာဖုံးစွပ်များ၏ ကိစ္စကို တနေ့တချိန်မှာ သူ့နည်းသူ့ဟန်ဖြင့် ဖော်ထုတ်မည်ဟု စိတ်ဆုံးဖြတ်ထားလေသည်။

ကျောက်စီးယုံမှာ သူမ၏ဖခင် ပြောစကားများ ကိုလည်း ကြားယောင်မိလိုက်သည်။

‘လူကောင်းလား လူဆိုးလားဆိုတာ ကြာရှည်သဖြင့်ပေါင်း ပြီး သိရမှာပါ’

ဆိုသည့်စကားကိုတော့ ကျောက်စီးယုံက ထောက်ခံသည်။

ထို့ကြောင့်လည်း သူမသည် လူတဦး တယောက်အား အရမ်းထင်ကြေးမပေးရဲပါ။ သူမသည် ထိုသို့တွေးတောယင်းမှ ထမင်းစားပွဲအတွက် ပြင်ဆင်ချက်ပြုတ်၍နေပေသည်။

* *

'ထမင်းစားပွဲ'

ထမင်းစားပွဲဆို၍...

လူက များများစားစား မဟုတ်ပါ။

ရှောင်းမိသားစုနှင့် မြို့ခံလူကြီး သုံးလေးဦးအပြင် လူဆိုး ထိန်း မော့ရဲယီတို့ကိုသာလျှင် ဖိတ်ကြားထားခြင်း ဖြစ်လေသည်။ ကျောက်စီးယုံက မော့ရဲယီကို မဖိတ်ကြားချင်သော်လည်း ဖခင်ဖြစ်သူ၏ ဆန္ဒကို မလွန်ဆန်နိုင် သောကြောင့် ခွင့်ပြုလိုက်ရသည်။

တလေးတစားနှင့် ဖိတ်ခေါ်ကျွေးမွေးသည့် ထမင်းစားပွဲဖြစ်သော်လည်း ရှောင်းမိသားစုမှ ရှောင်းပိနှင့် ကျူးဝေ မလာပါ။

ထိုအချက်ကို ရှောင်းချူးစွေက သိရှိသည်။

သူ၏မိခင်သည် တချိန်က ထိုအိမ်တွင် အလုပ်လုပ်ခဲ့ဖူးသဖြင့် ရှောင်းပိသည် ကျူးဝေအား မသွားစေချင်ပါ။

သူကိုယ်တိုင်ကလည်း မတက်ရောက်ချင်သဖြင့် သားဖြစ်သူ ရှောင်းချူးစွေကိုသာ လွှတ်လိုက်ခြင်း ဖြစ်ပေသည်။

ရှောင်းချူးစွေမှာ လုံးဝမလာရောက်ချင်သော်လည်း မိဘများအတွက် ငဲ့ညှာပြီး ရောက်ရှိလာခြင်း ဖြစ်လေသည်။

ရှောင်းချူးစွေ ရောက်ရှိလာသည်နှင့် ကျောက်စီးယုံက ပျူပျူငှာငှာ ဆီးကြို၏။ ထို့နောက် ရှောင်းချူးစွေအား ထမင်းစားခန်းထဲသို့ ခေါ်ဆောင်လာပေသည်။

သဌေးကြီး ကျောက်ဟန်းက ရှောင်းချူးစွေကို ဩလဲဝမ်းသာစွာဖြင့် ဆီးကြိုလေသည်။





'ကြွပါ.... သူရဲကောင်းလေး ရှောင်း၊ မနေ့က ကျုပ်အိပ်သားတွေနဲ့ တိုက်ခိုက်တဲ့ ကိစ္စကိုလဲ ခရီးရောက်မဆိုက် ကျုပ်တောင်းပန်ပါတယ်'

ရှောင်းချူးစွေက အလိုက်သင့်ပင် ပြုံးပြလိုက်လေသည်။

'ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှ သဘောမထားပါဘူး'

ရှောင်းချူးစွေသည် ထိုသို့ပြောကြားပြီး ကုလားထိုင်တလုံး၌ ဝင်ထိုင်လိုက်လေသည်။

သူဝင်ထိုင်သောကုလားထိုင်မှာ မော့ရဲယီနှင့် မျက်နှာချင်းဆိုင် ဖြစ်သည်

မော့ရဲယီ၏ ဘေးတွင် မြို့ခံ လူကြီးလူကောင်းနှစ်ဦးကိုလည်း တွေ့ရသည်။ မော့ရဲယီက ဟန်ဆောင်ပြုံးပြုံး၍ နှုတ်ဆက်လိုက်သည်။

'ရှောင်းသဌေးလေး ကြွလာမှုကိုး၊ ဒါနဲ့ ခင်ဗျားရဲ့မိဘနှစ်ပါးကော ပါမလာဘူးလား၊ ခုလို တခါတလေ ကြုံရတဲ့မိတ်ဆုံစားပွဲမှာ ဒီက မြို့ခံလူကြီးတွေနဲ့ မိတ်ဆက်ပေးရတာပေါ့ဗျာ'

ရှောင်းချူးစွေက သူ၏နှုတ်ခမ်းကို မသိမသာတွန့်လိုက်ပြီး

'ဟုတ်ကဲ့...၊ ကောင်းကောင်း နေမကောင်းတာက လဲ တကြောင်း၊ နောက်ပြီး မြို့ထဲမှာ သောင်းကျန်းနေတဲ့ခွေးလေခွေးလွင့်တွေက ဆွဲတတ်လွန်းလို့ ခရီး မထွက်ပါရစေနဲ့ဆိုပြီး တောင်းပန်ခိုင်းလိုက်ပါတယ်'

မော့ရဲယီ၏ မျက်နှာမှာ ရုတ်ခြည်းနီရဲသွားတော့သည်။

F.18

ကျောက်စီးယုံမှာ ရှောင်းချူးစွေက လှပသောစကားလုံးများဖြင့် မောရဲယီအား ပြန်လည် ပြောဆိုလိုက်သောကြောင့် သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

သူမ၏ရယ်သံက မောရဲယီ၏ ဒေါသကို မီးလောင်ရာလေပင့်ပေးလိုက်သလိုပင်…

သူမက ထပ်မံ၍ပင် မေးလိုက်ပြန်သေးသည်။

'ခွေးတွေက ဒီလောက်ပဲ သောင်းကျန်းနေလို့လားရှင့်'

ထိုသို့ပြောပြီး သူမက မောရဲယီ၏ မျက်နှာကို လှမ်းကြည့်လိုက်ရာ မောရဲယီသည် ကျောက်စီးယုံအား မီးထွက်လုမတတ်သော မျက်လုံးများဖြင့် ပြန်ကြည့်နေသည်ကို တွေ့လိုက်ရလေတော့သည်။

ရှောင်းချူးစွေက …

'ဟုတ်ဘယ်၊ ခွေးလေခွေးလွင့်တွေထက် ခွေးရူးကိုက်မှာက ပိုပြီး ကြောက်နေရလို့ ကျုပ်မိဘတွေက လိုက်မလာတာပါ၊ ခွေးရူးကလဲ တခါတလေ ခွေးကောင်းယောင် ဆောင်နေတတ်တာကိုး'

ထိုစကားကြောင့် ကျောက်ဟန်နှင့် မောရဲယီမှာ မျက်နှာပျက်သွားသော်သည်း မြို့ခံ လူကြီးနှစ်ယောက်မှာ ဘာမှမသိရှာပါ။

ထိုအချိန်တွင်….

မောရဲယီကလည်း ရှောင်းချူးစွေအား အရှက်ခွဲလိုသောသဘောဖြင့် ပြန်၍ပြောလိုက်လေသည်။





'တချိန်တုန်းကတော့ ခင်ဗျားရဲ့မိဘဟာ တအိမ်တက်ဆင်း သူများအိမ်မှာ အလုပ် လျှောက်လုပ်နေတာ ခွေးတွေကို မကြောက်ပါဘူးနော်'

ရှောင်းချူးစွေက ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်၊ အဲဒီလို တအိမ်တက်ဆင်း လျှောက်လုပ်နေခဲ့လို့လဲ ဘယ်အိမ်က ခွေးဟာ ခွေးကောင်း၊ ဘယ်အိမ်က ခွေးဟာ ခွေးရူး ဆိုတာ သိခဲ့ရတာပေါ့'

သူတို့၏ စကားစစ်ထိုးမှုမှာ နည်းနည်း ကြမ်းလာသဖြင့် သဌေးကြီး ကျောက်ဟန်က ဝင်၍ ထိန်းလိုက်လေသည်။

'ကဲ…ကဲ၊ အဲဒါတွေကို ခဏရပ်ပြီး အားလုံးပဲ ပျော်ပျော်ပါးပါး အရက်သောက်ယင်း စကားစမြည် ပြောကြတာပေါ့ဗျာ၊ အားလုံးပဲ သုံးဆောင်ကြပါ'

ထမင်းဝိုင်းကလေးသည် အခြား စကား အကြောင်းရပ်များနှင့် စိုစိုပြည်ပြည်ဖြစ်၍ သွားတော့၏။

အားလုံး စားသောက်ပြီးသည့်အခါ မောရဲယီက ရှောင်းချူးစွေကို စကားပြန်စသည်။

ရှောင်းချူးစွေက မောရဲယီအား မော့ကြည့်လိုက်သည်။

မောရဲယီမှာ အတော်ကလေး မူးနေပြီဟုလည်း ရှောင်းချူးစွေက သိလိုက်၏။သို့သော် သူက လိမ္မာပါးနပ်စွာနှင့်ပင်–

'ခင်ဗျား ဘာမေးချင်သလဲ မေးနိုင်ပါတယ်'

သဌေးလေး ရှောင်းဟာ အယင်က အင်မတန် ဆင်းရဲတယ်နော်'

ရှောင်းချူးစွေက သူ့အား ခပ်တည်တည်ဖြင့် ပြန်ကြည့်လိုက်လေသည်။

'ခင်ဗျား သိပြီးသားတွေပဲ ဘာလို့ ထပ် မေးချင်ရတာလဲ၊ ထပ် သိချင်ရတာလဲ'

မောရဲယီက ရယ်မောလိုက်ပြီး-

'ကျုပ် တာဝန် ဝတ္တရားအရ မေးနေတာပါလို့ ပြောပြီးသားပဲ၊ ခင်ဗျား ကောင်းကောင်း ဖြေပါ၊ ခင်ဗျားဟာ အယင်က ဆင်းရဲပြီး အခု ဘာကြောင့် ချမ်းသာသလဲ'

'ခင်ဗျားက ဘယ်လို ထင်လို့လဲ'

မောရဲယီသည် တဟဲ-ဟဲနှင့် ရယ်မောလိုက်ပြီး-

'ဘုရင့် ဘဏ္ဍာတော် တိုက်က ရွှေတွေက လူတယောက်ကို ချက်ချင်း ချမ်းသာသွားစေနိုင်တာပဲဗျ'

ရှောင်းချူးစွေ၏ မျက်လုံး အစုံမှာ ပြူးကျယ် သွားလေသည်။ သူ့ကို မောရဲယီ သက်သက် စော်ကားလာသည်ကိုလည်း သိလိုက်၏။

'အဲဒါ ဆိုယင်တော့ ကျုပ် မိဘတွေနဲ့ ဆိုင်တယ်၊ အဲဒီတော့ ကျုပ်မိဘတွေ ဘာကြောင့် ချမ်းသာသလဲဆိုတာ ခင်ဗျားက လူဆိုးထိန်းတယောက်ပဲ၊ လိုက်ပြီး စုံစမ်းပေါ့'

မောရဲယီက မဲ့ပြုံး ပြုံးလိုက်သည်။

'စိတ်မပူပါနဲ့၊ ကျုပ် သေသေချာချာကို စုံစမ်းပြီး ဖော်ထုတ်ပါ့မယ်'

'ဟုတ်ကဲ့၊ ကျုပ်ကလဲ ခင်ဗျား အဲဒီလို ဖော်ထုတ်နိုင်မယ်လို့ ယုံကြည်ထားပါတယ်'





မောရဲယီသည် မထီလေးစားဖြင့် ရယ်မောလိုက်လေသည်။ ထို့နောက် သူက ဆက်၍ ပြောပြန်သည်။

'ခင်ဗျားဟာ အဆွေးလက်ဝါး သိုင်းသမားဆိုတဲ့ဘွဲ့ကို ရခဲ့တယ် မဟုတ်လား'

ရှောင်းချူးစွေက ဂရုမစိုက်သကဲ့သို့ ပြန်ပြောလိုက်သည်။

'အဲဒီကိစ္စမှာလဲ ခင်ဗျားဟာ နာမည်ကျော် လူဆိုးထိန်းတယောက်ပဲ၊ ကျုပ် ဘာကောင်ဆိုတာ လိုက်စုံစမ်းပေါ့၊ မေးနေစရာ လိုသေးသလား'

ရှောင်းချူးစွေ၏ ထောက်ကွက်၊ ချေပချက်များကြောင့် မောရဲယီ၏ မျက်နှာမှာ ရုတ်တရက် နီမြန်းသွားတော့သည်။

'အေးလေ…ကျုပ် စုံစမ်းကြည့်ဘိုလဲ သိရတာပေါ့၊ ဒါပေမယ့် ဟုတ်မဟုတ် သေချာအောင် အခုလို မေးကြည့်တာပါ'

'ဒါဆိုယင်လဲ သိရပါတယ်၊ ဟုတ်တယ်၊ 'အဆွေးလက်ဝါး သိုင်းသမား' ဆိုတာ ကျုပ်ပဲ'

မောရဲယီသည် မထီတရီ ပြုံးလိုက်ကာ…

'ကျုပ်နဲ့နည်းနည်းပါးပါးပညာကလေးဖလှယ်ချင်တယ်ဗျာ'

ရှောင်းချူးစွေသည် သက်ပြင်းတချက်ကို ချလိုက်သည်။

'မနေ့က ကျုပ်ကို ပညာချင်းလာဖလှယ်တဲ့ လူနှစ်ယောက်ကို ခင်ဗျား မေးကြည့်ပြီးပြီပဲ မဟုတ်လား၊ သိလောက်လိမ့်မယ်လို့ ထင်ပါတယ်'

ကျောက်ဟန်နှင့် မောရဲယီ၏ မျက်နှာမှာ ရုတ်တရက် ပျက်သွားလေသည်။

ထိုအခါ ကျောက်စီးယုံ မနေသာတော့ပေ။ လောလောဆယ်တွင် မေ့ရဲယီမှာ အတော်ပင် မူးနေပြီမို့ ဒီနေရာ-ဒီအချိန်ဝယ် ပြဿနာပေါ်လျှင် မြို့ခံလူကြီးများကို အလွန်အားနာဖို့ကောင်းမည်မို့ ...

'ရှင်တို့နှစ်ယောက်ဟာလေ အယင်တုန်းကလဲ မတည့်ကြဘူး၊ အခုလည်း မတည့်ကြဘူး၊ ဒါပေမယ့် ကျွန်မရဲ့ ထမင်းစားပွဲမှာတော့ ရန်မဖြစ်ကြပါနဲ့ရှင်၊ တောင်းပန်ပါတယ်'

ထိုအခါ မြို့ခံလူကြီးတယောက်က ရယ်မောသျက် ဝင်ပြောလေသည်။

'ဟုတ်ပါတယ်ကွာ၊ ဘော်တော်ကြာ တို့သောက်ထားတဲ့အရက်တွေဟာ ချက်ချင်း အမူးပြေသွားမှာ စိုးလို့ပါ'

ထိုအခါမှ- ထမင်းစားခန်းတွင် ရယ်မောသံများက လွှမ်းသွားလေသည်။

* * *

တစ်လ....။

နှစ်လ....။

ကြာပြီးသည့် လပြည့်နေ့တနေ့။

အမျိုးသမီးကလေးက သိုင်းကွက်များကို လှုပစွာ ကစားနေပေသည်။

သူမသည် လမင်းသမီးကလေးပင် ဖြစ်တော့၏။





ရှောင်းချူးစွေက သူမအား ကြည့်ပြီး အားရဝမ်းသာစွာဖြင့် ပြောလိုက်လေသည်။

'ညီမရဲ့ ပညာကတော့ ရန်သူဆယ်ယောက်ကို ကောင်းကောင်းကြီး တိုက်ခိုက်နိုင်တဲ့ အဆင့်ကို ရောက်နေပါပြီကွာ'

လမင်းသမီးက ပြုံးလိုက်သည်။

'အစ်ကို တကယ်ပြောတာလားဟင်'

'အစ်ကိုက လိမ်ညာပြီး ပြောပါ့မလား'

လမင်းသမီးမှာ ရှောင်းချူးစွေ၏ မျက်နှာကို အကဲခတ်၍ မေးလိုက်လေသည်။

'အစ်ကို့ ကိုကြည့်ရတာ ခုတလော တမျိုးပဲ'

'ဘာဖြစ်လို့လဲ'

'ကျွန်မကို သိုင်းပညာ သင်ကြားပေးနေပေမယ့် အစ်ကို့မျက်နှာဟာ လန်းလန်းဆန်းဆန်း မရှိဘူး၊ ညှိုးငယ်နေသလိုပဲ၊ အဲဒါ ဘာဖြစ်လို့လဲဟင်'

ရှောင်းချူးစွေက သက်ပြင်းတချက်ကို ချလိုက်ပြီး

'ညီမနဲ့အစ်ကို လက်ထပ်ပြီးယင် အစ်ကိုတို့ ဒီမှာမနေတော့ဘူး....

လမင်းသမီးက ရုတ်ကနဲလှည့်ကြည့်လိုက်လေသည်။

'ဘာဖြစ်လို့လဲ၊ နောက်ပြီး ဘယ်မှာသွားနေမှာလဲ အစ်ကို'

'ကျွေးလင်မြို့မှာ အစ်ကို့မိဘတွေရဲ့ အိမ်ဂေဟာကြီး ရှိပါတယ်၊ အဲဒီမှာ သွားနေမှာပေါ့'

လမင်းသမီးက မျက်မှောင်ကြုတ်လိုက်လေသည်။

'ဒီမှာ ဘာဖြစ်လို့လဲ'

ရှောင်းချူးစွေက သက်ပြင်းတချက်ကိုလေးပင်စွာချလျက်

'ရန်များလို့'

'ဘယ်သူတွေက အစ်ကို့ကို ရန်မူနေလို့လဲ၊ အစ်ကို့ဘာကြောက်လို့လား'

ရှောင်းချူးစွေက သူမကို ခေါင်းယမ်းပြလိုက်သည်။

'အစ်ကို ဘယ်သူ့ကိုမှ မကြောက်ပါဘူး၊ ဒါပေမယ့် ဘယ်သူ့ကိုမှလဲ တိုက်ခိုက်ချင်တဲ့ဆန္ဒ အစ်ကို့မှာ မရှိဘူး၊ အစ်ကိုဟာ ဘယ်သူနဲ့မှ ရန်ငြိုးမရှိ၊ အတိုက်အခိုက်မရှိ၊ အေးအေးဆေးဆေးပဲ နေချင်တဲ့သူပါ'

'အစ်ကို့ကို ဘယ်သူက အနှောင့်အယှက်တွေ ပေးနေလို့လဲဟင်'

'လူဆိုးထိန်း မော့ရဲယီဟာ အစ်ကို့အပေါ်မှာ အတော့်ကို မနာလိုဖြစ်နေတဲ့ လူတယောက်ပဲ၊ သူ့ကို အစ်ကို မကျေမနပ်အဖြစ်ဆုံးက အစ်ကို့မိဘတွေ ချမ်းသာတာကို သူက မတော်မတရား စွပ်စွဲချင်တယ်'

လမင်းသမီးက စဉ်းစားလိုက်လေသည်။

'သူက ဘယ်လို စွပ်စွဲလို့လဲ'

'ဘုရင့်ဘဏ္ဍာတော်တိုက်က ပျောက်ဆုံးသွားတဲ့ ရွှေတုံးတွေဟာ အစ်ကိုတို့ ချမ်းသာနေတာနဲ့ သက်ဆိုင်နေတယ်လို့ သူက ပြောချင်တယ်၊ ပြောချင်တာတင် မဟုတ်ဘူး၊ တပ်အပ်နီးပါးကို စွပ်စွဲနေတယ်'

လမင်းသမီးက ခေါင်းခါယမ်းလိုက်လေသည်။





'အာ....ဒါက မဆိုင်တာပဲ၊ ဒီလိုဆိုယင် ချမ်းသာနေတဲ့လူအားလုံးကို သူက သံသယ ရှိနေတော့မှာလား'

'အဲဒါတော့ မပြောတတ်ဘူး'

'ဒါကြောင့်မို့လဲ အစ်ကိုက လူဆိုးထိန်းတွေကို မုန်းနေတာပေါ့လေ၊ ဟုတ်လား'

'ဟုတ်တယ်၊ ဒီလိုလူစားမျိုးတွေဟာ များသောအားဖြင့် လူတဦးတယောက်ကို တရားခံလို့ပဲ အမြဲ သဘောထားနေကြတာ'

လမင်းသမီးက ချိုလွင်သောအသံလေးနှင့် ရယ်မောလိုက်သည်။

'ညီမ အခု သိုင်းပညာလေး နည်းနည်းပါးပါး တတ်လို့ လူဆိုးထိန်းအလုပ် လျှောက်မလို့ဟာ၊ အခုတော့ မလျှောက်တော့ပါဘူး'

ရှောင်းချူးစွေက သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

'ညီမသာ လူဆိုးထိန်း ဆိုယင်တော့ အစ်ကိုက တရားခံ မဖြစ်ဖြစ်အောင် ကြိုးစားနေမှာပဲ'

လမင်းသမီးက မျက်မှောင်ကြုတ်၍

ဘာဖြစ်လို့'

'ဒါမှ တရားခံနဲ့ လူဆိုးထိန်းက အတူတူနေရမှာ'

လမင်းသမီးက လှပစွာ ပြုံးပြလိုက်လေသည်။

သူမ၏အပြုံးသည် မေ၀ါနှင့် အပြိုင်ပင် ဖြစ်နေတော့၏။

* * *

( ၁၂ )

## ရှောင်းမိသားစု၏ ကံကြမ္မာ

ယခုအခါ....

ရှောင်းဂေဟာမှာ အစစအရာရာ ပြည့်စုံကုံလုံ ကြွယ်ဝမှုကြောင့် လွန်စွာမှ အေးချမ်းသာယာသော ဂေဟာတခု ဖြစ်နေလေ၏။

သဌေးကြီး ရှောင်းပိမှာ ရောက်စက နေသိုင်ရသည်မှာ စိမ်းနေ၍ တမျိုးဖြစ်နေသော်လည်း တဖြည်းဖြည်း နှစ်ကြာလာသောအခါ သူသည် စန်းစိမ်မြို့ကလေး၌ ပျော်ရွှင်လာပေသည်။

သဌေးကြီး ရှောင်းပိအဖို့ ပိုမို၍ ပျော်ရွှင်နေသော အချက်မှာ သားဖြစ်သူ ရှောင်းချူးစွေမှာ နာမည်ကျော် မျိုးချစ်





သိုင်းသမားကလေးတဦး ဖြစ်နေသောကြောင့်ပင်။ တဖန် သူ တတ်မြောက်ထားသော အဆွေးလက်ဝါးသိုင်းပညာမှာလည်း အလွန် အစွမ်းထက်လှသောကြောင့် သူ၏ အဆက်ဆက်က သံသရာကြွေးကို သားဖြစ်သူ၏ လက်ထက်ကျမှပင် အပြီးအပိုင် ပေးဆပ်နိုင်တော့မည်ဟု တွေးမိပြီး ပျော်ရွှင်နေခြင်း ဖြစ်ပေသည်။

ရှောင်းချူးစွေသည် တနေရာ၌ သိုင်းလေ့ကျင့် နေ၏။ ရှောင်းပိက အားရကျေနပ်စွာဖြင့် ကြည့်ရှုနေရာမှ အချို့နေရာများတွင် ဟာကွက်များကို တွေ့ရှိလိုက်လေသည်။

ထို့ကြောင့် သူသည် ရှောင်းချူးစွေထံသို့ သွားကာ သူ တွေ့ရှိသော ဟာကွက်များအား ပြောပြပြီး ဆက်လက်၍ သင်ကြားပေးလေသည်။

ရှောင်းပိ သင်ကြားပေးသော သိုင်းကွက်များအား ရှောင်းချူးစွေက ချက်ချင်းပင် ပြန်လည်၍ ပြုပြင်နိုင်သည်ကို တွေ့ရသဖြင့် ရှောင်းပိမှာ ဝမ်းသာပီတိ ဖြစ်သွားလေသည်။

ထိုစဉ်မှာပင် ထန်ယင်းယိက ကပျာကယာ သူတို့အနားသို့ ရောက်ရှိလာသည်။

'သခင်ကြီး၊ အိမ်ရှေ့မှာ ဧည့်သည်တွေ ရောက်နေပါတယ်'

ရှောင်း ပိ တို့ သား အ ဖ သည် တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြလေသည်။

'ဘယ်သူတွေလဲကွ'

ထန်ယင်းယိက…

'လူဆိုးထိန်း မော့ရဲယီနဲ့ အာဏာသားတွေလဲ ပါတယ်၊ အဲဒါ တံခါးဖွင့်ပေးလိုက်ရမလား'

ရှောင်းပိက သားဖြစ်သူ၏မျက်နှာကို ထပ်မံ၍ကြည့်လိုက်မိပြန်သည်။ ပြီး…

'အေး…. ဖွင့်ပေးလိုက်'

ရှောင်းပိက ထိုသို့ ပြောပြီး ဧည့်ခန်းထဲသို့ ဝင်သွားသည်။ မော့ရဲယီတို့အား စောင့်ဆိုင်းရန်ပင် ဖြစ်၏။ ရှောင်းချုံးစွေက လည်း စဉ်းစားမိပေသည်။ မော့ရဲယီသည် ကောင်းသောလာခြင်းတော့ မဖြစ်နိုင်ပါ။

အထူးသဖြင့် သူနှင့်လည်း ပတ်သက်နေမည်ဟု စဉ်းစားမိကာ ဧည့်ခန်းထဲသို့ လိုက်ဝင်သွားသည်။

*　　*　　*

မကြာမီတွင်…

မော့ရဲယီသည် အာဏာသား ငါးဦးခန့်နှင့်အတူ ဧည့်ခန်းထဲသို့ ဝင်ရောက်လာလေသည်။

သူ၏ အမူအရာမှာ ပိုင်စိုးပိုင်နင်း နိုင်လွန်းလှသည်။ သူသည် မြို့တော်ဝန်ထံမှ တံဆိပ်ပြားကို ပြသ၍ ရှောင်းဂေဟာအား မသက်ာ၍ ရှာဖွေရန် ပြောကြားလေသည်။

ရှောင်းပိမှာ မျက်နှာကွက်ကနဲ ပျက်သွားလေသည်။





သူ၏ တသက်နှင့်တကိုယ် ဤကဲ့သို့ မသင်္ကာ၍ ရှာဖွေခြင်းမျိုး တခါမှ မခံရဘူးပါ၊ သူကလည်း လူအများ မသင်္ကာအောင် အမှားတစုံတရာကိုမျှ လုပ်ကိုင်ခဲ့ဖူးခြင်း မရှိပါ။ ထို့ကြောင့် သူက ဒေါသဖြစ်စွာဖြင့် ပြန်မေးလိုက်လေသည်။

'မင်းက ဘာရှာဖွေမှာလဲ'

မော့ရဲယီက မထီလေးစားဖြင့်…

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်က ပျောက်သွားတဲ့ ဘုရင့်ဘဏ္ဍာတော်တိုက်က ရွှေတုံးကိစ္စပါ၊ အဲဒါ ခင်ဗျားတို့ကို မသင်္ကာလို့'

ရှောင်းပိ၏ မျက်နှာမှာ နီမြန်းသွားလေသည်။

မော့ရဲယီ၏ စော်ကားမှုမှာ တရားလွန်လာပြီဖြစ်သော်လည်း ရှောင်းချုံးစွေက တနေရာမှ လက်ပိုက်၍ပင် ကြည့်ရှုအကဲခတ်နေပေသည်။

ရှောင်းပိမှာ ဒေါသဖြစ်လွန်း၍ အသံကျယ်လောင်စွာဖြင့် ပြန်အော်မေးလိုက်လေသည်။

'တို့က ဘိုးဘွားလက်ထက်ကတည်းက ချမ်းသာလာခဲ့တဲ့ လူတွေ၊ ကွေးလင်မြို့မှာ ဆိုယင် ငါ့ပစ္စည်းတွေ အများကြီး ရှိသေးတယ်၊ ဆယ်သက်ထိုင်စားလို့ မကုန်ဘူးကွ သိရဲ့လား'

မော့ရဲယီက မဲ့ပြုံးပြုံးလိုက်လေသည်။

'ဒါကတော့… ခင်ဗျားတို့ဟာ ခင်ဗျားတို့ ဘယ်လောက်ပဲ ချမ်းသာချမ်းသာပေါ့၊ ဘာကြောင့် ဒီလိုချမ်းသာနေရတယ်ဆိုတာတော့ ကျုပ်တို့မှာ မသင်္ကာစရာပေါ့'

'ဟေ့ ငါ့မှာ လယ်တွေယာတွေအများကြီး ရှိတယ်ဆိုတာကော မင်းက မစုံစမ်းမိဘူးလား၊ ချမ်းသာတိုင်း ရွှေတုံးကိစ္စကြောင့်လို့ ထင်နေယင် ချမ်းသာတဲ့သူတွေ မင်းပြစ်မင်းဒဏ် ခံရမှာမနည်းဘူး…'

မော့ရဲယီသည် မရယ်ချင့်ရယ်ချင်ဖြင့် ရယ်မောလိုက်ပြန်သည်။

'ဒါတွေထားပါတော့လေ၊ ဒါတွေကို ကျုပ်မသိဘူး၊ ကျုပ်တာဝန်က မြို့တော်ဝန် ကိုယ်တိုင် အမိန့်ပေးထားတဲ့အတွက် ကျုပ်တို့တတွေကတော့ ရှာဖွေရမှာပဲ'

ရှောင်းချူးစွေက ဒေါသဖြစ်ဖြစ်ဖြင့် ဝင်ပြောလိုက်လေသည်။

'အဖေ သူတို့ကို ရှာခွင့်ပေးလိုက်ပါ၊ဘာပစ္စည်းမှမတွေ့ရဘူးဆိုယင်တော့ ခင်ဗျားတို့တတွေကို ကျုပ်က သည်းမခံနိုင်တော့ဘူး'

သူတို့အထဲတွင် မြို့ခံအရာရှိကြီးတဦးလည်း ပါရှိလာပေသည်။

ထိုအရာရှိကြီးကလည်း ဝင်ပြော၏။

'ခင်ဗျားတို့ မတရားတာ မဖြစ်စေရပါဘူး၊ ရှာဖွေမယ့်သူတွေကိုလဲ ခင်ဗျားတို့ အယင်စစ်ဆေးပါ'

ရွှေစစ်နှင့် ထန်ယင်းယိသည် ရှာဖွေမည့် အာဏာသားငါးဦးအား စစ်ဆေးလိုက်လေသည်။ သူတို့၏ကိုယ်ထဲတွင် ဘာမှမတွေ့ရသဖြင့် ကျေနပ်သွားကာ ရှာဖွေခွင့်ပေးလိုက်လေသည်။ ထို့နောက် အာဏာသား ငါးဦးသည် တအိမ်လုံးသို့ ပိုက်စိပ်တိုက်ပြီး ရှာဖွေနေသည်။





သူတို့သည် မီးဖိုဆောင်လည်း မနေရပါ။

ဘုရားခန်းတွင်လည်း မွှေနှောက်ထား၏။

စာကြည့်ခန်း၌လည်း ပွစာကျဲနေပေသည်။

ခေါင်မိုးမျက်နှာကြက်ကိုလည်း ခွာ၍ ရှာဖွေကြပေသည်။

သူတို့သည် ချွေးတလုံးလုံးဖြင့် ရှာဖွေနေကြ၏။

နှစ်နာရီနီးပါး ကြာပြီးသည့် အချိန်တွင် စာဖတ်ခန်းထဲ၌ ရှာဖွေနေသော အာဏာသားသည် ပစ္စည်းတခုကို ကိုင်ကာ ထွက်လာလေသည်။

'ကျွန်တော် စာဖတ်ခန်းထဲက ဒီပစ္စည်းကို ရရှိခဲ့တယ်'

အားလုံးက ဝိုင်းကြည့်လိုက်သောအခါ....

လွန်စွာမှ ကြီးမားသည့် ရွှေတုံးကြီးတတုံး ဖြစ်နေသည်ကို တွေ့ရှိလိုက်ရလေတော့သည်။

* * *

ရှောင်းချူးစွေမှာ မျက်နှာကွက်ကနဲ ပျက်သွားလေသည်။

ရှောင်းပိသည် ထိုင်ရာမှ ဝုန်းကနဲ ထ၍ ခုန်လိုက်သည်။

'ဒါ ခင်ဗျားတို့ သက်သက် လုပ်ကြတာပဲ'

မော့ရဲယီက အောင်မြင်စွာဖြင့် ပြုံးလိုက်လေသည်။ ကောက်ကျစ်သော မြေခွေးတကောင်၏ အပြုံးမျိုးပင် ဖြစ်၏။

'ခင်ဗျား ဘာမှ ငြင်းကွယ်မနေပါနဲ့၊ အဲဒီ ရွှေတုံးဟာ ဘဏ္ဍာတော်တိုက်က ပျောက်သွားတဲ့ ရွှေတုံးအစစ်ပဲ'

ရှောင်းချူးစွေသည် ဒေါသဖြစ်စွာဖြင့် ဝင်၍ ပြောလိုက်လေသည်။

'ခင်ဗျား၊ ဒီရွှေတုံးကို ဘယ်အချိန်က ကျုပ်အိမ်မှာ လာထားသလဲဆိုတာ ပြောပါ'

မော့ရဲယီသည် ကောက်ကျစ်စွာဖြင့် တချက် ပြုံးလိုက်ပြီး-

'ကျုပ်က ဘာဖြစ်လို့ ဒီမှာ ဒီရွှေတုံးကို လာထားရမှာလဲ၊ ခင်ဗျားတို့ ဒါတွေ ပြောမနေနဲ့၊ လူတွေ အားလုံးကတောင် ပြောနေကြတာပဲ မဟုတ်လား'

ရှောင်းပိက ဝင်မေးလိုက်သည်။

'ဘာတွေ ပြောနေလို့လဲ'

'ဘဏ္ဍာတော်တိုက်ကို ဖောက်တဲ့သူဟာ အဆွေးလက်ဝါး သိုင်းသမား ဖြစ်ရမယ်လို့ အားလုံးက ထင်ကြေးပေးနေကြတာ အခုတော့ ခင်ဗျားတို့ ဘာငြင်းလို့ ရသေးသလဲ၊ ဟဲ....ဟဲ.... အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရပါဘူးကွာ'

ရှောင်းပိက. အလွန် ဒေါသထွက်သော မျက်လုံးအစုံနှင့် မော့ရဲယီကို ကြည့်လိုက်သည်။

'မင်းတို့ ပစ္စည်းတွေ ပျောက်တဲ့ အချိန်တုန်းက ရှောင်းချူးစွေဟာ လုံးဝ သိုင်းပညာတတ်သေးတာ မဟုတ်ဘူးကွ'

မော့ရဲယီသည် မခိုးမခန့်ဖြင့် ရယ်မောလိုက်ပြီး=

'အဲဒီအချိန်တုန်းက သိုင်းပညာမတတ်သေးတဲ့ ဆင်းရဲသား တယောက်ပါလို့ အယောင်ဆောင် ထားယင်လဲ ဘယ်သူက သိနိုင်မှာမို့လို့လဲ၊ ကျုပ် သူ့ကို ထောက်လှမ်းနေတာ ဆယ်နှစ် ပြည့်တော့မယ်'





သူသည် ထိုသို့ပြောပြီး အာဏာသားများကို အချက်ပေးလိုက်လေသည်။

အာဏာသားများသည် ရှောင်းချူးစွေအားဖမ်းရန် ဝိုင်းလိုက်လေသည်။

သို့သော် ရှောင်းချူးစွေက အခန်းထဲမှ ရုတ်တရက်ခုန်ထွက်သွားတော့သည်။

မော့ရဲယီက အော်ပြောလိုက်သည်။

'အေး မင်းအဖမ်းမခံယင် မင်းရဲ့မိဘတွေကို ဖမ်းပြီးသွားရမှာပဲ'

ရှောင်းပိသည် ပြန်လှန်တိုက်ခိုက်ရန်စိတ်ကူးလိုက်လေသည်။ သို့သော် အမှန်တရားကို ရင်ဆိုင်မည်ဟုဆိုကာ သူကအဖမ်းခံလိုက်လေသည်။ လောလောဆယ် ရှောင်းချူးစွေ ရှောင်ထွက်သွားသည်ကိုပင် သူက မှန်ကန်သည်ဟု ထင်၏။ အာဏာသားများသည် ရှောင်းပိအား ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

ရှောင်းပိက ကျူးဝေ်နှင့် သူ့တပည့်များကို မှာကြားသွား၏။

'မင်းတို့ ဘာမှမပူကြနဲ့၊ ငါ့ကိစ္စကို ငါ တနေ့အထက်လူကြီးတွေနဲ့ ရှင်းမယ်၊ မတရားလုပ်တဲ့လူဟာ တနေ့မတရားသလို ဖြစ်ရမှာပဲ၊ ခုဆိုယင် ငါ့သားကလဲ သူတို့ရဲ့ မတရားလုပ်ရပ်တွေကို ဒီအတိုင်းကြည့်နေမှာ မဟုတ်တော့ဘူး'

မော့ရဲယီသည် အိမ်သားများအား ပြောကြား.သွားလေသည်။

'ရှောင်းချူးစွေကိုပြောပါ၊ သူကိုယ်တိုင်လာရောက်အဖမ်းခံယင် သူ့ဖခင်ကို လွှတ်ပေးလိုက်မယ်လို့။ အကယ်၍ အဖမ်းမခံယင်တော့ ဘဏ္ဍာတော်တိုက်ကို ဖောက်ထွင်းတဲ့လူအဖြစ်နဲ့ လူဆိုးစာရင်းသွင်းပြီး ကြေငြာရမှာပဲ'

*　　　*　　　*

နောက်တနေ့တွင်ဖြစ်သည်။

နေရာဘိုင်းတွင် ဘဏ္ဍာတော် တိုက် ကို ဖောက်ထွင်းသူ အဆွေးလက်ဝါးသိုင်းသမားအား တွေ့ရှိ သတင်းပေးပို့သူ၊ ဖမ်းမိသူ၊ သတ်ဖြတ်နိုင်သူအား ဆုငွေပေးမည်ဟု ကြေငြာချက်များ ထုတ်ပြန်ထားသည်ကို တွေ့ကြရပေသည်။

မော့ရဲယီသည် လက်ရွေးစင်သိုင်းသမားများအား ခေါ်ယူ၍ အဆွေးလက်ဝါးသိုင်းသမား ရှောင်းချူးစွေ၏ နောက်သို့ လိုက်လံစုံစမ်းသတ်ဖြတ်ရန် စေလွှတ်နေပေသည်။

ထိုမျှနှင့် အားမရသေးပါ။

နာမည်ကျော် ကြေးစားလူသတ်သမားများကိုလည်း သူက အခကြေးငွေပေး၍ ခေါ်ဆောင်ကာ ရှောင်းချူးစွေနောက်သို့ အလိုက်ခိုင်းလိုက်လေသည်။

ထိုသတင်းသည်

တနယ်မှတနယ်သို့၊ တမြို့မှတမြို့သို့ တမုဟုတ်ချင်းပျံ့နှံ့သွားလေတော့သည်။





နေရာတကာတိုင်းတွင်လည်း ကြေငြာစာများကပ်ထားသည်ကို တွေ့ရလေ၏။ အဆွေးလက်ဝါးသိုင်းသမား ရှောင်းချူးစွေအား တွေ့ရှိသတင်းပေးနိုင်သူအား သို့မဟုတ် သတ်ဖြတ်နိုင်သူအား ဆုတော်ငွေများ ပေးမည်ဖြစ်သည်။ ရှောင်းချူးစွေသည် ဤအိမ်မှ နောက်ဆုံးလက်ကျန်အဖြစ် ရွှေတုံးတတုံးကို သက်ဆိုင်ရာမှ ရှာဖွေတွေ့ရှိရသောကြောင့် ဘဏ္ဍာတော်တိုက်ကို ဖောက်ထွင်းသော လူဆိုးတဦးပင်ဖြစ်ကြောင်း ကြေငြာထားလေသည်။

ထိုကြေငြာချက်ကို ခရီးသွားအမျိုးသမီးတဦးက ဖတ်ရှုနေပေသည်။ သူမသည် သစ်ပင်တပင်၌ကပ်ထားသော ကြေငြာချက်တခုအား တွေ့ရှိသွားသောကြောင့် မြင်းကိုခေတ္တရပ်ကာ ဖတ်ရှုနေခြင်းဖြစ်သည်။

ထိုမိန်းကလေးမှာ ကြေငြာချက်ကိုဖတ်ရှုပြီးသည်နှင့် အံတချက် တင်းတင်းကြိတ်လိုက်လေသည်။

ထို့နောက် မိန်းကလေးက ကြေငြာချက်အားဆွဲဆုတ်ခြေမွ၍ အဝေးတနေရာသို့ ပစ်လွှင့်လိုက်လေသည်။

ပြီးသည်နှင့် သူမသည် ဆိုင်းငံ့မနေတော့ပဲ မြင်းကိုတအားနှင်၍ ထွက်သွားတော့သည်။

ယင်း မိန်းကလေးကား....

လမင်းသမီးလေးပင် ဖြစ်လေသည်။

*　　　*　　　*

ကျူးဝေက ဖြစ်ပျက်ခဲ့သမျှကို ကျောက်စီးယုံအား အကုန်လုံး ရှင်းလင်း၍ပြောလိုက်လေသည်။

ကျောက်စီးယုံမှာ အတော်ပင်စိတ်မကောင်း ဖြစ်သွားတော့သည်။

'အဒေါ်ရှဲယောက်ျား ရှောင်းပိဟာ မျိုးရိုးအစဉ်အဆက်က ချမ်းသာကြွယ်ဝလာတဲ့ လူတွေပါကွယ်၊ ဒီ ပ စ္စည်း မျိုး ကိုလဲ အဒေါ်တခါမှမမြင်ဖူးပါဘူး'

ကျောက်စီးယုံက ခံပြင်းလွန်းစွာနှင့် ခေါင်းညိတ်ပြလိုက်လေသည်။

'ကျွန်မ ယုံပါတယ်အဒေါ်၊ ဒါဟာ မော့ရဲယီရဲ့ လှည့်ကွက်တွေပဲဖြစ်ရမယ်၊ မော့ရဲယီဟာ အင်မတန်ကောက်ကျစ်တဲ့လူပါလား၊ သူဟာ ရှောင်းချူးစွေအပေါ်မှာ ဘာကြောင့်ဒီလောက်အထိမုန်းတီးနေတယ်ဆိုတာ ကျွန်မဖြင့်စဉ်းစားလို့ကို မရဘူး'

ကျူးဝေက မျက်နှာမသာမယာနှင့် ပြန်ပြောလိုက်၏။

'အဒေါ်လဲ ဘာမှမစဉ်းစားတတ်ပါဘူးကွယ်၊ အခုဆိုယင် ဒီမြို့မှာဆက်ပြီး နေဖို့ မသင့်လျော်တော့ဘူး ဆိုတာကိုတော့င် အဒေါ်စဉ်းစားမိတယ်'

'အောင်မာ ဘာဖြစ်လို့သူ့ကို ကြောက်နေရမှာလဲ၊ ငြိမ်ပြီးခံနေယင် မတရားလုပ်တဲ့လူက ဆက်ပြီး မတရားလုပ်နေမှာပဲ၊ ဒီကိစ္စကို ကျွန်မလဲ တဘက်တလမ်းက စုံစမ်းမယ်၊ အဒေါ်ဘာမှမပူပါနဲ့'

ကျူးဝေက ခေါင်းညိတ်ပြလိုက်သည်။





'အေး နင့်ရှဲဦးလေးကလဲ ပြောသွားတယ်၊ သူ့အတွက် ဘာမှမပူပါနဲ့တဲ့၊ တနေ့ အမှန်တရားဟာ ပေါ်လာမှာပဲလို့ပြောသွားတယ်'

ကျောက်စီးယုံကဆက်မေးလိုက်သည်။

'ဦးလေးကို သူတို့ဘယ်မှာချုပ်ထားသလဲ'

'ကျူးဝေကခေါင်းယမ်းပြလိုက်လေသည်။

'အဲဒါတော့ အဒေါ်လဲမသိဘူး၊ မော့ရဲယီက သားလေးအဖမ်းခံမှ သူ့အဖေကို ပြန်လွှတ်ပေးမယ်လို့တော့ ပြောတာပဲ'

ကျောက်စီးယုံက အံကိုတင်းတင်းကြိတ်လိုက်၏။

'ဒါ သက်သက် မတရားပြောတာ၊ ဘာဖြစ်လို့ အဖမ်းခံရမှာလဲ၊ ဦးလေးကိုလဲ သူတို့က မတရားလုပ်ယင် ကျွန်မ အထက်ကိုတိုင်မယ်၊

သူတို့နှစ်ဦးစကားပြောနေသည်ကို ဘေးမှအံတကြိတ်ကြိတ်နှင့် နားထောင်နေသူနှစ်ဦးမှာ ထန်ယင်းယီနှင့် ရွှေစစ်ပင်ဖြစ်လေသည်။

သူတို့သည် လက်သီး ဆုပ်လိုက်၊ လက်ဝါး ဖြန့်လိုက်ဖြင့် အတော်ပင် မကျေမနပ် ဖြစ်ပုံရနေပေသည်။

ရွှေစစ်ကဝင်ပြောလေသည်။

'ငါတော့ဘာပဲဖြစ်ဖြစ် ဒီကောင်တွေကိုတိုက်ခိုက်ချင်တော့တာပဲကွာ'

ကျောက်စီးယုံက ခေါင်းယမ်းပြလိုက် လေသည်။

'သူတို့ကို အရမ်း သွားတိုက်လို့လဲ အလကားပဲ ဦးလေးရဲ့တော်တော်ကြာအာဏာသားတွေကို ဖိဆန်မှုနဲ့ကိုယ်ပဲဒုက္ခရောက်

နေအုံးမယ်၊ အဲဒီတော့ လိုအပ်တဲ့ အချိန်ကျမှပဲ တိုက်ခိုက်ရ
တာ ကောင်းပါတယ်'

ကျူးဝေကလည်း ထောက်ခံလိုက်လေသည်။

'ဟုတ်ပါတယ်၊ ရှင်တို့ အရမ်းလဲသွားမတိုက်ပါနဲ့အုံး၊တော်
တော်ကြာ ဖမ်းထားတဲ့လူကို သူတို့က ပိုပြီး ဒုက္ခပေးနေပါ
အုံးမယ်'

ကျူးဝေနှင့် ကျောက်စီးယုံတို့၏ စကားက မှန်နေသည်မို့
ရွှေစစ်နှင့် ထန်ယင်းယီက ဘာမှ ပြန်မပြောတော့ပါ။

ကျောက်စီးယုံက—

'ကျွန်မမှာ အကြံအစည်တခုရှိပါတယ်၊ လိုအပ်တဲ့အချိန်ကျ
တော့ ဦးလေးတို့ကိုပြောပါ့မယ်၊ အဲ့ဒီအခါမှာ မတိုက်ချင်ပဲ
လဲ နေလို့မရပါဘူး'

ရွှေစစ်တို့နှစ်ဦးစလုံး သူမကို ခေါင်းညိတ်ပြလိုက်ကြသည်။
ထို့နောက်ကျောက်စီးယုံသည် အားလုံးကိုနှုတ်ဆက်ကာ အိမ်သို့
ပြန်လာခဲ့ပေသည်။

တလမ်းလုံးလည်း ဤကိစ္စရပ်များအားလုံးမှာ မော့ရဲယီ၏
အကြံအစည်များပင် ဖြစ်လိမ့်မည်ဟု တွေးမိသည်။ ကျောက်စီး
ယုံအိမ်သို့ ရောက်ရှိသည့်အခါတွင် သူ့ဖခင်ကို ရယ်ကာ မော
ကာနှင့် ပြောပြနေသော မော့ရဲယီအား ကျောက်စီးယုံတွေ့ရှိ
လိုက်ရလေသည်။

ကျောက်စီးယုံက မော့ရဲယီအား တွေ့လိုက်လျှင် တွေ့လိုက်
ချင်း မကျေမနပ်ဖြင့် မေးလိုက်လေသည်။





'ရှင်တို့တတွေ သဌေးကြီး ရှောင်းပိကို ဖမ်းသွားတာ ဘာ
အထောက်အထားနဲ့လဲ'

မော့ရဲယီကအောင်မြင်စွာဖြင့်ပြုံးလိုက်ပြီး—

'ဘဏ္ဍာတော်တိုက်က ပျောက်သွားတဲ့ရွှေတုံးကို သူ့အိမ်မှာ
ရှာဖွေတွေ့ရှိတယ်လေ၊ အဲဒါထက်ပိုပြီး ခိုင်လုံတာ ဘာရှိအုံး
မှာလဲ၊ တို့ကသူ့ကိုမတရားဖမ်းတာ မဟုတ်ပါဘူး'

ကျောက်စီးယုံကမဲ့ပြုံးပြုံးလိုက်လေ၏။

'သဌေးတယောက်မှာ ဒီရွှေတုံးမျိုးဟာ ရှိသင့်တာပဲ၊ ရှင့်
မိဘတွေဆီမှာကော မရှိဘူးလား'

မော့ရဲယီကပြုံးလိုက်ပြီး—

'သဌေးတွေဆီမှာ ဒီထက်ကြီးမားတဲ့ရွှေတုံးတွေနဲ့၊ ဒါထက်
ချမ်းသာတဲ့ပစ္စည်းလဲရှိသင့်ပါတယ်၊ ဒါပေမယ့် အခုတွေ့ရတဲ့
ရွှေတုံးက ဘုရင့်ဘဏ္ဍာတော်တိုက် အမှတ်တံဆိပ် ပါနေတော့
မခက်ဘူးလား'

'အဲ့ဒါနဲ့ပဲ ရှင်တို့က ရှောင်းချူးစွေကို ဖောက်ထွင်းလုယက်
နေတဲ့လူအဖြစ် တခါတည်း စွပ်စွဲလိုက်တာပဲလား'

မော့ရဲယီက ရယ်မော၍

'သူဟာ ဒီသတင်းနဲ့ပတ်သက်ပြီး နာမည်ကျော်ကြားနေတဲ့
လူလဲဖြစ်တယ်၊ သူ့အိမ်မှာလဲ ဒီပစ္စည်းကို လက်ပူးလက်ကြပ်
တွေ့ရတယ်၊ နောက်ပြီး အဖမ်းမခံပဲလဲထွက်ပြေးတယ်ဆိုတော့
သူကလွဲပြီး ဘယ်သူဖြစ်အုံးမှာလဲ'

ပိုင်ကွက်များ အားလုံးကို နင်းထားနိုင်သူမို့ မော့ရဲယီ၏
မျက်နှာမှာ ပြုံးရယ်ရွှင်ပြနေသည်။

'အို ဒါကတော့ မဟုတ်မတရား အပိုင်စွပ်စွဲပြီး ဖမ်းတော့လဲ ဘယ်သူကအဖမ်းခံမှာလဲ၊ ဒါနဲ့သူ့အဖေကို ရှင်တို့ဘယ်မှာ ဖမ်းထားကြသလဲ'

'ဒါဟာ ခင်ဗျားသိဖို့မလိုဘူး ကျုပ်ကိစ္စပဲ၊ ကျုပ်အနေနဲ့ကတော့ ရွှေတုံးတတုံးကိုလဲတွေ့တယ်၊ တရားခံကလဲ ထွက်ပြေးနေတယ်လို့ အကြောင်းကြားပြီးယင် ကျုပ်တာဝန် ပြီးပြီပဲ'

ကျောက်စီးယုံကမဲ့ ပြုံးပြုံးလျက်

'ဒါဆိုယင် ဆုလာဘ်တွေ အများကြီးရပြီး ရာထူးတွေ ဘာတွေ တိုးတက်အုံးမှာပေါ့'

သဌေးကြီးကျောက်ဟန်သည် သူတို့ပြောဆိုနေသည်ကို နားထောင်ပြီး သမီးဖြစ်သူအား ဟန့်တားလိုက်လေသည်။

'ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေကို သိပ်ပြီးဝင်မပြောရဘူးသမီးရဲ့'

ကျောက်စီးယုံက ဖခင်၏စကားကို မကျေနပ်ပါ။

သို့သော်သူမသည် ဘာမှမပြောတော့ပဲ၊ ဆောင့်ဆောင့်အောင့်အောင့်ဖြင့် အိမ်ခန်းထဲသို့ ပြေးဝင်သွားတော့သည်။

* * *

ရှောင်းချူးစွေ။

သူသည် မောပန်းစွာဖြင့် ကျောက်တုံးတခုပေါ်၌ ထိုင်နေလေသည်။





သူ၏ဝမ်းဗိုက်မှ ဆာလောင်လာမှုကိုလည်း သူက ရေများဖြင့်သာ ဖြည့်တင်းနေလိုက်ပေသည်။

အခုနေအခါ သူက ဘယ်မှသွား၍မဖြစ်သေးပါ။

ယခု သုံးလေးရက်အတွင်း သူ၏သတင်းသည် အနယ်နယ်အရပ်ရပ်၌ ကျော်ကြားနေပြီဖြစ်သည်။

သူ့အား အာဏာသားများကလည်း လိုက်ရှာနေကြမည်ဖြစ်၏။

ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဆိုသည့် ငွေကိုသာကြည့်သော ကြေးစားလူသတ်သမားတွေကလည်း ရှာဖွေနေမည် ဖြစ်ပေသည်။

ရှောင်းချူးစွေမှာ မိမိဘဝ၏ ကံကြမ္မာမကောင်းခဲ့ပုံများကိုပြန်၍ တွေးနေမိသည်။

သူသည် ထိုသို့တွေးမိတိုင်းလည်း မော့ရဲယီအား ဒေါသဖြစ်သာလေတော့၏။

သူ့ဘဝတလျှောက်လုံးတွင် မော့ရဲယီသည် ဒုက္ခအပေးဆုံးလူတယောက် ဖြစ်ပေသည်။

သို့သော် ယခင်က အမျိုးမျိုး သူသည်းခံခဲ့၏။

ယခုတကြိမ်တွင်မူ သူ့မှာ သည်းခံနိုင်စွမ်းမရှိတော့ပါ။

မဟုတ်ရပဲနှင့် အဖမ်းခံ၍လည်းမဖြစ်၊ ဤကိစ္စနှင့်ဆိုလျှင် မိုးတော်ဝန်က သူ့အား သေမိန့်ပေးထားမည်မှာ သေချာပေသည်။ သူသာ အဖမ်းခံလိုက်မည်ဆိုပါက မော့ရဲယီသည် သူ့အား ဖမ်းမိလျှင်မိချင်း သတ်ပစ်မည်ဖြစ်သည်။ အမှန်တရားကိုပင်သက်ဆိုင်ရာများက ဖြေရှင်းပြနိုင်မည် မဟုတ်ပါ။

ထို့ကြောင့်သူက လုံးဝအဖမ်းမခံလိုပေ။

သူအဖမ်းမခံ၍ မောင့်ရဲယမီသည် သူ့ဖခင်အားဖမ်းသွားလေသည်။

ထိုကိစ္စကိုပင် ရှောင်းချူးစွေမှာ မချင့်မရဲဖြစ်နေ၏။ သူသည် သူ့ဖခင်အား မည်ကဲ့သို့ကယ်တင်ရမည်၊ ယင်းကဲ့သို့လုပ်ကြံသောကိစ္စကို မည်ကဲ့သို့ ဖော်ထုတ်ရမည်ကို စဉ်းစားတွေးတော၍နေသည်မှာ နှစ်ရက်မျှပင် ရှိလေပြီ။

ယိုနှစ်ရက်အတောအတွင်း သူသည် ရွာထဲမြို့ထဲသို့ မသွားရဲပါ။

သူ့အား မှတ်မိသောသူသည် အလွယ်တကူပင် သတင်းပေး၍ ဖမ်းဆီးကြပေမည်။ ထို့ကြောင့်သူက တောထဲ၌ပင် ပုန်းအောင်း၍ နေရခြင်းဖြစ်သည်။

နောက်တချက် သူ့အဖို့ စိတ်မကောင်းဆုံးမှာ၊ လမင်းသမီးအတွက်ပင် ဖြစ်လေသည်။

ယနေ့ဆိုလျှင် သူမသည် သူ၏သတင်းကို ကြားသိရပြီး မုန်းသွားပေတော့မည်။ သူက မည်သို့ပင်အမှန်တရားကို ရှင်းလင်းပြောပြပါလျှင်လည်း လမင်းသမီးက လက်ခံတော့မည်မဟုတ်ဟု ထင်မိပြီး ရှောင်းချူးစွေမှာ စိတ်ခံ့ာတ်အကြီးအကျယ် ကျနေပေသည်။

သို့သော် လောလောဆယ်မှာတော့ ရှောင်းချူးစွေ၏ဝမ်းဗိုက်မှာ မခံနိုင်အောင် ဆာလောင်၍လာတော့သည်။ သူ့တွင် ငွေစများစွာပါရှိသော်လည်း မြို့ထဲရွာထဲသို့ မဆင်းရဲ၍ မစားမသောက်ရခြင်း ဖြစ်လေသည်။





သည်အတိုင်းသာဆက်နေရလျှင် အားပြတ်၍ပင် ဒုက္ခရောက်သွားနိုင်မည် ဖြစ်သဖြင့် သူသည် တမျိုးအကြံထုတ်လိုက်လေသည်။

သူ၏အကြံမှာ ရုပ်ဖျက်၍ ရွာတရွာသို့ဝင်ပြီး စားသောက်ဆိုင်ငယ်တဆိုင်၌ ဝင်စားရန် ဖြစ်ပေသည်။

ထို့ကြောင့်သူသည် သူ၏မျက်နှာအား ရွှံ့များ အနည်းငယ်လိမ်းကျံကာ ရုပ်ပြောင်းသွားအောင် ပြုလုပ်လိုက်လေသည်။

ရုတ်တရက် ကြည့်မည်ဆိုလျှင်

သူ့အား သူတောင်းစားတယောက်အဖြစ် ထင်မြင်သွားအောင် ပြုလုပ်လိုက်ခြင်း ဖြစ်ပေသည်။

သူသည် အဝတ်အစားများကိုလည်း ရွှံ့များနှင့် ပေရေအောင် ပြုလုပ်လိုက်ပြီးနောက် တချို့အင်္ကျီစများကိုလည်း ဆုတ်ဖြဲ၍ ထားလိုက်လေသည်။

ရုတ်တရက် ကြည့်ပါလျှင် လွန်စွာမှ ဆင်းရဲသော လူတယောက်အသွင်သို့ ပြောင်းသွားပေသည်။

သူသည် သူ့ကိုယ်သူ အားရအောင် ပြုပြင်လိုက်ပြီးမှ အနီးဆုံးရွာတရွာသို့ ခရီးနှင်တော့သည်။

* *

အချိန်မှာ နေဝင်ရီတရောဖြစ်၏။

စန်းစိမ်မြို့နှင့် မနီးမဝေးရှိ ရွာကလေးတရွာရှိ စားသောက်ဆိုင် ခပ်ငယ်ငယ်တခုတွင် လူနှစ်ယောက်သည် အရက်သောက်ယင်း စားသောက်စရာများကို စားသောက်နေကြပေသည်။

ဆိုင်မှာ လူကျဲပါးနေသဖြင့် ဆိုင် ရှင် အ ဘိုး အို သည်ပင် တနေရာ၌အိပ်ငိုက်နေ၏။

သူ၏ဆိုင်မှာ တခါတရံ ဤကဲ့သို့ပင်ခြောက်သွေ့ပြီးတခါတရံ တော့လည်း လူများ၍စည်းကားလှပေသည်။

ယခု သူ၏ဆိုင်မှာ အရက်သောက်သူနှစ်ဦးသာရှိနေ၍ ဆိုင်ရှင်မှာ အိပ်ငိုက်နေပေသည်။ အရက်သမားနှစ်ဦးက အရက်ထပ်မံ မှာကြားသဖြင့် အဘိုးအိုသည် ပျင်းရိပျင်းတွဲဖြင့်ထကာ အရက်တကရားထပ်မံ၍ ထည့်ပေးလိုက်လေသည်။

သူသည် အရက်တကရားကို ထပ်မံ၍ပေးပြီးသည်နှင့် သူ၏နေရာ၌ပြန်ထိုင်လိုက်ပြီး ငိုက်မြည်းရန် ဟန်ပြင်လိုက်စဉ်မှာပင် စုတ်စုတ်ပြတ်ပြတ်နှင့် လူဘယောက်က ဝင်ရောက်လာသည်ကို သူက တွေ့ရှိလိုက်ရပေသည်။

ဆိုင်ရှင်အဘိုးအိုမှာ ထိုသူအားကြည့်၍ သိပ်စိတ်မဝင်စားလှပါ။

သို့သော် သူက ဝတ္တရားအတိုင်း လှမ်း၍မေးလိုက်လေသည်။

'ဟေ့လူ ခင်ဗျား ဘာစားမှာလဲ'

စုတ်စုတ်ပြတ်ပြတ်နှင့်လူသည် စားသောက်နေသော လူနှစ်ယောက်ထံသို့ တချက်အကဲခတ်ကြည့်လိုက်ပြီး စားပွဲလွတ်တလုံး၌ ဝင်၍ထိုင်လိုက်လေသည်။





'ကျုပ်ကို အရက်တကရားနဲ့ အသားကြော်ပေးပါ'

အိပ်ငိုက်ချင်နေသော ဆိုင်ရှင်အဘိုးအို၏ မျက်လုံးက ပြူးကျယ်သွားတော့သည်။ စုတ်စုတ်ပြတ်ပြတ်နှင့်လူမှာ တကိုယ်လုံးလည်း ညစ်ပတ်ပေရေနေ၏။ သူ့အားကြည့်ရသည်မှာဆင်းရဲပုံရလေသည်။

အရက်တကရားနှင့် အသားကြော်၏တန်ဖိုးမှာမနည်းလှပေ။

ဆိုင်ရှင်အဘိုးအိုမှာ သူ့အားအသေအချာကြည့်ပြီး

'ဒါ အလကားစားရတဲ့ဆိုင် မဟုတ်ဘူးနော်၊ ခင်ဗျားက ပိုက်ဆံနဲ့ပေးစားမှာလား'

အဘိုးအို၏စကားကြောင့် စုတ်စုတ်ပြတ်ပြတ်နှင့်လူမှာ ရုတ်တရက် ဒေါသထွက်သွားပုံရလေသည်။

ထို့ကြောင့် သူသည် ငွေစအချို့ကို အိတ်ထဲမှထုတ်ယူ၍ စားပွဲပေါ်သို့တင်လိုက်လေသည်။

'ကြက်ဥအငန်ဆယ့်ငါးလုံးလဲ ပေးပါ၊ နောက်ပြီး ဆိတ်သားပြုတ်ထားတာရှိယင် တပန်းကန်ထည့်ခဲ့ပေးပါ'

ဆိုင်ရှင်အဘိုးအိုသည် ပိုက်ဆံကိုမြင်လိုက်ရ၍ မျက်လုံးများပြူးကျယ်သွားပြီး ကပျာကယာပင် စားသောက်စရာများကို စီမံလေတော့သည်။

အရက်သောက်နေသောလူနှစ်ယောက်မှာ ဆိုင်ရှင်အဘိုးအိုနှင့် ထိုသူပြောနေသော စကားများကို နားထောင်မိလိုက်ငြီး ထိုစုတ်စုတ်ပြတ်ပြတ်နှင့်လူအား သေချာစွာ ကြည့်လိုက်လေသည်။

စုတ်စုံတ်ပြုတ်ပြုတ်နှင့် လူကလည်း ထိုသူနှစ်ယောက်က သူ့အား အကဲခတ်နေသည်ကို သိရှိပေသည်။

သို့သော် သူကမသိချင်ယောင်ဆောင်ကာ ခေါင်းငုံ့၍နေပေသည်။

မကြာမီ မှာကြားထားသော စားစရာများ ရောက်ရှိလာသဖြင့် သူသည် အရက်ကို နှစ်ခွက်မျှဆင့်၍သောက်ကာ စားစရာများကို စားသောက်နေ၏။

ယခုအချိန်တွင့် မည်ကဲ့သို့သော ရန်သူပင်လာလာ သူကထပြေးတော့မည် မဟုတ်ပါ။

သူကား ရှောင်းချူးစွေပင်ဖြစ်သည်။ နှစ်ရက်မျှမစားမသောက်ပဲ နေရသဖြင့် သူသည် လွန်စွာမှ ဆာလောင်မွတ်သိပ်နေပြီဖြစ်လေသည်။

ထို့ကြောင့်လည်း သူသည် မည်သူ့အားမှ ဂရုမစိုက်နိုင်တော့ပဲ အစားအသောက်များကို မြိန်ရည်ရှက်ရည်နှင့် စားသောက်နေပေသည်။

ဆိုင်ရှင်အဘိုးအိုမှာ စုတ်စုတ်ပြုတ်ပြုတ် ရှောင်းချူးစွေအားကြည့်၍ ဝေခွဲမရအောင်ဖြစ်နေပေသည်။

ထိုစဉ်မှာပင် စောစောက အလုပ်သမားနှစ်ဦးက ထွက်ခွာသွားတော့သည်။

ဆိုင်ထဲတွင် ရှောင်းချူးစွေနှင့် ဆိုင်ရှင်အဘိုးအိုမှတပါး မည်သူမှမရှိတော့ပါပေ။

ရှောင်းချူးစွေက

'နောက်ထပ် အရက်တကရားပေးပါအုံး'





ဆိုင်ရှင်အဘိုးအိုမှာ အံ့သြထိတ်လန့်စွာဖြင့်ပင် အရက်တကရားကို ပြေး၍ယူပေးလိုက်လေ၏။

ရှောင်းချူးစွေစားသောက်သော အ စား အ စာ များမှာ မနည်းတော့ပေ။

ယခုဆိုလျှင် အမျိုးပေါင်းငါးဆယ်ပင် ကျော်သွားပြီ ဖြစ်လေသည်။

ဆိုင်ရှင်အဘိုးအိုမှာ တသက်နှင့်တကိုယ် လူတယောက်တည်း ဤမျှများပြားစွာ စားသောက်သည်ကို ဤတကြိမ်သာမြင်ဖူးလေသည်။

သို့သော် ဆိုင်ရှင်အဘိုးအိုမှာ သူ၏ငွေကြေးကို အပြည့်အဝပင် ရရှိနေသဖြင့် ဘာစကားတခွန်းမှ ဆက်လက်မပြောတော့ပဲ ရှောင်းချူးစွေ လိုသမျှကို ထပ်မံ၍သာ ထည့်ပေးနေလေသည်။

ရှောင်းချူးစွေမှာ အစားအသောက်နှင့်အရက်ကို ဝလင်အောင် စားသောက်လိုက်ရသဖြင့် ပင်ပန်းနွမ်းနယ်မှုတို့မှာ ချက်ချင်းပင် ပြန်လည်လန်းဆန်း၍ သွားတော့သည်။

ဤအချိန်တွင် သူသည် မည်သည့်ရန်သူကိုမဆို ရင်ဆိုင်ရန် အသင့်ဖြစ်နေပေသည်။

ယင်းသို့ တွေးတောမိလိုက်သည့် အခိုက်မှာပင် ဆိုင်ရှေ့သို့ မြင်းနှစ်ကောင် ရောက်ရှိလာတော့သည်။

ရှောင်းချူးစွေက လှည့်ကြည့်လိုက်ရာ ရင်ထဲ၌ထိတ်ကနဲဖြစ်သွားလေသည်။ မြင်းပေါ်မှ လူနှစ်ဦးကို ရှောင်းချူးစွေက ကောင်းစွာသိရှိထားပေသည်။

ရှောက်ဝါးနှင့် ရန်ဖုန်းပင် ဖြစ်လေသည်။ နှစ်ဦးစလုံး ကြေးစားလူသတ်သမားများ ဖြစ်၏။

ရှောင်းချူးစွေသည် ခေါင်းကိုအသာအယာငုံ့လျက်ဆိုင်ထဲမှ ထွက်ရန် ဟန်ပြင်လိုက်လေသည်။

ကြေးစား နှစ်ယောက်က ဆိုင်ပေါက်ဝကိုပိတ်၍ ရပ်ထားလိုက်သည်။

ထိုသူနှစ်ဦးသည် တယောက်မျက်နှာတယောက် ကြည့်လိုက်ပြီး နှစ်ဦးသဘောတူ ခေါင်းညိတ်လိုက်လေသည်။

ရှောက်ဝါးကပြောသည်။

'မင်း ဘယ်လောက်ပဲ ရုပ်ဖျက်ထား ဖျက်ထားပါကွာ၊ မင်းရဲ့ အရပ်နဲ့ ကိုယ်လုံးကိုယ်ပေါက်က သက်သေ ခံနေပါတယ်'

ရှောင်းချူးစွေ၏ရင်ထဲမှာ ထိတ်သွားသည်။ သို့သော်လည်း သူက နားမလည်ယောင်ဆောင်၍ ပြောလိုက်သည်။

'ခင်ဗျားတို့ ဘာပြောတာလဲ'

ရန်ဖုန်းသည် ဟက်ဟက်ပက်ပက် ရယ်မောလျက်

'ဟား.... ဟား.... ဟား.... ရှောင်းသဒ္ဒေးလေးရယ်၊ မင်း ဒီလိုဖုံးကွယ်ပြီး ပြေးနေပေမယ့် တို့လက်က မလွတ်ပါဘူး'

ရန်ဖုန်းသည် ပြောပြော ဆိုဆို ဓားနှင့် ဝင်ခုတ်လေတော့သည်။

ရှောင်းချူးစွေက အသာအယာ ရှောင်တိမ်းယင်းမှ

'ခင်ဗျားတို့ လူမှားနေတယ်နဲ့တူတယ်၊ ကျွန်တော် ရိုးရိုးသားသား လူတယောက်ပါ'

ရှောက်ဝါးက ရယ်မောလျက်





'အဆွေးလက်ဝါး သိုင်းသမားတယောက်ကို တို့က အမြဲတမ်း အကဲခတ်နေတာပါကွ၊ စောစောက လာသတင်းပေးတဲ့ လူတွေကလဲ မင်းပဲ ဖြစ်ရမယ်လို့ သတင်း ပေးသွားတာပါ၊ မင်းအတွက် ပြေးပေါက်မရှိတော့ပါဘူး'

ထိုအခါမှ စောစောက အရက်သမားနှစ်ဦးသည်ထိုလူသတ်သမားနှစ်ဦးအား သွားရောက်သတင်းပေးမှန်း သိရှိလိုက်ရပေသည်။

ရှောင်းချူးစွေမှာ မထူးတော့ပြီမို့ ပြန်လည်တိုက်ခိုက်ယင်း ထွက်ပြေးရန် ကြံစည်ကြိုးစားလိုက်လေသည်။ သို့သော် ကြေးစား နှစ်ဦးမှာ လုံ ဝညှာတာလိုသောစိတ် မရှိပါ။ လောလောဆယ်မှာတော့ ရှောင်ချူးစွေကို အသေရရ၊ အရှင်ရရ ဆုငွေရမည်မှာ သေချာပြီ မဟုတ်ပါလား။ ကျဉ်းမြောင်း လှသည့် ဆိုင်ကလေးထဲတွင် နှစ်ဦးသားက ညှပ်၍ တိုက်ခိုက်လေတော့သည်။

ရှောင်းချူးစွေသည် ထိုသူနှစ်ဦးအား သတိကြီးစွာထား၍ တိုက်ခိုက်ရပေသည်။ နှစ်ယောက်စလုံးမှာ နာမည်ကျော်ကြားသော ကြေးစားလူသတ်သမားများဖြစ်ပေသည်။ သူတို့၏တိုက်ကွက်များသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင်ကို ပြင်းထန်လှပြီး အကွက်စေ့လှပေ၏။

ထိုနှစ်ယောက်အနက်

ရန်ဖုန်း၏ဓားကွက်မှာ ကြောက်စရာအကောင်းဆုံး ဖြစ်နေပေသည်။ ရှောင်းချူးစွေသည် ရန်ဖုန်း၏ဓားကိုအထူးသတိထားနေရ၏။

တချိန်တွင် ရန်ဖုန်းက သူ၏ ဗယ်ဘက်ရင်အုံဆီသို့ ဓားကို အပိုင်ထိုးသွင်းလိုက်ပေရာ ရှောင်းချူးစွေမှာ ရုတ်တရက် ထိတ်လန့်၍ သွားတော့၏။

သို့သော် သူကအတတ်နိုင်ဆုံး ပွတ်သီးပွတ်သပ်ရှောင်တိမ်းလိုက်ပြီး သူ၏ညာလက်ဝါးကို အားအပြည့်ထည့်ကာ ရိုက်ချလိုက်လေသည်။

'ဝုန်း…'

ဟူသောအသံနှင့်အတူ ရန်ဖုန်းမှာ ဆိုင်အပြင်သို့လွင့်စဉ်ထွက်သွားတော့၏။ ရှောင်းချူးစွေကလည်း ကောင်းကောင်းရိပ်မိလိုက်လေသည်။ ယခုအချိန်ဆိုလျှင် သူ၏ အဆွေး လက်ဝါးဒဏ်ကြောင့် ထိုသူ၏နံရိုးများသည် အတွင်း၌ တခုစီဖြစ်ကုန်မည်မှာ သေချာတော့၏။

ရှောက်ဝါးမှာ တချက်ထိတ်လန့် တုန်လှုပ်သွားသော်လည်း ရှောင်းချူးစွေအား သဲသဲမဲမဲပင် ဖိတိုက်ပြန်လေသည်။ ရှောက်ဝါးအဖို့မှာတော့ သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီးမဟုတ်ပါလား။

ရှောင်းချူးစွေက…

'ခင်ဗျား အေးအေး ဆေးဆေး နောက်ဆုတ် သွားယင်ကောင်းမယ်နဲ့တူတယ်'

ရှောက်ဝါးမှာ မောပန်းနေသည့်ကြားမှပင် တချက်ရယ်မောလိုက်ပြီး

'တို့ကြေးစားဆိုတာ သူများထက်သတ္တိရှိလို့ သူများငွေကိုယူထားတာကွ၊ ဘာလဲ မင်းကသိပ်ကြောက်နေပြီလား'





ရှောက်ဝါးမှာ ပါးစပ်ကလည်းပြောယင်း သူ၏ဓားကိုဝှေ့ယမ်း၍ ဝင်လာလေသည်။

ရှောင်းချူးစွေက အသာအယာ ရှောင်တိမ်းယင်း လက်ပြန်တချက် လှမ်းရိုက်လိုက်သည်။

သို့သော် ရှောက်ဝါး ကံကောင်းသွားသည်ဟု ဆိုရမည်။ ရှောင်းချူးစွေ၏လက်ဝါးနှင့် သူ၏ကျောပြင် သိသိကလေးလွဲသွား၏။

တကယ်တန်းတိုက်ခိုက်ကြတော့မှ ရှောက်ဝါးမှာအဆင့်မြင့်သိုင်းသမားတဦးမှန်း သူသိလာရသည်။ နှစ်ယောက်စလုံးတိုက်ပွဲက ကြာလာသည်နှင့်အမျှ မောပန်း၍လာတော့သည်။

သို့သော်လည်း နှစ်ယောက်စလုံး၏ သိုင်းကွက်များကတော့ လျှင်မြန်ဖြတ်လတ်လျက်ပင် မည်သူမျှဇွဲမလျော့ပါ။

ရှောင်းချူးစွေကတော့ တိုက်ပွဲကိုအမြန်ဆုံး အဆုံးသတ်မှဖြစ်ပေတော့မည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ကြေးစားဓားသမားများနှင့် အခြားအာဏာသားများ နောက်ထပ်အချိန်မရွေး ရောက်ရှိလာနိုင်သည်မဟုတ်ပါလား။

ထို့ကြောင့် သူသည် အားမာန်အပြည့်သုံး၍ ပြန်လည်တိုက်ခိုက်နေပေသည်။

ယင်းအခိုက်မှာပင်

အဖြူရောင်အရိပ်တခုသည် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာလေသည်။

ရှောင်းချူးစွေက လှည့်ကြည့်လိုက်ရာ

သူသည် လွန်စွာမှ အံ့အားသင့်၍သွားတော့သည်။

ရှောက်ဝါးက ရုတ်တရက်မေးလိုက်လေသည်။

'နင် ဘယ်သူလဲ။ ဘာလို့ဝင်ရှုပ်တာလဲ၊ ငါတို့က ရာဇဝတ်သားကို ဖမ်းနေတာ'

သူမက ရုတ်တရက်ရယ်မောလိုက်ပြီး

'ငါဘယ်သူလဲဆိုတာသိချင်ယင် သေသေချာချာမှတ်ထား၊ လမင်းသမီးလို့ ခေါ်တယ်'

ရှောက်ဝါးမှာ သူမကိုကြည့်၍ အလွန် ဒေါသထွက်သွားတော့သည်။

'လမင်းသမီးကောဘာကော နားမလည်ဘူး၊ ရာဇဝတ်သားကို တိုက်ခိုက်နေတာ နင်ပါဒုက္ခရောက်သွားချင်သလား'

'နင်တို့က ငွေရယင် ဘာမဆိုလုပ်တဲ့ကြေးစားတွေ၊ သူ့ကို ရာဇဝတ်သားလို့ နင်က ဘာအထောက်အထားနဲ့ ပြောနိုင်တာလဲ'

ရှောက်ဝါးက မဲ့ပြုံးပြုံးလိုက်ကာ

'နေရာတကာမှာ ကပ်ထားတဲ့ ကြော်ငြာစာတွေ နင်မမြင်ဘူးလား'

လမင်းသမီးမှာ စိတ်မရှည်နိုင်တော့ပဲ

'နင် ဘာမှစကားမပြောမနေနဲ့ နောက်ဆုတ်မလား၊ မဆုတ်ဘူးလား'

ရှောက်ဝါးက ရယ်မောလျက်

'အောင်မာ နင်ကပါ သေချင်လို့လား၊ သေချင်ယင်တော့ ဝင်တိုက်ပေါ့'





ရှောက်ဝါးသည် လုံးဝအလျှော့မပေးပဲ သူ၏ဓားကိုကျင်လည်စွာဝှေ့ယမ်းလျက် လမင်းသမီးထံသို့ ဝင်ရောက်လာတော့သည်။

ရှောင်းချူးဓွေမှာ ကြာရှည်စွာမတိုက်ခိုက်လိုတော့ပါ။

ထို့ကြောင့် သူသည် လမင်းသမီးအား မျက်ရိပ်တချက်ပြကာ နှစ်ယောက်ညှပ်၍ရင်ဆိုင်လိုက်လေသည်။

ရှောက်ဝါးသည် လမင်းသမီးအား သူ၏ဓားဖြင့်အပိုင်ပင်ခုတ်ချလိုက်လေသည်။

လမင်းသမီးက အသာအယာ ရှောင် တိမ်း လိုက် သဖြင့် ရှောက်ဝါးသည် တဘက်သို့အားလွန်သွားတော့သည်။

သူရုတ်တရက် အားလွန်သွားသောနေရာမှာ ရှောင်းချူးဓွေကရှိနေသဖြင့် ရှောင်းချူးဓွေ၏လက်ဝါးသည် ရုတ်တရက်မြောက်လိုက်လေတော့သည်။

'ဝုန်း'

ဖွဲ့အိတ်ကြီးတအိတ်သည် အပြင်သို့ လွင့်စဉ်သွားသည်ဟုထင်လိုက်ရလေတည်။ ရှောက်ဝါးမှာ ကျယ်လောင်စွာတချက်ညည်းညူးပြီး ရန်ဖုန်း၏ဘေးတွင် ခွေခွေကလေး လဲကျသွားတော့သည်။

လမင်းသမီးက ထိုသူတို့ဆီသို့ပြေး၍ ထပ်မံတိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။ သို့သော် ရှောင်းချူးဓွေက လှမ်းတားလိုက်၏။

'နေပါစေတော့ ညီမ၊ ဒီလူနှစ်ယောက် အသက်မသေတာတောင်မှ သိုင်းလောကထဲကို တော်တော်နဲ့ ပြန်ဝင်နိုင်မှာမဟုတ်တော့ဘူး'

သူတို့နှစ်ဦးသည် ထို သို့ ပြော ပြီး သည်နှင့် ကြေးစားနှစ်ယောက်၏မြင်းပေါ်သို့ ခုန်တက်လိုက်ကြလေသည်။

စောစောက အိပ်ငိုက်ချင်နေသော ဆိုင်ရှင်အဘိုးအိုမှာမြင်းနှစ်ကောင်နှင့် အပြင်းထွက်ခွာသွားသော ရှောင်းချူးစွေနှင့် လမင်းသမီးတို့ကို ပြူးကျယ်သောမျက်လုံးအစုံဖြင့် ငေးမောရှိသာ ကျန်ရစ်ခဲ့ပေသည်။

* * *

မြင်းနှစ်ကောင်သည်
တောင်ပေါ်သို့ဖြည်းညင်းစွာတက်ရောက်လာကြလေသည်။
တောင်ပေါ်၏တနေရာတွင်
အိုမင်းဆွေးမြေ့နေပြီဖြစ်သော တဲတလုံးကို တွေ့ရှိလိုက်ရ၏။ ရှောင်းချူးစွေနှင့် လမင်းသမီးသည် ထိုတဲကလေးအတွင်းသို့ ဝင်ရောက်ကာ အနားယူ အပန်းဖြေလိုက်ကြပေသည်။

ရှောင်းချူးစွေက သက်ပြင်းတချက်ကို လေးပင်စွာချလိုက်ပြီး ညည်းညည်းညူညူနှင့် ပြောလိုက်လေသည်။

'အင်း၊ လမင်းဆိုတာ သူ့အချိန်နဲ့သူ့အခါ သာသင့်တဲ့အချိန်ကျယင် သာလာတာပဲနော်'

လမင်းသမီးက နားမလည်စွာဖြင့် သူ့ကို ကြည့်လိုက်လေသည်။

'အစ်ကို၊ ဘာပြောလိုက်တာလဲ'





'ခြော်၊ ညီမကိုပြောတာပါ၊ တကယ့်တကယ် အရေးအကြောင်းကြယင် တနေရာရာက ညီမဟာ ပေါ်ပေါက်လာတာပဲနော်၊ ဒါကြောင့်မို့လဲ လမင်းဟာ သူ့အချိန်အခါကြယင် သာရတာပဲပေါ့'

လမင်းသမီးက မချိပြုံးပြုံးလိုက်လေသည်။

'အစ်ကိုရဲ့သတင်းကို ညီမကြားပါတယ်၊ ကြားကြားချင်းပဲညီမနှစ်ရက်လုံးလုံး အစ်ကို့ကို လိုက်စုံစမ်းပါတယ်'

ရှောင်းချူးစွေက သက်ပြင်းတချက်ကို ရှည်လျားစွာချလိုက်လေသည်။

'ဒါဆိုယင် ညီမကတော့အစ်ကို့ကို အထင်မမှားဘူးပေါ့'

လမင်းသမီးသည် ရှောင်းချူးစွေအား အဓိပ္ပာယ်ပါပါတချက်ကြည့်လိုက်လေသည်။

'ညီမဟာ အစ်ကိုရဲ့အပေါ် အစကတည်းက ယုံကြည်ပြီးသားပါလို့ ညီမ ပြောခဲ့ဖူးတယ်မဟုတ်လား၊ ဒါတွေ မေးနေစရာ လိုသေးသလားအစ်ကိုရယ်'

ရှောင်းချူးစွေသည် အဝေးတနေရာသို့ တွေးတောငေးမောနေမိလေသည်။ လမင်းသမီးက သူ့ဘဝကို နားလည်သဘောပေါက်သည့်အတွက်လည်း ဝမ်းသာနေမိသည်။

'ဒါဆိုယင် အစ်ကိုတို့ရဲ့အဖြစ်အပျက်အားလုံးကို ညီမသိပြီးပြီပေါ့၊ ဟုတ်လား'

'အကုန်လုံးတော့ ဘယ်သိရအုံးမလဲ၊ အစ်ကို့ရဲ့အိမ်ကရှေ့တိုးတွေလို့၊ ဒါဟာ ဘဏ္ဍာတော်တိုက်က ပစ္စည်းပဲဆိုပြီး အစ်ကို့

ကိုဖမ်းတယ်၊ အစ်ကို့ကိုမမိတော့ အစ်ကို့ရဲ့အဖေကိုဖမ်းသွားတယ် မဟုတ်လား၊ ဒါလောက်ပဲသိရတယ်'

ရှောင်းချူးစွေက လမင်းသမီးအား ကြည့်လိုက်ပြီး။

'ဟုတ်တယ်၊ အဲဒါတွေဟာ မတရားလုပ်ကြံခြင်းခံရတဲ့ အစ်ကို့ရဲ့ အဖြစ်အပျက်အစအဆုံး နီးပါးပါပဲ'

ရှောင်းချူးစွေသည် လမင်းသမီး၏မျက်နှာကို သေသေချာချာ အကဲခတ်၍ ကြည့်လိုက်လေသည်။

'ညီမ'

လမင်းသမီးက ရှောင်းချူးစွေအား ဆတ်ကနဲ လှမ်းကြည့်လိုက်သည်။

'ဘာပြောမလို့လဲ အစ်ကို'

'ညီမဟာ ဘယ်သူလဲဆိုတာ အစ်ကို့ကိုပြောပြပါလားဟင်'

လမင်းသမီးက အသာအယာ ပြုံးရယ်လိုက်သည်။

'ဒါတွေဟာ အစ်ကို့အဖို့ ဘယ်လောက်များ အရေးကြီးနေလို့လဲအစ်ကိုရယ်'

'အရေးကြီးလို့ မေးတာမဟုတ်ပါဘူး၊ ညီမဟာ အစ်ကို့ရဲ့ အနားမှာ အမြဲတမ်းပဲ ရှိနေသလိုပဲ'

လမင်းသမီးက ထပ်မံ၍ ရယ်လိုက်ပြီး

'ဘာကြောင့်အစ်ကိုက ဒီလိုပြောနိုင်တာလဲ'

'အရေးရယ်၊ အကြောင်းရယ်ဆိုယင် ညီမဟာ ရောက်လာတတ်တာပဲ'





'ဒီလိုလဲ မထင်နဲ့ဦးလေ၊ အခု နှစ်ရက်လုံးလုံးလိုက်ရှာနေတာ မတွေ့ဘူး! ခုမှ တွေ့မယ့်တွေ့တော့လဲ တိုက်ပွဲတခုနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲလေ'

'ဘယ်လိုနည်းနဲ့ပဲတွေ့တွေ့၊ ညီမဟာ အစ်ကို့ရဲ့အနားမှာပဲ ရှိနေတယ်ဆိုတာတော့ ယုံကြည်တယ်၊ ဒါကြောင့်မို့လဲ ညီမဟာဘယ်သူလဲလို့ မေးနေတာပေါ့'

ရှောင်းချူးစွေက သူ့စကားကို အဆုံးသတ်လိုက်ယင်း သက်ပြင်းတချက်ကို ရှည်လျားစွာ ချလိုက်မိသည်။ သူ့အတွက်တော့ လမင်းသမီးလေးသည် အမြဲပဟေဠိဆန်နေသည်မဟုတ်ပါလား။

'သိချိန်တန်တော့ သိလာရမှာပေါ့ အစ်ကို၊ အဲဒီအခါကျမှ ညီမကို မမုန်းသွားနဲ့၊ အခုအရေးကြီးတာက အစ်ကို့ကိစ္စတွေအတွက် ဘာဆက်လုပ်ယင်ကောင်းမလဲဆိုတာ ဆွေးနွေးရအောင်'

လမင်းသမီးပြောသည်မှာ မှန်ပေသည်။

အခုအချိန်တွင် ဤစကားတွေပြောနေ၍အကျိုးမထူးနိုင်ပါ။

မိမိ၏ကိစ္စကို မည်ကဲ့သို့ ဆောင်ရွက်ရမည်ကိုသာ အဓိကထား၍ ဆွေးနွေးလျှင် ပိုကောင်းပေလိမ့်မည်။

ရှောင်းချူးစွေက လမင်းသမီးအား ကြည့်လိုက်သည်။

'ညီမက အစ်ကို့ရဲ့ကိစ္စကို အစအဆုံးကော အကူအညီပေးနိုင်ပါမလား'

လမင်းသမီးက ခေါင်းညိတ်ပြလိုက်သည်။

'ညီမတတ်နိုင်သလောက်ကို အစအဆုံးကူညီပါမယ်၊ အစ်ကိုလဲ ဝေးဝေးလံလံဘယ်ကိုမှ ထွက်ပြေး နေစရာ မလိုအောင် ဒီကိစ္စကို အမြန်ဆုံးရှင်းမှ အေးမှာ'

'ဟုတ်ပါတယ်၊ ညီမကဘယ်လိုလုပ်ချင်သလဲ'

လမင်းသမီးက စဉ်းစားလိုက်လေသည်။

ရှေးဦးစွာသူမသည် မော့ရဲယီ၏ အကြောင်း ကို ထည့်၍ စဉ်းစားလိုက်သည်။ မော့ရဲယီသည် ယခင်ဆင်းရဲနွမ်းပါးသော အချိန်တုန်းကလည်း ရှောင်းချူးစွေကို အမျိုးမျိုး အနှောင့်အယှက်ပေးသည်။

တဖန် ချမ်းသာပြန်တော့လည်း ချမ်း သာ၍ အနှောင့်အယှက်ပေးသည်။ ရှောင်းချူးစွေ သိုင်းမတတ်တုန်း ကလည်း ဒုက္ခပေးသည်။ သိုင်းတတ်လာပြန်တော့လည်း တမျိုးဒုက္ခပေးသည်။ အဘယ်ကြောင့်နည်း...

လမင်းသမီးသည် ရှောင်းချူးစွေ၏ မျက် နှာ ကို အ သေ အချာ လှမ်းကြည့်လိုက်ပြီး...

'အစ်ကိုတို့အိမ်က ရှာဖွေတွေ့ရှိတဲ့ ရွှေတုံးဟာဘဏ္ဍာတော်တိုက်က ပျောက်သွားတဲ့ ရွှေတုံးဆိုတာအမှန်ပဲလားဟင်'

ရှောင်းချူးစွေက စဉ်းစဉ်းစားစားဖြင့် ပြန်ဖြေလိုက်သည်။

'အဲ့ဒါခက်တာပဲ ညီမရယ်...ဘဏ္ဍာတော်တိုက်က ပျောက်တဲ့ ရွှေတုံးတွေကို အစ်ကိုက တခါမှမမြင်ဖူးတော့ အဲဒီရွှေတုံးဟာ ဘုရင့်ဘဏ္ဍာတော်တိုက်က ရွှေ တုံး ပါ ဟုတ်ပါတယ်-မဟုတ်ပါဘူးဆိုတာ အစ်ကို ဘယ်လို ပြောလို့ရမလဲ'





ရှောင်းချူးစွေ၏စကားကြောင့် လမင်းသမီးမှာအတော်ပင် ကျေနပ်သွားသည်။

'ဟုတ်ပြီ....ဒီစကားအရဆိုယင် အစ်ကိုဟာ လုံးဝမသိတာ အမှန်ပဲ၊ ဒါနဲ့အစ်ကိုရဲ့အဖေကကော အဲဒါကို ဘုရင့်ဘဏ္ဍာတော်တိုက်က ပစ္စည်းဟုတ်ပါတယ်လို့ ဝန်ခံလိုက်သလား'

'အဖေလဲပဲ အဲဒါကိုမြင်ပြီး တော်တော်ထိတ်လန့် အံ့ဩသွားပုံရတယ်၊ ဒါပေမယ့် သူတို့က ဘဏ္ဍာတိုက်ရဲ့အမှတ်တံဆိပ်ကို ပြတော့အဖေအတွက် ငြင်းနေလို့ကော ဘာထူးတော့မှာလဲ'

လမင်းသမီးသည် ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်နေသည်။ သူမက မရှင်းလင်းသော အချက်များကို ပြန်မေးလိုက်သည်။

'သူတို့က ဘယ်နေရာက ရှာတွေ့တာလဲ'

'စာဖတ်ခန်းထဲကလို့ပြောတယ်'

လမင်းသမီးက ခေါင်းကိုတချက်ခါယမ်းလျက်...

'မဖြစ်နိုင်ဘူး အစ်ကိုရဲ့အဖေဟာ ဒီလောက် အဖိုးတန်တဲ့ ပစ္စည်းတခုကိုသာ ပိုင်ဆိုင်ခဲ့ယင် အခုလို လွယ်လွယ် ထားမှာ မဟုတ်ဘူး၊ အစ်ကိုတို့ရဲ့ စာဖတ်ခန်းဟာ အပြင်ဘက် ပြတင်းပေါက်နဲ့နီးသလား'

'ဟုတ်တယ် နီးတယ်၊ ခေါင်းရင်းခန်းပဲ'

'အင်း...ညီမထင်တာ မမှားပါဘူး'

ရှောင်းချူးစွေ သူမကို တချက်တွေ၍ကြည့်လိုက်သည်။

'ညီမက ဘယ်လိုထင်လို့လဲ'

လမင်းသမီးက စဉ်းစဉ်းစားစားဖြင့် ပြန်ပြောလေသည်။

'တစုံတယောက်က ဒီပစ္စည်းကိုလာထားသွားနိုင်တာပေါ့'

ရှောင်းချူးစွေသည် သဘောပေါက်စွာဖြင့် ခေါင်း ညိတ်လိုက်ပြီး....

'ဟုတ်ပါတယ် အစ်ကိုလဲ ဒီအတိုင်းပဲ ဖြစ်ရမယ်လို့တွက်ဆထားတယ်'

လမင်းသမီးက...

'အဲ့ဒီတစုံတယောက်ဟာလဲ မော့ရဲယီကလွဲပြီး တခြားလူမဖြစ်နိုင်ဘူးသူကိုယ်တိုင်လာထားချင်လဲထားမယ်...ဒါမှမဟုတ် တခြားလူတယောက်ကိုလွှတ်ပြီး ထားခိုင်းချင်လဲထားခိုင်းမယ်'

ရှောင်းချူးစွေက စဉ်းစားနေသည်။

လမင်းသမီးကဆက်ပြော၏။

'ညီမတွေးကြည့်တဲ့အတိုင်းသာ မှန်မယ်ဆိုယင် မော့ရဲယီ ဆီမှာ ဒီရွှေတုံးမျိုးရှိနေရမယ်၊ ဒါပေမယ့် သူဟာ လူတဘက်သားကို မုန်းလို့လုပ်ကြံချင်သည့်တိုင်အောင် ဒီလောက် တန် ဖိုးကြီးမားတဲ့ ရွှေကိုတော့ အဆုံးအရှုံးခံမှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ မော့ရဲယီဟာ အခုဆိုယင် ဒီရွှေတုံးကို သက် သေခံအဖြစ် မြို့တော်ဝန်ဆီပေးရတော့မယ်'

လမင်းသမီးက ပဟေဠိဆန်သော ပုစ္ဆာတပုဒ်ကို အ တန်ကြာကြာပင် စဉ်းစားတွေးတော၍နေပေသည်။

ရှောင်းချူးစွေက ပြန်မေးလိုက်သည်။

'မော့ရဲယီဆီမှာ အဲဒီရွှေတုံးမျိုး မြောက်မြားစွာ ရှိ တယ်လို့ ညီမကထင်လို့လား'

လမင်းသမီးက ခေါင်းယမ်းလိုက်လေသည်။





'သူ့မှာသာ အဲဒါမျိုး များစွာရှိနေယင်လဲ သူဟာ လူဆိုးထိန်းအလုပ်ကို လုပ်နေမှာ မဟုတ်တော့ဘူး၊ သဌေးတယောက်လို ဇိမ်နဲ့နေတော့မှာပေါ့'

'ဒါဖြင့် သူ့ကိုညီမက ဘယ်လိုမြင်သလဲ'

'သူဟာ အတော်ဉာဏ်များမယ့် လူဆိုးထိန်း တယောက်လို့တော့ ညီမ ထင်တယ်'

ရှောင်းချူးစွေသည် တနေရာသို့ငေးမောကြည့်ရှုနေရာမှ

'အစ်ကိုတော့ တော်တော်အကြံအိုက်နေပြီ'

'အစ်ကိုဘာလုပ်သင့်တယ်ဆိုတာကော ညီမအကြံဉာဏ်မပေးနိုင်ဘူးလား'

'ညီမ စဉ်းစားနေပါတယ်၊ မော့ရဲယီအကြောင်းကို အတွင်းကျကျသိထားတဲ့လူ၊ ဒါမှမဟုတ် မော့ရဲယီနဲ့ အင်မတန်ရင်းနှီးတဲ့လူ၊ အဲဒီလူမျိုးကိုသာ ကျွန်မတို့က တီးခေါက်ကြည့်နိုင်ယင် မော့ရဲယီရဲ့စိတ်သဘောထားကို သိနိုင်တာပဲ'

ရှောင်းချူးစွေသည် အတန်ကြာအောင်ပင် ငေးငိုင်၍သွားပြန်လေသည်။

မော့ရဲယီ အ များ ဆုံး ခင် မင်ရင်းနှီးသူမှာ သဌေးကြီးကျောက်ဟန်ပင် ဖြစ်လေသည်။ ကျောက်ဟန်ကလည်း ရှောင်းချူးစွေအား လိုလားနေသည့်သူ တယောက်မဟုတ်ပေ။

ထို့ကြောင့် ကျောက်ဟန်အားမေးပါလျှင်လည်း အပိုပင်ဖြစ်ပေလိမ့်မည်။ ရှောင်းချူးစွေသည် ထိုသို့ စဉ်းစားနေရာမှ တစုံတခုကို သိရှိလိုက်လေသည်။

ကျောက်စီးယုံ

မှန်ပါသည်။ ကျောက်စီးယုံသည့် မော့ရဲယီအားလုံးဝကြည့်မရသူတယောက်ဖြစ်သည်။ သူ၏မိခင်နှင့်လည်း အရင်းနှီးဆုံးဖြစ်သည့်အပြင် သူ့ကိုလည်း ခင်မင်တွယ်တာသူ တယောက်ဖြစ်ပေသည်။

ထို့ကြောင့် ရှောင်းချူးစွေက သူ့ကိုအကူအညီပေးနိုင်မည့်သူမှာ ကျောက်စီးယုံတယောက်သာရှိသည်မို့

'ညီမ စန်းစိမ်မြို့ထဲကို သွားနိုင်မလား'

လမင်းသမီးက ရှောင်းချူးစွေအား ဆတ်ကနဲ မော့ကြည့်လိုက်လေသည်။

'အစ်ကို့မှာ ဘာရည်ရွယ်ချက်ရှိလို့လဲ'

'အစ်ကို့ အိမ်ကိုတော့မသွားပါနဲ့ သူတို့ကအမြဲစောင့်ကြည့်နေမှာမို့ ညီမနောက်က နောက်ယောင်ခံပြီးလိုက်လာမှာ စိုးရတယ်'

'အစ်ကိုက ဘယ်ကိုခိုင်းချင်လို့လဲ'

'ကျောက်စီးယုံနဲ့ သွားတွေ့စေချင်တယ်'

'ကျောက်စီးယုံဆိုတာ ဘယ်သူလဲ'

ရှောင်းချူးစွေက လမင်းသမီးလေးကို ကျောက်စီးယုံ၏စိတ်သဘောထားများနှင့် ကျောက်စီးယုံ၏ အကြောင်းများကို သေချာစွာပြောပြလိုက်လေသည်။

ထိုအခါမှ လမင်းသမီးမှာ သဘောပေါက်သွားပြီး'

'ဪ၊ ဟိုတခါက အစ်ကို့ကိုကူညီနေတဲ့ မိန်းကလေးပဲ'

လမင်းသမီးက ဆိုသို့ပြောပြီး မျက်နှာကိုတဘက်သို့လှည့်ထားလိုက်လေသည်။





ရှောင်းချူးစွေက သူမကို အကဲခတ်ကြည့်လိုက်၏။

'ဘာလဲ၊ ညီမကသူ့ကို သွားမခေါ်ချင်ဘူးလား'

လမင်းသမီးက သူ့အား ပြုံးပြလိုက်သည်။

'သွားခေါ်ပေးပါမယ်၊ ဒါပေမယ့် အစ်ကိုကတယောက်ထဲ၊ ဒီမှာထားခဲ့လို့ ဖြစ်ပါ့မလားလို့ စဉ်းစားနေတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ စောစောကဒဏ်ရာရပြီး ကျန်ရစ်ခဲ့တဲ့ ကြေးစားသိုင်းသမားနှစ်ယောက်ဆီကတဆင့် အစ်ကိုဒီပတ်ဝန်းကျင်မှာရှိမှန်း သူတို့သိသွားကြယင် သူတို့အစ်ကို့ကို တောနင်းမြေလှန်ပြီး ရှာကြတော့မယ်'

'လမင်းသမီးတယောက်လုံး အစ်ကို့အနားမှာ ရှိနေပြီပဲ၊ အစ်ကို ဘယ်ရန်သူကိုမှ မကြောက်တော့ဘူး သိလား'

လမင်းသမီးက ပြုံးလိုက်သည်။

သူမ၏အပြုံးမှာ နက်ရှိုင်းသော အဓိပ္ပာယ်များစွာ ပါရှိနေပေ၏။

* * *

( ၁၃ )

## တရားခံဘယ်သူလဲ

နောက်တနေ့မနက်။

လမင်းသမီးသည် မြင်းတစီးနှင့်အတူ စန်းစိမ်မြို့ထဲသို့ ဝင်လာခဲ့သည်။

ဝင်သာဝင်လာခဲ့သော်လည်းသူမ၏စိတ်ထဲ၌အနည်းငယ် စိုးရိမ်ထိတ်လန့်နေပေသည်။

အခြားမဟုတ်ပါ။ ကချိန်တုန်းကသူမသည် ရှောင်းချူးစွေအား သတိရသဖြင့် မြက်အိမ်ကလေးသို့ လာရောက်ကြည့်ရှုသည်တွင် ထိုမြက်အိမ်အတွင်းမှ မုတ်ဆိတ်မွေးဗရဗျစ်နှင့် လူတယောက်ကို တွေ့ခဲ့ဖူးသဖြင့် ဖြစ်ပေသည်။





ထိုသူကို လမင်းသမီးက ထပ်မံ၍ လုံးဝမမြင်မတွေ့လိုပါ။

ယခုအချိန်ထိုသူသည် စန်းစိမ်မြို့တွင်း၌ရှိမရှိကိုတော့ သူမက မသိပါ။

သို့သော် ထိုသူနှင့်တွေ့ဆုံရမှာကိုတော့ သူမက စိုးရိမ်နေမိ၏။ ထို့ကြောင့် လမင်းသမီးမှာ လာသာလာခဲ့ရသည် ထိုမုတ်ဆိတ်မွေးနဲ့လူနှင့်တွေ့မှာကိုတော့ စိုးရိမ်နေမိလေသည်။

လမင်းသမီးသည် တလမ်းဝင်တလမ်းထွက်ဖြင့် ဣန္ဒြေမပျက်စေပဲ မြင်းကို မှန်မှန်ပင်မောင်းနှင်၍ စီးနင်းလာခဲ့လေသည်။

ထိုသို့လာခဲ့ရာမှ သူမသည် စားသောက်ဆိုင်တဆိုင်ရှေ့သို့ ရောက်ရှိလာပေသည်။

ထိုအချိန်တွင် လမင်းသမီးမှာ ဗိုက်ထဲကလည်း ဆာလောင်လာပြီဖြစ်၍ ထိုစားသောက်ဆိုင်ရှေ့တွင် မြင်းကိုရပ်တန့်လိုက်ပြီး မြင်းပေါ်မှဆင်းလိုက်သည်။

ထို့နောက် ပတ်ဝန်းကျင်ကိုတချက်အကဲခတ်လိုက်ပြီး ဆိုင်ထဲသို့ လှမ်းဝင်သွားကာ ချောင်ကျကျစားပွဲတလုံးတွင် ထိုင်၍ ခေါက်ဆွဲပြုတ်တခွက်ကို မှာယူလိုက်လေသည်။

ထိုဆိုင်ထဲတွင် သူမကဲ့သို့ပင် အခြားအမျိုးသမီးသုံးလေးဦးမှာလည်း စားသောက်နေသည်ကို မြင်ရသဖြင့် သူမအဖို့အားရှိသွားပေသည်။

ဆိုင်ထဲ၌ လူငယ်လေးငါးဦးသည် စားသောက်ယင်းမှ ခပ်လှမ်းလှမ်းရှိ ကြေငြာချက်တခုကို လက်ညှိုးထိုး၍ ပြောဆိုဝေဖန်နေကြလေသည်။ မကြာမီ သူမရှေ့သို့ အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲပြုတ်ပန်းကန် ရောက်ရှိလာသည်။

လမင်းသမီးက လုံးဝဏ္ဏန္ဒြေမပျက်စေပဲ ခေါက်ဆွဲပြုတ်ကို စားယင်း သူတို့၏ ပြောဆိုဝေဖန်သံများကို အာရုံစိုက်နားထောင်လိုက်မိ၏။

ခပ်ပိန်ပိန်ပါးပါးလူငယ်တဦးက ပြောလိုက်ခြင်းဖြစ်သည်။

'မင်းတို့ဘာမှ စဉ်းစားမနေနဲ့ ငွေများများလိုချင်ယင်တော့ ဟောဟိုမှာ ကြေငြာချက်ကပ်ထားတဲ့ အဆေးလက်ဝါးသိုင်းသမားကိုသာ တွေ့အောင်ရှာပြီး ဖမ်းပေတော့၊ ဆုငွေအများကြီးရမယ်လို့ မော့ရဲယီက ပြောထားတယ်'

တယောက်ကလက်ဝါးကာ၍ လှမ်းပြောလိုက်လေသည်။

'ဆုငွေမရယင်နေပါစေကွာ၊ သူ့နောက်ကိုတော့ မလိုက်ပါရစေနဲ့၊ မနေ့ညက နာမည်ကျော်ကြေးစားနှစ်ယောက်တောင် ဘယ်လိုဖြစ်လာတယ်ဆိုတာ မင်းမကြားလိုက်ဘူးလား'

တယောက်ကဝင်ပြောလိုက်သည်။

'အေးကွ၊ ငါလဲကြားလိုက်ပါတယ်။ အဆေးလက်ဝါးသိုင်းသမားရဲ့လက်ချက်က တယ်ပြင်းတယ်ဆိုပဲ၊ တချက်ထိလိုက်တာနဲ့ အသက်ပါသွားနိုင်တယ်လို့ ပြောတာပဲ'

အဆေးလက်ဝါးသိုင်းသမားအား ဖမ်းဆီးရန် ထိုလူနှစ်ယောက်မှာ ကြောက်ရွံ့၍နေသော်လည်း ပိန်ပိန်ပါးပါးလူက ရယ်မောလိုက်ပြီး

'အဲဒါက သူတို့ညံ့လို့ပါကွာ၊ ငါသာဆိုယင် အဲဒီလက်ကို အယင်ဆုံးဖြတ်ပစ်လိုက်တယ်၊ အဲဒါဆိုယင်အဲ့ဒီအဆေးလက်ဝါးသိုင်းသမား ဘာတတ်နိုင်ဦးတော့မှာလဲကွ'

ရယ်မောသံများက ဆိုင်တဆိုင်လုံး ညံသွားတော့သည်။





တယောက်က ထပြောလိုက်ပြန်၏။

'မော့ရဲယီကတော့ စိတ်ခေါတ်အတော်ကျနေတာပဲကွ၊ သူအားအထားဆုံး ကြေးစားနှစ်ယောက် ခံခဲ့ရတယ်ဆိုတော့ သူ့စိတ်ထဲမှာ အတော်မကျေမနပ်ဖြစ်နေတာ'

ပိန်ပိန်ပါးပါးလူက

'အေး ဟုတ်တယ်ကွ၊ အခုလဲ အဲဒီနေရာတဝိုက်ကို တောနင်းရှာမယ်ဆိုပြီး သူ့ရဲ့အာဏာသားတွေကို ခေါ်ထားတယ်၊ ဘာတွေဖြစ်လာဦးမလဲ မသိဘူး'

နောက်တယောက်က

'ရှောင်းချူးစွေဟာ မော့ရဲယီပြောသလို တရားခံတယောက်ဖြစ်နိုင်ပါ့မလားကွ၊ သူ့မိဘတွေဟာ အင်မတန်ချမ်းသာတာပဲမဟုတ်လား'

ပိန်ပိန်ပါးပါးလူက ရယ်မောလိုက်လေသည်။

'အဲဒီလိုချမ်းသာလို့လဲ ဘဏ္ဍာတော်တိုက်ဖောက်တဲ့ တရားခံဟာ သူတို့ပဲဖြစ်ရမယ်လို့စွပ်စွဲတာပေါ့ကွာ၊ နောက်ပြီး ပျောက်ဆုံးနေတဲ့ပစ္စည်းကိုလဲ သူတို့ဂေဟာက တွေ့ရတယ်ဆိုပဲကွ'

ထိုအခိုက်မှာပင် တယောက်က

'ဟော့ ဟော့၊ ဟိုမှာကြည့်စမ်း အဲဒါလဲ မော့ရဲယီငှားထားတဲ့ ကြေးစားလူမိုက်ကြီးတယောက်ပေါ့ကွ'

ထိုစကားကြောင့် လမင်းသမီးပါ သူတို့နှင့်အကူလမ်းမဘက်သို့ မသိမသာ ကြည့်လိုက်လေသည်။

ထိုအခါ၊ လမင်းသမီး၏မျက်လုံးအစုံသည် ပြူးကျယ်၍သွားတော့၏။

သူမကလှမ်းကြည့်လိုက်၍ တွေ့ရှိလိုက်ရသောသူမှာ မုတ်ဆိတ်မွေးပရဗျစ်နှင့်လူပင် ဖြစ်တော့သည်။

*　　*　　*

လမင်းသမီးက ခေါင်းကိုအသာပြန်ငုံ့၍ အစားအသောက်ကို ဆက်စားနေလိုက်သည်။ စိတ်ထဲမှာတော့ တွေးလိုက်မိသည်။

'အင်း၊ ဒီလူက ကြေးစားလူမိုက်တယောက် ဖြစ်နေမှာကိုး'

သူမက စိတ်ထဲမှလည်း ထိုသို့ရေရွတ်လိုက်မိသည်။

ထိုစဉ် စောစောကပြောနေကြသော လူငယ်များထံမှ အသံတသံက ထွက်ပေါ်လာပြန်သည်။

'ဒါထက်မင်းတို့ကို မင်္ဂလာသတင်းတခု ပြောရအုံးမယ်'

တယောက်က

'ဘာများလဲကွ'

ပိန်ပိန်ပါးပါးလူငယ်က

'မောင့်ရဲယီတော့ ကံဇာတာ ကောင်းချင်လို့ပဲလားတော့ မပြောတတ်ဘူး၊ ဘဏ္ဍာတော်ဖောက်တဲ့လူကိုလဲ စုံစမ်းလို့ရတယ်၊ နောက်ပြီး သဌေးကြီးကျောက်ဟန်းရဲ့သမီးနဲ့လဲ မကြာခင်လက်ထပ်တော့မယ်လို့ ပြောတယ်ကွ'

လူငယ်တယောက်က

'ဒါဆိုယင်တော့ သူ့အတွက် အခွမ်းကုသိုလ်ကံကောင်းဘာပေါ့ကွာ၊ ဒါနဲ့ မင်းသတင်းကရော သေချာရဲ့လားကွ'

ပိန်ပိန်ပါးပါးလူက





'ငါက မောင့်ရဲယီရဲ့ တပည့်တယောက်ဆီက ဒီသတင်းကို သေသေချာချာ သိထားရတာကွ၊ သဌေးကြီး ကျောက်ဟန်းကလည်း မောင့်ရဲယီနဲ့ သဘောတူပြီး မကြာခင်မှာပဲ လက်ထပ်ပေးမယ်လို့ ကတိပေးထားပြီးပြီတဲ့'

တယောက်က ခေါင်းညိတ်၍...

'ဖြစ်နိုင်တယ်- ဖြစ်နိုင်တယ်- မောင့်ရဲယီက မကြာခင် ရာထူးလဲ တိုးတော့မယ်ဆိုတော့ ကျောက်စီးယုံက သဘောကျတော့မှာပေါ့ကွာ... ဟား ဟား ဟား'

လမင်းသမီးသည် စားသောက်၍ ပြီးပြီ ဖြစ်သဖြင့် စားသောက်ခ ရှင်းပေးကာ ဆိုင်ထဲမှ ထွက်လာခဲ့ပေသည်။

သူမအဖို့ သတင်းစုံ ကြားသိလိုက်ရသော်လည်း အသုံးဝင်မည့် သတင်းတခုမှ မပါရှိပါပေ။

သို့သော် အချက် နှစ်ချက်တော့ ရလိုက်သည်။

ရှောင်းချူးစွေက အာဏာသားများနှင့် တောနင်းရှာမည့်သတင်းနှင့် ကျောက်စီးယုံသည် မောင့်ရဲယီနှင့် မကြာခင် လက်ထပ်တော့မည်ဆိုသည့် သတင်းများပင် ဖြစ်၏။ လမင်းသမီးမှာ ထိုသို့ စဉ်းစားယင်းမှ သတိကြီးစွာ ထားလျက် သဌေးကြီးကျောက်ဟန်း၏ အိမ်ဘက်သို့ ထွက်လာခဲ့၏။ လောလောဆယ်မှာတော့ ကျောက်စီးယုံကိုပဲ တွေ့ဆုံရမည် ဖြစ်သည်။

သို့သော် သူမအဖို့ ပြောင် ဝင်တွေ့ရန် မသင့်တော်ပေ။

ထို့ကြောင့် သူမက အရိပ်အကဲကို ကြည့်ပြီး နောက်ဖေးဘက်သို့ လှည့်လာခဲ့၏။

ကျောက်ဟန်း၏ အိမ် အနောက်ဘက်တွင် ကြီးမားသည့် ပန်းခြံတခု ရှိနေပေသည်။ ထိုပန်းခြံထဲမှ နေ၍ ကျောက်စီးယုံအား တွေ့မြင်နိုင်ရန် လမင်းသမီးက စိတ်ကူးထားပြီး မြင်းကို တနေရာတွင် ထားခဲ့ကာ ထိုခြံတွင်းသို့ ဝင်ရောက်လာပေသည်။

သို့သော် လမင်းသမီး ပန်းခြံတွင်းသို့ ရောက်သည်နှင့် မမျှော်လင့်သော မြင်ကွင်းတခုကို တွေ့မြင်လိုက်ရလေသည်။

အခြား မဟုတ်ပါ။

လူတယောက်သည် မိန်းကလေး တဦးအား အတင်းအဓမ္မ ပွေ့ဖက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

လမင်းသမီးက အသေအချာ ကြည့်လိုက်ရာ... အမျိုးသားမှာ မောင့်ရဲယံ ဖြစ်ပြီး မိန်းကလေးမှာ ကျောက်စီးယုံ ဖြစ်နေပေသည်။ သူတို့၏ ပတ်ဝန်းကျင်မှာလည်း တစုံတယောက်မျှ မရှိ... ။

လမင်းသမီးသည် ကပျာကယာ တနေရာ၌ ပုန်းအောင်းလိုက်လေသည်။

* * *

မောင့်ရဲယံက ပင်ပန်းနွမ်းနယ်စွာဖြင့် ပြောနေ၏။

'ငါဟာ တကယ်တမ်း မင်းအပေါ် မေတ္တာ ရှိနေတာပါ။ နောက်ပြီး လူကြီးတွေကလဲ သဘောတူထားပြီပဲ၊ ဘာကြောင့် ဒီလောက် ငြင်းဆန် ရုန်းကန်နေရတာလဲ'

ကျောက်စီးယုံသည် သူမအား ချုပ်ကိုင်ထားရာမှ ရုန်းထွက်လိုက်ပြီး—





'ရှင့်ကို ဘယ်သူက သဘောတူတူ၊ ကျွန်မက ရှင့်ကို မကြိုက်နိုင်ဘူး၊ မယူနိုင်ဘူး'

မောင့်ရဲယံက မျက်နှာချိုသွေး၍ ပြုံးလိုက်လေသည်။

'ငါ့မှာ ဘာအပြစ်များ ရှိလို့လဲ ကျောက်စီးယုံရယ်'

'ရှင့် အပြစ်တွေကိုတောင် ရှင် နားမလည်ဘူးလား၊ ရှင် ကျွန်မအသားကို လုံးဝ မထိနဲ့ဆို မထိနဲ့'

မောင့်ရဲယံက တချက် ရယ်မောလိုက်ပြီး...

'လူကြီးတွေက သဘောတူထားပြီးပြီပဲကွာ၊ မင်းက လက်မခံလို့လဲ ဘယ်ရပါ့မလဲ'

မောင့်ရဲယံမှာ သရဲသဘက်ပမာ ရုတ်တရက် ကျောက်စီးယုံအား အတင်းအဓမ္မ ပွေ့ဖက်လေတော့သည်။

ကျောက်စီးယုံက တွန်းထိုး ရုန်းကန်၍ ဖယ်ရှားသော်လည်း၊ မောင့်ရဲယံက မညှာမတာ ချုပ်ကိုင် ပွေ့ဖက်သောကြောင့် ကျောက်စီးယုံမှာ မလူးသာ မလွန့်သာတော့ပဲ ရုန်းယင်း ကန်ယင်းဖြင့် မောင့်ရဲယံ၏ ရင်ခွင်ထဲသို့ ရောက်ရှိနေပေသည်။

ကျောက်စီးယုံကလည်း မောပန်းနေသည့် ကြားမှပင် မောင့်ရဲယံ၏ မျက်နှာအား ကုတ်ခြစ်နေ၏။ ကြာတော့လည်း သူမမှာ မတတ်နိုင်ပါ။

သူမ၏ အားအင်မှာ တဖြည်းဖြည်း ကုန်ဆုံးလာတော့သည်။

လမင်းသမီး မနေသာတော့ပါ။

ပုန်းကွယ်နေရာမှ လွှားကနဲ ခုန်ထွက်လိုက်လေသည်။

'ရှင် သူ့ကိုလွှတ်လိုက်ပါ'

မောရဲယီသည် လမင်းသမီးအား မျက်လုံးပြူးကျယ်စွာဖြင့် လှမ်းကြည့်လိုက်လေသည်။

'နင်က ဘယ်သူလဲ'

'ဘယ်သူပဲဖြစ်ဖြစ် ရှင်မေးနေစရာမလိုဘူး၊ သူ့ကို အခု လွှတ်လိုက်ပါ'

မောရဲယီမှာ တချက်ရယ်မောလိုက်သည်။

သူသည် ကျောက်စီးယုံအား အသာအယာလွှတ်ပေးလိုက်ပြီး လမင်းသမီးနှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

'နင်က လူစွမ်းကောင်းလား'

လမင်းသမီးက ပြုံးလိုက်ပြီး

'သိချင်ယင် စမ်းကြည့်ပါလား'

ကျောက်စီးယုံကတော့ လမင်းသမီးလေးအား ကျေးဇူးတင် ဝမ်းမြောက်သောအကြည့်ဖြင့် ကြည့်နေသည်။ ထိုစဉ်မှာပင် မောရဲယီသည် တိုက်ကွက်တကွက်ကို ထုတ်၍ လမင်းသမီးထံသို့ ခုန်ဝင်လိုက်သည်။

လမင်းသမီးက အသာအယာ ရှောင်တိမ်းယင်း ညာခြေဖြင့် လှမ်းကန်လိုက်လေသည်။ မောရဲယီ တချက် ငိုင်သွားသည်။

မိန်းကလေး၏ သိုင်းပညာမှာ မခေမှန်း သူကသိလိုက်၏။

ကျောက်စီးယုံကလည်း မောရဲယီအားတိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။ ထိုအခါ မောရဲယီက ရယ်မောလျက်

'ဩော်....မင်းကပါ ဝိုင်းတိုက်မလို့လား၊ နောက်ထပ် ငါးယောက်လာအုံး ငါက မကြောက်ဘူး'





ကျောက်စီးယုံက ပါးစပ်မှ ဘာမျှ ပြန်၍ပြောမနေပါ။

တိုက်ကွက်တကွက်ကိုထုတ်၍ သူ့ဆီသို့ ပြေးဝင်လိုက်သည်။ မောရဲယီက အသာအယာပင် ရှောင်တိမ်းပြီး လက်ဝါးစောင်းနှင့် ပြန်ခုတ်ချလိုက်ရာ ကျောက်စီးယုံမှာ ပခုံးသို့ ထိသွားပြီး တဘက်သို့ လည်သွားပေသည်။

ထိုအခါ လမင်းသမီးက မောရဲယီ၏တိုက်ကွက်ကို အကဲခတ်ကြည့်ရှုနေရာမှ ရုတ်တရက် မောရဲယီဆီသို့ ခုန်ဝင်လိုက်၏။

မောရဲယီမှာတော့ စောစောက နည်းအတိုင်းပင် ရှောင်တိမ်း၍ သူ၏ လက်ဝါးစောင်းနှင့် လမင်းသမီး၏ မျက်နှာကို ဖြတ်ရိုက်လိုက်၏။

သူ၏တိုက်ကွက်ကို လမင်းသမီးက သိထားပြီဖြစ်သည်။

ထို့ကြောင့် ရုတ်တရက် ငုံ့၍ရှောင်လိုက်ပြီး သူမ၏ ညာလက်ဝါးက ရှောင်းချူးစွေ ပြထားသည့်အတိုင်း မောရဲယီ၏ ရင်ဘတ်ဆီသို့ ရိုက်ချလိုက်ရာ

'ဝုန်း…'

ဟူသော အသံနှင့်အတူ မောရဲယီမှာ ငါးဂိုက် အကွာသို့ လွင့်စဉ်သွားတော့သည်။

မောရဲယီသည် မယုံကြည်နိုင်သော အကြည့်ဖြင့် လမင်းသမီးအား စိုက်ကြည့်နေပေသည်။

သူသည် လမင်းသမီးရိုက်လိုက်သော ရင်ဘတ်ကို လက်ဝါးဖြင့် ဖိထားယင်း တုန်ယင်နေသော အသံဖြင့်

'နင်…နင်က အဆွေးလက်ဝါး သိုင်းသမားနဲ့ ဘယ်လိုပတ်သက်သလဲ'

လမင်းသမီးက ရယ်မောလိုက်၏။

'သူ့တပည့်မို့ ရှင် အခုလို စကားပြန်ပြောနေနိုင်တာပေါ့၊ သူနဲ့သာတွေ့ရယင် ရှင်အခုလိုစကားပြောခွင့်တောင်ရမှာမဟုတ်တော့ဘူး'

လမင်းသမီးသည် ထိုသို့ပြောကြားပြီးသည်နှင့် ကျောက်စီးယုံ၏ လက်ကိုဆွဲကာ သူမ၏မြင်းရှိရာသို့ ပြေးလွှားသွားလေသည်။

မော့ရဲယာ မကျေမနပ် တောက်တချက် ခေါက်ယင်း ထိုနေရာမှာပင် ကျန်ရစ်ခဲ့သည်။

* * *

ရှောင်းဂေဟာတွင် လူနှစ်ဦးမှာ ချက်ချင်းပင် အလုပ်ရှုပ်သွားတော့သည်။

တယောက်က မြင်းများကို ပြင်ဆင်နေ၏။ တယောက်က စားသောက်စရာနှင့် လိုအပ်သည်များကို အိတ်တခုအတွင်းသို့ ထည့်သိုနေပေသည်။ထိုသူနှစ်ယောက်မှာ အခြားသူများမဟုတ်ပေ။

ရွှေစစ်နှင့် ထန်ယင်းယိပင်ဖြစ်ပေသည်။ ရွှေစစ်သည် မြင်းနှစ်ကောင်ကို အဆင်သင့်ပြင်ဆင်ကာ အိမ်ပေါ်သို့ ပြေးတက်လာ၏။

အိမ်ပေါ်တွင် ထန်ယင်းယိက ပစ္စည်းများကို ထည့်သိုနေသည်ကို တွေ့ရသည်။ ရွှေစစ်က ထန်ယင်းယိကို ဝိုင်းဝန်းကူညီပေးလိုက်သည်။





ကျူးဝေက လိုအပ်သော ပစ္စည်းများကို ထုတ်ပေးကာ ပါးစပ်မှလည်း အတန်တန်မှာကြားနေပေသည်။

'အားလုံး အစစအရာရာ သတိဝီရိယနဲ့ အလုပ်လုပ်ပါ၊ ဘာတခုမှ အမှားမတွေ့စေနဲ့'

ရွှေစစ်က ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်တော်တို့အတွက်ကို မပူပါနဲ့၊ သခင်မကြီးသာ သတိထားပြီးနေပါ၊ နောက်ပြီး သိုင်းသမား လေးယောက်ကိုလဲ ကျွန်တော် အစောင့်ထားခဲ့တယ်'

ကျူးဝေက ခေါင်းညိတ်ပြလိုက်သည်။

'ငါ့အတွက် အရေးမကြီးပါဘူး၊ သားလေးကိုသာ ဝိုင်းဝန်းစောင့်ရှောက်ကြပါ'

ထန်ယင်းယိက ရယ်မောလျက်....

'ရှောင်းချူးစွေ့ အတွက်တော့ မပူပါနဲ့ သခင်မကြီးရယ်၊ နာမည်ကျော်နေတဲ့ ကြေးစားနှစ်ယောက်တောင် ဘယ်လိုလုပ်လိုက်တယ်မသိဘူး၊ သမားတော်ကြီးအိမ်မှာ အသည်းအသန်ဖြစ်နေပြီလေ'

ထိုစကားကြောင့် ရွှေစစ်ကလည်း သဘောကျစွာဖြင့် ရယ်မောလိုက်၏။

သူတို့သည် ရှောင်းချူးစွေ့၏ နောက်သို့ လိုက်၍ အကာအကွယ်ပေးရန်အတွက် ပြင်ဆင်နေကြခြင်း ဖြစ်သည်။ သူတို့အား ဝင်ရောက်၍ သတိပေးသွားသည့်သူမှာ ကျောက်စီးယုံပင် ဖြစ်လေသည်။

ကျောက်စီးယုံသည် လမင်းသမီးက ခေါ်ဆောင်လာရာမှ ရွှောင်းချူးစွေဂေဟာသို့ ခေတ္တဝင်ပြီး ထိုသတင်းများကို ပြောကြားကာ မြင်းတကောင်ကိုယူ၍ စီးသွားလေသည်။

ထန်ယင်းယိနှင့် ရွှေစစ်ကိုလည်း စားသောက်စရာများ ယူခဲ့၍ ဘယ်သူမှ မသိအောင် မြို့ထဲမှ ထွက်ခွာလာရန် မှာကြားသွားပေသည်။ သူမတို့ကသည်း မြို့အစွန် တနေရာတွင် စောင့်နေမည် ဖြစ်သည်။

ထို့ကြောင့် ရွှေစစ်နှင့် ထန်းယင်းယိမှာ ယခုကဲ့သို့ ပြင်ဆင်နေကြခြင်း ဖြစ်လေသည်။

မကြာမီ သူတို့နှစ်ဦးသည် ပြင်ဆင်ပြီး၍ ရွှောင်းဂေဟာမှ မသိမသာ ထွက်ခွာ၍ လာခဲ့ကြလေသည်။ ပတ်ဝန်းကျင်ကလည်း သူတို့ကို မည်သူမျှ သတိမပြုမိလိုက်ကြပါ။ သူတို့နှစ်ဦးသည် မြို့အစွန်သို့ရောက်ရှိသောအခါ တောတန်းကလေး တခုအတွင်းသို့ ဝင်ရောက်လိုက်လေသည်။

ထန်ယင်းယိက ရွှေစစ်ကို မေးလိုက်၏။

'သူတို့မှာတာ ဒီနေရာပဲလားဟေ့'

ထန်ယင်းယိက…

'ဒီနေရာပဲလို့ ထင်တာပဲ၊ ရှေ့နားနည်းနည်း လျှောက်သွားကြည့်လိုက်ပါအုံး'

သူတို့သည် ရှေ့ဆက်၍ အနည်းငယ် ဆက်သွားကြရာ….

မကြာမီမှာပင် သူတို့နှစ်ဦးအား စောင့်ဆိုင်းနေသည့် လမင်းသမီးနှင့် ကျောက်စီးယုံအား တွေ့ရှိလိုက်ရလေသည်။

လမင်းသမီးက မေးလိုက်သည်။



'ရှင်တို့ စားစရာတွေ အပြည့်အစုံပါကြရဲ့လား'

ရွှေစစ်က ခေါင်းညိတ်ပြလိုက်၏။

'အားလုံးပါပါတယ်၊ သူ့ဆီကိုရောက်ဖို့ တော်တော်ဝေးသေးသလား'

လမင်းသမီးက….

'သိပ်မဝေးတော့ပါဘူး၊ ညနေလောက်ဆိုယင် ရောက်မှာပေါ့'

သူတို့သည် နက်ရှိုင်းသော တောလမ်းတခုမှ ပုန်းလျှိုးကွယ်လျှိုးဖြင့် သွားနေကြခြင်း ဖြစ်သောကြောင့် ခရီးက ဖင့်နေသည်။

လမင်းသမီး၏ စိတ်ထဲတွင် နေရာအနှံ့ ရှာဖွေနေကြသော မော့ရဲယီ၏ အာဏာသားများနှင့် ရွှောင်းချူးစွေ တွေ့သွားမှာကို အတော်ပင် စိုးရိမ်နေပေသည်။ ကျောက်စီးယုံကလည်း ရွှောင်းချူးစွေနှင့် အမြန်ဆုံး တွေ့ချင်နေသည်။

သူမသည် လမင်းသမီးအား လွန်စွာမှ ကျေးဇူးတင်မိ၏။ သူမသည် မော့ရဲယီအား လုံးဝ မနှစ်သက်ပါ။

သို့သော် သူမ၏ဖခင်က မော့ရဲယီနှင့်သဘောတူပြီး မကြာမီပင် လက်ထပ်ရမည်ဟု ပြောကြားထားသဖြင့် သူမမှာအကြီးအကျယ် စိတ်သောက ရောက်ရှိနေသည့် အချိန်ဖြစ်ပေသည်။

သည်ကြားထဲ မော့ရဲယီကမဟားတရားပြုလုပ်ပြန်သဖြင့် မိမိရောက်ချင်ရာရောက် ထွက်ပြေးမည်ဟု စိတ်ထဲ၌ အောက်မေ့နေစဉ်မှာပင် လမင်းသမီးက လာရောက်ခေါ်သဖြင့် သူမမှာ အမှန်ပင် ဝမ်းမြောက်သွားပေသည်။

တဖန် လမင်းသမီးက လာခေါ်ခြင်းမှာ ရှောင်းချူးစွေက အခေါ်လွှတ်သည် ဆိုပြန်သဖြင့် သူမ ပို၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ရွှေစစ်နှင့် ထန်ယင်းယိတို့ကိုပါ အကျိုးအကြောင်း ပြောပြပြီး ခေါ်ဆောင်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော် သူမ၏စိတ်ထဲ၌ တမျိုးတမည် ခံစားနေရ၏။

သူမအား လာခေါ်သော လမင်းသမီးသည် ရှောင်းချူးစွေနှင့် မည်ကဲ့သို့များ ပတ်သက်နေသနည်း။ လမင်းသမီးမှာ မော့ရဲယိနှင့် တိုက်ခိုက်ခဲ့စဉ်က အဆွေးလက်ဝါး သိုင်းကွက်ကို သုံးလိုက်သဖြင့် မော့ရဲယိက မေးသောအခါ တပည့်ဟု ပြောလိုက်လေသည်။

အမှန်ပင် ရှောင်းချူးစွေ၏ တပည့်မလေး တယောက်ပင်လော။ ချောမောလှပလွန်းသော လမင်းသမီး၏ မျက်နှာကို ကြည့်၍ကျောက်စီးယုံမှာ စိတ်ထဲ၌ တမျိုးကြီး ခံစားသွားရလေသည်။

သို့သော် သူမှက ကျေနပ်မိပေသည်။

အမျိုးမျိုး ကံဆိုးရှာသော ရှောင်းချူးစွေနှင့် ဤလို လှပချောမောသော မိန်းကလေးတယောက်သည် တခြားပတ်သက်နေရုံတင်မက ဖူးစာပင် ဆုံသွားပါစေအုံး သူမကျေနပ်မိမည်ပင်။

သူမက တောင်တွေးမြောက်တွေးနှင့် လိုက်ပါလာလေရာ ရုတ်တရက် လမင်းသမီးလှမ်းပြောလိုက်သောစကားသံကြောင့် သူမ၏အတွေးများ ရပ်တန့်သွားလေတော့သည်။

'ကျွန်မတို့ မကြာခင် ရောက်တော့မှာပါ၊ ဒါပေမယ့် သိပ်ပြီး ပင်ပန်းနေကြယင် ဒီမှာ ခဏနားကြရအောင်'





ရွှေစစ်က ဝင်ပြောလိုက်သည်။

'ရောက်ကာနီးပြီဆိုလဲ ဘာလို့ နားနေတော့ မှာလဲကွာ၊ သခင်လေးကို တို့ စိတ်မချဘူး၊ အမြန်ဆုံးသာ ရောက်အောင် ခရီးဆက်ကြတာပေါ့'

ကျောက်စီးယုံကလည်းဝင်ရောက်ထောက်ခံလိုက်လေသည်။

'ဟုတ်ပါတယ်ရှင်၊ နားမနေပါ နဲ့ဒတာ့၊ မိုးမချုပ်ခင် ရောက်အောင် သွားကြရအောင်'

လမင်းသမီးက ခေါင်းညိတ်လိုက်ပြီး

'ကျွန်မက ရှင်တို့အားလုံး ပင်ပန်းနေကြမှာ စိုးလို့ပါ'

'ဒါဆိုလဲ မနားတော့ဘူးလေ'

သူတို့သည် ထိုသို့ပြောပြီး ခပ်သွက်သွက် ဆက်လက် ထွက်ခွာ လာကြရာ မိုးမချုပ်မီပင်

ယိုယွင်းပျက်စီးနေသော တဲအိမ်ကလေးကို လှမ်းမြင်လိုက်ရပေသည်။ သို့သော်လေးယောက်သားမှာ တယောက်မျက်နှာ တယောက်ကြည့်ပြီး ရင်ထဲ၌ ထိတ်သွားကြလေသည်။

အကြောင်းမှာ တဲအိမ်ကလေးဆီမှ ဆူညံစွာ တိုက်ခိုက်နေသော အသံများ ပေါ်ထွက်လာသောကြောင့် ဖြစ်ပေသည်။ လမင်းသမီးကလေးက တဲအိမ်ကလေးဆီသို့ အပြင်း နှင်လိုက်သည်။ သူမ၏နောက်မှ ကျောက်စီးယုံ၊ ထန်ယင်းယိနှင့် ရွှေစစ်တို့ကလည်း မြင်းကို ဒုန်းစိုင်း၍ လိုက်ပါသွားကြသည်။

* * *

တဲအိမ်ကလေးအတွင်းမှာ ပြင်းထန်သော တိုက်ပွဲ တခုက ဖြစ်ပေါ်နေသည်။ သုံးယောက်နှင့် တယောက်ဖြစ်သည်။

သို့သော် လမင်းသမီးတို့ ရောက်ရှိသောအချိန်တွင် တဦးမှာ လဲကျနေပြီးနှစ်ယောက်နှင့်တယောက်တိုက်ခိုက်နေကြပေသည်။

၎င်း တိုက်ခိုက်နေသော လူနှစ်ယောက်မှာ မော့ရဲယ်၏ တပည့် အာဏာသားများပင် ဖြစ်လေသည်။ ရွှေစစ်နှင့် ထန်ယင်းယိက ပြေးဝင်သွားသည်။ ကျောက်စီးယုံက လိုက်ရန် ဟန်ပြင်လိုက်သော်လည်း လမင်းသမီးက တားလိုက်လေသည်။

'မလိုက်နဲ့ညီမ၊ ဒီနှစ်ယောက်လောက်ဟာ ဘာမှမှုစရာမလို ပါဘူး'

လမင်းသမီးက ပြောသည်မှာ မှန်ပေသည်။

အာဏာသား နှစ်ယောက်သည် ထန်ယင်းယိနှင့် ရွှေစစ် ပြေးဝင်လာသည်ကို မြင်သည်နှင့် တချက်နှစ်ချက်သာတိုက်ပြီး တောထဲသို့ ပြေးဝင်သွားလေသည်။

လမင်းသမီးသည် တနေရာ၌လဲနေသောသူအား ကြည့်လိုက်ရာ သူမ၏ မျက်လုံးများ ပြူးကျယ်သွားတော့သည်။

ထိုသူသည် မုတ်ဆိတ်မွေး ဗရပျစ်နှင့် မနက်စောစောက မြို့ထဲတွင် တွေ့လိုက်ရသော ကြေးစားလူသတ်သမားပင် ဖြစ်နေ သောကြောင့်ပင်။

လမင်းသမီးက ကပျာကယာ ထိုလူ၏အနားသို့ ပြေးလွှား သွားပြီး စမ်းသပ်ကြည့်ရှုလိုက်လေသည်။

သို့သော် ထိုလူမှာ လုံးဝ အသက်မရှူတော့ပါ။

ရှောင်းချူးစွေက လမင်းသမီးအား နားမလည်စွာဖြင့် လှမ်းကြည့်လိုက်လေသည်။

'ညီမ သူ့ကိုသိလို့လား'





လမင်းသမီး၏မျက်နှာမှာ ရုတ်တရက် ကွက်ကနဲပျက်သွား လေသည်။

'မြင်ဖူးသလိုများ ရှိသလားလို့ပါ'

ရှောင်းချူးစွေက ခုံဟောင်းဘခုပေါ်တွင် မောပန်းစွာ ထိုင်ချလိုက်ပြီး

'ဒီလူရဲ့ သိုင်းပညာက မဆိုးပါဘူး၊ ဒါပေမယ့် ရန်သူကို အထင်သေးလွန်းပြီး အဝင်ရဲလွန်းလို့ အခုလို ဖြစ်သွားရတာပါ'

လမင်းသမီးက စိတ်မကောင်းစွာဖြင့် ပြောလိုက်လေသည်။

'ကြေးစားဆိုတာ တနေ့ ဒီလမ်းကိုပဲ သွားရမှာပေါ့ အစ်ကို ရယ်၊ ဘယ်တတ်နိုင်ပါ့မလဲ'

ရှောင်းချူးစွေကစိတ်မကောင်းစွာဖြင့်ပြန်ပြောလိုက်သည်။

'ညီမရဲ့မိတ်ဆွေတယောက်ဆိုယင်တော့ အစ်ကို တောင်းပန် ပါတယ်'

လမင်းသမီး၏မျက်နှာမှာ နီရဲသွား၏။

'ဒီလို ကြေးစားတယောက်ကိုသာ ကျွန်မ မိတ်ဆွေတော်ရ မယ်ဆိုယင်တော့ ကျွန်မလဲ လူ့လောကမှာ နေဖို့ မကောင်း တော့ဘူး၊ သူ့အကြောင်း တနေ့ ကျွန်မပြောပြပါမယ်'

ထိုအခါမှ ကျောက်စီးယုံက ရှောင်းချူးစွေအား နှုတ်ဆက် လိုက်ပြီး ရွှေစစ်တို့အား ဝင်ရောက်ခေါ်ခဲ့ရသည့် အကြောင်း များကို ရှင်းလင်းပြောပြလိုက်သည်။

ရှောင်းချူးစွေသည် ပါလာသော စားစရာများကို အားရ ပါးရ စားသောက်လိုက်သည်။ ထို့နောက် လမင်းသမီးနှင့် ကျောက်စီးယုံတို့အား လှမ်းမေးလိုက်သေသည်။

'မြို့ထဲမှာ ဘာများ ထူးခြားသေးသလဲ'

ကျောက်စီးယုံကလမင်းသမီးအားလှမ်းကြည့်လိုက်လေသည်။

လမင်းသမီးက စဉ်းစဉ်းစားစားဖြင့်-

'သူတို့တတွေကတော့ ဒီတတောလုံးကို ပိုက်စိပ်တိုက် ရှာနေမှာပဲ အစ်ကို၊ အခုလဲ ဒီနေရာကို အာဏာသား နှစ်ယောက်က သိသွားပြီဆိုတော့ မကြာခင် သူတို့လာပြီး တိုက်ခိုက်ဖမ်းဆီးအုံးမှာပဲ၊ အဲဒီတော့ ဒီနေရာက အမြန်ဆုံး ပြောင်းမှဖြစ်မှာ'

ထန်းယင်းယိက ဝင်ပြောသည်။

'ဟုတ်တယ်- တခြားနေရာကို ခပ်မြန်မြန်ကလေး ရွှေ့သွားမှသင့်တော်မယ်၊ ဒီနေရာက စိတ်ချရမှာ မဟုတ်တော့ဘူး'

ထိုအခါ… ကျောက်စီးယုံက ဝင်ပြီး ပြောလိုက်လေသည်။

'ကျွန်မတို့- ပုန်းအောင်းဖို့ နေရာတခု ရှိတယ်'

လမင်းသမီးက-

'ဘယ်နေရာမှာလဲ'

ကျောက်စီးယုံက သွက်လက်စွာပင် ပြန်ဖြေလိုက်သည်။

'ဒီနေရာနဲ့ သိပ်မဝေးပါဘူး၊ တချိန်တုန်းက ကျွန်မ သိုင်းပညာသင်တဲ့ကျောင်းနားမှာစိတ်ချရတယ်လို့အောက်မေ့တာပဲ'

လမင်းသမီးက ထိုင်ရာမှ ထလိုက်သည်။

'ကဲ- ဒါဖြင့် ခုချက်ချင်းပဲ သွားကြစို့'

သူတို့အားလုံး မြင်းများပေါ်သို့ ပစ္စည်းများကို တင်လိုက်ကြသည်။ ထို့နောက် ချက်ချင်းပင် ထိုနေရာမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

*



( ၁၄ )

## လှျိုဝှက်သော အုတ်ဂူ

အေးစိမ့်လှသည့် လှိုဏ်မြောင်ကြီး တခုထဲတွင် လူငါးယောက် စုဝေး တိုင်ပင်နေကြသည်။

ရှောင်းချူးစွေ၊ ထန်းယင်းယိ၊ ရွှေစစ်နှင့် လမင်းသမီးက ကျောက်စီးယုံ၏ စကားများကို သေချာစွာ နားစိုက်ထောင်နေ၏။

ကျောက်စီးယုံက- တချိန်တုန်းက သူမ လိုက်လံ ချောင်းမြောင်းခဲ့သည့် အုတ်ဂူကြီးအကြောင်းနှင့် မျက်နှာဖုံး တပ်ဆင်ထားသော လူတစု၏ အကြောင်းများကို ပြောပြလိုက်သည်။

လမင်းသမီးက သေချာစွာ နားစိုက်ထောင်လျက်မှ…

'မျက်နှာဖုံးနဲ့ လူတွေဟာ ဘယ်သူဘယ်ဝါဆိုတာတော့ ညီမ အကဲခတ်လို့ မရဘူးပေါ့ ဟုတ်လား'

ကျောက်စီးယုံက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ်၊ လူဆိုးလူကောင်း ဘယ်သူ ဘယ်ဝါဆိုတာတော့ အကဲခတ်လို့ မရပါဘူး၊ သူတို့ဟာ အနက်ရောင် ဝတ်စုံတွေကို ဝတ်ဆင်ထားပြီး မျက်နှာဖုံးအနက်တွေကို ဖုံးအုပ်ထားတယ်၊ သုံးယောက်တွဲ၊ သုံးယောက်တွဲ နှစ်စုံလာတာကို တွေ့ရတယ်'

ရှောင်းချူးစွေက လမင်းသမီးအား လှမ်းကြည့်လိုက်သည်။

'ညီမရော ဘယ်လို စဉ်းစားလို့ ရသလဲ'

လမင်းသမီးက....

'အစ်ကိုရဲ့ ထင်မြင်ချက်ကို အယင် ပြောပါအုံး'

ရှောင်းချူးစွေက တခဏ တွေဝေ စဉ်းစားလိုက်သည်။

'အစ်ကိုကတော့ ဒီလူတွေဟာ လူကောင်းတွေ မဖြစ်နိုင်ဘူး၊ နောက်ပြီး လူဆိုးထိန်း မော့ရဲယီဟာ နှစ်ပေါင်းများစွာ ဒီနယ်မှာ လာစုံစမ်းနေတာ အကြောင်းတော့ ရှိရမယ်၊ နောက်ပြီး အဲဒီမျက်နှာဖုံးနဲ့ လူတွေဟာလဲ ဘဏ္ဍာဘော်တိုက်ကို ဖောက်လာတဲ့ လူဆိုးတွေလဲ ဖြစ်နိုင်တာပဲ'

ထန်ယင်းယိက တွေးတွေးဆဆဖြင့် ဝင်ပြောလိုက်လေသည်။

'ဒီလူတွေကို တို့က ဝင်ရောက် တိုက်ခိုက် ခြင်း အားဖြင့် အကျိုးတော့ မယုတ်ဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ လူကောင်းတွေဆိုယင်လဲ၊ ဘာမှ အကြောင်းမဟုတ်ဘူး၊ ရွှေတုံးခိုးတဲ့အဖွဲ့ဖြစ်နေယင်လဲ တို့အဖို့ တပန်းသာတာပဲ'





ရွှေစစ်က ဝင်ပြောသည်။

'ဟုတ်တယ်၊ ဒါမှလဲ ကျုပ်တို့က တရားခံအစစ်ကို ဖမ်းနိုင်တဲ့အခါမှာ မော့ရဲယီကို ပြန်ပြီး အကျပ်ကိုင်မယ်၊ အဲ့ဒီတော့မှ သခင်ကြီးကို ပြန်လွှတ်လာမယ်၊ ဒါနဲ့ တဆက်တည်း မော့ရဲယီရဲ့ သိက္ခာတွေဟာလဲ ကျဆင်းသွားမယ် မဟုတ်လား'

လမင်းသမီးက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ အဲ့ဒါကောင်းတယ်၊ အဲ့ ဒီတော့ ဒီက ညီမ မြင်ခဲ့သမျှ တွေ့ခဲ့သမျှတွေကို အသေအချာပြောပြပါ၊ တို့တတွေ အစီအစဉ် လုပ်ကြရအောင်'

ထိုအခါ ကျောက်စီးယုံက သူမ တွေ့သမျှ မြင်သမျှတို့ကို မျက်နှာဖုံးစွပ်များ ရောက်လာတတ်သည့် အချိန်အခါနှင့် တကွ ပြောပြလိုက်လေတော့သည်။

* *

လူငါးယောက် သူတို့သည် ငြိမ်သက်စွာဖြင့် ပုန်းအောင်းနေကြသည်။ နံနက်မိုးလင်းကတည်းက ပုန်းအောင်းနေရသည်မှာ ယခု ညနေပင် စောင်းပြီ ဖြစ်၏။ မည်သူ တဦးတယောက်မျှ သူတို့ မမြင်မတွေ့ရသေးပါချေ။

ရှောင်းချူးစွေက ကျောက်စီးယုံကို မေးလိုက်သည်၊

'ညီမ လာချောင်းတဲ့ အချိန်တုန်းကတော့ သူတို့ နေ့တိုင်း လာသလား'

'နေ့တိုင်းတော့ မဟုတ်ဘူး၊ တခါတရံ တပတ်လောက်ခြားပါတယ်၊ ညဘက်ဆိုယင်တော့ သေသေချာချာနားထောင်ယင် မြင်းခွာသံတွေ နှစ်ညခြားတခါလောက် မှန်မှန်ကြားရတယ်'

လမင်းသမီးက မေးလိုက်သည်။

'ဘာလဲ အစ်ကိုက စိတ်ပျက်နေပြီလား'

'စိတ်မပျက်ပါဘူး၊ အကယ်၍ ဒီနေ့မလာယင် နောက်နေ့ ဆက်စောင့်မှာပါ၊ နောက်တနေ့ မလာယင်တော့ ဘာပဲဖြစ်ဖြစ် အုတ်ဂူထဲကို ဆောက်အောင်ဝင်မယ်'

ထန်ယင်းယီက ဝင်၍ ပြောလိုက်လေသည်။

'ကျုပ်သဘော ပြောရမယ်ဆိုယင် ဘာပဲဖြစ်ဖြစ် အုတ်ဂူထဲကို အခုတောင်ဝင်ပြီး တိုက်လိုက်ချင်တယ်'

ထန်ယင်းယီက ထိုသို့ ပြောသည်ကို လမင်းသမီးက ပြုံး၍ လှည့်ကြည့်လိုက်ပြီး တစုံတခုကို ပြောရန် ဟန်ပြင်လိုက်စဉ်....

အဝေးဆီမှ မြင်းခွာသံများကို ကြားလိုက်ရလေသည်။

* * *

မြင်းခွာသံများက သူတို့အနားသို့ တဖြည်းတဖြည်းနှင့် နီးကပ်လာသည်။ သူတို့ငါးဦးစလုံး အသက်ရှူဖို့ပင် မေ့နေကြသည်။ တဦးတယောက်မှ မလှုပ်ရဲပဲ တောလမ်းတခုဆီသို့သာ အာရုံစိုက်၍ကြည့်နေပေသည်။ မကြာမီမှာပင် မြင်းသုံးကောင်ကို သူတို့ မြင်တွေ့လိုက်ရပါသည်။

ရှောင်းချူးစွေနှင့် လမင်းသမီးက သေသေချာချာပင် အကဲခတ် ကြည့်နေ၏။

ကျောက်စီးယုံ ပြောသည့်အတိုင်းပင် မှန်ပေသည်။

မြင်းပေါ်မှ လူသုံးဦးစလုံးမှာ အနက်ရောင် ဝတ်စုံများကို ဝတ်ဆင်ထားပြီး မျက်နှာဖုံးအနက်များကိုလည်း စွပ်ထားကြသေးသည်။





သေးငယ်သော မျက်နှာဖုံး၏ အပေါက်ကလေးများမှသာ သူတို့၏ မျက်လုံးများကို မြင်တွေ့နိုင်ပေသည်။ ထိုလူသုံးယောက် မကြာမီပင် သူတို့ရှေ့မှ ဖြတ်ကျော်သွားကြသည်။

ရှောင်းချူးစွေက ကျောက်စီးယုံအား တိုးတိုး မေးလိုက်လေသည်။

'ဒါဆိုယင် နောက်ထပ်သုံးယောက် လာအုံးမှာ သေချာတာပေါ့ ဟုတ်လား'

ကျောက်စီးယုံက ခေါင်းညိတ်ပြလိုက်လေသည်။

'မကြာခင် လိုက်လာမှာ သေချာတယ်'

ရှောင်းချူးစွေက လူအားလုံးကို လှည့်ကြည့်လိုက်ပြီး...

'ကဲ...ဒါဆိုယင် အစီအစဉ်အတိုင်း အဲ့ဒီ သုံးယောက်စလုံးကို တယောက်မှ မလွတ်စေနဲ့ကြားလား၊ နောက်ပြီးတော့လဲ အချိန်သိပ်ကြာလို့ မဖြစ်ဘူး'

အားလုံးကခေါင်းညိတ်ပြလိုက်ပြီး အဆင်သင့် ပြင်ဆင်လိုက်ကြသည်။

သူတို့ငါးယောက်သည် နှစ်ယောက်ကို လမ်း၏ တဘက်သို့ လွှတ်လိုက်၏။ တစုံတရာကို လူခွဲ၍စောင့်ဆိုင်း နေကြပေသည်။

သူတို့၏ ရင်များသည် တထိတ်ထိတ် ခုန်နေသည်ဟု ထင်ရလေသည်။

အားလုံး၏ မျက်လုံးအစုံတို့မှာ တောလမ်းကလေးကိုသာ မျှော်၍ ကြည့်နေကြပြီး နားများက မြင်းခွာသံများကို အာရုံစိုက်နေကြပေသည်။ တခဏတာသော အချိန်ကာလကိုပင် ကြာရှည်လွန်းသည်ဟု ထင်နေမိကြသည်။

သိပ်ပြီး မကြာလိုက်ပါ။

မြင်းခွာသံများကို ထပ်မံ၍ ကြားလိုက်ပြန်သည်။ မကြာမီပင် မြင်းသုံးကောင်က သူတို့အနီးသို့ ရောက်ရှိလာလေသည်။

လူငါးယောက်က မြင်းသုံးကောင်ရှေ့မှ ထွက်ရပ်လိုက်သည်။ ရှေ့ဆုံးမှ ခေါင်းဆောင်နှင့် တူသော မျက်နှာဖုံးနှင့် လူသည် လူငါးဦးကို မြင်လိုက်သည်နှင့် နောက်ကြောင်းသို့ ပြန်လှည့်ပြေးလေတော့သည်။ သို့သော် ရှောင်းချူးစွေက သူတို့ကို အလွတ်မပေးနိုင်ပါ။

သူ၏လက်ထဲမှ ဓားပါးကလေးကိုပစ်လွှတ်လိုက်တော့သည်။

'အား'

ထိုကဲ့သို့ အော်သံနှင့်အတူ မြင်းပေါ်မှလူသည် အောက်သို့ လိမ့်ကျသွားတော့သည်။ ထိုသူသည် သွေးရူး သွေးတန်းနှင့် ထပြေးသွားပါသော်လည်းရှောင်းချူးစွေက လက်ဝါးစောင်းနှင့် ပြေးခုတ်လိုက်၏။

'ဖုန်း'ဆိုသည့်အသံကြီးနှင့်အတူ ထိုလူမှာပုံလျက်သားလဲကျသွားတော့သည်။ တနေရာ၌တိုက်ခိုက်နေသော အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်မှာ သူတို့၏ခေါင်းဆောင်ကို ရှောင်းချူးစွေက ရိုက်ချလိုက်သဖြင့် လဲကျသွားသည်ကို မြင်ရသောအခါ သူတို့သည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားလေသည်။

ထိုစဉ်မှာပင် တယောက်ကို လမင်းသမီးနှင့် ကျောက်စီးယုံက ချုပ်ကိုင်လိုက်မိပြီး ကျန်တယောက်ကို ထန်ယင်းယိနှင့် ရှေစစ်က ချုပ်ကိုင်ထားလိုက်လေသည်။





သူတို့သည် ထိုလူနှစ်ယောက်၏ မျက်နှာဖုံးကို ဆွဲချွတ်လိုက်လေရာ ကျောက်စီးယုံမှာ ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်သွားလေတော့သည်။

ထိုအချိန်တွင် ရှောင်းချူးစွေ၏ လက်ဝါးစောင်း ဒဏ်ကို ခံလိုက်ရသော မျက်နှာဖုံးစွပ်ခေါင်းဆောင်မှာ လဲကျသွားရာမှ အတင်းရုန်းကန်၍ထလာသဖြင့် ရှောင်းချူးစွေက သူ့ကို သွေးကြောလှမ်းပိတ်လိုက်ရ၏။

ထို့နောက် သူကကမန်းကတန်း ထိုလူ၏မျက်နှာဖုံးကိုဆွဲခွာလိုက်လေရာ ရှောင်းချူးစွေအဖို့ အလွန်အမင်းအံ့အားသင့်သွားလေတော့သည်။ အကြောင်းမှာသူတွေ့လိုက်ရသူကသဌေးကြီးကျောက်ဟန် ဖြစ်နေသောကြောင့်ပင်တည်း။

* * *

ရှောင်းချူးစွေက ကျောက်စီးယုံအားလှမ်းကြည့်လိုက်မိ၏။ ကျောက်စီးယုံနှင့် လမင်းသမီးသည် သူ့ထံသို့ပြေးလွှားလာပေသည်။ ရှောင်းချူးစွေမှာ ရှေ့မှလဲကျနေသောသူကိုတွေ့လိုက်ရသည်နှင့် ကျောက်စီးယုံသည် သူမ၏မျက်နှာအား လက်ဝါးနှစ်ဘက်ကိုအုပ်လျက်

'အဖေ အဖေ၊ ဘယ်လိုဖြစ်တာလဲအဖေရယ်'

သူမ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးတော့သည်။

သဌေးကြီးကျောက်ဟန်မှာ သမီးဖြစ်သူကိုကြည့်ပြီး အလွန်ကြေကွဲစွာဖြင့် ပြောလိုက်လေသည်။

'အဖေ အဖေတို့မှားပါတယ် သမီးရယ်၊ အဖေ့ရဲ့ မိုက်မဲမှုကြောင့် သမီးလေးမျက်နှာငယ်ရတော့မယ်'

ရှောင်းချူးစွေမှာလွန်စွာမှစိတ်မကောင်းဖြစ်သွားလေသည်။

'အချိန်မနှောင်းသေးပါဘူး ဦးရယ်၊ ကျွန်တော်တို့ အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်၊ ကျွန်တော်တို့ သိချင်တာလေးတွေတော့ အမြန်ဆုံးပြောပြပြီး ဦးရဲ့အဝတ်အစားတွေကို ခဏချွတ်ပေးပါ'

သင်္ဘြေးကြီးကျောက်ဟန်က သံဝေဂတရားရစွာဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

* * *

လူသုံးဦးမှာ သွေးကြောမျှားပိတ်ထားခြင်းခံရ၍ တောထဲတွင် ငြိမ်သက်စွာကျန်စွာ ကျန်ရစ်ခဲ့ကြလေသည်။ သူတို့သုံးဦးစလုံးအား သွေးကြောမျှား ပြန်မဖွင့်ပေးသမျှ ကာလပတ်လုံး သူတို့သည် ဤအတိုင်းပင်မလှုပ်မယှက် နေရအုံးမည်ဖြစ်သည်။

မြင်းသုံးကောင်က သူတို့အနားမှ ထွက်ခွာသွားသည်။

မြင်းသုံးကောင်ပေါ်တွင် အဝတ်နက်နှင့်မျက်နှာဖုံးစွပ်ထားသော လူသုံးဦးကပါရှိသွားပေသည်။

ရှေ့ဆုံးမှ ရှောင်းချူးစွေဖြစ်ပြီး နောက်မှ နှစ်ယောက်မှာလမင်းသမီးနှင့် ကျောက်စီးယုံပင် ဖြစ်လေသည်။

ရှောင်းချူးစွေက စိတ်မကောင်းလွန်း၍ ကျောက်စီးယုံအား ဖခင်ကြီးနှင့်အတူနေခဲ့ရန် ပြောသော်လည်း ကျောက်စီးယုံက လက်မခံပဲ—

တရားခံများကို သူမကိုယ်တိုင်ပင် တိုက်ခိုက် ဖမ်းချင်ပါသည်ဟုဆိုသဖြင့် ခေါ်လာခဲ့ရခြင်းဖြစ်လေသည်။





ရွှေစစ်နှင့် ထန်ယင်းယိကလည်း မြင်းသုံးကောင်၏နောက်မှ ပုန်းလျှိုး၍ လိုက်ပါလာသည်။

မကြာမီ မြင်းသုံးကောင်သည် အုတ်ဂူကြီး၏အရှေ့သို့ရောက်ရှိသွားတော့သည်။

ထိုအခါ သိုင်းသမားတဦးက အုတ်ဂူကြီးအတွင်းမှ ထွက်ပေါ်လာပြီး ရှောင်းချူးစွေကို အရိုအသေပြုကာ တံခါးဖွင့်ပေးလိုက်သည်။

ထိုလူကိုကြည့်၍ ရှောင်းချူးစွေက ပြုံးလိုက်မိလေသည်။

'အင်း မင်းတော့ မကြာခင်ပဲ ထန်ယင်းယိနဲ့ တွေ့အုံးမှာပေါ့ကွာ'

ရှောင်းချူးစွေသည် ထိုသို့စဉ်းစားလိုက်ပြီး မြင်းကိုဣန္ဒြေမပျက်ပင် စီး၍ဝင်သွားလေသည်။ သူ့နောက်မှ လမင်းသမီးနှင့် ကျောက်စီးယုံတို့၏မြင်းများကလည်းလိုက်ပါလာကြသည်။

အတွင်း၌ သိုင်းသမားသုံးဦးကို တွေ့မြင်လိုက်ရသည်။

သူတို့သည် ရှေ့ဆုံးမှ မြင်းစီးလာသော ရှောင်းချူးစွေအား အရိုအသေပေးလိုက်ကြ၏။ သူသည် ရှောင်းချူးစွေအား သူတို့၏ ဆရာကြီးဟုပင် ထင်နေကြသည် မဟုတ်ပါလား။

မြင်းသုံးကောင် ရပ်ထားသည့် နေရာကို တွေ့လိုက်ရလေသည်။ ထိုမြင်းသုံးကောင်မှာ စောစောက လူသုံးဦး စီးလာသော မြင်းများပင် ဖြစ်လေသည်။ ရှောင်းချူးစွေ တို့သည် ခပ်တည်တည်နှင့်ပင် ထိုမြင်းများ၏အနားတွင် သူတို့၏ မြင်းများကို ရပ်လိုက်ပြီး ခုန်ဆင်းလိုက်ကြလေသည်။

အစောင့်တယောက်က မြင်းသုံးကောင်အား လာဆွဲ၍

တနေရာတွင် ချည်ထားလိုက်သည်။ သူတို့သုံးဦးသည် တံခါးပေါက်တခုမှ ငုံ့၍ဝင်လိုက်ပြီး ရှေ့တွင်တွေ့ရသော လမ်းအတိုင်း လျှောက်လာကြရာ အခန်းတခုအတွင်း၌ အဘိုးအိုတဦးအား ချုပ်နှောင်ထားသည်ကို တွေ့လိုက်ရလေသည်။

ထိုအချုပ်ခံထားရသော အဘိုးအိုသည် သူတို့သုံးဦးအား တွေ့လိုက်သည်တွင် လှမ်းအော်လေတော့သည်။

'မင်းတို့ ဘာကောင်တွေလဲကွ၊ ငါ့ကို တရားဥပဒေအတိုင်း ရုံးတော်ကို တင်လိုက်ပါလား၊ ဘာလို့ ဒီမှာလာပြီး ချုပ်ထားစရာ လိုသလဲ'

ရှောင်းချူးစွေက ထိုအဘိုးအိုဘက်သို့ မျက်နှာမူ၍ ရပ်လိုက်လေသည်။ သူသည် အဘိုးအိုအား တစုံတခု ပြောမည်ကြံပြီးမှ ဘာမျှမပြောတော့ပဲဆက်၍လျှောက်သွားတော့သည်။

တနေရာအရောက်တွင် အတော်ကျယ်ဝန်းသော ခန်းမတခုကို တွေ့လိုက်ရလေသည်။

ထိုခန်းမထဲတွင် စားပွဲကြီးတခု ရှိနေပေသည်။

စားပွဲ၏ ပတ်ပတ်လည်တွင် ကုလားထိုင်များကို ချခင်းထား၏။ ကုလားထိုင် တလုံးပေါ်တွင် မျက်နှာဖုံးနှင့် လူတယောက်က ထိုင်နေပြီး အခြားနှစ်ယောက်က သူနှင့် ခပ်လှမ်းလှမ်းနေရာတွင် ရပ်နေပေသည်။

ရှောင်းချူးစွေကလည်း သူတို့နှင့် မျက်နှာချင်းဆိုင်နေရာတွင် ဝင်ထိုင်လိုက်လေသည်။

ကျောက်စီးယုံနှင့်လမင်းသမီးက ရှောင်းချူးစွေ၏အနောက်နား၌ ရပ်နေလိုက်ကြသည်။





ရှောင်းချူးစွေက မျက်နှာချင်းဆိုင်မှာထိုင်နေသောသူကို တချက် စူးစိုက်ကြည့်လိုက်သည်။ ထိုင်နေသောသူက လှမ်း၍ ပြောသည်။

'ဦးက တော်တော်နောက်ကျပါလား'

ရှောင်းချူးစွေက အသာအယာခေါင်းညိတ်ပြလိုက်ပြီး

'အင်း....'

ဟု မတိုးမကျယ် ပြောလိုက်လေသည်။

ထိုလူက ဆက်ပြောသည်။

'ရှောင်းချူးစွေကို ကျွန်တော်တို့က အမြန်ဆုံးသတ်ပစ်နိုင်ဖို့ အရေးကြီးတယ်၊ ဒီကောင်သေသွားမှ သူ့အပေါ် အပြစ်တွေ အကုန်လုံးပုံချပြီး ဒီကဟာတွေကို ကျွန်တော်တို့ အမြန်ဆုံး ခွဲယူကြရအောင်'

'အင်း....'

'ဒီမှာ စောင့်ရှောက်ရတဲ့ လူတွေကလဲ နှစ်တွေကြာတော့ မစောင့်ချင်တော့ဘူး၊ သူတို့ကို ထိုက်သင့်သလောက် အမြန်ဆုံး ပေးပါတော့လို့ တောင်းဆိုနေကြပြီ'

ရှောင်းချူးစွေသည် ခေါင်းကို တချက်ညိတ်ပြလိုက်သည်။ ထို့နောက် အသံကို ဖျက်လိုက်ပြီး

'မင်းက ဘယ်လိုလုပ်ချင်သလဲ'

'ရှောင်းပီကိုလဲ သတ်လိုက်ယင် အေးမယ်လို့ ကျွန်တော်ထင်တယ်၊ ဘာလို့လဲဆိုတော့ သူက အထက်အာဏာပိုင်တွေနဲ့ ရင်းနှီးထားတယ်ဆိုတော့ တနေ့ ပြန်ပြီး ပြဿနာ ပေါ်လာနိုင်တယ်'

ရှောင်းချူးစွေက အသာအယာပင် ခေါင်းညိတ်ပြလိုက်လေသည်။

ထိုလူက ဆက်၍ပြော၏။

'ကျွန်တော်တို့ရွှေတွေ ဒီမှာထားတယ်ဆိုတာလဲ ရှောင်းပိက သိနေပြီမို့ တနေ့ သူလွှတ်သွားယင် သူကပြန်ဖော်မှာပဲ၊ အဲဒီလို ပြန်ဖော်ထုတ်ခံရမယ့်အတူတူ သတ်ပစ်တာပဲ ကောင်းတယ်'

ရှောင်းချူးစွေက အသံခပ်ဝါးဝါးနှင့်

'ကောင်းတယ်၊ မင်းအကြံသိပ်ကောင်းတယ်၊ ဒါထက် တို့ပစ္စည်းတွေ ကြည့်ရအောင်'

ထိုလူက ထိုင်ရာမှ ထလိုက်ပြီး တနေရာသို့ လျှောက်သွားသည်။ ရှောင်းချူးစွေကလည်း ခပ်တည်တည်နှင့်ပင် ထလိုက်သွားသည်။

တနေရာသို့ အရောက်တွင် ထိုသူက သော့ခတ်ထားသောတံခါးတခုကို ဖွင့်လိုက်သည်။ တံခါးကြီးမှာ အလွန်ကြီးမားခိုင်ခံ့သောကြောင့် သူ မနည်းအားစိုက်၍ ဖွင့်လိုက်ရသည်။ တံခါးကြီး ပွင့်သွားသည်နှင့် တွင်းတခု ပေါ်လာပေသည်။

ထိုတွင်းထဲသို့ ငုံ့ကြည့်လိုက်သည့် အခါတွင် အလွန်များပြားသော ရွှေတုံးကြီးများကို တွေ့ရှိလိုက်ရပေသည်။ ထိုရွှေတုံးကြီးများကား အခြားမဟုတ်။ ဘုရင့်ဘဏ္ဍာတော်တိုက်မှ ခိုးယူခံလိုက်ရသော ရွှေတုံးကြီးများပင်တည်း။

ရှောင်းချူးစွေက သဘောကျသည့်အသွင်ဖြင့် ခေါင်းညိတ်ပြလိုက်ပြီး ခြေဟန် လက်ဟန်နှင့် ပြန်ပိတ်ခိုင်းလိုက်လေသည်။





ထို့နောက် ရှောင်းချူးစွေသည် ဟန်မပျက် ပြန်လာကာ သူ၏ နေရာ၌ ပြန်၍ ထိုင်လိုက်၏။ ထိုသူကလည်း တံခါးကြီးကို ပြန်ပိတ်လိုက်၏။ ထို့နောက် စားပွဲရှိရာသို့ ပြန်လာကာ သူ၏ ကုလားထိုင်တွင် ဝင်ရောက်၍ ထိုင်လိုက်လေသည်။

ယခုအချိန်အထိ ရှောင်းချူးစွေတို့အတွက် အားလုံး ရှောရှော ရှူရှူပင် ဖြစ်နေသေးသည်။ ယင်းအခိုက်မှာပင် အုတ်ဂူထဲမှ သိုင်းသမားလေးဦးသည် လူနှစ်ယောက်ကို ချုပ်ကိုင်ဖမ်းဆီး၍ ခေါ်ဆောင်လာပေသည်။

ထိုလူနှစ်ယောက်ကလည်း ရုန်းကန်၍ ပြန်လည်ခုခံရန် ကြိုးစားနေပေသည်။ ရှောင်းချူးစွေ၏ ရှေ့မှ လူက လှမ်းပြောလိုက်သည်။

'ဟော့- ဘယ်လို ဖြစ်လာတာလဲ'

'အဲဒီလူနှစ်ယောက်တံခါးစောင့်ကိုသတ်ပြီးဝင်လာပါတယ်'

'ဩော်-ဩော်- လက်စသတ်တော့ ရှောင်းပိအိမ်က လူတွေကိုးကွ၊ မင်းတို့ သေတွင်းမင်းတို့ လာရှာတာပေါ့လေဟုတ်လား'

ရွှေစစ်က အော်လိုက်သည်။

'ခင်ဗျားတို့ ကျုပ်တို့ သခင်ကြီးကို လွှတ်ပေးပါ'

'ဟား ဟား ဟား- သဘောကျဖို့ ကောင်းတယ်ကွာ၊ မင်းတို့ကိုယ် မင်းတို့ ဒီက ပြန်ထွက်လို့ ရတော့မယ်များ ထင်သလား'

ထိုသူက ဤသို့ပြောပြီး ရှောင်းချူးစွေဘက်သို့ လှည့်လိုက်လေသည်။

'ဘယ်လိုလဲ ဦး၊ တခါတည်းပဲ သတ်လိုက်ယင် အေးမယ်နဲ့ တူတယ်'

ရှောင်းချူးစွေသည် သက်ပြင်းတချက်ကို အားလုံး ကြားအောင် ချလိုက်ပြီး၊ ရွှေစစ်နှင့် ထန်းယင်းယိအနားသို့ လျှောက်သွားကာ အကဲခတ်သလို ပုံစံမျိုးနှင့် ကြည့်လိုက်လေသည်။

ရွှေစစ်နှင့် ထန်းယင်းယိ ကလည်း ရှောင်းချူး စွေအား ဒေါသဖြစ်နေသည့် ပုံစံမျိုးနှင့် ပြန်ကြည့်ကာ မထီမဲ့လေးစား လုပ်ပြလိုက်လေသည်။

ရွှေစစ်က ထအော်တော့သည်။

'ခင်ဗျားတို့ ဘယ်သူတွေဆိုတာ ကျုပ် သိတယ်'

ရှောင်းချူးစွေက ဟန်လုပ်၍ ခေါင်းညိတ်ပြလိုက်ပြီး၊ ချုပ်ကိုင်ထားသော လူနှစ်ယောက်အား လှမ်းပြောလိုက်လေသည်။

'ဒီကောင်တွေ ဒီအထိ အတင့်ရဲလာတာတော့ အံ့ဩစရာပဲ၊ ဒါပေမယ့် လွှတ်ပေးထားလိုက်စမ်းပါ၊ ဒီကောင် နှစ်ကောင် မလှုပ်ရဲပါဘူး'

ချုပ်ထားသောသူ နှစ်ယောက်က ရွှေစစ်နှင့် ထန်းယင်းယိအား လွှတ်ပေးလိုက်လေသည်။

ရွှေစစ်နှင့် ထန်ယင်းယိမှာ အချုပ်အနှောင် ကင်းမဲ့သွားပြီ ဖြစ်သော်လည်း မည်သူကိုမျှ မတိုက်ပဲ နေရာ၌ပင် ရပ်မြဲ ရပ်နေကြပေသည်။

ရှောင်းချူးစွေသည် ထိုင်နေသော မျက်နှာ ဖုံးနှင့် လူ၏ အနီးသို့ အသာအယာ လျှောက်သွားကာ....

ရုတ်တရက် ထိုလူ၏ မျက်နှာဖုံးကို ဆွဲချွတ်လိုက်လေသည်။

ထိုအခါ လူဆိုးထိန်း မော့ရဲယီ၏ ရုပ်က ပေါ်ထွက်လာ၏။

* * *





'ဦး ဘယ်လို လုပ်လိုက်တာလဲ'

မော့ရဲယီက အံ့ဩစွာနှင့် လှမ်းအော် မေးလိုက်လေသည်။

အားလုံးကလည်း ရှောင်းချူးစွေ၏ အပြုအမူကို အံ့ဩသလို ကြည့်နေကြပေသည်။ ဂူထဲမှ လူများမှာ သူတို့၏ ခေါင်းဆောင် မျက်နှာဖုံးနှင့် လူများ၏ အတွင်းပင်ကိုယ် ရုပ်ကို တခါမျှ မမြင်ဘူးပေ။

မော့ရဲယီကလည်း ကြက်သေသေ ပြီး ဘာဆက်ပြောရမည် မှန်း မသိ ဖြစ်နေ၏။ ထိုအခိုက် ရှောင်းချူးစွေသည် မော့ရဲယီ၏ နောက်တွင် ရပ်နေသောသူ နှစ်ယောက် မျက်နှာဖုံးကိုလည်း လှမ်းချွတ်လိုက်၏။

မော့ရဲယီ၏ တပည့် အာဏာသားများပင် ဖြစ်လေသည်။

ထိုအခါမှ ရှောင်းချူးစွေက သူ၏ မျက်နှာဖုံးကို ရုတ်တရက် ချွတ်ပြလိုက်ပေရာ မော့ရဲယီမှာ ထိုင်ရာမှပင် ထခုန် လိုက်မိတော့၏။

'ဟင်- မင်း- မင်း- ရှောင်းချူးစွေ'

ရှောင်းချူးစွေက ဟက်ဟက် ပက်ပက် ရယ်မောလိုက်ပြီး၊

'ဟုတ်ပ- ဟုတ်ပ- အဆွေ လက်ဝါးသိုင်းသမားလေ၊ မင်း သိတယ် မဟုတ်လား'

ယင်းအခိုက်မှာပင် ကျောက်စီးယုံနှင့် လမင်းသမီးကလည်း သူတို့၏ မျက်နှာဖုံးများကို ချွတ်ပစ်လိုက်လေသည်။

မော့ရဲယီမှာ ကျောက်စီးယုံအား တွေ့ရှိလိုက်ရသောကြောင့် မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်သွားကာ သွေးရူးသွေးတန်းနှင့် တိုက်ခိုက်လေတော့သည်။

တိုက်ခိုက်သံများမှာ တခန်းလုံး ဆူညံသွားတော့၏။ ရှောင်းချူးစွေက မော့ရဲယီအား တိုက်ခိုက်ယင်းမှ လမင်းသမီးအား လှမ်းပြောလိုက်လေသည်။

'ညီမ- အဖေ့ကို သွား ကယ်ထုတ်ပါ'

လမင်းသမီးက ရှောင်းပီချုပ်ထားရာ အခန်းဆီသို့ ပြေးလွှားသွားတော့သည်။

ရွှေစစ်နှင့်ထန်ယင်းသီတို့ လက်ထဲသို့သည်း ခါးနှစ်သက်က မည်သည့် အချိန်က ရောက်ရှိနေသည် မသိ၊ တခြိမ်းခြိမ်းနှင့် သဲသဲမဲမဲပင် မော့ရဲယီ၏တပည့်များနှင့်တိုက်ခိုက်နေတော့သည်။

ရှောင်းချူးစွေက တိုက်ခိုက်ယင်းမှ မော့ရဲယီအား…

'ခင်ဗျား အေးအေးဆေးဆေးအဖမ်းမခံယင်တော့ အသက်သေရမှာပဲ'

သို့သော် မော့ရဲယီက မနာခံပါ။

'မခံဘူးဟ၊ မခံဘူး၊ အသက်သေသွားပါစေအဖမ်းမခံဘူး'

ဟုသည် ခါးနှစ်သက်ကို ဆုပ်ကိုင်၍ ရှောင်းချူးစွေကို အသေအလဲ တိုက်ခိုက်လေတော့၏။

ယင်းအချိန်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တခုကို တွေ့လိုက်ရသည်။ ထိုအဖြစ်အပျက်မှာ မည်သည့်နေရာကရောက်ရှိလာမှန်း မသိသော ဘုရင့် အာဏာသားများသည် လူဆိုးများအား ဝိုင်းဝန်း တိုက်ခိုက်၍ ဖမ်းဆီးနေခြင်းပင်ဖြစ်သည်။

ပို၍ အံ့သြစရာ ကောင်းနေသည်မှာ ထိုအာဏာသားများအား လမင်းသမီးက ညွှန်ကြားချက်များ ပေးနေသည်ကို တွေ့





ရသဖြင့် ရှောင်းချူးစွေမှာ အလွန်အဖင်းပို၍ အံ့အားသင့်သွားလေတော့သည်။

ရှောင်းချူးစွေသည် မော့ရဲယီ၏ ခါးနှစ်လက်ကို သတိကြီးစွာ ထား၍ ရှောင်တိမ်း တိုက်ခိုက်နေရာမှ ရုတ်တရက် သူ၏ ညာလက်ဝါးကို ယမ်းလိုက်တော့သည်။

'ဘုန်း'

အဆွေးလက်ဝါး မိသွားလေပြီ။

မော့ရဲယီ ပုံလျက်သား လဲသွား၏။ လဲကျသွားသော မော့ရဲယီကို အာဏာသားနှစ်ဦးက ဖမ်း၍ ချုပ်ကိုင်လိုက်သည်။ မကြာမီအုတ်လိုဏ်ဂူတွင်ပြန်လည် တိတ်ဆိတ်သွားတော့သည်။

လမင်းသမီးသည် သဒ္ဓေးကြီး ရှောင်းပီကိုလည်း ကောင်းမွန်စွာပင် ခေါ်ထုတ်ထားနိုင်ခဲ့ပြီ ဖြစ်သည်။

လမင်းသမီးသည် မော့ရဲယီ၏ ရှေ့တွင်ရပ်လိုက်ပြီး…

'ရှင့်အစား ကျွန်မရှက်တယ်၊ ကျွန်မ ဘယ်သူလဲဆိုတာ ကော ရှင်သိရဲ့လား၊ ဒီနယ်တပိုက်မှာ ရွှေခိုးဂိုဏ်း ရှိပါတယ်လို့ သတင်းရထားပြီး နှစ်ပေါင်းများစွာ ကြာအောင် စုံစမ်းနေတဲ့ ရှင့်လိုပဲ လူဆိုးထိန်း လမင်းသမီးဆိုတာ မှတ်ထားပါ'

လမင်းသမီးလေးက သူ၏အာဏာသားများကို ဆက်လက်ညွှန်ကြားမှုများ ပေးနေသည်။ ရှောင်းချူးစွေ နားလည်သဘောပေါက်သွားပါပြီ။ လက်စသတ်တော့ လူဆိုးထိန်းမလေး လမင်းသမီး။

လမင်းသမီးကလေး လူဆိုးထိန်း။

* * *

(၁၅)

## ချီးကျူးဂုဏ်ပြုသည့်ပွဲ

**စန်းစိမ်တမြို့လုံး…**

အုတ်အုတ်ကျက်ကျက် ဖြစ်သွားတော့သည်။

တမြို့လုံးက အထင်ကြီး လေးစားလျက်ရှိသော သဌေးကြီး ကျောက်ဟန်နှင့် လူဆိုးထိန်း မေ့ရဲယီသည် ဘုရင့်ဘဏ္ဍာတော်တိုက်မှ ရွှေတုံးများ ဖောက်ယူသည့် တရားခံများ ဖြစ်ကြောင်း အခိုင်အမာ ထုတ်ပြန် ကြေငြာလိုက်ခြင်းကြောင့်ပင်ဖြစ်သည်။

ထို့ပြင် တရားခံဟု သတ်မှတ်ထားခြင်းခံရသည့်…

သဌေးကြီး ရှောင်းပိမှာလည်း အထင်လွဲခံရသူသာ ဖြစ်ပြီး လူဆိုးများလက်မှ ပြန်လည် လွတ်မြောက်လာသည်။

ငုဝါရွှေခိုးသည့် တရားခံများကိုလည်း—





အဆွေးလက်ဝါး သိုင်းသမားနှင့် လူဆိုးထိန်းမလေး လမင်းသမီးက ဖြိုခွင်းဖော်ထုတ်လိုက်ခြင်း ဖြစ်သည်ဟူသော သတင်းများမှာ တမြို့လုံးသို့ ပျံ့နှံ့သွားတော့သည်။

ယခုအခါ… တမြို့လုံး တနယ်လုံးပင်မက…

နေပြည်တော်အထိ ထိုသတင်းသည် ပေါက်ရောက်သွားပြီး မြို့တော်ဝန်ကြီးကိုယ်တိုင် စန်းစိမ်မြို့သို့ လာရောက်၍…

လူဆိုးထိန်း လမင်းသမီးအား ရာထူးများ တိုးတက်ပေးကာ ဆုလာဘ်များစွာကိုလည်း ချီးမြှင့်လေသည်။

ထို့ပြင် ထိုကိစ္စကို စွမ်းစွမ်းတမံ ကြိုးစား ဖော်ထုတ်ပေးသည့် သူရဲကောင်းကလေး အဆွေးလက်ဝါး သိုင်းသမား ရှောင်းချူးစွေနှင့် ၎င်းနှင့်အတူ လိုက်ပါ ဆောင်ရွက်သည့် တရားခံ၏ သမီးဖြစ်သူ ကျောက်စီးယုံတို့အား လည်းကောင်း နာမည်ကောင်းလက်မှတ်နှင့် ဆုငွေများကို ပေးကမ်းချီးမြှင့်လေသည်။

ကျောက်စီးယုံမှာ နာမည်ကောင်းလက်မှတ်နှင့် ဆုငွေပင် ရရှိသော်လည်း ဖခင်အား ပြန်လည် ဖမ်းဆီးရသူဖြစ်နေ၍ စိတ်မကောင်းဖြစ်ကာ ငိုယို၍ နေပေသည်။

မြို့တော်ဝန်ကပင် သူမကို အားပေးစကားများ ပြောကြားသွား၏။

"ကိုယ့်မိဘက လူမိုက်နဲ့ ပေါင်းမိလို့ လမ်းမှားကို ရောက်ခဲ့ပေမယ့် သားသမီးကတော့ တိုင်းပြည်ရဲ့ သူရဲကောင်း ဖြစ်တယ်ဆိုတာ ဂုဏ်ယူပါ သမီးရယ်၊ ဒီကိစ္စမှာ သမီး ဝမ်းနည်းစရာ ဘာမှမလိုဘူး ဝမ်းသာ ဂုဏ်ယူစရာပါ"

မြို့တော်ဝန်နှင့်တကွ အားလုံးက သူမကို သနားကြင်နာစွာ ဖေးမပြောဆိုခဲ့သော်လည်း တနေ့မှ စိတ်မကောင်းခဲ့ပါ။ မိုက်မဲလွန်းခဲ့သော ဖခင်အတွက်သည်း ဝမ်းနည်းမဆုံ ဖြစ်ခဲ့ရသည်။

ထိုအထဲတွင် ယနေ့ ရှောင်းဂေဟာမှ ထမင်းစားပွဲကို ဆက်ဆက်တက်ရောက်ပါရန် ဖိတ်ကြားထားသဖြင့် ကျောက်စီးယုံမှာ သွားရကောင်းနိုးနိုး၊ မသွားရ ကောင်းနိုးနိုးဖြင့် ဝေခွဲမရအောင် ဖြစ်နေပေသည်။

သူမ မသွားချင်ပါ။ သူမဖခင်၏ လုပ်ရပ်များကို ရှက်နေသောကြောင့် ဖြစ်သည်။သို့သော် ရှောင်းချူးစွေ၏ အတန်တန်အားပေး ဖိတ်ခေါ်မှုအား ငြင်းပယ်ရန်လည်း အခက် ဖြစ်နေပေသည်။

ထို့ကြောင့် သူမက ဆုံးဖြတ်ချက်တခုကိုချလိုက်လေသည်။

'အင်း မျက်နှာငယ်ငယ်နဲ့ပဲ သွားရမှာပေါ့လေ'

* * *

သဋ္ဌေးကြီး ရှောင်းပိနှင့်

သဋ္ဌေးကတော် ကျူးဝေတို့မှာ သားအတွက် ဂုဏ်ယူမဆုံး တပြုံးပြုံး ဖြစ်နေကြပေသည်။ သူတို့၏ ထမင်းစားပွဲမှာ ထူးထူးထွေထွေ လူများ မပါပါ။

တာဝန် ပြီးဆုံးပြီဖြစ်သဖြင့် ကိုယ့်မြို့ကိုယ့်ရွာသို့ ပြန်ရန်ဖြစ်သော်လည်း ရှောင်းပိက တားထားသဖြင့် မပြန်ဖြစ်သေးသော လမင်းသမီး၊ နောက် ကျောက်စီးယုံ၊ထန်ယင်းသိ၊ရွှေစစ်နှင့် သူ၏အိမ်သားများသာ ပါဝင်လေသည်။

သူတို့အားလုံး ပျော်ပျော်ပါးပါးစားသောက်နေကြသော်





လည်း ကျောက်စီးယုံ၏ မျက်နှာမှာ သိပ်ပြီး မသာယာလှပါ။ သူမမှာ ယခုတိုင် ဝမ်းနည်းမဆုံးပင် ရှိနေသေးသည်။

သဋ္ဌေးကြီးရှောင်းပိနှင့် ကျူးဝေက အမျိုးမျိုး အားပေးစကား ပြောကြားလေသည်။ လမင်းသမီးလေးနှင့် ရှောင်းချူးစွေကလည်း ဝင်အားပေးသည်။ ထိုအခါမှ ကျောက်စီးယုံမှာ မျက်နှာကလေး အနည်းငယ် ပြုံးရွှင်လာကာ ရယ်ရယ်မောမောနှင့် ဖြစ်လာသည်။

လမင်းသမီးလေးကတော့ ကျောက်စီးယုံ၏ဘဝကို လွန်စွာမှ သနားသွားမိသည်။ သူမက မိန်းမသားချင်း ကိုယ်ချင်းစာနာကာ အမျိုးမျိုး အားပေးစကား ပြောကြား လေသည်။ ကျောက်စီးယုံ၏မျက်နှာ ပြုံးရွှင်ရယ်မောလာတော့မှ အားလုံး စိတ်ချမ်းသာ သွားကြသည်။

ရွှေစစ်နှင့် ထန်ယင်းသိကလည်း နောက်ယင်းပြောင်ယင်း ကျီစယ်ပြောဆိုနေကြသောကြောင့်

ရှောင်းဂေဟာ၏ ထမင်းစားပွဲမှာ စိုစိုပြည်ပြည်နှင့်ပင် ပြီးဆုံးသွားတော့သည်။ ထမင်းစားပွဲ ပြီးဆုံးသွားသောအခါတွင် သဋ္ဌေးကြီးရှောင်းပိက နှုတ်ဆက်စကား ပြောကြားလေသည်။

ရှေးဦးစွာ ကျောက်စီးယုံအား ပြောကြားလေသည်။

'ကျောက်စီးယုံ၊ သမီးက ဒီမြို့မှာနေတဲ့လူဆိုတော့ အိမ်ကို အယင်ကလိုပဲ အမြဲမပြတ် ဝင်ထွက်သွားလာပါ'

ကျောက်စီးယုံက ခေါင်းညိတ်ပြ၏။

'ဟုတ်ကဲ့'

'နောက်ပြီး ဘာကိစ္စမဆို ရှောင်းချူးစွေနဲ့ တိုင်တိုင်ပင်ပင်နေပြီး စည်းစည်းလုံးလုံး ဆောင်ရွက်ကြပါ'

'ဟုတ်ကဲ့ ဦးလေး'

ထို့နောက် ရှောင်းပိက လမင်းသမီးလေးဘက် သို့လည်းလှည့်၍ မှာကြားသည်။

'သမီးကလဲ မကြာမကြာ ဦးတို့ဆီကို လာလည်ပါလို့ ဖိတ်ခေါ်ပါရစေ၊ သမီးရဲ့ကျေးဇူးတွေ အများကြီး ရှိတဲ့အတွက် တနေ့ ဦးက ပြန်ပြီး ကျေးဇူးပြုချင်ပါတယ်'

လမင်းသမီးလေးက လှပစွာပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့၊ သမီး မကြာခဏ လာလည်ပါ့မယ်'

သို့နှင့်ပင် ရှောင်းဂေဟာ၏ ထမင်းစားပွဲနှင့် နှုတ်ဆက်ပွဲကြီးမှာ အောင်မြင်စွာနှင့် ပြီးဆုံးသွားပြီ ဖြစ်လေသည်။

* * *

ရှောင်းချူးစွေက လမင်းသမီးလေးအား လိုက်ပို့သည်။

လိုက်ပို့ရာမှ သူတို့တွေ့ဆုံနေကြ နေရာကလေးကို ရောက်ရှိလာကြလေသည်။

လမင်းသမီးက ပြောလိုက်သည်။

'ကဲ....အစ်ကို လူဆိုးထိန်းဆိုယင် သိပ်မုန်းတယ်ဆို၊ အခုကျွန်မဟာ လူဆိုးထိန်း တယောက် ဖြစ်နေပြီလေ၊ ညီမကို အယင်ကလို ချစ်နိုင်ပါအုံးမလား၊ ဒါမှမဟုတ် မုန်းသွားပြီလားဟင်'

'အစ်ကိုမုန်းတာက ယောကျ်ား လူဆိုးထိန်း တွေကိုပါ၊ အစ်ကို ပြောခဲ့ဖူးတယ် မဟုတ်လား၊ ညီမသာ လူဆိုးထိန်း





ဖြစ်ယင် အစ်ကိုက အမြဲတမ်း လူဆိုးကလေးလုပ်နေမယ်ဆိုတာလေ'

လမင်းသမီးက မျက်စောင်းလှလှကလေးတချက် ထိုးလိုက်လေသည်။

'အစ်ကို့မိဘတွေဟာ ညီမကို လက်ခံနိုင်တဲ့အဆင့် ရှိပါ့မလားဟင်'

ရှောင်းချူးစွေက

'အစ်ကို့မိဘတွေက ညီမကို ဘယ်လိုအကျိုးကျေးဇူးဆပ်ရမလဲလို့ စဉ်းစားနေတာ'

'ဘာကြောင့် လက်မခံနိုင်ရမှာလဲ၊ အစ်ကိုအခုပြောပေးရမလား'

လမင်းသမီးက လက်ဝါးကလေး ဆီးကာလိုက်လေသည်။

'မပြောပါနဲ့အုံး၊ ညီမမှာ လုပ်စရာကိုင်စရာတာဝန်ကလေးတွေ နည်းနည်းရှိနေသေးလို့ မကြာခင် ပြန်လာတဲ့အခါကျမှပဲ စီစဉ်တာပေါ့နော်'

ရှောင်းချူးစွေက ကလေးဆိုးတဦးပမာ လေသံနှင့်ပြောလိုက်သည်။

'အစ်ကိုက လက်ထပ်မယ်ဆိုယင် ညီမကအမြဲတမ်း အချိန်ဆွဲနေတာပဲ၊ ဘယ်လောက်ကြာကြာစောင့်ရမှာလဲ'

'ညီမ မကြာခင်ပြန်လာခဲ့မယ်လို့ ကတိပေးထားတယ်မဟုတ်လား၊ သိပ်မကြာစေရပါဘူး၊ ဒီကြားထဲမှာ အစ်ကိုကသာ....'

သူမက စကားကိုဖြတ်ထားလိုက်သဖြင့်

'အစ်ကိုကသာ ဘာဖြစ်သလဲ ပြောစမ်းပါအုံး'

လမင်းသမီးသည် မခို့တရို့လေး ပြုံးပြီး

'ကျောက်စီးယုံက လှလဲလှတယ်၊ သနားစရာလဲ ကောင်းတယ် အစ်ကိုရယ်'

ရှောင်းချူးစွေ၏ မျက်လုံးများက ဝိုင်းသွားတော့သည်။

'သူ့ဟာသူလှတာ ဘာဖြစ်သလဲ၊ ဒီမှာညီမ အစ်ကိုဟာ လောကမှာ ညီမတယောက်ကလွဲပြီး ဘယ်သူ့ကိုမှမချစ်နိုင်ဘူး ဆိုတာ သိထားပါ'

လမင်းသမီးက လျှာကလေးထုတ်ပြ၍

'အလကားပြောတာပါအစ်ကိုရယ်၊ ဒါပေမယ့် ကျောက်စီးယုံဟာ သူ့ဖခင်အတွက် မျက်နှာငယ်နေရရှာတာတော့ အမှန်ပဲ၊ ညီမတော့ မိန်းမသားချင်း ကိုယ်ချင်းစာပြီး သူ့ကို သိပ် သနားတာပဲအစ်ကိုရယ်'

ရှောင်းချူးစွေကလည်း ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ် သူ့ဘဝကသနားစရာပါပဲ'

ရှောင်းချူးစွေသည် ထိုသို့ပြောနေရာမှ တစုံတခုကိုသတိ ရသွားပြီး

'ဒါထက် ညီမ တောင်ပေါ်မှာတုန်းက အစ်ကို့အတွက် ကြောင့် သေဆုံးသွားရတဲ့ မုတ်ဆိတ်မွေးတွေနဲ့ ကြေးစားဟာ ညီမနဲ့ ဘယ်လိုပတ်သက်သလဲဟင်'

လမင်းသမီးက မျက်ခမှောင်ကြုတ်လိုက်လေသည်။

'အစ်ကိုက ဒါကိုမမေ့ပဲကိုး၊ သူနဲ့ညီမ ဘယ်လိုမှ မပတ်သက်ပါဘူး၊ သူ့ကို သိဘူးတဲ့ လူတယောက်မို့ ဝမ်းနည်းမိ တာပဲရှိတာပါ'





ရှောင်းချူးစွေက လမင်းသမီး၏ လက်မောင်းတဘက်ကို အသာအယာဆုပ်ကိုင်လိုက်ပြီး

'ညီမ မညာနဲ့နော် ညီမရဲ့ချစ်သူများဖြစ်နေယင်'

လမင်းသမီးက ဒေါသကလေးဖြင့်

'အစ်ကိုနော်'

'စိတ်မဆိုးပါနဲ့ညီမရယ်၊ အစ်ကိုကချစ်လို့ ကျီစယ်တာပါ'

လမင်းသမီးသည် ရှောင်းချူးစွေ၏ရင်ဘတ်အား အသာ အယာ ထုလိုက်လေသည်။

ချစ်သူနှစ်ဦးရယ်မောသံများက ပတ်ဝန်းကျင် တခုလုံးသို့ ပျံ့လွင့်၍သွားပါတော့သည်။

* * *

နွေ…သစ်ရွက်ရော်ဝါတို့က လေအလှုပ်မှာ တဖြုတ်ဖြုတ် ကြွေကာ မြေသို့သက်ဆင်းနေကြရှာသည်။ အကျည်းတန်သစ် ခြောက်ပင်အိုတို့ကပူပြင်းလှသော နွေ၏သရုပ်ကို ပီပြင်စွာဖော် ဆောင်နေကြသည့်နှယ်။

ထိုနွေ၏အပူဒဏ်ကို လူသားများသည်လည်း အလူးအလဲ ခံစားနေကြရသည်။ ကြီးမားသောအိမ်ကြီးတအိမ်၏ အတွင်းမှ အသက်ငါးဆယ်ကျော်၍ ခြောက်ဆယ်နီးပြီဖြစ်သော လူကြီး တယောက်မှာ နွေ၏ပူလောင်မှုကြောင့် ယပ်တောင်တချောင်း နှင့် အလုပ်ရှုပ်နေပေသည်။ သူသည် ယပ်တောင်ကို မပြတ်တမ်း ခတ်နေသော်လည်း ပူလောင်မှုဒဏ်က သက်သာသွားသည်ဟု မထင်မိပေ။

အမှန်စင်စစ် ထိုသူအတွက်တော့ အပြင်ကအပူထက် ဝမ်း

တွင်းကအပူမှာ ပို၍ဆိုးနေပုံရလေသည်။ ဝမ်းထဲရင်ထဲမှပူလောင်မှုသည် ယပ်တောင်ခတ်နေ၍လည်း အ ကျိုး ထူး လာ မည်မဟုတ်ပါ။

ထိုသူကား အခြားသူမဟုတ်ပေ။

စွမ်းချင်းချူပင် ဖြစ်လေတော့သည်။

သူ၏ရင်ထဲ၌ ပူလောင်ပြင်းပြစွာ စွဲလန်းနေသော အစွဲတခုမှာ…

သူ၏ ဝတ္တရားအတိုင်း စိန်ခေါ်ရမည့်အချိန်သည် ၁၀ရက်သာလိုတော့သည် မဟုတ်ပါလား။ သူသည်တဘက်မှ ပေးပို့လာသည့် စာကိုပြန်၍ကြည့်လိုက်သည်။ ထိုစာမှာ သူ၏စိတ်ကိုပို၍လှုပ်ရှားလာသည်ထက် လှုပ်ရှားအောင် နှိုးဆွပေးလိုက်သည်နှင့်ပင် တူသွားတော့သည်။

စန်းစိမ်မြို့မှာရှိသည့် ငါ၏သားသည်—

တဘက်လူကစိန်ခေါ်လာမည်ကို သတ္တိရှိစွာဖြင့် စောင့်စားနေပေသည်။

ရှောင်းပီ။

စွမ်းချင်းချူကစဉ်းစားလိုက်သည်။

'အင်း မင်းရဲ့သားက သတ္တိရှိစွာနဲ့စောင့်ဆိုင်းနေလို့မှငါကပြန်စိန်မခေါ်ရဲယင် ငါ့တူမလေးဟာ လောကကြီးမှာနေဖို့တောင် မကောင်းတော့ဘူးကွ'

စွမ်းချင်းချူသည် တယောက်တည်း ကြုံးဝါးနေပေသည်။

'အင်း ရှောင်းပီရေ မင်းရဲ့သားကို ငါ့တူမကြီးက ရာဇဝင်ကြေး လာဆပ်ပါလိမ့်မယ်ကွာ'





စွမ်းချင်းချူသည် ထိုသို့သာကြိမ်းဝါးရသည်။ အမှန်တကယ်မှာတော့ သူ၏ရင်မှာပူလောင်နေပေသည်။

သစ်ရွက်တွေကြွေ၍ စမ်းရေတွေခမ်းသော နွေကြောင့်မဟုတ်။

သူ၏ရင်တွင်း၌ ပူလောင်နေသည့် မီးကြောင့်ပင် ဖြစ်လေသည်။

သူက တွေးမိသည်။

ရှောင်းပီ၏သားသည် မည်မျှအစွမ်းထက်နေသနည်း။

အကယ်၍များ…

ရှောင်းပီ၏သားက သူ့တူမလေး စွမ်းစွမ်းထက်သိုင်းပညာသာလွန်နေပါလျှင် သူ၏တူမလေးသည် စွမ်းချင်းချူမှာ ဆက်မတွေ့ရဲတော့ပါ။

သူတို့လူကြီးချင်း စိန်ခေါ်ခဲ့သည့်ကိစ္စသည် သားသမီးတူမများပင် မနေရတော့ပါကလားဟူ၍လည်း စဉ်းစားမိပြန်လေသည်။

ထိုသို့စဉ်းစားမိပြန်တော့လည်း…

စွမ်းချင်းချူမှာ စိတ်မကောင်းနိုင်ပေ။

သူ၏ရင်ထဲမှအပူမီးသည်လည်း လောင်မြိုက်ဆဲပင် ဖြစ်လေသည်။

အကယ်၍များ....

သူ၏တူမလေးစွမ်းစွမ်းသည် ရှုံးနိမ့်ခဲ့ပါက…

စွမ်းချင်းချူက သက်ပြင်းတချက်ကိုရှည်လျားစွာ ချလိုက်ပေသည်။

တကယ်လို့များ စွမ်းစွမ်းသည် ရှောင်းပီ၏သားနှင့် ယှဉ်ပြိုင်တိုက်ခိုက်သည့်ပွဲ၌ ရှုံးနိမ့်ခဲ့သည်ဖြစ်စေ—

အောင်နိုင်ခဲ့သည်ဖြစ်စေ နောက်တခါ စိန်ခေါ်မည့်သူမှာ ရှောင်းပီ၏အလှည့်ပင်ဖြစ်တော့သည်။

ဤသို့သာဆိုပါလျှင် ထိုစိန်ခေါ်ပွဲသံသရာသည် ပြီးဆုံးတော့မည်လော။

သို့သော် မတတ်နိုင်ပါ။ နောင်လာမည့်ပြဿနာကိုနောက်မှပင်ကြည့်ရှင်းတော့မည်။

ယခုပြဿနာကအရေးကြီးနေ၏၊

ထို့ကြောင့် သူသည် သူ၏ပြဿနာကို ရင်ထဲ၌ပူလောင်စွာ မထားနိုင်တော့ပဲ စွမ်းစွမ်းအားလှမ်းခေါ်လိုက်ပေတော့သည်။

စွမ်းစွမ်းက ဝမ်းသာအားရပင် သူ၏ဘဘထံသို့ ပြေးလာပေသည်။

'ဘဘ ဘာပြောစရာရှိလို့လဲဟင်'

စွမ်းချင်းချူသည် စဉ်းစားတွေးတောနေရာမှ

'ဘဘ သမီးကိုပြောရမယ့်အချိန်ရောက်လာပြီ'

'ဘာများလဲဘဘရယ် ပြောပါ'

စွမ်းချင်းချူက သက်ပြင်းတချက်ချလိုက်ကာ

'သမီးလေး အခုဆိုယင် ရာထူးတွေလဲတိုးတက်နေပြီနော်'

'ဟုတ်ပါတယ်ဘဘ၊ ရွှေတုံးပျောက်တဲ့ကိစ္စတွေကိုတရားခံဖော်ထုတ်ပေးနိုင်ခဲ့လို့ အထက်အရာရှိတွေက ရာထူးလဲ တိုးပေးတယ်၊ ဆုငွေတွေလဲပေးတာ မနည်းဘူးလေ၊ ဒါတွေကို ဘဘ အကုန်သိနေသားပဲ။ ဘာလို့မေးရတာလဲ'





'အကြောင်းရှိလို့ပေါ့သမီးရယ်'

စွမ်းစွမ်းက ပြုံးကြောင်ကြောင်နှင့် လှမ်းကြည့်သည်၊ သူမ၏ အဘသည် အဘယ်သောအကြောင်းကိစ္စ ယခုလို မျက်နှာမသာမယာနှင့် ဖြစ်ရသည်ကိုလည်း သူမစဉ်းစား၍မရ။

'ပြောပ ဘဘ သမီးနားထောင်နေပါတယ်'

စွမ်းချင်းချူသည် သက်ပြင်းတခုကိုလေးပင်စွာချလျက်မှ

'သမီးမှာ ဘယ်သူ့ကိုမဆို ယှဉ်ပြိုင်တိုက်ခိုက်နိုင်တဲ့ အရည်အချင်းကရှိနေပြီ မဟုတ်လားသမီး'

စွမ်းစွမ်းက စဉ်းစဉ်းစားစား ဖြင့်ပင် ခေါင်းညိတ်ပြလိုက်လေသည်။

'သမီးယှဉ်ပြိုင်ရဲပါတယ်ဘဘ၊ ဒါပေမယ့် သမီးထက် ထက်မြက်တဲ့ သိုင်းပညာရှင်ဆိုတာ လောကမှာ အများကြီးရှိပါလိမ့်အုံးမယ်၊ သမီးကိုယ်သမီး တတ်လှပြီလို့တော့ မပြောရဲပါဘူး'

စွမ်းချင်းချူက ခေါင်းညိတ်ပြလိုက်သည်။

'သမီးပြောတာ အင်မတန်မှန်ကန်တဲ့စကားပါ၊ ဘဘမေးတာကလဲ သမီးမှာ လူ့ဘဝယောက်အတွက်အရေးအကြီးဆုံးဖြစ်တဲ့ ကိုယ့်ကိုယ်ကိုအားကိုးတဲ့စိတ် ရှိပြီလားလို့မေးတာပါ'

'ဟုတ်ကဲ့ ရှိပါတယ်'

စွမ်းချင်းချူသည် တစုံတခုအား စဉ်းစား၍

'သမီး ရွှေခိုးတဲ့ တရားခံတွေကို ရှာဖွေ ဖော်ထုတ်ခဲ့တာ စန်းစိမ်မြို့မှာနော်'

'ဟုတ်ပါတယ် ဘဘ'

'သမီးက ဘာဖြစ်လို့ လမင်းသမီးဆိုတဲ့ဘွဲ့ကိုပေးခဲ့တာလဲ'

စွမ်းစွမ်းက သူ့အကြောင်းသူတွေး၍ ပြုံးလိုက်မိပေသည်။

'သမီးက လျှို့ဝှက်ပြီး ထောက်လှမ်းရလေတော့ နာမည်အမှန်ကို ဘယ်ပြောလို့ဖြစ်ပါ့မလဲအဘရဲ့၊ ဒါကြောင့် လမင်းသမီးဆိုပြီး အဲဒီမှာ လှည့်လည်စုံစမ်းနေရတာပေါ့'

စွမ်းချင်ချူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပြီ၊ ဒါဖြင့် သမီးစုံစမ်းခဲ့ပုံ အကြောင်းကလေးတွေ ဘဘကို ပြောပြစမ်းပါ၊ ဘဘနားထောင်ချင်လို့'

စွမ်းစွမ်းသည်

သူမ ကျင်လည်နေခဲ့သည့် အဖြစ်အပျက် မျိုးစုံကို တခုမကျန် ပြောပြလေသည်။

စွမ်းစွမ်းပြောမပြသည့်အချက်မှာ တချက်သာ ရှိလေသည်။

ယင်းတချက်မှာ

ရှောင်းချူးစေ့နှင့် သူမသည် သမီးရည်းစား ဖြစ်ခဲ့သည်ဆိုသော အကြောင်းပင် ဖြစ်လေသည်။

ထိုအကြောင်းကိုတော့ သူမ ထည့်မပြောပဲ

ခင်မင်ပြီး သိုင်းပညာ သင်ကြားခဲ့သည့် မိတ်ဆွေတယောက်အနေနှင့်သာ ပြောပြပြီး

ရှောင်းချူးစေ့၏ နာမည်ကျော်ကြားပုံနှင့်

သူ၏ အဆွေးလက်ဝါး သိုင်းပညာ ထက်မြက်ပုံ များကို ပြောပြလိုက်ပေရာ

စွမ်းချင်ချူသည် မျက်လုံးအပြူးသားဖြင့် နားထောင်နေမိပေတော့သည်။





ထိုသို့ နားထောင် နေရာမှ စွမ်းချင်ချူ၏ မျက်နှာမှာ ချက်ချင်းဆိုသလိုပင် ညှိုးလျော်၍ သွားပေတော့သည်။

ဤအချက်ကို စွမ်းစွမ်း ဂရုမပြုမိ။

စွမ်းချင်ချူကလည်း ဆက်လက်၍ နားထောင်နေပြီး ဘာတခွန်းမှ ဝင်မပြောသေးပါ။

မုတ်ဆိတ်မွေး ဗရပျစ်နှင့်သူ၏ အကြောင်းကို စွမ်းစွမ်းက ပြောပြသောအခါတွင် စွမ်းချင်ချူက တောက်တချက်ကို ပြင်းထန်စွာ ခေါက်၍

'ဒီကောင်ရဲ့ဘဝဟာ ဒီလောက်တောင်ပဲ ပျက်စီးသွားရသလား'

စွမ်းစွမ်းက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ်ဘဘ၊ ပထမတော့ သမီးမယုံသေး ပါဘူး၊ ဒါပေမယ့် သူဟာ ကြေးစားလူသတ်သမားအဖြစ်နဲ့ ဝင်တိုက်တော့မှပဲ သမီးလဲ သူ့ကို အံ့ဩသွားမိတယ်'

စွမ်းချင်ချူသည် သက်ပြင်းတချက်ကို ချလိုက်ပြီး

'အင်း…ချမ်းသာတဲ့ သားသမီးတွေဟာ အများအားဖြင့်တော့ ကိုယ်လုပ်ချင်ရာတွေကို လုပ်သွားပြီး ဘဝပျက်ခါသွားတတ်ကြတာပဲ၊ ဝမ်းရှင်းဟာ သမီးကို ချစ်ရေးဆိုလို့ မရတော့ ပညာသင်ချင်တဲ့စိတ်လဲ မရှိတော့ပဲ လမ်းမှားကိုရောက်သွားရရှာတာပေါ့ကွယ်၊ သိပ်မိုက်တဲ့သူငယ်ပါလားကွယ်'

'ဟုတ်ပါတယ်ဘဘ၊ သူ့ဘဝကိုသမီးမြင်ရပြီး စိတ်မကောင်းဖြစ်မိပါတယ်'

စွမ်းချင်ချူသည် အတန်ကြာအောင်ပင် စဉ်းစား တွေး တော ယင်းမှ

'ကဲ…ဒီကိစ္စတွေကို ခဏထားလိုက်ပါအုံး သမီးရယ်၊ အခု ဘဘ အရေးတကြီး ပြောချင်တဲ့ကိစ္စက သမီးကို တချိန်တုန်းက ဘဘပြောထားတဲ့စကားတွေကို မှတ်မိသေးသလား'

စွမ်းစွမ်းက ခဏကြာမျှ စဉ်းစားပြီး

'သမီးက စိန်ခေါ်ရမယ်ဆိုတဲ့ ကိစ္စလား'

'ဟုတ်တယ် သမီး'

'အချိန်ကျလာပြီလား'

'ဆယ်ရက်ပဲ လိုတော့တယ်'

'ဘယ်သူဘယ်ဝါဆိုတာ သမီး မသိရသေးဘူးလားဘဘ'

'သိရမှာပေါ့ကွာ၊ ဒါပေမယ့် သမီးကို ဘဘက ပြောစရာ ရှိသေးတယ်'

'ဘာများလဲ ဘဘ'

'ဘာ့ကြောင့် စိန်ခေါ်ရတယ်ဆိုတဲ့ အကြောင်းကိုပဲ၊ ဒီ အကြောင်းကိုတော့ စိန်ခေါ်ရမယ့်လူတယောက်အနေနဲ့ သမီး သိထားသင့်တယ်'

'ဟုတ်ပါတယ်ဘဘ၊ ပြောပြနိုင်မယ်ဆိုယင် ပြောပြပေါ့'

စွမ်းချင်ချူသည်

စွမ်းစွမ်းအားကြည့်၍ တစုံတခုကို မေးလိုက်လေသည်။

'သမီးအနေနဲ့ ကိုယ့်ရဲ့ အပြစ်လုံးဝမရှိတဲ့ သမီးရဲ့ဖခင်ကြီးကို သတ်သွားတဲ့ လူတယောက်အပေါ် ပြန်ပြီး ကလဲ့စား မချေ ချင်ဘူးလား'





စွမ်းစွမ်းက ထခုန်လိုက်လေသည်။

'ဟင် ဘယ်လိုဘဘ၊ သမီးရဲ့ဖေဖေဟာအသတ်ခံရပြီး သေ ဆုံးသွားတာ ဟုတ်လား'

'ဘဘအယင်တုန်းကပြောခဲ့တာက ဖေဖေဟာ ရိုးရိုးပဲသေ ဆုံးသွားတာဆို'

'ဟိုတုန်းကတော့ သမီးကငယ်တုန်းဆိုတော့ ဘဘကမပြော ခဲ့ဘူးပေါ့ကွယ်၊ အခုအချိန်မှာတော့ အရွယ်ရောက် အသိတရား ရှိလာပြီမို့ အမှန်ကိုပြောပြရတော့မှာပေါ့'

'ဟုတ်ကဲ့ ပြောပြပါဘဘ၊ သမီးရဲ့အဖေကို သတ်သွားတဲ့လူ ကိုမှ ကလဲ့စားမချေရယင် သမီးလူ့ဘဝမှာနေလဲ အဓိပ္ပာယ် ရှိမှာမဟုတ်တော့ဘူး'

'သမီးအမှန်တကယ်ပဲပြောတာလား'

စွမ်းစွမ်းသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး

'ဟောဒီလောကကြီးတခုလုံးမှာ ဘဘကလွဲပြီးယင် ကျန်တဲ့ လူတွေအားလုံးကို သမီးစိန်ခေါ်ရဲပါတယ်ဘဘရယ်'

စွမ်းချင်ချူသည် သက်ပြင်းတချက်ကိုချ၍

'သမီးအမှန်ပြောတာပဲနော်'

'သမီး မညာတတ်ပါဘူးဘဘ၊ သမီးအဖေကိုသတ်သွားတဲ့ လူကိုသာ ပြောပါဘဘရယ်'

စွမ်းချင်ချူသည် သက်ပြင်းတချက်ကို လေးပင်စွာချလိုက် သည်။

ထိုနောက်တွင်တော့ သူသည်…

သူနှင့်ရှောင်းပိ ကျောင်းနေစဉ်မှစ၍…

ဖြစ်ပျက်ခဲ့ကြသော…

အဖြစ်အပျက်အားလုံးကို တလုံးမကျန်ပြောပြလိုက်ပေရာ

စွမ်းစွမ်းမှာ အံ့သြထိတ်လန့်စွာဖြင့် သူ့ဘဘ၏ စကားကို နားထောင်နေရာမှ စကားဆုံးသွားသည်နှင့် တနေရာသို့ လေးပင်စွာ ထသွားလေတော့၏။

စွမ်းစွမ်း၏အမူအရာကို

စွမ်းချင်ချူက အကဲခတ်မိလိုက်လေသည်။

သူသည် စွမ်းစွမ်း၏အနီးသို့ချဉ်းကပ်သွားကာ

'ဘယ်လိုလဲသမီး သမီးစိတ်ပျက်သွားပြီလား၊ ဒါမှမဟုတ် သမီး စိတ်ပြောင်းသွားပြီလား'

စွမ်းစွမ်းသည် လေရူးနှင့်အတူ ဝဲလွင့်ပျံနေသော ရော်ရွက်ဝါကလေးများကို အဓိပ္ပာယ်မရှိ ငေးစိုက်ကြည့်နေယင်းမှ…

'စိတ်မပြောင်းဘူး ဘဘရယ်၊ သမီးမှာ စိတ်မကောင်းတာ တခုပဲရှိတယ်'

စွမ်းချင်ချူသည် ခေါင်းကိုခါယမ်းလျက်မှ

'အင်း သမီးရဲ့အဖြစ်အပျက်တွေ ပြောပြကတည်းက သူတို့နဲ့ တနည်းနည်းဆက်သွယ်မိခဲ့မယ်လို့တော့ အထင်မိသားပဲ၊ ဘဘလဲ မပြောမဖြစ်လို့သာ ပြောရတာပါသမီးရယ်၊ စိတ်မကောင်းပါဘူး'

စွမ်းစွမ်းသည် မျက်နှာကို လက်ဝါးနှစ်ဘက်နှင့် အုပ်ကာ ငိုကြွေးလေတော့၏။ စွမ်းချင်ချူကစိတ် မကောင်း စွာ ဖြင့် ကြည့်နေရာမှ





'သမီးပညာယူခဲ့တဲ့ရှောဟာ သမီးရဲ့ရန်သူဖြစ်နေလို့ သိပ်ပြီ စိတ်ထိခိုက်နေသလား'

စွမ်းစွမ်းက ဘာမှပြန်မပြောပါ။ ပြောနိုင်သည့် အင်အားများလည်း သူမထံတွင် လုံးဝမရှိတော့ပါချေ။

ငိုမြဲတိုင်းသာငိုယိုနေ၏။

စွမ်းချင်ချူက ဆက်ပြောသည်။

'ဘဘဖိတ်စာပို့ပြီးပေမယ့် အရှုံးပေးလိုက်ယင်လဲရပါတယ် သမီးရယ်၊'

စွမ်းစွမ်းကတအံ့တသြဖြင့် စွမ်းချင် ချူအား လှည့်ကြည့်လိုက်လေသည်။

'ဘဘက စိန်ခေါ်တဲ့ဖိတ်စာကိုတောင်ပို့လိုက်ပြီဟုတ်လား'

'ဟုတ်တယ်သမီး ဒီနေ့ပဲ ဘဘပို့လိုက်တယ်'

စောစောကမတ်တတ်ရပ်၍ ငိုနေမိသောစွမ်းစွမ်းသည် ထိုင်ချလိုက်ပြီး ဆက်လက်၍ငိုကြွေးပြန်တော့သည်။

စွမ်းစွမ်းကိုကြည့်၍ စွမ်းချင် ချူ စိတ်မကောင်းခြင်း များစွာ ဖြစ်လာသည်။ သူသည် စွမ်းစွမ်း၏ပခုံးကလေးအား အသာအယာကိုင်လျက်မှ

'သမီးက မတိုက်ခိုက်တော့ဘူးဆိုယင်လဲ ဘဘကိုယ်တိုင်ပဲ တိုက်ချင်တိုက်ပါရစေတော့၊ သမီးကို ဘဘ ခွင့်လွှတ်ပါတယ်ကွယ်'

စွမ်းစွမ်းက စွမ်းချင် ချူအား အယိတ်ကလန့်နှင့်လှည့်ကြည့်လိုက်လေသည်။

'အဆွေးလက်ဝါး သိုင်းသမားဟာ ဒီလောကမှာ အခု

လောလောဆယ်တော့ ထိပ်တန်းကလူတယောက်ပဲဘဘ၊ဘဘ အသေဆိုးနဲ့သေရတာမျိုး သမီးမကြည့်ပါရစေနဲ့၊ ဘဘရဲ့ မွေးကျေးဇူးကိုဆပ်တဲ့အနေနဲ့ သမီးပဲဒီအသေဆိုးကိုလက်ခံယူရယင် ယူရပါစေတော့ သမီးတိုက်ခိုက်ပါ့မယ်လို့ က တိ ပေး ပါတယ် ဘဘရယ်'

စွမ်းချင်းချူက ဝမ်းနည်းစွာဖြင့်ပင် ပြန် မေး လိုက် လေသည်။

'ဒါဖြင့် ဆယ်ရက်ပြည့်တဲ့နေ့မှာ သမီးကိုယ်တိုင် တိုက်ခိုက်မယ်ပေါ့ ဟုတ်လား'

'တိုက်ခိုက်မယ်၊ ဘဘကဘယ်နေရာကို ဖိတ်ခေါ်ထားသလဲ'

'ဘဘတို့ရဲ့အိမ်ကိုပဲ ဖိတ်ခေါ်ထားတယ်'

စွမ်းစွမ်းသည် သူ့ဘဘအား မျက်လုံး ပြူးကျယ်စွာဖြင့် တချက်ကြည့်လိုက်သည်။ပြီးတော့ သူမသည် တစုံတရာကိုတွေး၍ ဝမ်းနည်း ကြေကွဲစွာဖြင့် ပြောလိုက်မိသည်။

'ကိုယ့်ဆီကို ရောက်လာမယ့်သူကိုမှ မတိုက်ယင် သမီးသိက္ခာကျသွားမှာပေါ့ ဘဘရယ်'

စွမ်းချင်ချူကတော့ ဝမ်းသာရမလို ဝမ်းနည်းရမလို ဖြစ်နေသည်။

'တကယ်ပဲ သမီးကိုယ်တိုင် တိုက်ခိုက်တော့မှာလား သမီးရယ်'

စွမ်းစွမ်းက ခေါင်းညိတ်ပြလျက်

'သမီး ကတိပေးပြီးပါပြီ ဘဘရယ်'

* * *



( ၁၆ )

## စိန်ခေါ်ပွဲ၏ နိဂုံး

တိတ်ဆိတ်ငြိမ်သက်မှုကြောင့် ညသည် အကျည်းတန် နေသယောင်ပင် ရှိ၏။

စွမ်းစွမ်း အိပ်မပျော်ပါ။

စွမ်းစွမ်းမှာ တညလုံးပင် အိပ်၍ မပျော်တော့ပေ။

အိပ်ပျော်နိုင်စရာကလည်း အကြောင်းမရှိ။

မိမိက စိန်ခေါ်ထားရသည့်သူမှာ

တသက်နှင့်တကိုယ် မိမိ အခင်မင်ဆုံး၊ အတွယ်တာဆုံး၊ အချစ်ဆုံးချစ်သူ ဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

ချစ်သူပင် မကပါ။ မိမိအား သူ၏ပညာကိုပင် ခွဲစိတ်သင်ကြား ပြသပေးသည့် ဆရာတယောက် ဟုလည်း ခေါ်ဆို၍ ရပေသည်။

ထိုသူကိုမှ မိမိက စိန်ခေါ်ထားမိခြင်း ဖြစ်လေပြီ။

တကယ့်တကယ် တွေးကြည့်ပြန်တော့လည်း ထိုသူ၏ ဖခင်မှာ မိမိ၏ဖခင်ကို သတ်ထားသော ရန်သူတယောက်ပင်မဟုတ်ပါလော။

စွမ်းစွမ်း၏ရင်တွင်းမှာတော့ ပူလောင်မြင်းပြ နေပါသည်။

မိမိ၏ အဖြစ်အပျက်များကို

မိမိ၏ချစ်သူ ရှောင်းချူးစွေကတော့ သိနိုင်မည်မဟုတ်ပါ။

စွမ်းစွမ်းဆိုသော မိန်းကလေးက စိန်ခေါ်၍သာ သူသည် လာရောက်တိုက်ခိုက်ရခြင်း ဖြစ်ပေတော့မည်။

စွမ်းစွမ်းဆိုသော မိန်းကလေးက စိန်မခေါ်လျှင် သူကလည်း ရောက်ရှိလာမည် မဟုတ်ပေ။

အကယ်၍သာ ရှောင်းချူးစွေသည် သူ့အားစိန်ခေါ်သည့် မိန်းကလေးသည် လမင်းသမီးဖြစ်ပါသည်ဟုဆိုလျှင် သူစိတ်ထဲ၌ မည်ကဲ့သို့ ခံစားရလေမည်နည်း။

ဤကဲ့သို့ ဖွင့်ပြောလိုက်ပါကလည်း ခွင့်လွှတ် နိုင်အောင်ပြန်လည် ပြင်ဆင်ပြောသည်ဟု ဆိုလာနိုင်စရာ အကြောင်းကရှိနေသေည်။

သည်တော့

စွမ်းစွမ်းအနေနှင့် ဖွင့်မပြောတော့ပါ။

ရန်သူ၏ သားသမီးကို ရန်သူပီပီပင် သဘောထားတော့မည်ဟု စိတ်ကို ဆုံးဖြတ်မိလေသည်။

သို့သော်…သို့သော်





စွမ်းစွမ်း၏ ပါးပြင်ဝယ် မျက်ရည်များက တသွင်သွင်စီးကျနေပါတော့သည်။

*    *    *

လမင်းသမီးက လာရောက်လည်ပတ်သဖြင့်

ရှောင်းဂေဟာ တခုလုံးက ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုညှိခံကြလေသည်။ ထို့အပြင် လမင်းသမီးလေး ရောက်ရှိနေကြောင်းကို သတင်းကြားသဖြင့် ကျောက်စီးယုံလည်း ရောက်လာသည်။ အားလုံးက ပျူပျူငှါငှါဖြင့် ညှိဝတ်ကျေပွန်စွာနှင့် လမင်းသမီးလေးကို ညှိခံကြသည်။

ကျောက်စီးယုံသည် လမင်းသမီးအား ခင်မင် တွယ်တာမိသည့် အားလျော်စွာ ရိုးရိုးသားသားနှင့်ပွင့်ပွင့်လင်းလင်းပင် ပြောကြားလေသည်။

'ရှောင်းချူးစွေနဲ့ မမလမင်းသမီးနဲ့ ဆိုယင် အင်မတန်မှ ရှေ့သွားနောက်လိုက် ညီတာပဲနော်'

ရှောင်းချူးစွေက သဘောကျစွာဖြင့် နားထောင်နေ၏။

ထို့နောက် သူက ကျောက်စီးယုံအားကြည့်ကာ

'ဒါကြောင့် ခင်ဗျားကို ကျုပ်ချီးမွမ်းမိတာ၊ လူအကဲခတ်မဆိုးဘူးလို့'

လမင်းသမီးက မချိုပြုံး ပြုံး၍ ပြောလိုက်လေသည်။

'တကယ်ဘော့ မမက အဝေးတနေရာကလူပါ၊ ဟောဒီကအစ်ကိုနဲ့ အင်မဘန်လိုက်ဖက်ညီဘာက ကျောက်စီးယုံပါ'

ထိုစကားကြောင့် ရှောင်းချူးစွေက လမင်းသမီးအားမျက်စောင်းလှမ်းထိုးလိုက်လေသည်။

ကျောက်စီးယုံက ခေါင်းခါယမ်းလျက်

'ဟင်…မမကလဲ၊ ကျွန်မကစေတနာနဲ့ပြောတာပါ၊နောက်ပြီး အစ်ကိုကလဲ မမလာမယ့်လမ်းကို မျှော်လိုက်ရတာ ငနဲ့တိုင်းအမောပါပဲ၊ မယုံယင် မေးကြည့်ပါလား'

ရှောင်းချူးစွေက လမင်းသမီးကိုကြည့်ကာ ပြုံးပြနေသည်။

လမင်းသမီးသည် သက်ပြင်းတချက်ကိုမသိမသာချလိုက်၏။

'ဟုတ်ပါ့မလား ညီမရယ်၊ တကယ်တော့ အစ်ကိုဟာ မမကို ရိုးရိုးတန်းတန်းပဲ ခင်မင်တာပါ၊ သူ တကယ့်တကယ် ခင်လွန်းတာက ညီမကို ဖြစ်ပါလိမ့်မယ်'

ရှောင်းချူးစွေက မျက်မှောင်ကြုတ်၍ လမင်းသမီးကို ကြည့်လိုက်သည်။

ကျောက်စီးယုံကရှက်စနိုးဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ဘူး…မဟုတ်ဘူး၊ အစ်ကိုရှောင်းချူးစွေဟာ မမကို တကယ်ပဲ မျှော်နေတာ၊ လွမ်းရတာ သိလား'

ထိုအခိုက်မှာပင်

သဌေးကြီးရှောင်းပိသည် စာရွက်တရွက်ကို ကိုင်ကာ ဝင်ရောက်လာလေသည်။ သဌေးကတော်ကျူးဝေကလည်း ရှောင်းပိ၏ နောက်မှ လိုက်ပါလာသည်။

'ဟေ့… ငါ ခပ်ရှင်းရှင်းပဲ ပြောမယ်နော်၊ ငါ့သားကသာ နင်တို့နှစ်ယောက်တည်းက ဘယ်သူ့ကိုပဲသဘောကျကျ ချက်ချင်း လက်ဆပ်ပေးမယ်ဟေ့၊ ဒါပေမယ် ဟောဒီကိစ္စကတော့ တခုရှိနေတာကိုတော့ ပြောပါရစေအုံး'

လမင်းသမီး၏ စိတ်ထဲတွင် ထိတ်ကနဲဖြစ်သွားသော်လည်း





ဘာမှ နားမလည်ရှာသူ ကျောက်စီးယုံက လှမ်းမေးလိုက်လေသည်။

'ဘာကိစ္စများလဲ ဘဘရဲ၊ ပြောစမ်းပါအုံး'

ရှောင်းပိကရယ်ကာမောကာဖြင့် သူတို့အနားသို့လာရောက်ထိုင်လိုက်ပြီး

'ရှောင်းချူးစွေကို စိန်ခေါ်ပြီး ပြိုင်ဆိုင်မယ့်သူ တဦးက ရှိနေတယ်ကွယ့်၊ အခုလာမယ့် လပြည့်နေ့မှာပဲ၊ ငါးရက်ပဲ လိုတော့တာပေါ့၊ ဒီမှာ ဖတ်ကြည့်ပါအုံး'

ကျောက်စီးယုံက လက်ခုပ်လက်ဝါးတီး၍ အားပေးလိုက်လေသည်။

'စိန်ခေါ်ပွဲ ဆိုယင်တော့ ဟန်ကျတာပဲပေါ့၊ တို့အစ်ကို တယောက်တော့ နာမည် ပိုပြီး ကြီးအုံးတော့ မှာပဲ၊ ဘဘ ပြစမ်းပါအုံး၊ အဲဒီဖိတ်စာကို သမီးဖတ်ကြည့်ချင်တယ်'

လမင်းသမီးမှာတော့ ဣန္ဒြေမပျက်အောင် မနည်းကြိုးစား၍ ထိုင်နေရပေသည်။ ကျောက်စီးယုံက သဌေးကြီး ရှောင်းပိထံမှ စိန်ခေါ်သည့် ဖိတ်စာကို ယူ၍ဖတ်လိုက်လေသည်။

ကျုပ်တို့၏ ကတိစကားအတိုင်း
ဆယ်နှစ်ပြည့်မြောက်ပြီဖြစ်၍
စိန်ခေါ်လိုက်သည်။
နေရာ-ဆင်တူးမြို့ ကျွန်ုပ်၏ နေထိုင်ရာ
နေ့ရက်-သုံးလူပိုင်း၊ဆယ်ရက်၊လပြည့်နေ့။
စိန်ခေါ်သူ-စွမ်းစွမ်း
စွမ်းချင်ချူ။

ကျောက်စီးယုံက စာကိုဖတ်ပြီး အံ့ဩသွားသလိုမျက်နှာနှင့်

'ဟင်…စိန်ခေါ်တဲ့သူကလဲ မိန်းကလေး ပါလား၊ သူက ဘယ်လောက်များ ပညာစွမ်းနေလို့လဲ'

ရှောင်းပိက ပြုံး၍ ရှင်းပြလိုက်သည်။

'မိန်းကလေးဆိုပြီး အထင်သေးလို့တော့ ဘယ်ရပါ့မလဲ သမီးရယ်၊ သူကလဲ ပညာစွမ်းရှိလို့သာ စိန်ခေါ်ရဲတာပေါ့'

ကျောက်စီးယုံက နားမရှင်းစွာဖြင့်

'သူက ဘာရန်ငြိုးရှိလို့ စိန်ခေါ်တာလဲ ဘာဘ'

ရှောင်းပိက ပြုံးလိုက်ပြီး

'နောက်တော့ ဘာဘပြောပြမှာပေါ့ သမီးရယ်၊ အကြမ်းဖျင်းအားဖြင့်တော့ ဘာဘတို့ရဲ့လက်ထက်ကတည်းက ဖြစ်လာခဲ့တဲ့ ရန်ငြိုးပါ'

ကျောက်စီးယုံက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီးမှ ရှောင်းချူးစွေဘက်သို့ လှည့်ကြည့်လိုက်ပြီး

'အစ်ကိုက သွားတိုက်မှာလား'

ရှောင်းချူးစွေက ခေါင်းကို အသာအယာ ညိတ်ပြလျက်မှ

'သူက စိန်ခေါ်တဲ့နောက်တော့ ကိုယ်က သွားမတိုက်လို့ ရမလား၊ မသွားယင် ကိုယ်ညံ့ရာကျသွားမှာပေါ့၊ ဒါပေမယ့် အစ်ကိုကတော့ သိပ်ပြီး စိတ်မပါလှပါဘူး'

ကျောက်စီးယုံက နားမရှင်းစွာဖြင့် ပြန်မေးလိုက်သည်။

'ဘာလို့ စိတ်မပါတာလဲ အစ်ကို'

'မိန်းကလေးတယောက်နဲ့ တိုက်ရမယ်ဆိုတော့ နိုင်သည့်တိုင်အောင် အစ်ကိုဂုဏ်မရှိပါဘူး၊ အဲဒီဂုဏ်မျိုးကိုလဲမယူချင်ပါဘူး'





ကျောက်စီးယုံက ခေါင်းခါယမ်းလျက် လမင်းသမီးအား ကြည့်လိုက်လေသည်။

'အောင်မာ အဲဒီလိုတော့ အစ်ကိုက သွားပြီးအထင်မသေးနဲ့၊ ဟောဒီက မမ လမင်းသမီးလို အမျိုးသမီးနဲ့ဆိုယင် အစ်ကို လွယ်မှာ မဟုတ်ဘူး၊ ကျွန်မပြောတာ မဟုတ်ဘူးလားမမ'

လမင်းသမီးက သူမကို မချိပြုံးလေး ပြုံးပြလိုက်ပြီး

'ဒါပေမယ့် ဘယ်လိုလူပဲဖြစ်ဖြစ် အစ်ကိုက နိုင်မှာပါ'

ဟု ပြောလိုက်လေသည်။ ထိုအခါ ရှောင်းချူးစွေက လမင်းသမီးအား ကြည့်ကာ

'ကျောက်စီးယုံပြောတာ မှန်တယ်ညီမရဲ့၊ ညီမလိုပညာစုံတဲ့ လူဆိုးထိန်းမျိုးနဲ့တွေ့ရယင်တော့ အစ်ကိုလဲ လွယ်မှာမဟုတ်ဘူး'

လမင်းသမီးက သူ့ကို ပြုံး၍အားပေးလိုက်သည်။

လမင်းသမီးလေး၏အပြုံးမှာ မနည်း ဟန်ဆောင်၍ပြုံးလုပ်ထားရသောအပြုံးတခုမှန်း မည်သူမျှမရိပ်မိကြပါ။

'အစ်ကိုနိုင်မှာပါ၊ အစ်ကိုလိုသိုင်းပညာရှင်မျိုးတယောက်မှ မပေါ်သေးပါဘူး'

'တကယ်ပဲအစ်ကိုနိုင်ပါစေလို့ ညီမက ဆုတောင်းတယ်ပေါ့ ဟုတ်လား'

လမင်းသမီးက ခေါင်းကိုညိတ်ပြလိုက်သည်။

'ဒါလောက်တောင်စိန်ခေါ်ချင်လှတဲ့ အမျိုးသမီးကို အစ်ကို အပြတ်အသတ်နိုင်ခဲ့ပါစေလို့ ညီမဆုတောင်းပါတယ်'

ကျောက်စီးယုံကကြားဝင်၍ ပြောလိုက်လေသည်။

'အစ်ကိုသွားတဲ့နေ့ကျယင် ကျွန်မလဲလိုက်မယ်။ မမကော အဲဒီကိုလာခဲ့မလားဟင်'

လမင်းသမီးမှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

ရှောင်းပိကလည်း ဝင်၍ပြောလိုက်လေသည်။

'ဟုတ်တယ်သမီးရ၊ ပွင့်ပွင့်လင်းလင်းစိန်ခေါ်တာမို့ ပရိသတ်ရှေ့မှာ ပြိုင်ကြမှာပဲ၊ သမီးလဲရောက်အောင်လာခဲ့ပါလား'

လမင်းသမီးက အလိုက်သင့်ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ကဲ့ ကျွန်မမှာ တခြားတာဝန်တွေကလဲ ရှိနေပါသေးတယ်၊ ဒါပေမယ့် ကျွန်မရောက်အောင် ကြိုးစားပါ့မယ်'

ကျောက်စီးယုံက

'လက်ခုပ်လက်ဝါး တီးပြီး ဩဘာပေးလိုက်လေသည်။

'ဟေး ဒါမှတို့မမကွ၊ မမလာအားပေးမှ အစ်ကိုက ပိုအားရှိတာ'

* * *

ဆယ်ရက်လမို့ ---

တခြမ်းသာမြင်ရလေသည်။

ရှောင်းချူးစွေနှင့်လမင်းသမီးသည် ထိုတခြမ်းသာရှိသေးသော လရောင်အောက်၌ထိုင်နေကြပေသည်၊ သူတို့နှစ်ယောက်စလုံးရင်ထဲတွင် အတွေးကိုယ်စီနှင့်ရှိနေကြမည်။

လမင်းသမီးက စဉ်းစားတွေးတောယင်းမှ

'နောက်ငါးရက်ဆိုယင် လပြည့်ခနေ့ပဲနော်အစ်ကို'





ရှောင်းချူးစွေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဘာဖြစ်လို့မေးတာလဲဟင်'

'အဲ့ဒီနေ့ အစ်ကို စိန်ခေါ်ပွဲမှာသွားပြီး ယှဉ်ပြိုင်ရမယ်လေ'

ရှောင်းချူးစွေက မျက်မှောင်တချက် ကြုတ်လိုက်ပြီး

'အဲဒါဘာဖြစ်သလဲ'

'အစ်ကိုနိုင်ပါစေလို့ ညီမဆုတောင်းပါတယ်'

ရှောင်းချူးစွေကပြုံးလိုက်ပြီး

'အစ်ကိုနိုင်အောင်ကြိုးစားပါ့မယ်၊ ဒါမှလဲ လမင်းသမီးကလေးနဲ့ ပေါင်းရမှာ၊ အင်း ဒါပေမယ့် အကယ်၍များမတော်တဆ အစ်ကိုတိမ်းပါးသွားခဲ့ယင်'

လမင်းသမီးက ပါးစပ်ကို လှမ်းပိတ်လိုက်သေသည်။

'ညီမ တထစ်ချပြောရဲပါတယ်၊ အစ်ကိုနိုင်မှာပါ၊ နိမိတ်မရှိတဲ့စကားတွေကို မပြောပါနဲ့၊ အစ်ကိုကသာရှန်သူကို ရန်သူလို့မြင်ပြီး အပြင်းအထန်တိုက်ခိုက်စမ်းပါ၊ အစ်ကိုနိုင်မှာ သေချာပါတယ်'

ရှောင်းချူးစွေက

'ဒါဖြင့်ကောင်းပြီ၊ အစ်ကိုနိုင်ပါပြီတဲ့ ညီမကို ဘယ်မှာတွေ့ရမှာလဲ

လမင်းသမီးက လေသံပျော့ပျော့ဖြင့်

'ညီမလာကြည့်နေမှာပါ၊ ဒါပေမယ့် ညီမက ပုန်းနေမှာ၊ အစ်ကိုနိုင်မှ ညီမကိုတွေ့ရမှာ'

'အစ်ကိုကရှုံးခဲ့ယင်ကော'

လမင်းသမီးက

'အစ်ကိုသာရှုံးခဲ့ယင် ညီမကရှက်ပြီးထွက်ပြေးသွားမှာပေါ့'

ရောင်းချူးစွေက လက်ဖျောက်တချက်တီးလိုက်ပြီး

'စိန်လိုက်၊ အဲ့ဒီမိန်းကလေးကို အစ်ကိုနိုင်အောင်တိုက်ခိုက်ပြမယ်၊ ညီမကတိမပျက်ရဘူးနော်'

လမင်းသမီးကအပြုံးတခုကို အားယူ၍ပြုံးလိုက်ရသည်။

'အစ်ကိုသာနိုင်အောင်တိုက်ပါ၊ ညီမကို ချက်ချင်းတွေ့စေရမယ်'

'ညီမ အစ်ကို့ကိုပစ်မသွားရဘူးနော်'

'ဘာလဲ အစ်ကိုကမယုံလို့လား'

'အစ်ကိုယုံကြည်အောင် ညီမက ဘာသက်သေပြနိုင်လို့လဲ'

လမင်းသမီးသည် ဝမ်းထဲမှတချက် ရှိုက်လိုက်မိသည်။

'အစ်ကိုယုံကြည်အောင် ညီမ၊ ညီမသက်သေပြပါ့မယ်'

ထိုအချိန်မှာပင် လမင်းကြီးအား တိမ်ညိုတိမ်တိုက်များကဖုံးသွားသဖြင့် လောကကြီးတခုလုံး မှောင်အတိကျသွားလေတော့၏။

* * *



( ၁၇ )

## ချစ် သက် သေ

လပြည့်နေ့မို့

ဆင်းကူးမြို့။

စွမ်းချင်ချူ၏ အိမ်ဂေဟာရှိ ကြီးမားသောကွက်လပ်ကြီးတခုတွင် နံနက်မိုးလင်းသည့်ဆိုကတည်းက လူများက တဖွဲဖွဲရောက်ရှိနေကြသည်။

ထိုနေ့သည် စွမ်းစွမ်းက အခဆွဲလက်ဝါးသိုင်းသမားအားစိန်ခေါ်သောနေ့ပင် မဟုတ်ပါလား။

စိန်ခေါ်ပွဲကို လာရောက်ကြည့်ရှုရန် ရောက်ရှိနေကြသောပတ်ဝန်းကျင်နှင့် မြို့ခံလူထုကတော့၊ တယောက်တမျိုး ထင်မြင်ယူဆချက်တွေ ပေးနေသည်။

F.25

'တချို့က၊ စွမ်းစွမ်းက အဆေးလက်ဝါးသိုင်းသမား ကို စိန်ခေါ်တယ်ဆိုတာ ဟုတ်ရဲ့လား'

ထိုသို့ပြောဆိုကြသည်။

တချို့က

'စွမ်းစွမ်းဟာ သိုင်းပညာထက်မြက်တဲ့ လူဆိုးထိန်းမလေး တယောက်ဖြစ်လို့ ပညာဂုဏ်မောက်ပြီး စိန်ခေါ်တာပဲ ဖြစ်မှာပါ'ဟု ဝေဖန်ကြသည်။

တချို့က

'စွမ်းစွမ်းဟာ သိုင်းပညာလောကမှာ လမင်းသမီးရယ်လို့ ထင်ရှားနေလေတော့၊ တဘက်ကထင်ရှားနေတဲ့ အဆေးလက်ဝါးသိုင်းသမားကို ဗိုလ်မထားချင်တာနဲ့ စိန်ခေါ်တာပဲဖြစ်မှာပေါ့'

ဟူ၍လည်း ပြောဆိုကြပြန်သည်။

မည်သူတွေက ဘာပဲပြောပြော ဘာခုမှမဟုတ်ပါ။

တကယ်တော့ စွမ်းစွမ်းကစိန်ခေါ်ခြင်းလည်း မဟုတ်သလို၊ ရှောင်းချူးစွေကစိန်ခေါ်ခြင်းလည်း မဟုတ်ပါပေ။

တချိန်တုန်းက လူကြီးတွေ၏ ရန်ငြိုးရန်ဆက်များကြောင့်ပင် ဖြစ်တော့သည်။ လောလောဆယ်ဆိုလျှင်တော့ လူငယ်တွေနှင့် ပတ်သက်နေသည်ဟု ပြောရမည်ဖြစ်သော်လည်း လူကြီးတွေကြောင့်သာဟု စွပ်စွဲပြောဆိုနိုင်ပါသည်။





အကယ်၍ ရှောင်းပိကလည်း သူ၏သားရှောင်းချူးစွေအား ဖွင့်ဟမပြောခဲ့လျှင်

စွမ်းချင်ချူကလည်း သူ၏တူမလေးစွမ်းစွမ်းအား ထုတ်ဖော်မပြောခဲ့လျှင်

လူကြီးတွေကသာ သူတို့၏ရန်ငြိုးရန်ဆက်ကြီးကို ကျေအေးခဲ့ကြမည်ဟု ဆိုပါလျှင်

ယခုကဲ့သို့သော လူငယ်တွေအတွက် ကြေကွဲဝမ်းနည်းရမည့် စိန်ခေါ်ပွဲကြီးတခု ဖြစ်လာတော့မည် မဟုတ်ပါ။

ယခု စိန်ခေါ်ပွဲကဖြစ်လာပေပြီ။

ယခုနေ့ပင် တိုက်ခိုက်ယှဉ်ပြိုင်ရမည့်နေ့ကို ရောက်ရှိနေပြီမဟုတ်ပါလော။

မြေကွက်လပ်ပေါ်တွင် လူများက တဖွဲဖွဲမစဲရောက်ရှိနေပေသည်။

ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် စည်းဝိုင်း၏အပြင်ဘက်တွင် ဟိုတစု သည်တစုဖြင့် နေရာယူကာ ရောက်ရှိနေကြပေသည်။

တချို့ ဝါသနာပါသူများက အလောင်းအစားပြုလုပ်ရန် လာကြခြင်းဖြစ်၏။

တချို့သိုင်းပညာရှင်များက ပညာယူရန် လာကြခြင်းဖြစ်သည်။ တချို့တလေကျတော့ ကိုယ်ခင်မင်သည့်ပုဂ္ဂိုလ်အား ကိုယ်က အားပေးရန် ရောက်ရှိလာကြခြင်း ဖြစ်ပေမည်။

ထိုမြင်ကွင်းအားလုံးကို

အိမ်ပေါ်ပြတင်းပေါက်မှ

တယောက်တည်း ငေးမောကြည့်ရှုနေသူမှာ

စွမ်းစွမ်းပင်ဖြစ်လေသည်။

သူမသည် ယှဉ်ပြိုင်ရမည့်ကွင်းပြင်ကို ငေးမော၍ကြည့်နေ၏။

စိန်ခေါ်ခြင်းခံရသူ၏ အဖွဲ့သား အသိုင်းအဝိုင်းများ နေထိုင်ရန်မဏ္ဍပ်နှင့် စိန်ခေါ်သူတို့နေထိုင်ရန်မဏ္ဍပ်သည် ယှဉ်လျက်ဆောက်ထား၏။

အလည်တွင်

ဒိုင်လူကြီးနှင့် ဩဇာအာဏာရှိသော မြို့ခံလူကြီးများကြည့်ရှုနိုင်ရန် မဏ္ဍပ်တခုကိုလည်း ဖန်တီးထားပေသည်။

စွမ်းစွမ်း၏မျက်စိထဲတွင်တော့

ယောကျ်ားပီသစွာဖြင့် အားမာန် အပြည့်သွင်းကာ ဝင်ရောက်လာမည့် ရှောင်းချူးစွေအား မြင်ယောင်နေပေသည်။





ရှောင်းချူးစွေသည် သူမအပေါ် တကယ်ပင်မြတ်နိုးချစ်ခင်သည်ကို စွမ်းစွမ်းက ကောင်းကောင်းကြီး သိထားသည်။

သူမအနေနှင့်ကလည်း ရှောင်းချူးစွေအပေါ် မည်မျှအထိချစ်သည်ကို အထူးပြောစရာမလိုတော့ပါ။

သူမသည် ရှောင်းချူးစွေအား ဘဝကိုပင် ပုံ၍ ချစ်ခဲ့မိပြီးမဟုတ်ပါလား။

ရှောင်းချူးစွေကတော့ စိန်ခေါ်ပွဲ နိုင်သည်နှင့် သူမအားတွေ့ရမည်ဟု သူမပြောခဲ့သဖြင့် သူမအား တွေ့ချင်ဇောနှင့် သူသည် ရန်သူအား သဲသဲမဲမဲ တိုက်ပေတော့မည်။

'တိုက်ပါ အစ်ကိုရယ်၊ ဒီပွဲ အစ်ကိုနိုင်တာကိုပဲ ကျွန်မ ကြည့်ချင်ပါတယ်....'

စွမ်းစွမ်းက တိုးတိုးကလေး ရေရွတ်လိုက်သည်။

စွမ်းစွမ်းသည် သူ့ဘဘ စွမ်းချင်ချူထံမှ ခွင့်ပြုချက်တခုကို ရယူထားပြီး ဖြစ်၏။ ထိုခွင့်ပြုချက်မှာ အခြားမဟုတ်။

မျက်နှာဖုံးတပ်၍ တိုက်ခိုက်ယှဉ်ပြိုင်ခွင့်ပြုရန် ခွင့်ပြုချက်ပင်....

စွမ်းချင်ချူကလည်း သူတို့သည် တဦးနှင့် တဦး ရင်းနှီးနေ၍ တဘက်လူက မတိုက်မှာကို ပူပြီး ထိုခွင့်ပြုချက်ကို တောင်းဆိုခြင်း ဖြစ်ပေမည်ဟု စဉ်းစားမိလေသည်။

စွမ်းချင်ချူက မေးပါသေးသည်။

'သမီး' သူနဲ့ သိပ်ရင်းနှီးနေသလား…'

စွမ်းစွမ်းက မဲ့ပြုံး ပြုံးလိုက်လေသည်။

'ခင်တာက ခင်တာ တခြားပဲ ဘဘရယ်၊ သမီးရဲ့ အဖေကို သတ်တဲ့ အမျိုးအနွယ်က အမျိုးအနွယ်ပဲ၊ ဒီတော့ သမီး တိုက်ခိုက်ရမှာပဲပေါ့….'

ထိုသို့ပင် နှစ်သိမ့်ခဲ့လေသည်။

ဘာပဲဖြစ်ဖြစ်၊ ယခု ယှဉ်ပြိုင်ရတော့မည် ဖြစ်ပေ၏။

*　　*　　*

ယှဉ်ပြိုင်ပွဲ တက်ရောက်သူများက…

အုံ့အုံ့ သဲသဲနှင့် စည်ကားနေတော့သည်။

မွန်းတည့်ချိန်…

မွန်းတည့်ချိန် ရောက်ပြီဆိုသည်နှင့် ရှောင်းချူးစွေတို့ ရောက်ရှိလာလေသည်။ ရှောင်းချူးစွေမှာ ဖြူဖွေးသန့်စင်သော အဖြူရောင် ဝတ်စုံကို ဝတ်ဆင်လျက် မြူးမြူးကြွကြွပင် ဝင်ရောက်လာလေသည်။ ရှောင်းပိနှင့် ကျူးဝေလည်း ပါလာသည်။





ကျောက်စီးယုံနှင့် စန်းစိမ့်မြို့မှ လူငယ်တစုလည်း လိုက်ပါလာလေ၏။

ရှောင်းချူးစွေ ဝင်လာသည်ကို တွေ့လိုက်ကြရသည်နှင့် လက်ခုပ်သြဘာသံများက ဆူညံသွားလေတော့သည်။

သူတို့သည် သတ်မှတ်ထားသောနေရာ၌ ဝင်ရောက်ထိုင်လိုက်လေသည်။

စွမ်းစွမ်း၏ ရင်မျာ:၌ တထိတ်ထိတ် ခုန်နေ၏။

ကြောက်၍ မဟုတ်ပါ။

ချစ်သူကို မြင်ရ၍ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းများဖြင့် ရင်မှာ လှိုင်းထနေခြင်းပင် ဖြစ်လေသည်။

မကြာမီမှာပင်….

လက်ခုပ်သြဘာသံ တဖျောင်းဖျောင်းနှင့်အတူ….

အပြာရောင်ဝတ်စုံကလေးနှင့် မျက်နှာဖုံးတပ်ဆင်ထားသော အမျိုးသမီးကလေးတဦးက တိုက်ပွဲကွင်းအတွင်းသို့ ဝင်ရောက်လာကာ လူကြီးများအား ဂါရဝပြု၍ တဘက်လူအား စိန်ခေါ်လိုက်လေသည်။

ရှောင်းချူးစွေကလည်း တုံ့ဆိုင်းမနေပါ။

သူသည် တိုက်ပွဲကွင်းအတွင်းသို့ ဝင်ရောက်ကာ လူကြီးများအား ဂါရဝပြု၍ စိန်ခေါ်သူကို ကြည့်လိုက်လေသည်။

'နာမည်က စွမ်းစွမ်း ဟုတ်လား…'

စွမ်းစွမ်းက ခေါင်းညိတ်ပြသည်။

ထို့နောက် သူမက အသံတမျိုး ပြောင်းကာ…

'ရှင် ကြိုက်ရာ လက်နက်သုံးနိုင်တယ်၊ ကျွန်မကတော့ လက်နက်မဲ့ ပဲ…'

ရွှေခင်းချူးစွေက ပြုံးလိုက်ပြီး….

'ကျုပ်လဲ လက်နက် မသုံးပါဘူး …'

ရွှေခင်းချူးစွေသည် ထိုသို့ ပြောပြီး ပရိသတ်များ ရှိရာသို့ မျက်လုံးဝေ့ကြည့်နေမိလေသည်။ လမင်းသမီးအား တွေ့လိုတွေ့ငြား။ သို့သော် မတွေ့ပါ၊ ဟိုတညက ပြောသွားသည် မဟုတ်ပါလား။

'နိုင်တာနဲ့ တွေ့ရမှာပါ အစ်ကိုရယ်'

ထိုစကားကို သူက ကြားယောင်သွားမိသည်။ ထို့ကြောင့် ရွှေခင်းချူးစွေက တခြား ဘာမှ မစဉ်းစားတော့ပဲ ရန်သူ ဖြစ်သော စွမ်းစွမ်းကို ကြည့်ကာ-

'မျက်နှာဖုံးကို ဘာလို့ စွပ်တာလဲ….

'ဒါ ရှင့်အလုပ် မဟုတ်ဘူး၊ ရှင် သတ္တိရှိမှ တိုက်ပါ….'

ရွှေခင်းချူးစွေမှာ အနည်းငယ် ဒေါသ ထွက်သွားသည်။ ဤမိန်းကလေးသည် ပညာ မတတ်ပဲနှင့်တော့ သူ့အားစိန်ခေါ်





ရဲမည်မဟုတ်ပေ။ ထို့ကြောင့် သူက မိန်းကလေးအား သိပ်အထင်မသေးရဲသေးပဲ လေ့လာ အကဲခတ်နေလိုက်သည်။

တိုက်ပွဲကား စလေပြီ….

စွမ်းစွမ်းက ပထမဆုံး တိုက်ကွက်တကွက်ထုတ်၍ ဝင်လာသည်။ ရွှေခင်းချူးစွေက အသာအယာ ရှောင်တိမ်းလျက် လက်ပြန်ဘချက်ရိုက်လိုက်သည်။

မထိပါ။ ရွှေခင်းချူးစွေစိတ်ထဲ၌…

'အင်း မဆိုးလှပါဘူး'

ဟု တွေးလိုက်မိသည်။

စွမ်းစွမ်းသည် ဒုတိယတိုက်ကွက်တကွက်ထုတ်၍ ခုန်ဝင်ကာ ရွှေခင်းချူးစွေ၏မျက်နှာဆီသို့ ဖြတ်ရိုက်လိုက်လေသည်။

ရွှေခင်းချူးစွေက အသာအယာပင် ရှောင်တိမ်းလိုက်၏။

ရွှေခင်းချူးစွေ၏စိတ်ထဲ၌လည်း ထင်လိုက်မိလေသည်။

'အမျိုးသမီး၏လက်ဝါးမှာ ထိုသည့် တိုင် အောင် အရာရောက်မည်မဟုတ်ပါ။ ရိုက်အားကလည်းနည်းလှပေသည်။ သူတို့နှစ်ဦးသည် တယောက်တပြန်အကဲစမ်းနေရာမှ တဖြည်းဖြည်း တိုက်ခိုက်မှုကြမ်းလာသည်ဟု ထင်ရပေသည်။ ပရိသတ်များဆီမှ လက်ခုပ်လက်ဝါးတီးသံများသည် ဆူညံစွာ ပေါ်ထွက်နေ

၏။ တခါတွင် ရှောင်းချူးစွေက ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်ရာ မိန်းကလေးမှာ တချက်လည်ထွက်သွားပေသည်။

စွမ်းစွမ်း တချက်ငိုင်သွား၏။ သူမ၏ချစ်သူကသူမကို တကယ်ရန်သူကြီးဟုပင် ထင်နေမဟုတ်လား။

'ဩော် သူမှမသိရှာပဲလေ' ဟု တွေးလိုက်မိသည်။

ရှောင်းချူးစွေမှာလည်း စိတ်မကောင်း ဖြစ် သွား ရလေသည်။ သူသည် အားနွဲ့သောမိန်းကလေးတယောက်နှင့်ယှဉ်ပြိုင်ရသည်ကို မလိုလားပါ။ သို့သော် စိန်ခေါ်၍မှ မလာပါလျှင် အရှက်ကွဲရပေတော့မည်။ ရှောင်းချူးစွေက ရုတ်တရက်ဆက်လက် မတိုက်သေးပဲ စွမ်းစွမ်း၏ခြေကွက်ကိုအကဲခတ်နေသည်။

စွမ်းစွမ်း၏တိုက်ကွက်သည် ကြမ်းတမ်း၍လာ၏။ ရှောင်းချူးစွေမှာစိတ်ကူးတမျိုးရသွားသည်။ သူမ၏တိုက်ကွက်ကို သူက ဟာကွက်ပေး၍ခံလိုက်မည်။ ထိုအခါ သူ၏ အသားနာလာပြီး ဒေါသဖြစ်မည်။ ထိုအခါမှ သူ့ရန်သူစွမ်းစွမ်းကို အားရှိပါးရှိ တိုက်ခိုက်ပစ်မည်ဟု စဉ်းစားပြီး စွမ်းစွမ်း၏တိုက်ကွက်ကို တမင်တကာပင် ဟာကွက်ပေး၍ရှောင်တိမ်းလိုက်သည်။

သို့သော် စွမ်းစွမ်းသည် သူ၏ရင် ဘတ် ကို သော် လည်းကောင်း၊ ဇက်ပိုးကိုသော်လည်းကောင်း အသေအချာ ထိထိမိမိ ရိုက်နိုင်ပါလျက်နှင့် လုံးဝမရိုက်ပဲ ရှောင်ထွက်သွားလေသည်။





ထိုအချက်ကို ပွဲကြည့်ပရိသတ် တယောက်မျှ မရိပ်မိလိုက်သော်လည်း ရှောင်းချူးစွေမှာတော့အတွေးရကျပ်သွား၏။

'သည်မိန်းကလေး သိုင်းပညာမှတတ်ရဲ့လား'

သို့သော် သူ၏ဝင်ရောက်တိုက်ခိုက်မှုကို မိန်းကလေးကသွက်လက်စွာဖြင့် ရှောင်တိမ်းခုခံနိုင်သည်မှာတော့ သူ့အတွက်အံ့သြစရာပင်။ ရှောင်းချူးစွေသည် ခပ်ကြမ်းကြမ်းပင်တချက်ဝင်၍ လက်ဖြင့်တိုက်ခိုက်မည်ဟန်ပြကာ ခြေဖြင့် ကန်ထည့်လိုက်သည်။ စွမ်းစွမ်းအတွက်ရှောင်လျှင် အလွယ်တကူလွတ်နိုင်မည့် တိုက်ကွက်ဖြစ်သည်။ သို့သော် မရှောင်သည့်အတွက် စွမ်းစွမ်းလွင့်စဉ်ကာ လဲကျသွားတော့သည်။ သို့သော် သူမက လျင်မြန်စွာပင် ပြန်ထလာပြီး တရစပ်ပင် သူ့ကိုဝင်တိုက်ပြန်သည်။

ရှောင်းချူးစွေက လွတ်အောင်မရှောင်နိုင်ပဲ အသာငြိမ်ခံကြည့်သည်။ သူမသည် အားမာန်အပြည့်သွင်း၍ ထိုးနှက်တိုက်ခိုက်မသွားပါ။ သိုင်းပညာ သင်ကြားသည့်သဘောဖြင့်သာ ပြုပျော်သွားလေသည်။

သို့သော်သူ့အား တိုက်ခိုက်သည့်အခါတွင်တော့ ကျွမ်းကျင်စွာ ရှောင်တိမ်း၏။ တိုက်ပွဲမှာ ကြာရှည်လာပြီဖြစ်လေသည်။ ဤမိန်းကလေးအား ဤမျှတိုက်ခိုက်နေရပါလျှင် မိမိသိက္ခာကျတော့မည်ဟု ရှောင်းချူးစွေက တွေးထင်မိ၏။

'ကဲ၊ မင်းသတိထားတော့'

ရှောင်းချူးစွေသည် လျှပ်မြန်သွက်လက်သော တိုက်ကွက်တခုကိုထုတ်၍ မိန်းကလေးဆီသို့ ပစ်ဝင်ကာ တဆက်တည်းပင် ရိုက်ချလိုက်လေသည်။

'ဝုန်း'

ထိုအသံနှင့်အတူ စွမ်းစွမ်းမှာ ပုံလျက်သားလဲကျသွားတော့သည်ကို တွေ့လိုက်ရတော့သည်။ ထိုစဉ်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တခုက ဖြစ်ပေါ်လာလေသည်။

ပြိုင်ပွဲစည်းဝိုင်းအတွင်းသို့ ပြေးဝင်လာသော ကျောက်စီးယုံပင် ဖြစ်တော့သည်။ ကျောက်စီးယုံသည် ရှောင်းချူးစွေ၏ရှေ့တွင် မားမားကြီးရပ်လိုက်လေသည်။

ရှောင်းချူးစွေက အံ့အားသင့်နေ၏။

'အစ်ကို ဆက်မတိုက်ပါနဲ့တော့၊ အစ်ကိုအခုတိုက်နေတာ ဘယ်သူလဲသိလား'

ကျောက်စီးယုံ၏ပါးပြင်မှာ မျက်ရည်တွေစီးကျနေသည်ကိုလည်း တွေ့လိုက်ရသည်။ ရှောင်းချူးစွေမှာ နားမလည်နိုင်ပဲ ငေးနေမိသည်။ ကျောက်စီးယုံသည် မေ့မောနေသော စွမ်းစွမ်းဆီသို့ ပြေးသွားကာ သူမ၏ရင်ခွင်ထဲ၌ ဖေးမထားလိုက်လေသည်။ ထို့နောက် ကျောက်စီးယုံက စွမ်းစွမ်း၏မျက်နှာဖုံးကို





ဆွဲချွတ်လိုက်သောအခါ ရှောင်းချူးစွေ၏မျက်စိများမှာ ပြာဝေသွားကာ၊ ကမ္ဘာကြီးတခုလုံး ချာချာလည်၍ သွားသည်ဟုပင် ထင်လိုက်မိလေတော့သည်။

'လမင်းသမီး'

ဟု ပါးစပ်မှ ယောင်ယမ်းခေါ်လိုက်မိလေသည်။

ကျောက်စီးယုံက

'ဟုတ်တယ်၊ ပရိသတ်တယောက်ဆီက လူဆိုးထိန်းလေး လမင်းသမီးတော့ သေပါပြီကွာလို့ ပြောသံကိုကြားလိုက်တာနဲ့ ကျွန်မပြေးထွက်လာတာ'

ရှောင်းချူးစွေမှာ ယူကျုံးမရ ဖြစ်သွားတော့သည်။ ယင်းအခိုက်မှာပင်

အသက်ခြောက်ဆယ်ကျော်ခုနှစ်ဆယ်ရှိ အဘိုးအိုတယောက် စည်းဝိုင်းထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။ ထိုအဘိုးအိုက စွမ်းချင်ချူနှင့် ရှောင်းပီအား ကြည့်လိုက်လေသည်။ စွမ်းချင်ချူနှင့် ရှောင်းပီသည် ကပျာကယာမတ်တတ်ရပ်ပြီး ထိုအဘိုးအိုအား အရိုအသေပေး ဂါရဝပြုလိုက်လေသည်။ သူတို့၏ပါးစပ်မှလည်း

'ဆရာကြီးဟု ပြိုင်တူခေါ်လိုက်ကြ၏။

မှန်ပေသည်၊ သူတို့၏ဆရာကြီး ကွမ်းလုံဖုပင်ဖြစ်တော့သည်။

'မင်းတို့လူမိုက်တွေ'

ဆရာကြီးကွမ်းလုံဖုက ကြိမ်းဝါးလေတော့၏။

'မင်းတို့လောက် မိုက်တဲ့လူတွေ လောကမှာမရှိတော့ဘူး။ မင်းတို့နှစ်ယောက်ဟာ ပညာသင်စဉ်ကတည်းက ရန်ဖြစ်ခဲ့ကြတယ်၊ အာဃာတထားခဲ့ကြတယ်။ မင်းတို့ ပြန်စဉ်းစားစမ်း၊ မင်းတို့ရဲ့အဖေနဲ့ ဟိုဘယောက်ရဲ့အစ်ကို သေဆုံးရတာဟာလဲ မင်းတို့ကြောင့်ပဲ၊ ဒါလဲမမှတ်သေးဘူး မင်းတို့နှစ်ယောက်သေခါနီးအထိ စိန်ခေါ်ပြီးတိုက်ကြတုန်းပဲ'

စွမ်းချင်ချူနှင့် ရှောင်းပိတို့သည် ဆရာကြီးကွမ်းလုံဖု၏ စကားကို ကြောက်ရွံ့ရိုသေစွာ နားထောင်လျက်ရှိကြသည်။ ဆရာကြီးသည် ရှောင်းချူးစွေနှင့် စွမ်းစွမ်းအား လှည့်ကြည့်လိုက်ကာ

'ဟိုမှာကြည့်စမ်း၊ ဘယ်လောက် သနားစရာကောင်းတဲ့ ကလေးနှစ်ယောက်လဲ၊ သူတို့တတွေဟာ သံယောဇဉ်အင်မတန်ကြီးမားတဲ့ ချစ်သူတွေဖြစ်နေပြီကွ၊ ဒါပေမယ့်မင်းတို့က အတိတ်က မင်းတို့အသုံးမကျခဲ့တဲ့အကြောင်းတွေကို ရင်နာအောင်ပြောပြပြီး ကလေးနှစ်ယောက်ကို အိုးမည်းသုတ်ပြီး တိုက်ခိုင်းတယ်'

ရန်ငြိုးရန်ဖက်ကြီးစွာ မိုက်မဲမိခဲ့ကြလေသော





စွမ်းချင်ချူနှင့် ရှောင်းပိမှာ လူငယ်နှစ်ဦးအား သနားသွားမိကြလေသည်။

ဆရာကြီး၏စကား ကြားရသည့်ပရိသတ်များမှာ လူငယ်နှစ်ဦးအား သနားသွားမိကြလေသည်။ ဆရာကြီးကွမ်းလုံဖုက ဆက်ပြောပြန်သည်။

'ဒီကလေးနှစ်ယောက်ကိုကြည့်စမ်း၊ တယောက်ကလဲ တိုင်းပြည်ရဲ့သူရဲကောင်း မျိုးချစ်သိုင်းသမားလေး တယောက်ကလဲ တိုင်းပြည်ကိုကာကွယ်ပေးနေတဲ့ လူဆိုးထိန်းကလေး၊ ဘယ်လောက်အဖိုးတန်တဲ့ တိုင်းပြည်ရဲ့ သားကောင်းသမီးမွန်တွေလဲ အခု မင်းတို့နှစ်ဦးကြောင့် စိတ်ဓာတ်တွေလဲ ကွဲပြားရတော့မယ်။ ဒါကိုငါကြည့်မနေနိုင်ဘူး'

ဆရာကြီးကွမ်းလုံဖု၏အသံမှာ ကွင်းပြင်တခုံလုံး ဟိန်းထွက်နေ၏။

ကွမ်းလုံဖုသည် သတိပြန်လည်ရရှိနေပြီဖြစ်သော စွမ်းစွမ်းအား ဖေးမခေါ်ဆောင်လိုက်ပြီး ယုယစွာ သူ၏ဗယ်ဘက်လက်နှင့် ဖက်ထားလိုက်သည်။ တဖန် ရှောင်းချူးစွေကိုလည်း ညာဘက်လက်နှင့် ဖက်ကာ လူငယ်နှစ်ဦးအား သူ၏ရင်ခွင်ထဲ၌အပ်ကာ တင်းကျပ်စွာ ဖက်၍ထားလိုက်လေသည်။


ထို့နောက် ဆရာကြီးကွမ်းလုံဖုက

‘ငါ့မြေးကလေးနှစ်ယောက် စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေထိုင်ကြတာကို ဘဘစောင့်ကြည့်ပါရစေကွာ’ဟု ကြင်နာစွာ ပြောလိုက်လေတော့၏။

မကြာမီ နေဝင်တော့မည်ဖြစ်သော်လည်း လောကကြီးသည် မကြာမီတွင် နေ့သစ်တခုကို ဖန်တီးမွေးဖွားတော့မည် ဖြစ်ပေတော့သည်။

ပြီးပါပြီ

မိုး ကျော်သူ


ကုလုံ၏ အိကျုန်ရှုရှမ်းထိုက်ယန်း •••
ဓနိုင်ယန်းချို မြဒါးအောင်